www.burmeseclassic.com

# ပျိုး

ရင်တစ်ခုန်စာပတ်ပျိုး



design : zaw wi

www.burmeseclassic.com

www.burmeseclassic.com

ဗျူး

ရင်တစ်ခုန်စာပတ်ပျိုး

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ချူစာပေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ဖုန်း ၀၉ ၄၂၀၂၄၃၃၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ချူစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၈၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ချူ
ရင်တစ်ခုန်စာပတ်မျိုး
ချူစာပေ ၊ ၂၀၁၄။
၂၅၆ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ရင်တစ်ခုန်စာပတ်မျိုး

## အခန်း (၁)

"ဟား လှလိုက်တာကွာ၊ တကယ့် ကော်ရီးယား အလှတရားတွေက ရှင်ဘာတ်ထဲထိတယ်"

"ဘယ်မှာလဲ"

ကော်ဖီခွက်ကို ဆောင့်ခနဲ စားပွဲပေါ်ချပြီး လင်းထိုက်မေးတော့ စိမ်းညို့ညို့ဝတ်စုံလေးနှင့်နုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ထားသော ကောင်မလေးကို မေးငေ့ါပြ၏။ ထောင့်ဆုံးစားပွဲဝိုင်းမှာဝင်ထိုင်လိုက်သည့် ကောင်မလေးက ဆိုင်ထဲက ဘယ်သူရှိသည်ကိုမှ မျက်လုံးဒေ့ါမကြည့်။

အတူပါလာသော သူငယ်ချင်းကောင်မလေးကိုသာ နုတ်ခမ်းလေးလှုပ်ရုံပြုးပြသည်။

"ဝေးကဲ့ရော မနောက်ရော မဖြစ်မှာနဲ့ ဒုသနုသောက်ကြီးထိုက်သွားလိမ့်မယ်"

"ဟင် အဲဒီကောင်မလေးက ယောကျာ်းရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလား ရည်းစားလားတော့မသိဘူး သင်တန်းကိုလာရင် ခပ်ချောချောခပ်ထောထောလူတစ်ယောက် ကားနဲ့လိုက်ပို့တယ်၊ အဲဒီလူကြီးနဲ့သင်တန်းကိုလာတဲ့နေ့ဆိုရင် ပိုးပန်းစုံ မျက်နှာလေးကပြုံးနေတာပဲ"

"ဘာ ပန်းဆိုင် အဲဒီကောင်မလေးနာမည်က ပန်းဆိုင်လား"

"တိုးတိုးပြောပါ၊ ကြားသွားပါဦးမယ်ဟာ၊ ပန်းဆိုင်မဟုတ်ပါဘူး ပိုးပန်းစုံ ပန်းစုံ"

"သြော် နာမည်လေးကလည်း လှတာပဲ"

ရင်ထဲကမနေနိုင်ဘဲ ပါးစပ်များက မှတ်ချက်ပေးမိတော့ လင်းထိုက် မျက်မှောင်ကုပ်သွား၏။

"မိုးကြိုးဖစ်ရင် ငါ မပါဘူးနော်၊ စက်ကွင်းလွတ်တဲ့နေရာပြေးမှာ"

"မင်း အဲလောက်ကြောက်နေတာ၊ သူ့ယောက်ျားဆိုတာ သေချာလို့လားကွာ၊ တချို့မိန်းကလေးတွေ တွဲသလို စပွန်ဆာရော မဖြစ်နိုင်ဘူးလား။ ဒါမှမဟုတ် အစ်ကိုဝမ်းကွဲတွေ ဘာတွေ"

"တစ်ခုမှမဖြစ်နိုင်တာ သေချာတဲ့ငါ့ကောင်၊ မင်းက အခုမှသင်တန်းစတက်လို့မသိတာ၊ ငါက တခြားနေရာမှာ ကွန်ပျူတာတက်တုန်းကတည်းက ဆုံဖူးတယ်၊ အရမ်းလှလို့သတိထားမိတာပေါ့ကွာ၊ ပြောရရင် ယောက်ျားလေးတွေနဲ့ ရောနှောပတ်သက်မှုမရှိဘဲ ခပ်တည်တည်နေတတ်တာက ဆွဲဆောင်မှုပဲ၊ သူ့စတိုင်က ရင့်ကျက်သလို တည်ငြိမ်သလို ထင်ရတယ်၊ ဒါပေမဲ့ ဟိုလူကြီးနဲ့ဆိုရင်တော့ တကယ့်ပီစီကလေးလေး တစ်ယောက်လိုဖြစ်သွားတာနော်၊ သူ့အပြုံးကိုမြင်ချင်ရင် အဲဒီလူကြီးနဲ့ တွဲလာတဲ့နေ့ကိုစောင့်ကြည့်"

"စိတ်ဝင်စားစရာပဲ"





ထက်နေသွင် တကယ်ကိုစိတ်ဝင်စားသွားခဲ့သည်။ အပြုံးကို တွန့်တိုသော မိန်းကလေး ဒီတစ်ခါပဲတွေ့ဖူးသည်။

ဒါပေမဲ့ တစ်ယောက်သောသူအတွက်ပဲ ရက်ရောတာက နှမြောဖို့ကောင်း၏။

"အခု အဲဒီလူကြီး လိုက်မပို့ပါလား၊ ဘာဖြစ်လို့လဲ"

"ခရီးဘာညာသွားလို့နေမှာပေါ့၊ တစ်ခါတလေ အဲလိုပဲ၊ အဲလို အချိန်ဆို အခုအတူထိုင်နေတဲ့ သူငယ်ချင်းနဲ့ ကင်န်တင်းမှာ အတူတူထိုင်တယ်၊ သင်တန်းမှာသူတွဲတာ အဲဒီတစ်ယောက်ပဲ၊ ဟိုလူကြီးနဲ့ဆိုရင်တော့ အဲဒီတစ်ယောက် ဝေါင်တောင်တောင်နဲ့ ဘေးကထိုင်နေရတာ"

"မင်း အဲဒီတစ်ယောက်နဲ့ခင်အောင်လုပ်ကွာ"

"ဘာလို့လဲ"

"ပိုးပန်းစုံအကြောင်း စုံစမ်းချင်လို့"

"မင်းက ဘာကိုကြွသွားတာလဲ၊ မင်းမှာလည်းအရွယ်အတာတွေပေါလွန်းလို့ ခါချနေရတယ်မဟုတ်လား၊ ကိုယ်မပိုင်မှန်းသိရဲ့နဲ့ ရင်ဘတ်ထဲ မထည့်စမ်းပါနဲ့ကွာ၊ အချိန်ဖြုန်းသလိုဖြစ်နေဦးမယ်"

"ရိုးရိုးရှင်းရှင်းကြီးသွားရင် ပျင်းစရာကောင်းတယ်၊ ပြီးတော့ မင်းသိထားတာက သေချာတာလည်း မဟုတ်ဘူး"

"ဖွတ်ကြီးပါလား"

လင်းထိုက် ကော်ဖီခွက်ပြန်ကိုင်ပြီးပြောတော့ ထက်နေသွင် ပြုံးလိုက်မိသည်။ အမှတ်တမဲ့ ပိုးပန်းစုံ နောက်လှည့်ကြည့်သည့်အခါမှာတော့ သူ့မျက်နှာပြောင်စွာ ပိုးပန်းစုံကို မျက်စိတစ်ဖက်မှိတ်ပြလိုက်၏။

"ဟွန်း"

မျက်စောင်းတဝင့်ဖြင့် သူမမျက်နှာလေး ချာခနဲပြန်လှည့်သွား၏။ သူ့ရင်ထဲ လှပ်ခနဲဖြစ်သွားခြင်းက ခံစားမှုအသစ်ပဲဖြစ်သည်။ အလွယ်



www.burmeseclassic.com

www.burmeseclassic.com



ကြေကျတတ်သောပန်းတွေကို သူ အထင်မကြီးတတ်ပါ။

ကော်ပတ်ရုပ်လေးလို မြတ်နိုးစရာကောင်းသော ပိုးပန်းစံကို စားပွဲပေါ်မှာမေးထောက်၍ သူ တမေ့တမော ငေးကြည့်နေလိုက်သည်။ သူမတို့သူငယ်ချင်းနှစ်ယောက် သူ့ကိုမေးငေါ့အတင်းတုတ်နေတာ သူ သိ၏။ သူ ကြည့်မနေလောက်ဘူးအထင်နှင့် သူမနောက်တစ်ကြိမ် မသိ သလိုလှည့်အကြည့်မှာ သူ သိသိသာသာပင် ရယ်ဟာဟာနှင့် မျက်လုံးမှိတ် ပြလိုက်ပြန်သည်။

သူမအသံတိတ် နာဘူးဟု ဆဲရေးလိုက်သည့်ထင်၏။ နောက် လှည့်မကြည့်တဲ့ လက်ဝါးထောင်ပြလိုက်တာကိုမြင်တော့ သူ့စိတ်ထဲ မရိုး မရွလေး လှိုက်ခုသွား၏။ ရင်မှာဘာကြောင့် ပျော်နေမှန်းမသိပါ။

"ဟိတ်ကောင် အာ ဒီကောင်တော့ အီစီကလီ စမာကလာလုပ် နေပြီ၊ အသည်းကွဲမှာမကြောက်ဘူးလား"

"ထက်နေသွင် ဘဝမှာ အသည်းကွဲတဲ့ရာဇဝင်ရှိလို့လား။ မိန်း ကလေးတွေက ငါ့ကိုမြင်ရင်မချစ်ဘဲမနေနိုင်ဘူး။ ကော်လိပ်ကီထဲမှာပြော သွားတတ်ကြတာ မင်းလည်းသိသားနဲ့"

"ပိုးပန်းစံက မင်းအလွယ်ကြလို့ရမယ့်မိန်းကလေးမျိုးမဟုတ် ဘူးနော်၊ ဝေဒနာမခံစားချင်ရင် အသည်းနှလုံးကို ခေါက်သိမ်းထားလိုက် တာ သက်သာလိမ့်မယ်"

"စမ်းမရောက်ခင်ကမြားကုန်တဲ့စကားပြောတာ၊ မင်းယောက်ျား မဟုတ်လို့လား။ ပစ်မှတ်တစ်ခုအတွက်ပဲ အားထည့်ထားမယ်ဆိုရင် ကိုယ် လိုချင်တဲ့သားကောင်ကို တစ်ဝက်ပိုင်ပြီးသားပဲ၊ အခုတောင် သူ့ရဲ့အလှ တရားတွေက ငါ့ရင်ဘတ်ထဲ သိမ်းကြုံးရောက်လာပြီ"

"သေလိုက်"

လင်းထိုက် ကျိန်ဆဲသော်လည်း သူ စိတ်မဆိုးပေ။ ပိုးပန်းစံရဲ့





အလှတရားတွေကို ခံစားကာ ရင်မှာသိမ့်သိမ့်နွေးနွေးလေး ဖြစ်လို့နေ သည်။ သူ့အကြည့်အောက်ကနေ သူမတို့ခြေသောင့်ကာ ထွက်သွားသည် တိုင်အောင် သူ့မျက်လုံးတွေကိုမှေးမှိတ်ဖို့ သတိမရ။

မင်းအရမ်းလှတာပဲ ကောင်မလေးရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"အလကား ဖွန်ကြောင် နှာဘူး"

"အေး အဲဒီကောင်ကို တစ်ခါမှမတွေ့ဖူးပါဘူး။ ဒီနေ့မှ သင်တန်းစတက်တာထင်တယ်၊ သူ့ကြည့်ရတာ မျက်နှာရှူးနဲ့တူတယ်နော်၊ မိန်းကလေးကိုမျက်စိမှိတ်ပြတာ ဘယ်သင်တန်းက တက်လာတာလဲ မသိဘူး"

"အဲဒါ သင်တန်းသီးသန့်တက်လာပုံမလား။ ဖွန်ကြောင်နေကျပုံ အကျင့်ပါနေတာနေမှာပေါ့။ အလကား အရူး။ အဲဒါကြောင့် ယောကျ်ား လေးတွေကို ကြည့်မရတာ"

"ဟဲ့ သိမ်းကြုံးပြီး ယောကျ်ားတွေကိုမသုံးနဲ့လေ၊ နင့်ကိုကိုပါ ပါသွားမှာပေါ့"

"အဲ ဟုတ်သား ကိုကိုကလွဲရင်"

ပိုးပန်းစုံ ချက်ချင်းပင် စကားပြောင်း၏။ ကိုကိုမင်းမထွဋ်ကြိုင်က





တခြားယောကျ်ားလေးတွေလိုမဟုတ်။ အနေအေးဆေးကာ တည်ငြိမ်သည်။ လုပ်ငန်းဘက်မှာ အောင်မြင်ပြီး ယောကျ်ားပီသသူဖြစ်၏။

သူမအပေါ် အနွံတာခံပြီး အလိုလိုက်ဖြည့်ဆည်းကြင်နာသည်။ ဒါကြောင့်မို့ ကိုကို မင်းမထွဋ်ကြိုင်ကို သူမ လေးစားယုံကြည်ခဲ့ခြင်းဖြစ်၏။ ကိုကိုက အသောက်အစား လောင်းကစား မိန်းမအရှုပ်အရှင်းကင်းသည်။ နှစ်အိမ်တစ်အိမ် မိသားစုလိုဖြစ်နေသော သူမမိဘတွေအပေါ်လည်း လေးစားချစ်ခင်၏။ အပြစ်ရယ်လို့ပြောစရာမရှိသော ကိုကို့အပေါ် သူမကသာ နည်းနည်းဆိုးချင်၏။

"ဟဲ့ ပိုးပိုး သူ့ကိုကိုအကြောင်းပြောတာနဲ့ လူက စိတ်နဲ့မကပ်တော့ဘူး၊ နည်းနည်းလည်း ကြွားဖြေဆယ်ပါဦးလား"

"ငါက ကိုကို့ကို သဲတိရနေတာ၊ နင်က ဆွပေးလိုက်တာကိုး"

"နင့်ကိုကို ဒီတစ်ခေါက်ခရီးထွက်တာ ကြာမယ်ဆို"

"အင်း အခုသုံးရက်ရှိပြီ နောက်တစ်ပတ် ဆယ်ရက်ကြာဦးမယ် ထင်တယ်၊ နောက်လည်း စင်ကာပူကဟိုတယ်အတွက် ခဏခဏသွားနေရဦးမှာ၊ ဟိုဘက်မှာ အဲဒီလုပ်ငန်းကလည်း အောင်မြင်နေတယ်လေ"

"နင့်ကိုကိုကတော့ စံပါပဲဟယ်၊ သူ့မိဘတွေအတွက် အားကိုးရတဲ့သားတစ်ယောက်ပဲ"

"ငါ့အတွက်လည်း အားကိုးရမှာပါဟဲ့"

"အံမယ် မိန်းမ စိတ်ကူးယဉ်နေ၊ ဟိုက နင့်ကိုချစ်တယ်လို့ ဖွင့်ပြောသေးလို့လား"

ခိုင်မွန် မေးခွန်းကြောင့် ပိုးပန်းစုံ လည်နင်သွားသည်။ အနေရင်းနှီးသံယောဇဉ်တွေကြီးခဲ့ကြပေမယ့် ချစ်သူအဖြစ်တော့ ဒီနေ့ထိ မရောက်သေးပါ။ ကိုကိုကယောကျ်ားလေးဖြစ်ပြီး ချစ်တယ်လို့ဖွင့်မပြောသေးတော့ မိန်းကလေးဖြစ်သည့် သူမက ဘယ်လိုအဖြေပြန်ပေးရမှာလဲ။ ဒါပေမဲ့

www.burmeseclassic.com



**ကိုကိုက ချစ်သူတစ်ယောက်ထက်ပိုဂရုစိုက်ကာ ကြင်နာသည်။**

သူမ ဘာပြောပြောလည်း နားထောင်၏။ သူမ ပူဆာသမျှလည်း ဝယ်ပေးသည်။ လိုက်ပို့နိုင်းသမျှ နေရာများကိုလည်း အလုပ်တွေမအားလပ်သည့်ကြားက မငြိုမငြင် လိုက်ပို့၏။

သူမတတ်သမျှ သင်တန်းမှန်သမျှ ကိုကို မရောက်ဖူးတာမရှိ။ ကားလေးနှင့် ကိုကိုလိုက်ပို့လာကြိုလုပ်ပေးသည့်အခါမျိုးမှာ သူမ ဂုဏ်ယူဝံ့ကြွားကာ ပျော်လို့မဆုံး။

ကိုကို့မှာ ယောကျ်ားပီသခံ့ညားမှုများနှင့် ဂုဏ်ခြင်တွေရှိသည်။ သင်တန်းမှာတွေမြင်နေရသည့် ကောင်လေးတွေမှာမရှိသည့် အရည်အချင်းတွေနှင့် ထည်ဝါမှုတွေရှိ၏။ ဒါကြောင့် ကိုကို့လက်မောင်းကိုတွဲချိတ်၍ ပြုံးနေရသည့်အခါမျိုးမှာ ကိုကို့ရဲ့ထည်ဝါမှုတွေ ထင်ဟပ်စေသည်ဟု ထင်မိ၏။

ဒါကြောင့်မို့လည်း ဘယ်ယောကျ်ားလေးကိုမှ သူမအထင်မကြီးခဲ့ပေ။ ဒီလိုမွှန်ကြောင်မျက်နှာရူးမျိုးဆိုလျှင် ပိုဆိုးသေးသည်ပေါ့။ အတွေးနှင့်သူမနှာခေါင်းရှုံ့လိုက်သည်ကို နိုင်မွန်မြင်သွားပြီး

"ဟဲ့ မေးတာမဖြေဘဲ ဘာကိုနှာခေါင်းရှုံ့တာလဲ"

"ဟိုတစ်ယောက်ကို အမြင်ကတ်လို့"

"ငါမေးတာနဲ့ ဘာမှလည်းမဆိုင်ဘူး"

"အချစ်ထက်လေးနက်တဲ့အရာတွေ ကိုကို့ဆီက ပိုင်ဆိုင်ထားတာပဲ၊ ချစ်တယ်ဆိုတဲ့စကားကို ငါနားစွင့်နေစရာမလိုဘူးလေ"

"ဒါဆိုလည်း ကောင်းပါတယ်၊ နင့်ကိုကိုက ဖွင့်သာမပြောပေမယ့် နင့်ကို**တကယ်** တန်ဖိုးထားပြီး **ချစ်**တဲ့ပုံပါပဲ၊ တကယ်လို့ ဖွင့်ပြောလာရင်လည်း **မူမနေနဲ့** ဒီလိုယောကျ်ားမျိုးက ဒီဘက်ခေတ်မှာ ရှားသွားပြီဟ"





"ခုန မျက်နှာရူးမွှန်ကြောင်လို့လူမျိုးသာ ပေါတာမဟုတ်လား၊ ဟွန်း အမြင်ကို ကတ်တယ်၊ ငမ်းကြောခွဲလိုက်တာ မိန်းကလေး မမြင်ဖူးဘူးလားမသိဘူး"

"အလန်းမှ တကယ်အလန်း၊ ဆံပင်ကထိုးထိုးထောင်ထောင်၊ ဝတ်ထားတာက ဖန်စီတွေရှုပ်ယှက်ခတ်လို့ နင့်ကိုကိုနဲ့တော့ တခြားစီပဲ"

"ကိုကိုနဲ့တော့မနိူင်းပါနဲ့ဟယ်၊ တကယ့် နှံ့သာဆီနဲ့အီး၊ တခြားစီပဲ၊ ထောင့်ကိုမကျိုးဘူး၊ မေးထောက်ကြည့် မျက်စိမှိတ်ပြတာ နှာဘူးအကြီးစားကြီးနဲ့တူတယ်"

ပိုးပန်း ပြောတာကို လက်ခုပ်တီးရယ်ကာ နိုင်မွန် ထောက်ခံ၏။ ဆိုင်ထဲကထွက်လာပြီးမှ အားရပါးရပြောဖြစ်နေကြတာ၊ ဆိုင်ထဲမှာတုန်းက ပြဿနာတက်လျှင် အရှက်ရမှာစိုး၍ အသံတိတ်လက်ဝါးထောင်ပြရုံပဲ တတ်နိုင်ခဲ့တာ။

ကက်ကက်လန် ရန်မတွေ့တတ်တူးထင်လို့ ရောင့်တက်လာလျှင် ဒီတစ်ခါတွေ့ပြီသာမှတ်။ စိတ်ထဲက ကြိမ်းဝါးရင်း မျက်နှာလေးပါတင်းမာလာသည်။

ကိုကိုသာဆို သူမကိုမျက်နှာအငြိုမခံ၊ စိတ်ဆိုးမခံ။ တစ်ခုခု လက်ဆောင်တွေဝယ်ပေးရင်း ချော့တတ်တာ။

သတိရလိုက်တာ ကိုကိုရယ်။ နိုင်ငံခြားမှာ အကြာကြီးမနေပါနဲ့။ မြန်မြန်ပြန်လာပါတော့ ကိုကို။

ပိုးလေး လွမ်းနေမယ်ဆိုတာ မသိဘူးလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဖေဖေ"

"ဟာ သား ဝိရိယတွေကောင်းနေပါလားကွ။ အရင်နေ့တွေက သင်တန်းသွားရမယ်ဆိုတာတောင် ကိုးနာရီ ဆယ်နာရီနဲ့အိပ်ရာမထချင် ဘူး။ အခု ဖေဖေ စက်ရုံမသွားခင် နိုးလာတယ်ဆိုတော့ မုန့်ဖိုးလိုချင်လို့ မဟုတ်လား သား"

"မဟုတ်ပါဘူး ဖေဖေရ အဟဲ"

အရှက်ပြေရယ်ရင်း ဖေဖေ့နားက ထိုင်ခုံကို ဆွဲယူ၍ ဝင်ထိုင်လိုက် သည်။ သူ ဘယ်လောက်သုံးသုံး မငြီးငြင်သော ဖေဖေက လက်ဖြန့် တောင်းစရာမလိုအောင် အဆင်သင့်ပေးနေကျပါ။

မိတ္တဆိုးသားလေးကို မျက်နှာမငယ်ရအောင် အချစ်ပိုသည်။ ဒေါ်သောင်းက သူ့အတွက်ကော်ဖီလာထည့်ပေးရင်းနှင့်

"သားထက်နေ စောစောနိုးလာမယ်မထင်လို့ ဒေါ်ဒေါ်သောင်း





မှတောင် ဝယ်မထားရသေးဘူး။ အခု သား ဘာစားချင်လဲ၊ ဒေါ်ဒေါ် သောင်း ဘာသွားဝယ်ပေးရမလဲ သား"

"ကျွန်တော် ကော်ဖီပဲသောက်သွားတော့မယ် ဒေါ်ဒေါ်သောင်း၊ နေ့သင်တန်းကို စောစောသွားမှာမို့ပါ"

"အောင်မာ ဖေ့သားကြီးက တယ်ဟုတ်နေပါလား။ ဒီဘာသာ ားကိုတော့ စိတ်ဝင်စားတယ်ထင်တယ်၊ တခြားသင်တန်းတွေတော့ အောင်လက်မှတ်ရဖို့တောင် ပြီးဆုံးအောင်တက်တာမဟုတ်ဘူး"

"သင်တန်းတက်တယ်ဆိုတာ စိတ်ဝင်စားမှ စိတ်ပါမှကောင်း ာ ဖေဖေရ၊ ကိုယ်ဝါသနာမပါတာကို ထမင်းစားရေသောက်လောက် ားလည်ရင် တော်ပြီပေါ့"

"အခု ကိုရီးယားဘာသာကိုတော့ သားစိတ်ဝင်စားတယ်ပေါ့"

"သား စိတ်ဝင်စားတာက တခြားပါ။ အဲဒီသင်တန်းက ကောင် လေးတစ်ယောက် အရမ်းချောတယ် ဖေဖေ"

"ဟေ ဖေ့သားက မိန်းကလေးအကြောင်း အထူးအဆန်းပြော ည့်ပါလား။ အရင်ထားခဲ့တဲ့ ရည်းစားတွေတော့ တွဲချင်တွဲလိုက်၊ ဖြတ်ချင် တ်လိုက်၊ ဖေဖေ့ကိုတစ်ခါမှမပြောဖူးပါဘူး။ အခု ဒီကောင်မလေးက"

"ပိုးပန်းစုံ နာမည်လေးက နူးနူးညံ့ညံ့လေး"

"သားနဲ့ ဘယ်လောက်တောင် ရင်းနှီးပတ်သက်နေပြီလဲ"

"မျက်စောင်းရွယ်ခံရရုံ၊ လက်ဝါးထောင်ပြခံရရုံအဆင့်ပဲရှိပါ သေးတယ် ဖေဖေ"

"ဟား ဖေ့သား တကယ်စွံနေပြီပဲ"

ဖေဖေ အရယ်အပြုံးနှင့်ပြောလိုက်တာကို ထက်နေသွင် မရုက် ။ သားအဖနှစ်ယောက်က သူငယ်ချင်းပေါင်းပေါင်းပြီး ပွင့်လင်းနေ ဖို့ ရင်ဖွင့်ဖြစ်တာ။ ဒေါ်သောင်းက အကြောင်းသိမို့ ရယ်ပြီးဈေးကို



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေ၏။

"ဖေဖေ"

"ဟေ"

"မေမေ့တုန်းက ဖေဖေ ဘယ်လိုပိုးခဲ့တာလဲ"

"ဖေဖေ့ဆီက လက်ချာပြန်ယူမလို့လား။ အဲဒါဆိုရင်တော့ သားမှားသွားပြီ"

"ဗျာ ဘာလို့လဲ"

"ဖေဖေက ကိုယ့်ချစ်သူနဲ့မရတဲ့ အောင်သွယ်နှူညားခဲ့တာကွ"

"ဟင် ဒါဆို မေမေက ဖေဖေတို့ချစ်သူနှစ်ယောက်ကို အောင်သွယ်ပေးခဲ့တာပေါ့"

"ဘယ်လိုပြောရမလဲ ဖေဖေတို့ချစ်သူနှစ်ယောက်ကြားမှာလည်း သားအမေက အောင်သွယ်ပေးတယ်၊ သားအမေတို့ချစ်သူနှစ်ယောက်ကြားမှာလည်း ဖေဖေက အောင်သွယ်ပေးတယ်၊ အဲ သားအမေ ဦးမွှာခင်နဲ့ သူ့ချစ်သူ ခိုးရာလိုက်မယ့်နေ့မှာ ဖေဖေက အချိန်းအချက်လုပ်ပေးတာပေါ့ ကွာ၊ ဖေဖေတို့ကိစ္စတွေလည်း သားအမေက ကိုယ်ဖိရင်ဖိကူညီပေးထား တော့ ဖေဖေလည်း ကူညီပေးတာပေါ့"

"အဲဒါကို ဖေဖေနဲ့ဘယ်လိုရသွားတာလဲ"

စိတ်မရှည်စွာ သိချင်ဇောနှင့်မေးတော့ ဖေဖေ လေးပင်သောသက်ပြင်းကြီးချ၍

"အဲဒီနေ့က သားအမေရဲ့ချစ်သူ အောင်မင်း ရောက်မလာခဲ့ဘူး။ နောက်မှသိရတာက သူ့အမေအသည်းအသန်ဖြစ်လို့ဆိုလားပါပဲ၊ သားအမေက အကြောင်းစုံမသိခင်က သူ့အိမ်ကိုခိုးရာလိုက်မယ် စာရေးထားခဲ့တော့ ပြန်ရမှာရှက်တာနဲ့ သတ်သေမယ်တွေဘာတွေ လုပ်နေတာ





သူ့ချစ်သူ သစ္စာဖောက်တယ်ထင်ပြီး အရှုးမီးဝိုင်းပဲ၊ ဖေဖေလည်း ဘယ်လိုလုပ်ရမှန်းမသိဘဲ သူ့ကိုချော့မော့ဖျောင်းဖျရင်းနဲ့ တစ်ညလုံးသူနဲ့ အချိန် ကုန်သွားတယ်"

"အဲဒီတော့"

"မိန်းကလေးတစ်ယောက်ရဲ့ဂုဏ်သိက္ခာနဲ့ အသက်ကို ကယ်တင်ပေးလိုက်ရတာပေါ့ကွာ၊ ကိုယ့်မျက်စိအောက်မှာ ငိုယိုပြီး ရက်လွန်းလို့ အဆိပ်သောက်တော့မလို၊ ရေထဲခုန်ချတော့မလို ဖြစ်နေတဲ့ သူငယ်ချင်းမိန်းကလေးတစ်ယောက်ကို ဖေဖေ ဘယ်လိုဥပေက္ခာပြုရမလဲ၊ ယောကျ်ားပီသတဲ့စိတ်နဲ့ သားဆိုရင်ရော ဥပေက္ခာပြု မျက်နှာလွှဲသွားနိုင်မလား"

သူ့ကိုလှည့်မေးလိုက်တာကြောင့် ထက်နေသွင် ယောင်ယမ်းကာ ခေါင်းခါလိုက်သည်။ ဒါပေမဲ့ ချစ်သူကိုစွန့်လွှတ်လိုက်ရသည့်အတွက် ထိုအချိန်အခါမျိုးမှာ ဆုံးဖြတ်ရခက်ပြီး ရင်ထဲမှာနာကျင်ရမှာပင်။

"ဖေဖေ့ချစ်သူနဲ့ကွဲသွားတော့ ရင်ထဲမှာမခံစားရဘူးလား"

"သားရယ် မေးရက်ပေတယ်ကွာ၊ အဲဒီအချိန်က ကိုယ့်ချစ်သူနဲ့ အဆင်ပြေအောင် အောင်သွယ်ပေးခဲ့တဲ့သူငယ်ချင်းမိန်းကလေးကို ဒီအတိုင်းဖြစ်ချင်ရာဖြစ် သေချင်ရင်သေ လမ်းဘေးမှာထားခဲ့ရမလား၊ ချစ်သူကိုပဲ စွန့်လွှတ်ရမလား။ ဆုပ်လည်းဆူး စားလည်းရူး၊ အရူးမီးဝိုင်းသလို ဆုံးဖြတ်ချက်ချမရလောက်အောင် ဖြစ်နေတာပေါ့၊ ဖေဖေ့ချစ်သူကလည်း အိမ်ကပေးစားတဲ့သူကိုယူရမယ့်အချိန်ဖြစ်နေတာလေ၊ သူကလည်း ဖေဖေ့ကိုမခွဲနိုင်လို့ ခိုးရာလိုက်ပါမယ်လို့ ဖေဖေတို့စွန့်စားကြဖို့ တိုင်ပင်ထားကြတာ"

"ဪ ဖေဖေ့ကိုသနားပါတယ်"

"သားထပ်ပြီး သနားလို့ရသေးတယ်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ဆုံးဖြတ်ရခက်တဲ့ကြားက သားအမေဘဝကို ကယ်တင်ခဲ့မိလို့ တစ်သက်စာ ချစ်သူရဲ့မုန်းတီးနာကြည်းမှုတွေ ခံလိုက်ရတယ်၊ ဘယ်လိုမှရှင်းပြမခံဘဲ အိမ်ကပေးစားတဲ့သူကို ချက်ချင်းလက်ထပ်လိုက်တယ်၊ သူရွေးချယ်လိုက်တဲ့အိမ်ထောင်ဘက်က ကောင်းလို့ဖြေသာပေမယ့် ရန်သူအယောက်တစ်ထောင်မုန်းတာ ဘာမှမဖြစ်ဘူး၊ ချစ်သူတစ်ယောက် မုန်းတာ ဒီနေ့ထိ ခံစားနေရတုန်းပဲ၊ ဆံဖြူသွားကျိုး အိုသွားတဲ့အထိ နောင်တရနေမှာ"

"ဖေဖေရယ်"

အသက်အရွယ်နှင့်မလိုက် ကဗျာဆန်နေသောဖေဖေ့ကို ထက်နေသွင် မလှောင်ပြောင်ရက်။ ဖေဖေက ကိုယ့်ကိုယ်ကိုယ် အနာကျင်ခံပြီး ယောကျ်ားပီသခဲ့တာ လေးစားဖို့ကောင်းသည်။

အနှစ်နှစ်ဆယ်ကျော်ကျွန်ရစ်ခဲ့သော အတိတ်အကြောင်းတွေ ပြန်ပြောပြနေသည့် ဖေဖေ့မျက်ဝန်းအိမ်ထဲမှာ မျက်ရည်စတွေရစ်ဝိုင်းနေဆဲမို့ ဝေဒနာထုထည်အသစ်အတိုင်း ဖြစ်နေသည်ဆိုတာ ခန့်မှန်းကြည့်နေစရာမလို။

"ဖေဖေ အခုထိ အဲဒီချစ်သူကိုချစ်နေတုန်းပဲလားဟင်"

"ဖေဖေ ဘယ်လိုပြောရမလဲ သား၊ မုန်းလို့ခွဲခွာခဲ့ကြတာမဟုတ်ဘူးလေ၊ ဖေဖေ့ဘက်ကဖောင်းဖြစ်သွားတာ၊ မှားယွင်းခဲ့တာပေါ့၊ သူက သစ္စာမဲ့ခဲ့တာဆိုရင် ဖေဖေ ဒီအချိန်မှာ ဒီလိုခံစားနေရမှာမဟုတ်ဘူး၊ အခုတော့ ရှင်းပြခွင့်ရရင်တောင် သူ ခွင့်လွှတ်နားလည်နိုင်မှာမဟုတ်တော့ ဒီအတိုင်းနေလိုက်ရတာ ပိုပြီးရင်နာတယ်၊ သူကတော့ သူ့မိသားစု သူ့ဘဝနဲ့သူဖြစ်သွားလို့ မေ့နိုင်ပြီလားမသိပေမယ့် ဖေဖေ ဝေဒနာတွေကတော့ လတ်ဆတ်ဆဲပါ၊ ပြန်တွေးလိုက်တဲ့အချိန်တိုင်းပေါ့"

"ဒါတောင် မေမေ့အပေါ် မဖောက်မပြန်နဲ့သစ္စာရှိခဲ့တယ်နော်"





ဒါကျတော့ ဖေဖေ ဂုဏ်ယူစွာပြုံးသည်။ ကော်ဖီခွက်ကို သောက်ဖို့ကိုင်ထားတာတောင် အောက်ခံပန်းကန်ပြားလေးပေါ် ပြန်ချ၍

"သားအမေက ဖေဖေ့ရဲ့ခွန့်လွှတ်နိုင်မှု အနစ်နာခံနိုင်မှုတွေကို လေးစားပြီး ရိုးရိုးသားသား ဇနီးကောင်းပီသခဲ့တဲ့အတွက် ဖေဖေက ဘယ်လိုလုပ် ဖောက်ပြန်ဖို့စိတ်ကူးရဲတော့မှာလဲ ယောကျ်ားကောင်းဆိုတာ စိတ်ညစ်စရာဘယ်လောက်ရှိရှိ အိမ်ထောင်ရေးမဖောက်ပြန်ရဘူး၊ အပျော်မရှာရဘူး၊ ကိုယ်ရွေးချယ်လိုက်တဲ့အိမ်ထောင်ရေး သာယာဖို့ နိုင်မြဲဖို့ပဲ သိန္နင်းတိုင်ပင် ကြိုးစားကြတယ်၊ ကိုယ့်ရင်သွေးကိုယ့်သားသမီး အနာဂတ် လှပတင့်တယ်ဖို့ပဲ တွေးတယ်၊ အရေးကြီးဆုံးက သူ ငါ့အပေါ် ဘယ်လောက်ကောင်းတယ်၊ ငါ့အပေါ် ဘယ်လောက်အနစ်နာခံတယ်ဆိုတဲ့ နားလည်မှုပေါ့၊ သားအမေ စောစောစီးစီး ဖေဖေတို့ထားခဲ့တာကို စိတ်မကောင်းဘူး၊ သူလည်း ဖေဖေ့အတွက်စိတ်မကောင်းဖြစ်ရလွန်းလို့ပြီးတော့ ဖေဖေ့ချစ်သူဘက်က မိန်းမသားချင်းစာနာလို့ နှလုံးရောဂါ ဝေဒနာစွဲကပ်သွားတယ်ထင်ပါတယ်၊ တွေးကြည့်ရင် ဝေဒနာကိုယ်စီနဲ့ပါ သား"

ဝမ်းနည်းဆို့နင့်နေသော ဖေဖေ့အသံကိုကြားရတာ သင်တန်းစောစောသွားမည့် ကိုယ့်ကိစ္စကိုယ်တောင် မေ့နေသည်။ အချစ်အကြောင်းပြောမှ ဖေဖေ့ဝေဒနာတွေ အသစ်ဖြစ်သွားရတာ စိတ်တော့မကောင်း။ ဖေဖေ့လက်ကိုနှစ်သိမ့်သလို အားနှင့်ဆုပ်ညှစ်ပြီး

"ချစ်သူမဟုတ်ဘဲ လက်ထပ်ခဲ့ရပေမယ့် မေမေ့အပေါ်သစ္စာရှိပေးလို့ ကျေးဇူးတင်ပါတယ် ဖေဖေ၊ သားအပေါ် တာဝန်ကျေပေးလို့လည်းကျေးဇူးတင်ပါတယ်၊ ဖေဖေ့ရဲ့ယောကျ်ားပီသတဲ့စိတ်ဓာတ်ကို သား တစ်သက်လုံးလေးစားနေမှာပါ"

"အေးပါ သားရယ်၊ ဒါပေမဲ့ သားကိုဖေဖေတစ်ခုတော့ မှာထား



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ ဘယ်လိုမိန်းကလေးပဲဖြစ်ဖြစ် သားအလှည့်ကျရင် ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူတစ်ယောက်တည်းဖြစ်ပါစေ၊ ကိုယ့်ချစ်သူကိုလည်း သူများကိုမပေးမိစေနဲ့၊ သူများချစ်သူကိုလည်း လုမယူမိစေနဲ့''

''ဘာ ဘာဖြစ်လို့လဲ ဖေဖေ''

သူ ထိတ်လန့်စွာမေးလိုက်သော်လည်း ဖေဖေကတန်းခနဲ မဖြေ၊ တစ်ဝက်မျှကျန်နေသေးသော ကော်ဖီခွက်ကို ကုန်အောင်မော့ပြီးမှ

''သားအမေရဲ့ချစ်သူက ဖေဖေ့အပေါ် အခုထိ အမုန်းတရားကြီးမားနေတယ် သား''

''ဟင် အဲဒါက ဘာဖြစ်လို့လဲ၊ သူလာမနိုးလို့ ဖေဖေက တနာတဲ့စိတ်နဲ့ ယောကျ်ားပီပီသသ ကယ်တင်လိုက်ရတဲ့ဥစ္စာ''

''သူ့ခုဘောက နယ်မှာကျန်းမာရေးမကောင်းတဲ့အမေဆီ ပြန်သွားတယ်၊ ဟိုမှာသူ့အမေဆုံးတော့ သားအမေကို သူ့အကျိုးအကြောင်း ပြန်မပြောနိုင်ဘူး၊ နာရေးကိစ္စပြီးလို့ ပြန်လာရင် ခိုးမယ် လက်ထပ်မယ်ပေါ့ကွာ၊ အဲဒါက ဖေဖေက ကြားထဲကဖြတ်ခုတ်သွားတယ်ပေါ့၊ ဒီဘက်က အခက်အခဲတွေရှင်းပြတယ်၊ ဖေဖေတို့က လူကြီးစုံရာနဲ့လက်ထပ်တောင်းရမ်းပြီးပြီဆိုတော့ သူ ဘာမှလုပ်လို့မရတော့ဘူး။ ပြောရရင် အငြိုးထားသွားတာပေါ့၊ ဒါပမဲ့ သားအမေတော်တော်လေး ကံကောင်းသွားပါတယ်''

''ဟင် ဘာဖြစ်လို့လဲ ဖေဖေ''

''အဲဒီလူက နယ်မှာ မိဘသဘောတူပေးစားထားတဲ့ သားကြီးမယားကြီးရှိတယ်''

''ဟာ ဒီလူ မေမေ့အပေါ်ယုတ်မာတာပဲ''

''အေး ဖေဖေရော သားမေမေရော အဲဒီအကြောင်းမသိကြဘူး ရန်ကုန်မှာတက္ကသိုလ်လာတက်တယ်ဆိုတော့ လူပျိုပဲထင်ကြတာ၊ အိမ်ထောင်သည်လို့လည်း ထင်စရာမကောင်းဘူးလေ၊ သုံးတယ်ဖြုန်းတယ်





သူငယ်ချင်းတွေနဲ့ပျော်ပျော်နေတယ်၊ ကျောင်းပိတ်လို့ နယ်ကိုပြန်ရင်တောင် ခဏတစ်ဖြုတ်ပဲ၊ ရန်ကုန်မှာပဲအနေများတာ၊ အဲဒီမှာ ကျောင်းတစ်ဖက်နဲ့ လုပ်ငန်းလည်းစလုပ်နေပြီဆိုတော့ မိဘနဲ့ဇနီးမယားကလည်း ယုံကြည်စိတ်ချပြီး လွှတ်ထားတာနေမှာပေါ့၊ ပြောရရင် သားအမေကလည်း သူ့ချစ်သူကို ကျောင်းတစ်ဖက်နဲ့အလုပ်ကိုကြိုးစားနေလို့ ယုံကြည်အားကိုးပြီး မျက်စိစုံမှိတ်ချစ်နေတာ၊ မိဘတွေက နယ်ကလူမို့ သူ့အကြောင်းကိုယ့်အကြောင်းမသိရလို့ သဘောမတူတာတောင် ခိုးရာလိုက်ဖို့အထိ ဆုံးဖြတ်ထားတာပဲ''

ဖေဖေပြောမှ ဖေဖေလိုလူမျိုးကို အဖေတော်ခွင့်ရတာ ကံကောင်းသည်ဟု ထင်မိသည်။ ဟိုလူကြီးသာဆို အငယ်အနှောင်းရဲ့သားဖြစ်နေရဦးမှာ။

''အဲဒီတော့ မေမေက ဘာမှမပြောဘူးလား''

''ဒီကိစ္စက နောက်မှသိရတာလေ၊ အစကတော့ သူ့ချစ်သူပေါက်ကွဲတာကိုအပြစ်မယူဘူး၊ ဘာကြောင့် ဖေဖေ့ကိုလက်ထပ်လိုက်ရပါတယ်ဆိုတာ ရှင်းပြနေသေးတာ၊ တော်တော်လေး ပဋိပက္ခတွေ ထူထပ်တဲ့အချိန်ပါပဲ သားရယ်၊ ဖေဖေဆို ဘာလုပ်ရမှန်းမသိဘဲရှုးချင်စိတ်ပေါက်နေတဲ့အချိန်ပါပဲ၊ သားအမေက သူ့ချစ်သူပြန်ရောက်လာတော့ ဖေဖေနဲ့လက်ထပ်လိုက်တာကို နောင်တတွေရပြီး တပိုပိုတရယ်ရယ် ဖြစ်နေလို့လေ၊ သိပ်မကြာပါဘူး အဲဒီလူကရွှေပြီး သူ့မယားနဲ့သူ့သားကို ရန်ကုန်ခေါ်လာတယ်၊ ဖေဖေနဲ့သားအမေကိုချိန်းပြီး မိတ်ဆက်ပေးတယ်၊ အဲဒီတော့မှ သားအမေ စိတ်ပြတ်သွားတော့တာ၊ လွဲခဲ့ရတဲ့အပေါ်မှာလည်း နောင်တတွေမကျန်တော့ဘဲ ဖေဖေတို့အိမ်ထောင်ရေး သာယာအောင် ကြိုးစားတော့တာပေါ့ကွာ''

''ဩော်''



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဆိုတာ လူတိုင်းမှာရှိကြတာပါပဲလား။ ပျော်ရွှင်စရာ၊ နာကျင်စရာတွေနှင့် လူလားမြောက်ခဲ့ကြပြီး ဘဝကိုရုန်းကန်ရင်ဆိုင်ခဲ့ကြတာ။ ကိုယ့်သားသမီးကိုယ့်မိသားစုနှင့်ရှေ့ဆက်ပြီး အနာဂတ်အတွက် မျှော်မှန်းမှုတွေထားကာ ပန်းတိုင်ဆိုတာ ဘယ်တော့မှရောက်မှာမဟုတ်။ လောဘ ဒေါသတွေမှ အဆုံးမသတ်ဘဲ။

ဒါပေမဲ့ ဖေဖေ့သားဖြစ်ခွင့်ရတာ သူ ကျေနပ်ပါသည်။ ဖေဖေက ဖြည့်ဆည်းမှုတွေဖြင့် သူ့ကိုပျော်ရွှင်အောင်ထားခဲ့၏။ ပေးဆပ်နိုင်လွန်းသော ဖေဖေ့မေတ္တာတွေက ထုထည်ကြီးမားနိုင်ခဲ့လွန်းလှသည်။

အခုတော့ စွန့်လွှတ်ထားခဲ့ရသော ချစ်သူအတွက် နောင်တတွေ ကျန်သေးလားဆိုတာတော့ . . ။

■ ■ ■

အခန်း (၄)

"ဟာ ဘယ်လိုဖြစ်လာတာလဲ ဝရုန်းသုန်းကားနဲ့"

ကျိုးကန်းတောင်းမှောက် မဟိုရှာဒီရှာလုပ်ရင်း ကင်နိတင်းထဲ ဘယ်ဗျာကသီဝင်လာကာ လင်းထိုက်နားကခုံမှာ ဖွတ်တိုးဝင်ထိုင်တာကြောင့် ထက်နေသွင်ကို လင်းထိုက် မေးခွန်းထုတ်သည်။ ထက်နေသွင်က လင်းထိုက်မှာသောက်ထားသော ကော်ဖီခွက်ကို ယူသောက်၍

"မင်းကော်ဖီက ကောင်းလည်းမကောင်းဘူး"

"ငါ့အကြိုက် ငါမှာသောက်ထားတာ၊ မင်းက ကယောင်ကတမ်းနဲ့ ကောက်မြည်းပြီးတော့ ချေးများနေတယ်၊ မင်းက ဘာဖြစ်လို့ နောက်ကျနေတာလဲ"

"စောစောကထွက်လာမလို့ပဲကွ၊ နှိုးစက်မမြည်ခင်ကို နိုးနေတာ၊ ဒါပေမဲ့ ဖေဖေနဲ့စကားကောင်းနေတာနဲ့ နောက်ကျသွားတာ"

"သြော် မင်းအဖေနဲ့မင်းက တွေ့မှမတွေ့ရဘဲကိုး၊ ဖအေအသုံး

ဖျူတာပေ

www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်ဝင်တစားရှိသေးတာမဟုတ်ဘဲနဲ့ ‘ဘာအရေးကြီးအကြောင်းအရာတွေပြောနေလို့လဲ''

“ငယ်ကြောင်းနှောင်းဖြစ် အတိတ်အကြောင်းတွေပါကွာ၊ စိတ်ဝင်စားလို့ နားထောင်နေတာ၊ ဒါနဲ့ ပိုးပန်းစံ ကင်န်တင်းလာထိုင်သွားပြီလား''

“အဲဒါလည်း စိတ်ဝင်စားသေးတာပဲလား''

“အဲဒါကြောင့် စောစောအိပ်ရာနိုးနေတယ်ပြောတာပေါ့ကွ၊ ဘာလဲ မပြောချင်ဘူးလား''

“အခုလေးပဲ ဆိုင်ကထသွားတယ်၊ သင်တန်းခန်းထဲမရောက်သေးလောက်ဘူး''

“ဒါဆို ငါလစ်ပြီ''

“ဟာ ဟိတ်ကောင် ထက်နေ''

လင်းထိုက် ခေါ်သံကို ဂရုမစိုက်။ ခပ်သုတ်သုတ်ပင်ထွက်လာခဲ့သည်။ ရှေ့မှာ ပိုးပန်းစံနှင့်သူမသူငယ်ချင်း။

“ရွှတ် ရွှတ်''

အသံပြုလိုက်ပေမယ့် ပိုးပန်းစံတို့သူငယ်ချင်းနှစ်ယောက်စလုံး လုံးဝလှည့်မကြည့်ကြ။ သူမတို့မြင်သာအောင် ရှေ့သို့သွက်သွက်လျှောက်လိုက်၏။ ဘေးတိုက်နီးပါး လျှောက်လိုက်လာသောသူ့ကို သူမတို့မြင်သွားပြီး ခုနက တရွှတ်ရွှတ်လုပ်တာ သူပဲဟုတွေးမိသွားပုံရကာ မျက်စောင်းရွယ်သည်။ ထိုမျက်စောင်းတဝင့်ရောက်လာခြင်းကို အလစ်မပေးဘဲ သူ စပ်ဖြဲဖြဲဖြင့် မျက်စိစုံမှိတ်ပြလိုက်၏။

ပိုးပန်းစံ ခြေလှမ်းတုံ့ခနဲ ရပ်ကာ မျက်မှောင်ကုပ်သွားသော် သူမသူငယ်ချင်းက ပိုးပန်းစံ လက်ကိုဆွဲပြီး

“လာပါဟယ် အာရုံထားမနေပါနဲ့၊ စိတ်အနှောင့်အယှက်ဖြစ်





ပါတယ်''

“ဒီကောင် ဒီလို နှောင့်ယှက်နေတာ ငါမကြိုက်ဘူး''

“မကြိုက်လို့ရော ဘာပြောလို့ရမှာလဲ၊ မိန်းကလေးနဲ့ယောက်ျားလေး ဒီလိုအစအနောက်နဲ့ ပိုးပန်းတာတော့ ရှိမှာပဲ''

“ကျွတ် ကိုကိုကလည်း ပြန်မလာသေးဘူးဟာ၊ ကိုကိုနဲ့တွဲပြီးလိုက်ရင် ဒီကောင် ဒီလိုလုပ်ရဲတော့မှာ မဟုတ်ဘူး။ အလကား ဖွန်ကြောင် အမြင်ကိုကတ်တယ်''

“ကတ်တယ်မလုပ်နဲ့၊ တကယ်ကို ကပ်လာပြီ''

“ဟဲ့ နင်ဘာလုပ်တာလဲ''

သူမတို့ရှေ့မှာ ခုန်ပြီးပိတ်ရပ်လိုက်တာမို့ ပိုးပန်းစံ ခပ်စွာစွာလေး အော်ပေးလိုက်သည်။ ငမိုက်သားက ဂရုမစိုက်စွာ ခပ်ပြုံးပြုံး။

“ကျွန်တော် ခင်ဗျားတို့နဲ့ရင်းနှီးချင်လို့ပါ၊ ဘော်ဒါတွေ မိတ်ဆွေတွေဖြစ်ချင်လို့၊ ကျွန်တော့်နာမည် ထက်နေသွင်''

“တော်တော်ကြောင်တယ်ဟယ်၊ မရိုးမသား အပြုအမူတွေလုပ်ပြီးမှ ရိုးသားချင်ယောင်ဆောင်ပြီး ရင်းနှီးချင်သတဲ့လား၊ အဲဒီစကားတွေ၊ တောမှာပိဿာချိန်သွားရောင်းပါလား''

“ခင်ဗျားကြီးတော်တွေ ဝယ်မယ်ဆိုရင်သွားရောင်းမယ်လေ၊ ကျွန်တော့်ကိုလိပ်စာပေး''

“ဘာ''

“ရုပ်ကလေးသမားကမားနဲ့ စွာလိုက်တာဗျာ၊ နားကိုအူသွားတာပဲ၊ ခင်ဗျားနဲ့တွေ့မှ ဆွံ့အနားမကြားကျောင်းရောက်တော့မယ် ထင်တယ်''

“နင်နဲ့တန်တဲ့နေရာက အဲဒီနေရာပဲ သွား''

“ညာတာမှုကင်းလိုက်တာ၊ ခင်ဗျားမှာ အစ်ကိုတွေ မောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



မရှိလို့ ကိုယ်ချင်းမစာတတ်တာဖြစ်မယ်၊ သူများသားပျိုနုနုထွတ်ထွတ်လေးကို မှိုချိုးမျှစ်ချိုးပြောရက်တယ်"

ကောင်လေးစကားကြောင့် ရယ်ချင်သွားသော်လည်း ပိုးပန်းစံ မျက်နှာထားကိုတင်း၍ ခပ်တည်တည်နှင့်ပင်

"နင် ဖောရှောလုပ်မနေနဲ့ 'အခု ငါတို့ရှေ့က ဖယ်စမ်း"

"ဘာလို့သဘောထားတွေတင်းမာနေတာလဲ၊ ခင်ဗျားသဘောထားတွေပျော့ပျောင်းမလာရင် ခွင့်ပြုချက်တင်မနေဘဲ ကျွန်တော် ဆန္ဒပြမှာနော်"

"နင်နဲ့ငါက ဘာပတ်သက်မှုရှိလို့ ဆန္ဒပြမှာလဲ၊ ရှုးကြောင်ကြောင်တွေ လာမလုပ်နဲ့"

"ခင်ဗျားနာမည် ပိုးပန်းစံနော်"

"နာမည်ကိုသိနေတယ်"

သင်တန်းတစ်ခုတည်းမို့ နာမည်သိတာ မထူးဆန်းလောက်ဘူးဆိုပေမယ့် ဘာကြောင့်မေးတာလဲဟု တအံ့တဩ ဖြစ်သွားတာ။ ကောင်လေးက အတည်အတံ့ရုပ်နှင့်

"ဗိုနိုင်းမှာရေးမလို့ပါ၊ ပိုးပန်းစံကကျွန်တော့်ကိုမခင်လို့ တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်ရတာပါဆိုပြီးတော့"

နိုင်မွန်က မနေနိုင်ဘဲ ပါးစပ်ကိုလက်ဝါးနှင့်အုပ်၍ ခွိခနဲရယ်၏။ ပိုးပန်းစံက လက်ဝါးထောင်ပြီး

"နင် ရှုးကြောင်ကြောင်လုပ်ရဲလုပ်ကြည့်၊ ငါ့လက်ဝါးနဲ့တွေ့သွားမယ်"

"ကျွန်တော် နိုင်ငံရေးလုပ်နေတာမဟုတ်ပါဘူး၊ ပုဒ်မတွေ မကပ်လိုက်ပါနဲ့၊ ဒါက ဒီမိုကရေစီခေတ်၊ မကျေနပ်တာရှိရင် တရားမျှတမှုရအောင် ဆန္ဒထုတ်ဖော်လို့ရတယ်၊ ဗလအားကိုးနဲ့ ခင်ဗျားအနိုင်ကျင့်





မယ်ဆိုလည်း ကျင့်ပေါ့၊ ကျွန်တော့်ဘက်က ပြည်သူတွေပါလာရင် မဲအသာပဲနော်"

"တကယ့်အရူးနဲ့လာတွေ့နေတယ်ဟယ်၊ ဟဲ့ နိုင်မွန် နင်က ဘာရယ်နေတာလဲ၊ ငါ့ဘက်ကကူပြီး ရန်တွေ့မပေးဘဲနဲ့"

ပိုးပန်းစံ ကုလားမနိုင်တော့ ရခိုင်ကိုသွားမဲ၏။ အခုမှ နိုင်မွန်က အဟွန်းအဟမ်းလုပ် လည်ချောင်းရှင်းပြီးမှ

"ဟုတ်တယ် နင်ဆန္ဒထုတ်ဖော်မှာကို ငါသူငယ်ချင်းဘက်က ကန့်ကွက်တယ်၊ ခွင့်ပြုမိန့်မရဘဲ ဆန္ဒထုတ်ဖော်ရင် ပုဒ်မဆယ့်ရှစ်နဲ့ နင့်ကိုတရားစွဲမယ်၊ အလုပ်ကြမ်းနဲ့ထောင်ဒဏ်သုံးနှစ်တွေ ငါးနှစ်တွေ ချပစ်မှာနော် ဘာမှတ်လဲ"

"ခင်ဗျားတို့မတရားဘူးဗျာ၊ ကျွန်တော်က ခင်ဗျားတို့ကို ရန်သူလိုသတ်မှတ်နေတာမဟုတ်ဘူး၊ ငြိမ်းချမ်းရေးရဖို့အတွက် ဆွေးနွေးနေတာ၊ ဒါတောင် သဘောတူညီမှုမရှိရင်တော့ ကျွန်တော်ကတော့ ကျွန်တော်လိုချင်တဲ့အခွင့်အရေးအတွက် ဆက်ပြီးတိုက်ပွဲဝင်ရမှာပဲ၊ အင်တာနက်ပေါ်မှာသတင်းတွေပြန့်လာမှ ကျွန်တော့်အဲဆိုးမဆိုနဲ့"

ပြောချစ်ရာပြောပြီး ထက်နေသွင် ဆိုသည့်လူက သင်တန်းဘက်မသွားဘဲ အပြင်ဘက်ကိုထွက်သွားသည်။ ဘယ်လိုကြောင်တောင်တောင်ကောင်မှန်းမသိ။

"ဟဲ့ သူ့အဖေက နိုင်ငံရေးလုပ်စားတဲ့သူလားမသိဘူးနော်၊ ပြောသွားတာ နိုင်ငံရေးအကြောင်းတွေချည်းပဲ"

"အလကားပါ၊ အရူးပြောတာ နင်ပဲအဟုတ်ထင်နေ၊ ကျွတ် အဲဒီကောင်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်တယ်၊ သင်တန်းတောင်မတက်ချင်တော့ဘူး"

"ရောက်ပြီးမှတော့ မတက်ဘဲမနေပါနဲ့ဟယ်၊ တက်လိုက်ပါနော်



www.burmeseclassic.com

www.burmeseclassic.com



လာပါဟယ်''

နိုင်မွန်က သင်တန်းခန်းထဲ ဖွတ်ဆွဲခေါ်သည်။ သင်တန်းချိန်က နှစ်နာရီခန့်သာမို့ သူမ စိတ်မပါဘဲတက်ဖြစ်သွား၏။ သင်တန်းကစသင်နေပြီဖြစ်သော်လည်း ထက်နေသွင် ပြန်ရောက်မလာ။ သူ့သူငယ်ချင်း သင်တန်းလာတက်ပြီး သူငယ်ချင်းရောက်မလာလို့ အခန်းဝဘက်လှည့် တကြည့်ကြည့်ဖြင့် မျှော်နေဟန်ရှိ၏။

ဒီလိုမျက်နှာရှူးပေါ်ကြောင်ကြောင်ကောင်မျိုး သင်တန်းမတက်လေ ကောင်းလေ၊ တစ်သက်လုံးလာမတက်လျှင် ပိုတောင်ကောင်းသေး။ စိတ်ထဲက ကျိန်ဆဲပြစ်တင်နေတာမို့ ကျောင်းဆင်းတာကိုတောင် မသိလိုက်။

''ဟဲ့ သွားမယ်လေ ဘာလုပ်နေတာလဲ၊ သူများတွေတောင် အပြင်ရောက်နေပြီ''

''အေးပါဟဲ့၊ ဒီမှာ ဖုန်းကျန်မှာစိုးလို့ ထည့်နေတာ''

အတိုအထွာတွေ အိတ်ထဲကောက်ထည့်ပြီး သူငယ်ချင်းနှစ်ယောက်လက်ဆွဲပြီး ထွက်လာကြသည်။

''ဟဲ့ ဘာဖြစ်တာလဲ လူတွေဝိုင်းအုံကြည့်နေတယ်''

''အေးဟဲ့ ရယ်လည်းရယ်နေကြတယ်''

သင်တန်းရဲ့ဝင်းအပြင်မှာ လူတွေဝိုင်းအုံကြည့်ပြီး ရယ်နေကြတာမို့ သူမတို့စိတ်ဝင်စားကာ ကားကိုခပ်လှမ်းလှမ်းမှာသွားရပ်ပြီး ပြန်လျှောက်လာကြည့်မိကြသည်။

''ဟင် ဒါ ဒါ''

သူမစကားဆက်လို့မရအောင် မျက်နှာကိုလက်ဝါးနှင့်အုပ်၍ ရှက်ရွံ့ထူပူခြင်းကို ကာကွယ်လိုက်မိသည်။ ဒင်း တကယ်မလုပ်ဘူးထင်တာ ကြည့်စမ်းပါဦး။





ပိုးပန်းစံက ပြန်မခင်၍ တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ပါသည်တဲ့။ ဗိနိုင်း ဂျာစာလုံးကြီးကြီးနှင့်ကို ရေးထားတာ။ သူ ရူးကြောင်ကြောင် ပေါ်အလုပ်လုပ်တာ သူမအတွက် ဘယ်လောက်တောင်ရှက်ဖို့ကောင်းလိုက်သလဲ။

''ပိုးလေး''

''အေး ငါမြင်တယ်၊ ပါးသွားရိုက်ပစ်လိုက်ချင်တယ်ဟာ''

''သွားမပေါက်နဲ့လေ၊ လူတွေက ဘယ်လိုထင်မလဲ''

''ဒီလိုအရူးထတာ ဒီတစ်ခါပဲတွေ့ဖူးတယ်၊ အဲဒါ ငါ့ကိုသက်သက်အရှက်ခွဲတာ''

''လာပါဟယ် ဒီနေရာက မြန်မြန်သွားရအောင်၊ သင်တန်းသားတွေ နင့်ကိုလှည့်ကြည့်နေပြီ၊ မျက်နှာပူလိုက်တာ၊ မျက်နှာဘယ်သွားထားရမှန်းမသိတော့ဘူး''

''တောက်''

ဗိနိုင်းကိုကိုင်ထားသော ထက်နေသွင်က ပိုးပန်းစံ တက်ခေါက်သံကိုမကြားပေမယ့် မကျေမချမ်း ဖြစ်သွားသောမျက်နှာလေးကိုတော့ မြင်ဖြစ်အောင်မြင်လိုက်သည်။ သူမ ရင်ထဲအမုန်းဖြစ်ဖြစ် အမှတ်တရဖြစ်ဖြစ် တစ်ခုခုရောက်သွားပြီမို့ ကျေနပ်စွာ ပြုံးလိုက်သည်။

ကွယ်ရာမှာ ပြက်လုံးတစ်ခုအဖြစ်ပဲရယ်ရယ် အမြင်ကတ်စရာတစ်ခုလို့ပဲမြင်မြင် သူ့အတင်းအမှတ်တရပြောမည်ဆိုလည်း သူ ကျေနပ်သည်။ မျက်စောင်းဝင့်ပြီး ခြေဆောင့်တာလေးကလည်း ချစ်စရာကောင်းနေလို့ပါ။

သူ့နှလုံးသားတွေကို သိမ်းပိုက်နိုင်တာ ဒီကောင်မလေး တစ်ယောက်တည်း ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ကိုကိုကလည်း ဘယ်အချိန်မှပြန်လာတော့မှာလဲ မသိဘူး။ စိတ်ညစ်ပါတယ် တကယ်ပဲ"

"ဟဲ့ သမီး ကျောင်းကအပြန် ဘာလို့နှုတ်ခမ်းကြီး ရူထော်လာတာလဲ"

ပိုးပန်းစံ မကျေမနပ်ပြောကာ အိတ်ကိုဘုန်းခနဲ ပစ်ချပြီး ဆိုဖာခုံမှာဝင်ထိုင်ရင်းပြောတော့ မေမေ အထိတ်တလန့်ပင်မေး၏။ ပိုးပန်းစံမျက်နှာလေးက အခုထိ မှုန်ကုပ်နီမြန်းနေ သးကာ

"ကိုကိုမရှိတော့ သင်တန်းကကောင်လေးတွေ ပိုးကို အရမ်းစနောက်ကျတယ် မေမေရဲ့"

"ဩော် ကွယ် စတာနောက်တာ ကိုယ့်အသားပဲပါသွားတာမှတ်လို့ ကိုယ်ကမသိသလို ခပ်တည်တည်နေလိုက်ရင် ဘယ်သူက ကြာရှည်စနောက်ရဲမှာလဲ"

"ဒီထက်ခပ်တည်တည်နေရရင်တော့ ပုပ်စော်သိုးစော်နံဖို့ပဲရှိ





တော့တယ် မေမေ၊ တချို့ကောင်လေးတွေက လူမလေးခွေးမခန့်နဲ့ တော်တော်ကို အတင့်ရဲမောင့်တက်ကြတာ၊ ကိုကိုရှိလို့ သင်တန်းကိုအပို့အကြိုလုပ်နေရင် ကောင်လေးတွေ အနားတောင်သီရဲကြမှာမဟုတ်ဘူး။ အဲဒါကြောင့် ကိုကို့ကိုမျှော်နေတာ"

"ဩော် သူ့ခမျာလည်း အလုပ်ကိစ္စတွေမပြီးပြတ်လို့ ဖြစ်မှာပေါ့။ လုပ်ငန်းကြီးလုပ်နေတာ ပြန်ချင်တဲ့အချိန်ပြန်၊ သွားချင်တဲ့အချိန်သွားလို့မှမရတာ"

"အရင်က တစ်ခေါက်သွားရင် အဲလောက်မကြာပါဘူး။ အခုတော့ အလုပ်များတာ အကြောင်းပြပြီး ဖုန်းမဆက်ဘာမဆက်နဲ့ အရမ်းကိုမုန်းဖို့ကောင်းတာပဲ"

"နိုင်ငံခြားခရီးသွားရင် ဘယ်ချိန်တုန်းက ဖုန်းဆက်လို့လဲကွယ်၊ ဒီဘက်ကအကျိုးအကြောင်းတွေသိရင် ဟိုမှာအလုပ်လုပ်ရတာ နောက်ဆံတင်းရမှာစိုးလို့လို့ မှာခဲ့သားနဲ့၊ သူ့အဖေကိုတောင် ဖုန်းမဆက်ဘူးပြောတာပဲ"

အဲဒါကတော့ ဟုတ်သည်။ ကိုကိုက နိုင်ငံခြားခရီးထွက်သည့်အခါတိုင်း အန်ကယ့်ဆီကိုတောင် ဖုန်းမဆက်။

အလုပ်ကိစ္စတွေပြီးပြတ်အောင်လုပ်ရင်း ဦးနှောက်ခြောက်ရသေးသည်တဲ့။ တကယ်ကို ဟိုတယ်လုပ်ငန်းတွေဘက်မှာ အောင်မြင်နေသည့်သူပါ။ ဖအေ့ခြေရာကို ကျော်နင်းနိုင်သည့်သူမို့ အန်ကယ်ကတောင်မြန်အားကိုးနေရတဲ့အဖြစ်မျိုး။

"အန်ကယ့်ဆီကို သွားဦးမှပဲ"

"ဘာသွားလုပ်မလို့လဲ သမီး"

"ကိုကို ဘယ်နေ့ပြန်လာမလဲ သွားမေးမလို့"

"အဲဒါ သူ ဘယ်သိပါ့မလဲ၊ သွားတဲ့အခါတိုင်း တစ်ပတ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ရက်တော့ ကြာတတ်တာပဲ မြန်ရင်ငါးရက်''

''အခု တစ်ပတ်တောင်ကျော်နေပြီ မေမေ''

''ဒါဆို ပြန်လာခါနီးပြီပေါ့သမီးရယ်၊ လူကြီးကို နားပူနားဆာ သွားမလုပ်စမ်းပါနဲ့''

''မေမေကသာ အဲလိုပြောတာ အန်ကယ်ကဖြင့် ငါ့သမီးလေး လာရင် အပူငြိမ်းပြေ အမောပြေသွားတာပဲတဲ့၊ အိမ်မှာဆည်းလည်းသံလေး လို ကြည်နူးဖို့ကောင်းတယ်တဲ့လေ''

သူမအပြောကြောင့် မေမေရယ်သည်။ မေမေက ပြုံးလိုက် ရယ်လိုက်လျှင် အရမ်းကိုကျက်သရေရှိ၏။ ငယ်ငယ်က ချစ်မည့်ကြိုက်မည့် သူတွေ ဝိုင်းဝိုင်းလည်မည့်ဥပမိရုပ်မျိုး။

''မေမေ''

''ဘာလဲ''

''ငယ်ငယ်က ရည်းစားဘယ်နှယောက်ထားခဲ့ဖူးလဲဟင်''

''မအေကို ဘာတွေလျှောက်မေးနေတာလဲ သမီး''

''သိချင်လို့ပါ မေမေရဲ့၊ မေမေက အရမ်းချောတော့ ချစ်တဲ့သူ တွေ ဝိုင်းဝိုင်းလည်နေမှာမဟုတ်လား။ အဲဒီထဲက ဘယ်နှယောက်လောက် ရွေးကြိုက်ခဲ့လဲ''

''ကြိုက်မယ့်သူပေါ်တိုင်း ရည်းစားအများကြီးထားစရာလား တစ်ယောက်ဆိုတစ်ယောက်ပဲပေါ့''

''ဒါဆို ဖေဖေတစ်ယောက်တည်းချစ်ပြီး ဖေဖေ့ကိုပဲ လက်ထပ် ခဲ့တာပေါ့''

''အင်း''

ခေါင်းထားနွယ် အင်းလိုက်သံကလေးပင်ပြီး အသက်မပါသော် လည်း ပိုးပန်းစံကတော့ မအေကို ဂုဏ်ယူသလို ပွေ့ဖက်လိုက်ကာ





''ဟား မေမေကတော့ တကယ်သစ္စာရှင်ပဲ၊ လေးစားတယ် မေမေရာ၊ ပိုးလည်းလေ မေမေ့လိုပဲ တစ်ယောက်တည်းချစ်ပြီး အဲဒီ တစ်ယောက်ကိုပဲ လက်ထပ်မှာသိလား''

''မောင်မင်းမဏ္ဍိုင်ကိုပြောတာလား သမီး၊ သမီးတို့ချစ်သူတွေ ဖြစ်နေကြပြီလား''

''အင်း အဲဒါက''

ပိုးပန်းစံ ဘယ်လိုဖြေရမှန်းမသိဘဲ အောင့်သက်သက်လေး ဖြစ်သွားသည်။ နှစ်ဖက်မိဘတွေကန့်ကွက်မှာလည်းမဟုတ်။ သူမကလည်း ငြင်းပယ်မှာမဟုတ်တဲ့နင့် ကိုကိုက အခုချိန်ထိ သူမကိုချစ်တယ်လို့ မပြော သေး။ မေမေက အပြုံးစစလေးနှင့်

''မောင်မင်းမဏ္ဍိုင်က သမီးကိုမြတ်မြတ်နိုးနိုးချစ်တယ်ဆိုတာ မေမေတို့လူကြီးတွေ သိပါတယ်၊ အဲဒါကြောင့် မေမေတို့လူကြီးတွေက လည်း စီစဉ်ထားတာပေါ့''

''ဘာတွေစီစဉ်ထားတာလဲဟင်''

''ပြော် သမီးတို့ဒီထက်ရင်းနှီးပတ်သက်ပြီး ချစ်သူတွေဖြစ်သွား ရင် လက်ထပ်ပေးဖို့ပေါ့၊ သူ့အဖေ ကိုဥက္ကာက သူ့သားနဲ့သမီးကို အရမ်း ကိုလက်ထပ်ပေးစားချင်နေတာ၊ မေမေ့ကိုလည်း ခဏခဏတိုက်တွန်း တယ်၊ သမီးလေး ရည်းစားတွေ ဘာတွေထားလိုက်မှာလည်း စိုးရိမ်တယ် ထင်ပါတယ်''

''ပိုးက ထားစရာလား၊ ကိုကိုတစ်ယောက်လုံးရှိနေတဲ့ဟာကို''

''ဒါဆို သမီးတို့ချစ်သူဖြစ်နေကြတာ သေချာပြီပေါ့''

''ဟိုလေ အဲဒါကလေ မေမေ''

ဒီမေးခွန်းကို အမေးခံရတိုင်း သူမ ဘယ်လိုအဖြေပေးရမှန်း မသိ။ ဂရုစိုက်ကြင်နာမြတ်နိုးခံရပါလျက် အချစ်ဆိုသည့်စကားလုံးကာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကိုနှင့်သူမကြားမှာ တော်တော်ဝေးသည်ဟု ခံစားရသည်။

ကိုကို့ကို သူမကပဲ စပြောရတော့မည်လား။ ဟင့်အင်း မိန်း ကလေးဂုဏ်သိက္ခာတော့ အကျမခံနိုင်။

အချစ်ဆိုတဲ့စကားလုံးမပါဝင်ဘဲ သူမတို့ရင်းနှီးပတ်သက်နေ ကြတာပဲ။

"ဘာလဲ ပြောလေ သမီး"

"ချစ်သူတွေထက် ရင်းနှီးကြတာပဲ မေမေရယ်၊ ကိုကိုက ပိုးကို အနွံတာခံတယ်၊ ဂရုစိုက်တယ်၊ ကြင်နာမြတ်နိုးတယ်၊ မေမေတို့လည်း သိနေတာပဲ"

"ဟုတ်ပါတယ် ဒါကြောင့်လည်း မေမေတို့က သဘောတူတာ ပေါ့။ မောင်မင်းမထွန်းနိုင်က ကြင်နာတတ်တဲ့ယောကျ်ားမျိုးပါ၊ သူ့အဖေက လည်း အရမ်းကိုတိုက်တိုက်တွန်းတွန်းနဲ့ သဘောတူနေတာဆိုတော့ သမီး တို့အတွက် ဘာအခက်အခဲမှမရှိပါဘူး၊ မောင်မင်းမထွန်းနိုင်က အသက် လည်းငယ်တော့တာ မဟုတ်တော့ လက်ထပ်ဖို့ကိစ္စ သမီးတို့တိုင်ပင်ထား ကြရင်ကောင်းမယ်"

"အဲဒါကတော့ စောပါသေးတယ်၊ ပိုးတို့ဒီထက်ပိုပြီး နားလည် ယူဦးမှာပါ မေမေ"

"အေးလေ မေမေ့သဘောက မေမေတို့အတွက် အားကိုးရှာ သင့်တယ်ထင်လို့ပါ၊ သမီးအဖေ မရှိတည်းက ဘဏ်တိုးနဲ့အထည်ဆိုင်က အကျိုးအမြတ်လေးနဲ့ပဲ ဟန်မပျက်ရပ်တည်နေရတာမဟုတ်လား။ စီးပွား ရေးတောင့်တင်းပြီးသားဖြစ်တဲ့ မောင်မင်းမထွန်းနိုင်သာ သမီးနဲ့လက်ထပ် လိုက်ရင် မေမေတို့ ဘာမှပူပင်စရာမလိုတော့ဘူး"

"အဲလိုမျှော်ကိုးမှုနဲ့တော့ ကိုကိုတို့မိသားစုဝင်မဖြစ်ချင်ဘူး မေမေ၊ ရိုးရိုးသားသား ပတ်သက်မှုမျိုးနဲ့ပဲ ရင်းနှီးချင်တယ်၊ အခု ပို





သင်တန်းတွေတက်နေတယ်ဆိုတာ ပိုးတို့အနာဂတ်အတွက် အလုပ်တစ်ခု လုပ်ဖို့ပါ"

သမီးရဲ့မာနလေးကြောင့် ဒေါ်ခင်ထားနွယ် ပီတိဖြင့် ပြုံးလိုက်မိ သည်။ သမီးပခုံးလေးကို မြတ်နိုးစွာ ထွေးဖက်မိလျက်

"မေမေ နားလည်ပါတယ် သမီးရယ်၊ မေမေကလည်း ဂုဏ် ဓနကိုသာ မက်လို့ပြောတာမဟုတ်ပါဘူး။ ဒီအတိုင်းလေးလည်း တင့် တောင့်တင့်တယ် နေနိုင်နေတာပဲ၊ ဒါပေမဲ့ မောင်မင်းမထွန်းနိုင်က သမီး အတွက် အားကိုးအားထားပြုနိုင်တဲ့အိမ်ထောင်ဘက်ကောင်း၊ လင် ကောင်းသားကောင်းအရည်အချင်းတွေ အပြည့်အဝရှိတယ်ဆိုတာက တခြားရည်းစားသနာမထားဘဲ သူ့ကိုပဲရွေးချယ်စေချင်တာ"

"ပိုး မငိုက်ပါဘူး မေမေ၊ ယောကျ်ားလေးဆိုလို့ ကိုကိုတစ် ယောက်တည်းရင်းနှီးတာပါ၊ ကိုကိုက ဘယ်ယောကျ်ားလေးနဲ့မှ နှိုင်းယှဉ် လို့မရအောင် အရည်အချင်းတွေနဲ့ပြည့်စုံတယ်ဆိုတာလည်း ပိုးသိတယ်၊ ဒါကြောင့် ဘယ်ယောကျ်ားလေးကိုမှ စိတ်မဝင်စားမိအောင် ပိုးနေခဲ့တာ ပေါ့ မေမေ"

"အေးပါ မေ့သမီးလေးလိမ္မာတယ်ဆိုတာ မေမေသိတာပေါ့ ကွယ်၊ တော်တန်ရုံယောကျ်ားတွေက သစ္စာမရှိကြဘူး၊ လေယူရာတိမ်း ပြီး ယိမ်းဖို့ဝန်မလေးကြဘူး။ ကိုယ်ကလည်း ဘယ်လောက်ချစ်ချစ် သူတို့ အတွင်းစိတ်ကိုတော့ အကဲမခတ်နိုင်ဘူးလေ၊ အဓိကက မိဘတွေလေ့လာ အကဲခတ်ပြီး ပေးစားတဲ့အိမ်ထောင်ဘက်က အကောင်းဆုံးပါပဲကွယ်"

ပိုးပန်းစံက ဒေါ်ခင်ထားနွယ်ပြောသော စကားတွေထဲမှာ သက် ပြင်းငွေ့တွေလုံးထွေးပါလာတာကို သတိမထားမိဘဲ အပြုံးဖြင့် ခေါင်းညိတ် ကာ နာခံနေ၏။

"စိတ်ချပါ မေမေ၊ ပိုးက မေမေ့သဘောထားနဲ့ဆန့်ကျင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမလုပ်ပါဘူး၊ ရောနှောပတ်သက်ဖို့ကြိုးစားလာတဲ့ကောင်လေးတွေ လည်း ခပ်အေးအေးပဲ ဆက်ဆံမှာပါ၊ ဒါပေမဲ့ အခုခေတ်ကောင်လေးတွေ က လက်ရဲဇက်ရဲ နှုတ်လည်းရဲကြတယ်လေ၊ ရရင်လည်း အမြတ် မရရ လည်း အရင်းပဲဆိုပြီး မိန်းကလေးတွေကိုလည်း လက်တည့်စမ်း၊ စ နောက်ချင်ကြတယ်၊ ဒါကြောင့် ကိုကို့ကို မြန်မြန်ပြန်လာစေချင်တယ် ပြောတာ”

“ဟင်း ဟင်း လာမှာပေါ့ သမီးရယ်၊ သမီးက အရမ်းမျှော် ရင် အလုပ်လုပ်ရတာ နှောင့်နှေးနေပါဦးမယ်၊ ဒီပြန်ရောက်တာနဲ့ သ တာဝန်တွေကလည်း ပိတယ်မဟုတ်လား၊ နွဲ့ဆိုးဆိုးပြီး ဟိုဟာလုပ်နို ဒါလုပ်ခိုင်း ပြီးရင် ဟိုပို့ပေးပါ ဒီပို့ပေးပါ၊ ဒါမဝတ်နဲ့ ဟိုဟာစားဆိုတာ ပါသေးတယ်၊ တကယ်ကိုသည်းခံနိုင်တဲ့သူပါ”

မေမေက ကိုကို့ကိုချီးမွမ်းနေတာကို ပိုးပန်းစံ ပီတိဖြစ်နေ သည်။ အခုခေတ်ယောကျ်ားလေးတော်တော်များများ လူကြီးသူမတွေ အထင်ကြီး ချီးမွမ်းခံရတာ ရှားတယ်မဟုတ်လား။

ကိုကိုကတော့ စံပြပုဂ္ဂိုလ်ပါ။ ဒါကြောင့်မို့ သူမရင်ထဲထည့် ကြိုးစားနေမိတာများလား။

■ ■ ■

## အခန်း (၆)

“ငါ သတင်းအတိအကျ ရခဲ့ပြီ”

လင်းထိုက်စကားက ထက်နေသွင် ခြေလှမ်းတွေကို ရပ်တန့် သွားစေ၏။ နောက်ပြန်လှည့်ကာ လင်းထိုက်ပခုံးကို ရှေ့ကနေ ဆုပ်ကိုင် ထားပြီး

“ဘာသတင်းလဲ ပြောစမ်း”

“အာဏာနဲ့တော့ ဆွဲမထုတ်နဲ့လေ၊ မင်းဘာအကြောင်းစုံစမ်း ခိုင်းထားလဲ၊ ကိုယ့်ဘာသာပြန်စဉ်းစားကြည့်”

“ဟာ ပိုးပန်းစံအကြောင်း၊ ဟိတ်ကောင် ပြောစမ်း ဘာ အသိလာတာလဲ”

“သိချင်ရင် အပေးအယူရှိတယ်၊ ကင်န်တင်းရောက်ရင်ပြော မယ်”

“အငတ်ကောင် လာ မြန်မြန်”

သိချင်ဇောဖြင့် စိတ်မရှည်စွာ လင်းထိုက်ကို ကင်န်တင်းဘက်



www.burmeseclassic.com

www.burmeseclassic.com



ဒရွတ်တိုက်ဆွဲခေါ်လာခဲ့သည်။ လင်းထိုက်က ထက်နေသွင် မရိုးမ
ဖြစ်လာအောင် ပြောမပြသေးဘဲ စားစရာတွေတစ်ခုပြီးတစ်ခု မှာနေ၏

"ဟိတ်ကောင် ငါထကန်မိတော့မှာနော်၊ ပြီးမှ မျိုပါဆိုပါလား
အိမ်အတွက်ပါ ပါဆယ်ထုပ်သွား ငါသထာပါတယ်"

"အေးပါ ငါကမင်းကိုပြောပြချင်ဖောနဲ့ အိမ်ကဘာမှစားမလာခဲ့
လို့ပါကွ၊ သိရမှာပဲဟာ၊ ခဏလေးတော့သည်းခံဦးမှပေါ့"

"အေး မဟုတ်မဟပ်ပါလာလို့ကတော့ မင်းသေပြီသာမှတ်"

"အဲဒါဆို မပြောတော့ဘူး"

လင်းထိုက်က စနောက်ချင်၍ အထာကိုင်ချင်ဟန်ဆောင်နေ
သည်။ ထက်နေသွင်က တကယ်မှတ်ပြီး စားပွဲထိုးလေးလာချပေးသော
စားစရာတွေကို လင်းထိုက်ရှေ့ ဖွတ်ထိုးပေးလျက်

"စား သူငယ်ချင်း၊ ငါက စတာပါ၊ ကိုယ့်သူငယ်ချင်းကို့ဒေါသ
ထွက်အောင်မလုပ်ပါဘူး။ ဟင်း ဟင်း အောင့်အည်းသည်းခံပါမယ်
စားပါ စား သူငယ်ချင်း"

ထက်နေသွင် အီးမှန်သောမျက်နှာနှင့်မျက်နှာချိုသွေးနေသည်
လင်းထိုက်က အားမနာတမ်း ဟိုဟာဒီဟာ ပလုပ်ပလောင်းပါးစပ်ထဲ
သွင်းပြီး အမြင်ကတ်အောင်ဖြီးပြနေ၏။ ထက်နေသွင်မှာ အောက်က
လက်သီးဆုပ်ကို တင်းနေအောင်ဆုပ်ထားပေမယ့် မျက်နှာကိုတော့ ဖြ
ထားရသည်။

လင်းထိုက် လည်မနင်အောင်ရေထည့်ပေးလိုက်၊ တစ်ရှူးလေး
ယူပေးလိုက်ဖြင့် ဖားလည်းဖားရသေး၏။ စားပိုးနင့်သလိုဖြစ်တော့ လင်း
ထိုက်နောက်ကျောကိုလည်း ပြေးနှိပ်ပေးလိုက်သေးကာ

"သူငယ်ချင်းကလည်း ဒါတွေအကုန်လုံး မင်းတစ်ယောက်
တည်း စားရမှာပါ ဖြည်းဖြည်းပေါ့"





"မကုန်ရင် ပါဆယ်ထည့်ယူသွားမှာနော်"

"သဘော သဘော သူငယ်ချင်းရဲ့သဘော"

"ဟင်း ဟင်း မင်းအရုမ်းကိုဒီနေ့သဘောကောင်းနေတယ်နော်၊
ိုးပန်းစံဆိုတဲ့နတ်ကလည်း ကြီးပ့ါ"

"အေး ငါဒေါသကြီးတတ်တာလည်း မင်းသိမှာပါ၊ စိတ်ကိုရှည်
ည်ထားနေတုန်း မင်းစားသောက်နေတာ အပြီးအပြတ်ဖြတ်လိုက်တော့
ဘာ ကောင်းမယ်ထင်တယ်"

"အေး အေးပါ"

ပြောရင်းပြောရင်း ထက်နေသွင် လေသံလေး မာလာတော့
အကြောင်းသိနေသော လင်းထိုက် ပြုံးပြီးမျက်နှာချိုသွေးကာ စားသောက်
နေခြင်းကို လက်စသပ်လိုက်ရ၏။

"အဟမ်း အဟမ်း"

"ပြီးပြီလား ပြောတော့"

"နေပါဦး သွားကြားထိုးလိုက်ဦးမယ်"

"ငါ"

"အေး အေး မထိုးတော့ဘူး၊ မထိုးတော့ဘူး"

လက်သီးရွယ်လိုက်တော့မှ လင်းထိုက် ဖက်ကလေးပုဝင်ကာ
ာပျာကယာလက်ကာ၍

"ဒီလိုကွ ပိုးပန်းစံသူငယ်ချင်းကို ငါ့အသိမိန်းကလေးတစ်
ယောက်နဲ့စုံစမ်းခိုင်းလိုက်တာ၊ သူတို့ချင်းက အရင်ကွန်ပျူတာသင်တန်း
ာုန်းက နည်းနည်းခင်မင်သိကျွမ်းတယ်ပြောရမှာပေါ့"

"လိုရင်းပြောပါ၊ ဟိုလူကြီးနဲ့ပိုးပန်းစံ ဘယ်လိုပတ်သက်တာလဲ၊
ချစ်သူရည်းစားတွေလား၊ ဆွေမျိုးတော်တဲ့အစ်ကိုတွေ မောင်တွေလား"

"တစ်ခုမှမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါဆို"

"မိဘချင်းရင်းနှီးတယ်၊ သဘောတူထားတဲ့ပုံစံမျိုးပဲ"

"မင်းပြောတော့ လက်မောင်းတွဲချိတ်ရတာနဲ့ ဘာနဲ့အနေရင်းနှီးတယ်ဆို"

"ဟုတ်တယ် ချစ်သူရည်းစားတွေထက် ရင်းနှီးတယ်လို့ထင်ရတယ်၊ တခြားယောကျ်ားလေးတွေကိုလည်း ပိုးပန်းစံ စိတ်ဝင်စားတယ်လို့ မကြားဖူးဘူး၊ ဒါဟာ မိဘတွေသဘောတူထားတဲ့သူ့အပေါ် သစ္စာမဲ့ချင်လို့လား၊ ဒါမှမဟုတ် အဲဒီလူအပေါ် ပိုးပန်းစံ ချစ်နေလို့ပဲလားဆိုတာတော့ မသိဘူး၊ ဒီလူက အရာရာပြည့်စုံပြီး အရည်အချင်းရှိတဲ့သူဆိုတော့ မိန်းကလေးတစ်ယောက်အားကိုးယုံကြည်နိုင်တာပဲလေ"

"ဒါဆို အခုလောလောဆယ် သူတို့ချင်း လက်လည်းမထပ်ရသေးဘူး၊ ချစ်သူတွေလည်း မဟုတ်ကြသေးဘူးပေါ့"

လင်းထိုက် အားရပါးရ ခေါင်းညိတ်ပြတော့ ထက်နေသွင် မျက်နှာပြုံးရွှင်သွားကာ လက်ဖျောက်တစ်ချက်တီး၍

"ငါသိချင်တာ ဒါပဲ၊ အိမ်ထောင်ရှိတဲ့သူကို မပြစ်မှားမိဖို့၊ ချစ်သူရှိပြီးသားကို လုမယူမိဖို့ပဲ အဓိကအရေးကြီးတာမဟုတ်လား၊ ငါ ပိုးပန်းစံ အချစ်ကိုရအောင်ကြိုးစားမယ်"

"ဟိုက လိုက်လိုက်လျောလျော ဆက်ဆံနေတာဆိုတော့ ကြိုးစားလို့ အဆင်ပြေမှာပါ"

"မင်းက အားမပေးဘဲ ငေါ့နေပြန်ပြီ ဒီမှာလင်းထိုက်၊ ပိုးပန်းစံကို ငါတကယ်ချစ်မိသွားတဲ့အတွက် ပိုင်ဆိုင်အောင် ကြိုးစားနိုင်လိမ့်မယ်လို့ ငါကိုယ်ငါ ယုံကြည်တယ်"

လင်းထိုက်က ပခုံးတွန့်ကာ လှောင်သလိုပြုံးမိလျက်

"မင်းက မိန်းမကျမ်းတော်တော်ကျေနေတာကိုး၊ မိန်းမတွေရဲ့





စိတ်ကို မင်းနားမလည်ပါဘူးကွာ၊ မိန်းကလေးတွေက သူတို့အထင်ကြီးလောက်တဲ့ယောကျ်ားကိုပဲ ရွေးချယ်ချင်ကြတာကွ၊ တခြားယောကျ်ားလေးတွေကို စိတ်မဝင်စားချင်ယောင်လည်း ဆောင်တတ်ကြတယ်"

"အဲဒါက ငါ့အတွက် ဂွင်ပဲလေ၊ ငါ့ကိုချစ်လာအောင် ကြိုးစားဖို့ အခွင့်အရေးပဲ"

"မင်းဘာလို့ မလွယ်မှန်းသိရဲ့နဲ့ ပိုးပန်းစံကို ပိုင်ဆိုင်ဖို့ အားထည့်နေတာလဲ ထက်နေ"

"ငါ သူ့ကိုသိပ်ချစ်သွားမိလို့ပါ"

လေးနက်တည်ငြိမ်စွာ ပြောလိုက်တာကြောင့် လင်းထိုက် အံ့ဩသွားမိလျက် ခဏမျှ နှစ်ယောက်သား ငြိမ်သက်နေမိကြသည်။ ပြီးမှ ထက်နေသွင် အပြုံးမျက်နှာနှင့်

"ရှေ့ရေစက်အကြောင်းကံမပါဘဲ လူတစ်ယောက်ကိုချစ်မိသွားဖို့ဆိုတာ မလွယ်ပါဘူး၊ ကြိုက်သလောက် ရည်းစားထားလို့ရပေမယ့် ဘဝတစ်သက်တာ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်လက်ထပ်ဖို့ကတော့ အသက်နဲ့ရင်းပြီး ချစ်နိုင်မယ့်သူမှဖြစ်လိမ့်မယ်၊ အသက်ခြောက်ဆယ် ခုနစ်ဆယ် တစ်ရာတန်းထိ အတူတူနေရမှာလေ၊ တစ်ယောက်အနံ့တာ တစ်ယောက်ခံရမယ်၊ မေတ္တာထားရမယ်လေ"

"ပိုးပန်းစံကို တစ်ဘဝလုံးစာရည်ရွယ်ထားပြီပေါ့"

"အဲဒီလို မရည်ရွယ်ရင် ပင်ပန်းမှာစိုးလို့ လေတောင်ချွန်မိမှာမဟုတ်ဘူး၊ ချစ်တဲ့သူအတွက်ဆို မြင့်မိုရ်တောင်ကို ထမ်းထားရလည်း လေးတယ်လို့ထင်မှာမဟုတ်ဘူး၊ အချစ်ရဲ့စွမ်းပကားက အဲဒီလောက်ကြီးမားတယ်"

"မှတ်သားလောက်ပါတယ်"

လင်းထိုက်က အခုချိန်ထိ ငေါ့နေဆဲ၊ လင်းထိုက် မယုံကြည်တာ



www.burmeseclassic.com

www.burmeseclassic.com



အရေးမကြီးပါ။ ရင်ထဲရှိတာ ပြောလိုက်ရတာ သူ ကျေနပ်သွားသည်။

သူကတော့ ပိုးပန်းစံဆီက ပျော့ပျောင်းသောဆက်ဆံရေးကိုရဖို့ ဆက်ကြိုးစားနေဦးမှာပဲဖြစ်၏။ အညာလွယ်သော မိန်းကလေးမဟုတ်တာ ကိုက သူ့အတွက်တန်ဖိုးကြီးနေသည်။

နောက်ဆုံး ဖွဲ့ဆုလေးပဲ ပိုင်ဆိုင်ရမည်ဆိုလျှင်တောင် ● ● ။

■ ■ ■

## အခန်း (၇)

"ဖွဲ့ဆုတော့ ပေးသင့်နေပြီထင်တယ်နော် ပိုး"

"ဘာလို့ပေးရမှာလဲ"

"သင်တန်းတက်တဲ့အချိန်ရော ကင်နီတင်းထိုင်တဲ့အချိန်ရော နင့်ကိုတကောက်ကောက် တစ်ချိန်လုံးလိုက်ကြည့်နေတာ၊ အခုကားနဲ့ နောက်ကနေပါလာပြန်ပြီ၊ အဲဒီလိုလုပ်နေရင် နင့်အိမ်ကိုသူသိသွားမှာပေါ့"

"သိမှာစိုးလို့ ကားလျှောက်မောင်းနေတာ နင်မတွေ့ဘူးလား"

"အေး အဲဒီလိုလျှောက်မောင်းရင်းနဲ့ ဆီကုန်သွားမှ ကားထိုးရပ်တဲ့နေရာမှာ သူ့အကူအညီယူပြီး ဇာတ်လမ်းတွေဖြစ်သွားဦးမယ်"

"ဟင် ဟုတ်သား"

နိုင်မွန်ပြောမှ သတိရကာ ကားကိုရပ်လိုက်ရမလား၊ ဆက်မောင်းရမလား ဝေခွဲမရဖြစ်လို့သွားသည်။ ထက်နေသွင် လိုက်လာနေမှန်းသိလို့ ကားကိုတမင်မြို့ပြင်ဘက်မောင်းလာခဲ့တာ။ အိမ်ကိုတန်းပြန်လျှင် နောက်ကကားမောင်းလိုက်လာသော ထက်နေသွင် အိမ်သိသွားမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးလို့ပါ။

အခုတော့ သူမ ဘယ်လိုလုပ်ရမလဲ။ ဒီအတိုင်း မောင်းနေလျှင် တစ်နေရာရာမှာ ဆိုက်ကပ်ပြီး ကားထိုးရပ်သွားနိုင်သည်။ မပတ်သက်ချင်လို့ရှောင်နေကာမှ အကူအညီတောင်းပြီး ခိုင်မွန်ပြောသလို ရန်းနီးပတ်သက်ရတာမျိုး ဖြစ်သွားနိုင်၏။

"ရှေ့ကဆိုင်ထဲ ဝင်လိုက်မယ်ဟာ"

"ဟဲ့ ဘာဆိုင်လဲ"

"မသိဘူးလေ၊ ခြံဝင်းထဲမှာဖွင့်ထားတဲ့ဆိုင်နေမှာပေါ့၊ ဟိုမှာ ရေးထားတာတွေ့လား၊ ဟော့ပေါ့တို့ အသားကင်တို့ရတယ်တဲ့"

"ဒါဆို အရက်တွေ ဘီယာတွေလည်းရောင်းနေမှာ၊ ယောက်ျားလေးတွေအများကြီးရှိလိမ့်မယ် မဝင်ပါနဲ့"

"ရှိရှိပေါ့ ဂရုစိုက်စရာလား၊ တခြားမိန်းကလေးတွေလည်း ဒီလိုဆိုင်မျိုးတွေမှာသွားပြီး စားသောက်နေကြတာပဲ၊ နင်က ဘာကို ကြောက်နေတာလဲ၊ တို့အခုလို ဝင်လိုက်ရင် ဟိုငနာလိုက်ဝင်လာမယ်၊ သူအစားအသောက်မှာစားတဲ့အခါ တို့ပြန်ထွက်လာပြီး သူ့ကိုမျက်ခြေဖြတ်ထားခဲ့မှရမယ်"

"ဉာဏ်ကြီးရှင်ကတော့ လုပ်တော့မယ်၊ မဖုရားသဘောပဲ ကြိုက်သလိုသာလုပ်"

"အဲဒီလို လိုက်တွယ်ကပ်ချင်တဲ့သူတွေကို အဲလိုလုပ်မှရမှာဟဲ့ ငတုံးမရဲ့"

ခိုင်မွန်ကို ဆရာကြီးလုပ်ကာ အတည်ပေါက်ပေါက်ငမ်းလိုက်ပြီး ဆိုင်ရှေ့လေးထဲကို ကားလေးချိုးကွေ့ဝင်လာခဲ့သည်။ ထက်နေသွင် ကားလေးကလည်း တပ်ကြပ်မကွာ သူမတို့ကားနှင့်ဘေးချင်းယှဉ်ရပ်လာ၏။ မထီတရီမျက်နှာပေးနှင့် မင်သေသေ ကားပေါ်ကဆင်းလာသော ထက်နေသွင်





ကို ပိုးပန်းစံ မျက်စောင်းထိုးလိုက်ပြီးမှ ဆိုင်ထဲဝင်လာခဲ့သည်။

"ဟော့ပေါ့ တစ်ပွဲ"

မီနူးတောင်ယူမကြည့်ဘဲ စားပွဲထိုးလေးကိုမှာလိုက်သည်။ ခပ်လှမ်းလှမ်းစားပွဲမှာထိုင်နေသော ထက်နေသွင်က ကြေးအိုးတစ်ပွဲမှာလိုက်သံသဲ့သဲ့ကြားလိုက်ရ၏။

"ညီလေး လက်ထရိန် ဘယ်နားမှာလဲ"

နောက်ထပ် မေးခွန်းကိုကြားလိုက်ချိန်မှာတော့ မတိုင်ပင်ရပါဘဲ ခိုင်မွန်နှင့်ပိုးပန်းစံ အကြည့်ချင်းဆုံသွားပြီး ကြိတ်ပြုံးလိုက်မိကြ၏။ မသိမသာလေး လက်ဝါးချင်းရိုက်လျက် မျက်နှုံးပင့်ကာ ဒီသူငယ် လက်ထရိန်ခန်းဝင်လျှင် ထပြေးကြဖို့အသင့်ပြင်ထားကြသည်။

"ဟဲ့ သွားပြီ"

"လစ်မယ်လေ၊ မောင်လေး ဒီမှာ ဟော့ပေါ့ဖိုး ပိုက်ဆံထားခဲ့မယ်နော်"

"ဟာ အစ်မတို့ ဟော့ပေါ့မှာထားပြီး မသောက်တော့ဘူးလား"

"အရေးကြီးကိစ္စလေးပေါ်လာလို့ပါ၊ မသောက်ပေမယ့် မှာထားလို့ ပိုက်ဆံပေးခဲ့တာလေ၊ အိုကေတယ်နော်"

ကောင်လေး ကြောင်တောင်တောင် ခေါင်းညိတ်၏။ သူမတို့ ခပ်သုတ်သုတ်ပင် ကားပါကင်ကိုလာခဲ့ကြသည်။ ဒင်းတော့ စိတ်ချလက်ချ ကျန်ခဲ့ပြီပေါ့။

"ညီမလေးတို့ ပြန်ကြတော့မလား"

"ဟင်"

သူမတို့ကားနားလေး ရောက်ခါနီးမှာ အရက်မူးနေဟန်တူသော လူနှစ်ယောက်က လမ်းပိတ်ရပ်ပြီး မေးလိုက်တာမို့ သူမတို့နှစ်ယောက် လန့်သွားကြသည်။ အရက်သေစာသောက်စားပြီး မိန်းကလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



နှောင့်ယှက်ချင်ကြသည့်လူမျိုးတွေဖြစ်မည်။

"ရှင်တို့လမ်းဖယ်ပါ၊ မနှောင့်ယှက်ကြပါနဲ့"

"နိုး ဒါနှောင့်ယှက်တာမဟုတ်ပါဘူး။ ကိုယ်တို့က ညီမလေးတို့ကို ခင်လို့ပျော်သွားရအောင်ဆိုတာပါ၊ ပြန်ကြတော့မလား၊ နေကောင်းလားနောက်လည်း လာခဲ့ဦးနော် ဟင်း ဟင်း"

"ရှင်တို့မရိုင်းပါနဲ့၊ ဒီလိုနေရာမှာတွေ့လို့ အထင်သေးစော်ကားမယ်မကြံနဲ့နော်၊ ပါးရှစ်စိတ်ကွဲသွားမယ်"

"ဟား စွာလှချည်လား၊ စိတ်ဝင်စားအောင်လုပ်နေပြန်ပြီ၊ နာမည်လေးပြောခဲ့ပါလား"

"တောက် ဖယ်စမ်း ကျွန်မတို့ဒီဆိုင်က လုံခြုံရေးတွေ ခေါ်လိုက်မယ်နော်"

"ခုနက တစ်ယောက်ဒီနားက ဖြတ်သွားတာ မတွေ့ဘူးလား၊ ကိုယ်တို့က ဒီဆိုင်မှာ အမြဲလာသောက်နေကျဆိုတော့ ဖောက်သည်တွေဖြစ်နေတာ၊ ကိုယ်တို့နဲ့အကြောင်းသိ ခတ်သိစွေလေး၊ မင်းသွားခေါ်လည်း အပိုတွေဖြစ်သွားမှာပေါ့"

စိတ်ညစ်စရာကောင်းလိုက်သည့်လူတွေ။ ဒီလိုလူမျိုးတွေမှာ နှမချင်းစာနာတတ်သည့်စိတ်မျိုးလည်း ရှိမှာမဟုတ်။ စိတ်ကိုလျှော့ကာ ပတ်ရှောင်ပြီး ကားမောင်းပြန်ဖို့ စဉ်းစားရသည်။ ထက်နေသွင်ဆိုသည့် ငြိုပ်ကောင်ပြန်ထွက်လာလျှင် ဘယ်လိုလုပ်မလဲ။

"ရှင်တို့ ဒါဘာလုပ်တာလဲ"

ရှောင်ကွင်းထွက်ဖို့ ခြေလှမ်းပြင်လိုက်သည့် သူမလက်ကိုဆွဲကိုင်ခံလိုက်ရတာတော့ သူမ လန့်အော်လိုက်မိသည်။ လက်ကို ဖျတ်ခနဲရုန်းလိုက်မိကာ လန့်လည်းလန့်သွားသည်။ အမူးသမားတစ်ယောက်က ရှေ့တိုးလာပြီး





"နာမည်မပြောရင် မပြန်ရဘူးနော် ညီမလေး၊ ကိုယ်တို့က သိကြမ်းကြမ်းသမားတွေ၊ သိချင်တယ်ဆို ပြောမှ"

ထက်နေသွင်ထက်ဆိုးတဲ့လူတွေ တွေ့နေရပါလားလို့ နောင်တရမိ၏။ ဒီဆိုင်ထဲကို ဝင်မလာမိလျှင်အကောင်းသား။

နိုင်မွန်ကိုလှည့်ကြည့်တော့လည်း တဆတ်ဆတ်တုန်နေတာမို့ အားကိုးလို့ရမှာမဟုတ်။

"အဲဒါ ဘာဖြစ်နေကြတာလဲ"

ကယ်တင်ရှင်အသံကိုကြားမှ သူမတို့ပိုပြီးသွေးပျက်သွား၏။ ထက်နေသွင် ထွက်လာပါရောလား။

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ ကားပေါ်တက်ပြီး ပြန်ကြတော့လေ"

"မင်းက ဘာကောင်လဲ ဟိတ်ကောင်၊ မင်းနဲ့မဆိုင်ဘဲ ဘာ လူရှုပ်ဝင်လုပ်တာလဲ"

"ဒါ ငါ့ညီမတွေ"

"ဘာ ဟား ဟား ဒီအထာတွေ ရိုးနေပြီ၊ တောမှာပြန်ပြီးနားကျောင်းပါလားကွ၊ မြို့မှာလူရွှမ်းကောင်းတွေကို ခေါက်သိမ်းထားလိုက်ပြီ မင်းမကြားလိုက်ဘူးလား"

"ကျွတ် မင်းတို့ကသဘောမပေါက်တာ၊ မူးရင်ခွေနေ၊ လျှာရှည်နဲ့ အသက်တိုတတ်တယ်"

"နှစ်လောင်းပြိုင်ဖြစ်သွားရင် လုစရာမလိုတော့တာပေါ့ ချကွာ"

"ဖုန်း ဒုန်း"

"ခွပ်"

အသံမျိုးစုံနှင့် ရန်ပွဲက စီစီညံသွား၏။ ဆိုင်ထဲကလူတွေထွက်လာလျှင် သူမတို့ပါ ရောယောင်ပြီး အင်တာနက်ပေါ်အတင်ခံရလို့ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးနေဦးမည်။ နိုင်မွန်ကို မျက်စပစ်ပြလိုက်ပြီး ထိုနေရာက ခပ်မြန်မြန် ရှောင်ထွက်လာခဲ့ကြ၏။

ဘယ်သူသေသေ ငတေမာလျှင် ပြီးရောပေါ့။

တာ့တာ ထက်နေသွင်။

■ ■ ■

## အခန်း (၈)

"ဘာ မင်းလူစွမ်းကောင်းလုပ်ဝင်ကယ်တာကို ကျေးဇူးတင်စကားမပြောဘဲ လစ်ပြေးတယ် ဟုတ်လား။ ဟား ဟား မင်းကိုတော် တော်ကြင်နာတာပဲကွ၊ မင်းကံကောင်းဖို့ ထက်နေ"

ပြန်ပြောပြတာကို လင်းထိုက် လှောင်ပြောင်ရယ်လို့မဆုံး။ ကိုယ့်အခါသထွက်ရအခက်၊ အရှက်ပြေရယ်ရအခက်။

ဒီကိစ္စကြီး အိမ်အထိသယ်မသွားချင်လို့ ရန်ပွဲကအပြန် လင်းထိုက်ကိုဘီယာခေါ်တိုက်ပြီး ပေါက်ကွဲမိတာ။

နှစ်ယောက်နှင့်တစ်ယောက် ဟိုတက်ကသာဘူးမနေလျှင် ကိုယ်အိပ်ပေါက်ခေါင်းကွဲ ခြေကျိုးလက်ကျိုး ဖြစ်မသွားနိုင်ပေဘူးလား။ ဒါပေမဲ့ သူမကိုတော့ မငြိုငြင်ချင်ပါ။

ဒီနေရာမှာ သူမမဟုတ်ဘဲ တခြားသူဆိုလည်း ဝင်ကူညီမိမှာမို့ပင်။ မတရားတာဆိုလျှင် ကိုယ်နဲ့မဆိုင်သလို မျက်နှာလွှဲရှောင်သွားဖို့ ကိုယ်တော့မှ စိတ်မကူးမိ။



www.burmeseclassic.com

www.burmeseclassic.com



အားနည်းသူဘက်က တစ်ဖက်သတ် အနိုင်ကျင့်လို့ ခံရသူ အက်ကဝင်ကူညီမိလို့ သူနှင့်ရန်ပွဲဆိုတာ မဟာမိတ်လိုဖြစ်နေခဲ့သည်။ လင်းထိုက်က သူ့မျက်နှာကို လက်နှစ်ဖက်နှင့်လာပွတ်သပ်ပြီး

"သား လူလေး ဘယ်များနာသွားသေးလဲ သားရယ်၊ သူများ မကြြင်နာလည်း အမေကြင်နာမှာပေါ့၊ ဘာမှအားမငယ်နဲ့နော် သား"

"သွားစမ်းပါ"

လင်းထိုက်လက်ကို ဆောင့်တွန်းလွှတ်ကာ အရှက်ပြေ ဘီယာ ခွက်ကောက်မော့လိုက်၏။ လင်းထိုက်က မျက်နှာပြောင်စွာ အောင်ပွဲ အတွက်ဆိုပြီး ဖန်ခွက်ချင်းတိုက် ချီးယားစ်လုပ်နေသေးသည်။

သူ စိတ်တိုသွားသော်လည်း လင်းထိုက် စနောက်နေတာကို မရယ်ဘဲမနေနိုင်တော့။

"အေးကွာ နည်းနည်းတော့ မခံချိမခံသာဖြစ်မိတယ်၊ တကယ် ဆို ရန်ပွဲပြီးအောင်တော့ နေသင့်တာပေါ့၊ ငါရှုံးမလား နိုင်မလား ခံရမလား မသိနိုင်ဘူးလေ၊ သူတို့ကိုကူညီတဲ့ဟာကို မျက်နှာလွှဲခဲပစ်ထားခဲ့တာတော့ မကောင်းဘူး"

"ငါပြောပါတယ်၊ ပိုးပန်းစံက သူ့လူကြီးကလွဲရင် တခြား ယောကျ်ားလေးတွေကို စိတ်မဝင်စားပါဘူး၊ ဒီကိစ္စကို မင်းတရောနေ ပတ်သက်ချင်လို့ စတန့်ထွင်ဝင်လုံးလို့တောင် ထင်ချင်ထင်သွားမှာ"

"အာ ဒီအမူးသမားတွေနဲ့ ငါသိတောင်မသိဘူး၊ အမြင်မတော် လို့ ကြားဝင်တာပါ၊ ဟိုကောင်တွေက အစာလုခံရလို့ စားမာန်ခုတ်ပြီး ငါ့ကိုပြတာ၊ ဒါမျိုးကတော့ ငါ ဘယ်ငြိမ်ခံပါ့မလဲ၊ ဖရိုတယ်ဆိုတာ ပြလိုက် တာပေါ့"

"တော်သေးတာပေါ့ ဟိုကောင်တွေက မူးနေလို့၊ မဟုတ်ရင် မင်းအနည်းဆုံးထိပ်ပေါက် ခေါင်းကွဲတော့ ဖြစ်မှာသေချာတယ်"





"ငါကိုယ်ခံပညာတော့ နည်းနည်းတတ်ပါသေးတယ်ကွာ"

"အဲဒါကြောင့် နေရာတကာ လူစွာလုပ်ပြီး ရန်ပွဲဖြစ်နေတာ မဟုတ်လား၊ မင်းက ပြဿနာကိုရှာတယ်"

"သက်သက်မဲ့ လူစွာလုပ်နေတာတော့ မဟုတ်ပါဘူး၊ အမြင် တော်ရင် မျက်နှာလွှဲမသွားချင်တာ"

"ဆွေမျိုးမတော်ရင် တာဝန်မဲ့တယ်လို့ ဘယ်သူမှမထင်ဘူး ကောင်၊ ပိုးပန်းစံလို ကျေးဇူးမသိတတ်တဲ့သူနဲ့တွေ့ရင် ခံရတာတောင် ညည်းသေးတယ်လို့ မေတ္တာပို့သွားဦးမယ်၊ နောက်ဆို အခြေအနေကြည့်ပြီး မျက်နှာလွှဲခဲ့"

လင်းထိုက်ပြောတာကို ထက်နေသွင် ခေါင်းရမ်းသည်။ ဘီယာ ခွက်ကို ကောက်ကိုင်ပြီးမှ စားပွဲပေါ်ဆောင့်ခနဲပြန်ချကာ

"အမျိုးကောင်းသား ယောကျ်ားပီသတဲ့ကောင်ဆိုရင် ကိုယ့်ရှေ့ မှာ အမြင်မတော်တာတွေ့ရင် မကူညီဘဲ ဘယ်ကောင်မှမနေဘူးလို့ ထင်တယ်၊ လူဆိုတာ ကိုယ်ဒုက္ခရောက်တဲ့အချိန်၊ သူဒုက္ခရောက်တဲ့အချိန် ဆိုတာရှိတယ်၊ သူတစ်ပါးကိုကူညီရင် ကိုယ့်အလှည့်ကျလည်း ကူညီပေး မယ့်သူ တွေ့နိုင်တာပေါ့ကွ၊ ဒီမြေပေါ်မှာနေပြီး တာဝန်မဲ့ရင် အဲဒါ ကိုယ့်ကိုယ်ကိုယ် ပြန်ရှက်ရမှာ"

"ပိုးပန်းစံလိုမိန်းကလေးက အခုလိုလုပ်သွားတော့ မင်းဒေါသ ထွက်ဘူးလား"

"ထွက်တာပေါ့၊ အဲ မထွက်ပါဘူး၊ အစိမ်းသက်သက် ဝင်ပြီး ကူညီတာဆိုရင် သူကျေးဇူးတွေတင်ပြီး ဇာတ်လမ်းတွေဘာတွေတောင် ဖြစ်ချင်ဖြစ်သွားဦးမှာ၊ အခုက ငါက သူ့ကိုနှောင့်ယှက်တယ်လို့ထင်နေ တာလေ၊ ပတ်သက်ချင်လို့ ကူညီပေးတာလို့ ထင်သွားမှာပေါ့"

"ဟား စာနာပေးနေလိုက်သေးတယ်၊ ငါသာဆို ဖြစ်ချင်ရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့လိုက်မှာ''

''မင်းကလည်း အကြင်နာတရားမဲ့လိုက်တာ၊ ပိုးပန်းစံကို မင်းညှိမနေရာမှာ ကိုယ်ချင်းစာကြည့်လိုက်စမ်း၊ မင်း အဲလိုမျက်နှာလွှဲခဲပစ်လုပ်ရက်မလား''

''ငါမှားပါတယ်၊ တောင်းပန်တယ် ဘာမှမပြောတော့ဘူး ဟုတ်ပြီလား၊ ဘီယာအေးအေးဆေးဆေး သောက်ပါရစေ''

လင်းထိုက် ဘီယာသောက်ပြီး အသံတိတ်သွား၏။ ထက်နေသွင်ကတော့ ပြောသာပြောနေရပေမယ့် စိတ်ထဲတော့ ကသိကအောက်ပါ။ တကယ်ဆို ရန်ပွဲမှာ သူဘာဖြစ်သလဲဆိုတာ တစ်ချက်လောက်တော့ ငုံ့စောင်းကြည့်စေချင်တာ။

သူမတို့အရက်နဲ့သိက္ခာအတွက် ကာကွယ်မေးတာပဲမဟုတ်လား။ အမုန်းစိတ်အရင်းခံရှိနေရင်တောင် စိတ်မပါသော ကျေးဇူးတင်စကားတော့ မယုတ်မလွန် ပြောသင့်သည်ထင်၏။

အခုတော့ သူမအသည်းမာလွန်းတာပဲလား။

''ထက်နေ''

''ဘာလဲ''

''မင်း ဘာတွေးနေတာလဲ''

''သူနဲ့ပတ်သက်တဲ့လူက ဘယ်လိုလူမျိုးလဲ ငါ သိချင်လိုက်တာ''

''ဘာလဲ စိန်ခေါ်ပြီး နောင်ကျိန်ချချင်လို့လား''

''ဘယ်လောက်တောင် တန်ဖိုးထားရတဲ့သူမို့ ကျန်တဲ့သူတွေကို စိတ်မဝင်စားမိအောင်နေနေသလဲလို့ပါ''

''စတောင်မစရသေးဘူး၊ ခံစားနေရပြီလား၊ အသည်းကွဲတဲ့ရာဇဝင်မရှိခဲ့ဘူးလို့ မင်းအသံကောင်းဟစ်ထားတယ်နော်''

''အသည်းကွဲရအောင် ငါနဲ့ပတ်သက်ဖို့ ငါ့ကိုထားခဲ့ဖို့ သေ





မသေချာသေးတာ''

''မင်းအတွက် နိမိတ်မကောင်းဘူး၊ ထားခဲ့လိုက်ပါကွာ''

''မင်းပါးစပ်ကြီးက နိမိတ်မကောင်းတာ၊ ပါးစပ်ပိတ်လိုက်တော့''

''အေး ပိတ်လိုက်ပြီ၊ ဒီထက်ပိတ်စေချင်ရင် ထပ်မှာပေးဦး''

''မင်းဘာသာ မှာပြီးသောက်ချင်သောက်၊ ငါတော့ အိမ်ပြန်နောက်ကျနေလို့ ပြန်တော့မယ်''

''ဟိတ်ကောင် ပိုက်ဆံတော့ ထားခဲ့''

ဘောင်းဘီအိတ်ထဲ ပါသမျှထုတ်ပေးခဲ့ပြီး ပြန်လာခဲ့သည်။ ဖေဖေက အိမ်ကိုအရင်ပြန်ရောက်လို့ သူ့ကိုမတွေ့လျှင် မျှော်နေမှာ။ အဖေတစ်ခုသားတစ်ခုဘဝမှာ တွယ်တာစရာက ဒါပဲရှိသည်။

သူ့ကားလေးခြံဝင်းထဲဝင်တော့ ဖေဖေ့ကားက ရောက်နှင့်နေပြီဖြစ်၏။ ခြံတံခါးလာဖွင့်ပေးသော ဒေါ်သောင်းက မင်းအဖေမင်းကိုမျှော်နေတယ်ဟုပြောသည်။

''ဖေဖေ''

''အေး လာထိုင်ဦး သား''

ဧည့်ခန်းမှာထိုင်နေသော ဖေဖေ့နားမှာ သူ ဝင်ထိုင်လိုက်သည်။

''ဖေဖေ ပြန်ရောက်နေတာ ကြာပြီလား။ သားက သူငယ်ချင်းနဲ့တွေ့နေလို့နောက်ကျတာ''

''အေးပါ ဖေဖေက သားကိုအပြစ်မပြောပါဘူး။ ပြောစရာရှိလို့စောင့်နေတာ သားရဲ့''

''ဟုတ်ကဲ့ ပြောပါ ဖေဖေ''

''မနက်ဖြန် သားသင်တန်းကအပြန် လေယာဉ်ကွင်းမှာ ဖေဖေ့မိတ်ဆွေတစ်ယောက်ကို သွားကြိုပေးဖါလား သား''

''ဟုတ်ကဲ့ ဘယ်သူလဲ ဖေဖေ''



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားမှာနေတဲ့ မြန်မာပြည်ကတစ်ယောက်ပါပဲ၊ အင်စပို
လုပ်ငန်းကိစ္စတွေမှာကူညီနေတဲ့သူပေါ့၊ မြန်မာပြည်ကိုလာမယ်ဆိုတော့
ဖေဖေ့မှာတာဝန်ရှိတယ်လေ၊ သားလည်း လုပ်ငန်းခွင်မဝင်ခင်တည်းက
သိထားသင့်တဲ့လူပဲ"

"ဟုတ်ကဲ့ သားအလုပ်တော့မလုပ်သေးဘူးနော်"

"အေးပါ သားရယ်၊ သားမလုပ်ချင်သေးရင် ဖေဖေက မခိုင်း
ပါဘူး"

ဦးမင်းသွင် မပြုံးပြင်။ လူငယ်ဆိုတာ စိတ်ပါတဲ့အချိန်အလုပ်လုပ်
မှ အောင်မြင်သည်ဆိုတာ နားလည်ထားသည်။

သားက ငယ်သေးတာပဲ။ လွတ်လပ်စွာပျော်ပါစေ။

"ဖေဖေ"

"အင်း ပြောသား"

"သား ချစ်သူထားချင်တယ် ဖေဖေ"

"ဟေ သားမှာပြတ်သွားတဲ့ရည်းစားတွေရော အခုလက်ရှိထား
နေတာတွေရော ရှိတယ်မဟုတ်လား"

"အဲဒါက ရည်းစားတွေ ချစ်သူမဟုတ်ဘူး"

"ဩော် ချစ်သူနဲ့ရည်းစားကတခြားစီလား၊ သားက အ
ချစ်သူထားနေပြီပေါ့၊ ဟို ပိုးပန်းစံဆိုတဲ့ကောင်မလေးလား၊ အဆင်ပြေ
သွားပြီလား သား"

"ဟင့်အင်း"

"သားတကယ်ချစ်နေတယ်ဆိုရင် ကြိုးစားပေါ့သားရယ်၊ မိန်း
ကလေးဆိုတာ ဒီလိုပဲ မူတတ်ကြတာ"

"သူ့မှာမိဘတွေသဘောတူထားတဲ့သူရှိတယ်၊ အဲဒီလူကို သူ
လည်း တန်ဖိုးထားနေတဲ့ပုံစံပဲ၊ ချစ်သူတွေမဟုတ်ကြပေမယ့် တခြား





ယောကျ်ားလေးတွေကိုစိတ်မဝင်စားမိအောင် သစ္စာရှိနေတော့ ချည်းကပ်
ရတာခက်နေတယ် ဖေဖေ"

"ဩော်"

အလေးအနက် ခံစားနေရဟန်ရှိသော သားအတွက် စိတ်မ
ကောင်းဖြစ်လို့သွားသည်။ ပေါ့ပေါ့တန်တန်ဆို သားဒီလိုရင်ဖွင့်တိုင်ပင်မှာ
မဟုတ်။ ကိုယ်က လူကြီးဖြစ်နေတော့ ဘယ်လိုအားပေးရပါ့မလဲ။

"သား"

"ဟုတ်ကဲ့"

"ပိုးပန်းစံဘက်ကကြည့်ရင် လေးစားစရာကောင်းနေမလား
မသိဘူး သားရဲ့"

"ဘာဖြစ်လို့လဲ ဖေဖေ"

"မိဘတွေသဘောတူထားတဲ့သူအပေါ် သစ္စာရှိချင်တာနဲ့
တခြားယောကျ်ားလေးတွေကို စိတ်မဝင်စားမိအောင် ထိန်းသိမ်းနေတယ်
ဆိုတာလေ၊ တချို့မိန်းကလေးတွေဆိုရင် အဲလိုဖြစ်ပါ့မလား"

"အဲဒါက ဟိုတစ်ယောက်အပေါ် သူချစ်နေတာမျိုးရော ဖြစ်နိုင်
သား ဖေဖေ"

"အဲဒါက"

မိန်းကလေးတစ်ယောက်စိတ်ထဲ ဝင်ကြည့်နိုင်းသလိုဖြစ်နေတာ
မို့ ဖြေရခက်သွားသည်။ ဒါပေမဲ့ သားကိုဖြေသိမ့်ရမှာပါ။

"ဘယ်လောက်ကောင်းတဲ့သူမို့ သူ့စိတ်ကမယိုင်တာလဲဆိုတာ
က အဓိကပဲ၊ သားက အဲဒီလူကို တွေ့ဖူးသလား"

"ဟင့်အင်း အလုပ်ကိစ္စနဲ့နိုင်ငံခြားခရီးသွားတယ်ပြောတယ်"

"ဖေဖေတော့ အားမပေးချင်တော့ဘူး သား"

"ဗျာ ဘာဖြစ်လို့လဲ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"မပြိုင်ခင်က ရှုံးနှင့်ပြီးသားလို့ ဖေဖေထင်တယ်၊ ဟိုဘက်က လူက မဲအသာစီးရနေသလား။ မိဘတွေလက်ခံမှုရော၊ ပိုးပန်းစံရဲ့တန်ဖိုး ထားမှုရော"

"ချစ်သူမဖြစ်ကြသေးဘူး။ အိမ်ထောင်သည်တစ်ယောက်လည်း မဟုတ်ဘူး၊ ကြိုးစားဖို့ အခွင့်အရေးတော့ ရှိသေးတယ်မဟုတ်လား"

"သားလက်မလျှော့ချင်ရင် မလျှော့ပါနဲ့၊ ဒါပေမဲ့ ရှုံးခဲ့ရင်တော့ ခံနိုင်ရည်ရှိအောင် ကြိုးစားရမယ်"

မေတ္တာနှင့်သတိပေးမှုန်းသိကာ ခေါင်းညိတ်ပြလိုက်ရသည်။

"အိုကေပါ သားမရှုံးလောက်ပါဘူး။ သားက ဒီလိုမျိုး စိတ်လှုပ် ရှားရတာကိုကြိုက်တယ်၊ သဘာဝအတိုင်း ရည်းစားထားပြီး အိမ်ထောင် ကျသွားရတာမျိုး မဖြစ်ချင်ဘူး ဖေဖေ၊ တကယ်ချစ်တဲ့သူအတွက် ရင်နဲ့ အပြည့်ခံစားချင်တာ"

"ဖေ့သားက လူစွမ်းကောင်းပဲ၊ သားသဘောပဲကွာ၊ ဘာပဲဖြစ် ဖြစ် ဖေဖေနဲ့တော့ တိုင်ပင်ဟုတ်ပြီလား"

"ဟုတ်"

သားအဖနှစ်ယောက်ကတော့ တကယ့်သူငယ်ချင်းတွေလိုပင် အချစ်ရေးကအစ တိုင်ပင်လာတော့ သားနှင့်ပိုပြီးနီးစပ်သည်ဟုထင်မိတော့ အမေဖြစ်သူမှမရှိတော့တာ။

ဒီအဖေက ပိုပြီးနွေးထွေးနားလည်မှုတွေပေးရတော့မှာပေါ့။

ပိုးပန်းစံကိုမှ ချစ်နေသတဲ့လား။

■ ■ ■



## အခန်း (၉)

"ပိုးပန်းစံ"

တစ်လုံးတစ်ခဲ နာမည်အပြည့်အစုံခေါ်သံကြောင့် သင်တန်းက လေ့ကျင့်ခန်းထုတ်တွေဆင်းနေရင်း နောက်လှည့်ကြည့်လိုက်သည်။ ထက်နေ သွင် ဖြစ်နေမှန်းသိတော့ ခြေလှမ်းတွေကိုမရပ်တော့ဘဲ နိုင်မွန်လက်ကို ဆွဲကာ ခပ်သုတ်သုတ် လျှောက်ခဲ့၏။

"ပိုးပန်းစံ မင်းနေဦး"

ကားနားကိုရောက်မှ နောက်ကခြေလှမ်းကြဲနှင့်လိုက်လာပြီး မီ သွားသော ထက်နေသွင်က ရှေ့ကနေ ပိတ်ရပ်လိုက်၍ ပိုးပန်းစံ မျက် မှောင်လေးကုပ်သွားသည်။

"နင် ဘာလုပ်တာလဲ"

"မင်းမနေ့က ဘာလုပ်သွားတာလဲ"

"ဘာကိုလဲ"

"မင်းတို့ကို ငါက ကူညီတာ၊ မင်းကကျေးဇူးတင် စကားတောင် မပြောဘဲ မျက်နှာလွှဲခဲပစ်ထွက်သွားတာ ကောင်းသလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ခံချင်ရင် ငါ့ရှေ့မှာအကြောင်းအမျိုးမျိုးနဲ့ပေါ်မလာနဲ့ ထက်နေသွင်၊ အဲဒါဆိုရင် နှင့်ကိုငါ ကျေးဇူးတင်မိလိမ့်မယ်"

"မင်းတော်တော်ဆက်ဆံရေးကြံတဲ့ မိန်းကလေးပဲ၊ တခြားအချိန်မှာ မင်းဘက်ကဘယ်လိုဆက်ဆံရေးပဲဖြစ်ပစေ အရေးမကြီးဘူး၊ ငါ စိတ်ဝင်စားတာကိုလက်မခံနိုင်လို့ ဘယ်လိုပုံစံမျိုးနဲ့ပဲတုံ့ပြန်တုံ့ပြန်ဖြစ်တယ်၊ အခုဟာက မင်းတို့ရဲ့အရှက်နဲ့သိက္ခာကို"

"နှင်မကူညီလည်း တခြားတစ်ယောက်က ကူညီမှာပဲ၊ ဒါမင်းမဲ့ တိုင်းပြည်မှမဟုတ်တာ၊ ဒီထက်ဆိုးသွမ်းရိုင်းစိုင်းလာလည်း ငါတို့တာသာ ခုခံကာကွယ်လို့ရတယ်"

"မင်း"

"အေး နှင်ကသာ ဖွန့်ကြောင်ချင်တဲ့စိတ်ဓာတ်နဲ့ မျက်နှာလိုမျက်နှာရဝင်ပြီး ကူညီတာ၊ တခြားသူဆို နှင် အဲလိုကူညီမှာလား ပြော"

"ကျွတ်"

တော်တော်ခံရခက်စေသောစကားပင်။ မျက်နှာတောင် ဘယ်လိုထားရမှန်းမသိဘဲ ပူထူသွား၏။ စေတနာကို အသိအမှတ်ပြုမခံရတာထက် ဖွန့်ကြောင်ပြီး မျက်နှာလိုမျက်နှာရ ကူညီတာဆိုသည့်စကားက မာနကိုထိခိုက်၏။ ဒါပေမဲ့ ပိုးပန်းစံနှင့်ပတ်သက်လျှင် သူ့မာနတွေ ဘယ်လိုက်ဖမ်းရမှန်းမသိ။

အချစ်က အဲလောက်တောင် အာနိသင်ရှိသလား။ နိုင်မွန်ဆိုသည့်ကောင်မလေးက အားနာနေသည့်ဟန်ပေါ်ကာ

"လာပါဟယ် မပြောပါနဲ့တော့ သွားရအောင်ပါ"

"ဟင့်အင်း ငါပြောလို့မပြီးသေးဘူး၊ ဒီမယ် ထက်နေသွင်၊ နင့်လုပ်ရပ်တွေကို ငါအထင်ကြီးလိမ့်မယ် စိတ်ပြောင်းလိမ့်မယ်မထင်နဲ့"

"ငါ ဆက်ကြိုးစားဦးမှာ"





"ဘာ"

"အချစ်အတွက် ကမ္ဘာဦးအစတည်းက ယောကျ်ားတွေစွန့်စားခဲ့ကြတယ်၊ ကြိုးစားခဲ့ကြတယ်၊ အဲဒါကြောင့် နင်လက်ခံလာတဲ့နေ့အထိ ငါကြိုးစားမှာ"

"သေလိုက် အဲဒီမှာလဲသေလိုက်၊ ငါ့မှာကိုကိုရှိတယ်၊ နင်လိုကောင်ကို ဘယ်တော့မှစိတ်မဝင်စားဘူး"

"နင်တို့ချစ်သူတွေမှမဟုတ်ကြသေးတာ၊ ငါ့မှာကြိုးစားဖို့အခွင့်အရေးရှိသေးတယ်မဟုတ်လား"

"နင်"

ဒေါသဖြစ်သွားလို့လားမသိဘဲ ပိုးပန်းစံ စကားလုံးတွေရှေ့ဆက်မလာ။ တက်ခေါက်သံနှင့်ဆွေ့ဆွေ့ခုန်သွားသော သူမကို သူရီဝေညို့ငေးငေးကြည့်နေလိုက်သည်။ စွာတေးလန့်သော နှုတ်ခမ်းဖူးဖူးရဲရဲလေးကအရမ်းကိုချစ်စရာကောင်းနေလို့ပါ။

"နှာဘူး"

သူကြည့်နေတာကို ခဏမျှမင်တက်သွားသော သူမက တိုးတိတ်စွာဆဲရေးလျက် လှည့်ထွက်သွားတော့ သူ ကျေနပ်စွာပြုံးလျက်ကျန်ရစ်ခဲ့သည်။ ဒီကောင်မလေးက ဘယ်လိုနေနေ ချစ်စရာကိုကောင်းလွန်းတာပါ။

"ဟေ့ကောင် ထက်နေ"

"အာ ဘာလဲကွာ လန့်လိုက်တာ"

"ငမ်းကြောခွဲနေလိုက်တာ မြင်ရတဲ့သူတောင် အသည်းယားတယ်၊ ဘာတွေရလဒ်ကောင်းထွက်လို့ ပြုံးနေရတာလဲ"

"ငါ့လိုကောင်ကို ဘယ်တော့မှ စိတ်မဝင်စားဘူးတဲ့"

"အဲလိုပြောခံရတာ ကျေနပ်နေသလိုပဲ၊ မင်းဟုတ်ရောဟုတ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား။ လူပြုစားခံနေရလားမသိပါဘူး။ ဆရာလေးဘာလေးနဲ့ စစ်ကြည့်ပါ
ဦးကွာ"

"အဟင်း ဟုတ်တယ် ပိုးပန်းစံဆိုတဲ့အချစ်နတ်ဘုရားမလေး
ပြုစားခံနေရတာ။ ဒါပေမဲ့ ဆရာနဲ့မကုဘူး။ ငါ့ဝေဒနာတွေပျောက်အောင်
သူ့ရဲ့အချစ်တွေနဲ့ပဲ ကုစားနိုင်းမှာ"

"မင်းတော့ ရူးပြီ ထက်နေ"

"ငါ့ကိုစိတ်လှုပ်ရှားအောင်ပြုစားနိုင်တဲ့ ပိုးပန်းစံကြောင့်ဆိုရင်
ရူးရင်လည်းရူးပါစေ"

"ရူးသွားရင်တော့ အပေါင်းအသင်းမလုပ်ဘူးနော် ဟိတ်ကောင်"

"သူ့အချစ်တွေနဲ့ ငါတစ်ယောက်တည်း ရှင်သန်လို့ဖြစ်ပါတယ်
ဘယ်သူ့ဆီကမှ အကူအညီမတောင်းဘူး"

"သေစမ်းကွာ ထက်နေ"

လင်းထိုက် အားမလိုအားမရဖြစ်ပြီး ကျိန်ဆဲသည်။ သူကတော့
ရင်ထဲရှိတာ ပြောလိုက်ရတိုင်း ကျေနပ်နေမြဲပါ။

လင်းထိုက် ပခုံးကိုပုတ်လိုက်ပြီး

"ငါလစ်တော့မယ် သူငယ်ချင်း။ လေယာဉ်ကွင်းသွားစရာရှိလို့"

"ကွကြွ ဒီနေ့အကြောင်းရှိတော့ ပိုးပန်းစံနောက် မလိုက်တော့
ဘူးပေါ့"

"ခုနကစကားပြောပြီးသွားပြီလေ၊ ရန်တွေ့တာပဲဖြစ်ဖြစ် တိုက်
ခိုက်တာပဲဖြစ်ဖြစ် သူ့အသံလေးနည်းနည်း ကြားလိုက်ရရင် နေရထိုင်ရ
တာ သက်တောင့်သက်သာရှိတယ်ကွ။ ရင်ချောင်တယ် အစာကြေတယ်"

"အသက်ရှူကျပ်ပြီး သေတဲ့နေ့ရောက်မလာပါစေနဲ့လို့ ငါ ဆု
တောင်းပါတယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေကွာ"





လင်းထိုက် ငေါ့တာကို သူ တန်ပြန်ငေါ့ပစ်လိုက်သည်။ ကားကို
သေတချွန်ချွန်နှင့်ပေါ့ပေါ့ပါးပါးပင် မောင်းလာခဲ့သည်။

"ဟင်"

မင်္ဂလာဒုံဘက်ရောက်လာခဲ့ပြီး လေယာဉ်ကွင်းအနီးက လူပြတ်
သောလမ်းခုလတ်မှာ တက္ကစီတစ်စီးနှင့် လူတစ်စု ဘာတွေဖြစ်နေကြပါ
သိမ့်။ ရှုန်းရင်းဆန့်ခတ်ပုံစံမို့ စိတ်ဝင်စားသွားပြီး ထိုအနားရောက်အောင်
ကားကိုအရှိန်လျှော့ကာ ဖြည်းဖြည်းချင်း လိမ့်မောင်းလာခဲ့သည်။

"ဟာ ဒါ လုယက်မှုပဲ"

လူသုံးယောက်က လူတစ်ယောက်လက်ထဲက အတက်ချိုကျေစ်
ကို ထိုးကြိတ်ကန်ကျောက်၍ ဆွဲလုနေကြသည်။ ထိုလူကရော အတက်ချို
ကျေစ်ထဲမှာ ဘယ်လောက်အရေးကြီးတာတွေပါလို့ ရင်မှာဖွတ်ပိုက်ပွေ့ပြီး
အသားအနာခံကာ ကာကွယ်နေရတာလဲ။

"တီ တီ"

ကားကိုဟွန်းသံအကျယ်ကြီးပေး၍ ထိုနေရာမှာထိုးရပ်လိုက်
သည်။ ကားပေါ်ကနေ သူဆင်းလာတာမြင်တော့ လူသုံးယောက်မျက်နှာ
အလိုမကျ မှုန်ကုပ်သွားကြ၏။

အတက်ချိုကျေစ်ပိုင်ရှင်ရဲ့မျက်နှာကတော့ ဝင်းပသွားသည်။

"မင်းတို့ ဘာတွေလုပ်နေကြတာလဲ"

"မင်းနဲ့မဆိုင်ပါဘူး။ ကိုယ့်လမ်းကိုယ်သွားပါ"

"အမြင်မတော်ဘူးလေကွာ၊ မဆိုင်သလိုနေတတ်ရင် ကားပေါ်
ကနေ ဆင်းလာပါ့မလား။ မင်းတို့က ဘာကောင်တွေလဲ၊ ယောကျ်ားရင့်မာ
ကြီးတွေဖြစ်ပြီး သူများပစ္စည်းလုယက်နေတာ မရှက်ကြဘူးလား"

"မင်းနဲ့မဆိုင်ဘူးလို့ ပြောနေတယ် မသွားသေးဘူးလား"

"ဟိတ်ကောင်တွေ ဒီလူဆီက အတက်ချိုကျေစ်ယူပြီး လစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ကွာ စကားများမနေနဲ့"

သူ့ကိုကရုမစိုက်တဲ့ ဟိုလူလက်ထဲက အတက်ချိုကော့စ်ကို ဖွတ် အတင်းဆွဲလုနေကြသည်။ အတက်ချိုကော့စ်ပိုင်ရှင်က နုံလွန်းအလွန်းတာလား မသိ။ ထိုလူတွေ ဖွတ်အတင်းဆွဲရုန်းထရိုက်နေတာတောင် ဘာတုံ့ပြန်မှုမှမရှိဘဲ အတက်ချိုကော့စ်ကိုသာ ဖက်တွယ်ထားသည်။ သုံးယောက်တစ်ယောက်မို့ အတက်ချိုကော့စ်ပါသွားတော့မှာ သေချာနေ၏။

"အာ ဖုန်း"

"ခွပ်"

"ကြာတယ်ကွာ ချတော့"

အာရုံက နောက်ကနေ ဆောင့်ဆွဲကာ ထိုးချလိုက်သော သူ့ဘက်ကို ရောက်လာကြကာ သူတစ်ပြန်ကိုယ်တစ်လှည့်နှင့် ရန်ပွဲက ကြီးကြီးကျယ်ကျယ်လေးဖြစ်သွား၏။

ကိုယ်ကတစ်ယောက်တည်း အားကောင်းမောင်းသန်ယောက်ျား ကြီးသုံးယောက်က ပိုးပန်းစံကို ဝင်ကူညီပေးလိုက်ရသည့်လူတွေလို အမှုသမားတွေမဟုတ်တာမို့ မနည်းခုခံကာကွယ်နေရသည်။

အတက်ချိုကော့စ်ပိုင်ရှင်က ပိုးပန်းစံလို မျက်နှာလွှဲခဲပစ်ထားပစ်ခဲ့တာမျိုးမလုပ်၍ တော်ပါသေးသည်။ ဒါပေမဲ့ ဘာကိုယ်ခံပညာမှတတ်ပုံမပေါ်။

လွတ်ကျသွားသော အတက်ချိုကော့စ်ထဲက ငွေတွေနှင့်စာရွက်စာတမ်းတွေကောက်ထည့်ပြီး ထိတ်လန့်သောမျက်ဝန်းများဖြင့် ပွဲကြည့်ပရိသတ်လုပ်နေခဲ့သည်။

"ညီ ညီလေး သတိထား၊ သူတို့လက်ထဲမှာ ဓားတွေနဲ့"

"ဟာ ဟိတ်လူ"

သူ့ကိုစိုးရိမ်ကြီးစွာ သတိလှမ်းပေးသော အတက်ချိုကော့စ်ပိုင်ရှင်





ဆီ လူဆိုးတွေအာရုံပြောင်းသွားပြီး ဓားနှင့်ပြေးထိုးကာ လုယက်ဖို့ ပြင်နေကြသည်။

"အား"

အတက်ချိုကော့စ်ပိုင်ရှင်ကို ပြေးတွန်းလိုက်သဖြင့် သူ့လက်မောင်းကို ဓားထိသွား၏။ နောက်နှစ်ယောက် ခြေစုံပစ်ဝင်လာတာကို အင်္ဂိုက်မိကာ မရှောင်တိမ်းနိုင်တော့။ မျက်နှာတစ်ခုလုံးလည်ထွက်သွားလောက်အောင် အကန်ခံလိုက်ရ၏။

"ဟေ့ ဝိုင်းဟေ့ ဝိုင်းဟေ့"

"လိုက်ဟေ့ လိုက်ဟေ့"

လူတစ်စု အော်သံကိုကြားလိုက်ရ၏။ ကားတစ်စီးအလျင်လိုစွာ မောင်းပြေးသံကိုလည်း သဲ့သဲ့ကြားလိုက်ရသည်။

အဲဒီနောက်မှာတော့ . . . ။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၀)

"ညီ ညီလေး သတိရပြီလား"

"အား အင်း ကျွတ် ကျွတ်"

မျက်နှာတစ်ခုလုံး နာကျင်နေသလို လက်မောင်းကလည်း တဆစ်ဆစ်ကိုက်ခဲနေ၏။ ထက်နေသွင် မျက်နှာရှုံ့မဲ့နေတာမို့ စိုးရိမ်သွားပုံပေါ်ကာ ကိုယ်ခန္ဓာကို သူ့မျက်နှာနားကပ်ခါလျက်

"ညီလေး အရမ်းနာနေလား၊ အစ်ကို ဆရာဝန်ခေါ်ပေးမယ်"

"ရပါတယ် မခေါ်ပါနဲ့ ကျွန်တော် ဆေးရုံရောက်နေတာလား"

"ဟုတ်တယ် ညီလေး၊ ရန်ပွဲဖြစ်တဲ့နေရာမှာ ဓားဒဏ်ရာနဲ့ မျက်နှာတွေ ခေါင်းတွေအကန်ခံလိုက်ရတော့ သတိမေ့နေတာနဲ့ အစ်ကို ဆေးရုံတင်ထားတာ တော်သေးတာပေါ့ သေလောက်တဲ့ဒဏ်ရာမရလို့"

"ဟိုလူတွေရော ဘာဖြစ်သွားလဲ"

"လူတွေကားတွေ ဝိုင်းအုံထွက်လာပြီး ဖမ်းလိုက်ကြတော့ မိ





သွားတယ်၊ အခု ရဲစခန်းမှာ ခုနက ရဲစစ်ချက်တောင်လာယူသွားသေးတယ်၊ ကျေးဇူးတင်ပါတယ် ညီ၊ ညီသာ အသိစိတ်ဓာတ်နဲ့ဝင်မကူညီရင် ကိုယ်ကလူလည်းအသတ်ခံရ ပစ္စည်းလည်းအလုခံရဖြစ်သွားမှာ၊ လုပ်ငန်းချုပ်နဲ့အချက်အလက်တွေက လူ့အသက်ထက်တောင် အရေးကြီးသေးတယ်"

"ဟုတ်လား ကျ ကျွန်တော်ဖေဖေ့ဆီ အကြောင်းကြားချင်တယ်၊ ဖေဖေ ကျွန်တော့်အတွက် စိုးရိမ်နေမှာစိုးလို့"

"ညဦးပိုင်းက ညီလေးဖေဖေ လာသွားပါပြီ၊ ညီလေး ကားထဲက တွေ့တဲ့ဖုန်းနဲ့ အိမ်ဆက်အသွယ်လုပ်ပြီး ခေါ်လိုက်တာ"

"ဟင် ဖေဖေ လာသွားတယ်"

"ဟုတ်တယ် ညီလေး သတိမေ့တဲ့အချိန်မှာ လက်ကဓားဒဏ်ကိုခုနစ်ချက်ချုပ်လိုက်ရတယ်၊ အနာသက်သာဖို့ ဆေးထိုးလိုက်တော့ ညီ နည်းနည်းသတိရပြီးမှ ပြန်အိပ်ပျော်သွားတာ၊ အဲဒါ စိတ်ချလက်ချ နေပါ၊ ကျွန်တော်တစ်ညလုံးစောင့်မယ်ဆိုပြီး ညီ့အဖေကို ပြန်လွှတ်လိုက်တယ်"

"ဪ"

သတိရပြီးမှ ပြန်အိပ်ပျော်တာ အခုမှ အမှတ်ရသည်။ သူတစ်ညလုံးကောင်းကောင်းအိပ်ပျော်သွားခဲ့တာပဲ။

"ညီနာမည် ထက်နေသွင်နော်၊ ညီ့အဖေပြောသွားတာ"

"ဟုတ်ကဲ့"

"အစ်ကို့နာမည်က မင်းမဏ္ဍိုင် မှတ်ထားနော် ညီ၊ မဏ္ဍိုင်ဆောက်လုပ်ရေးကုမ္ပဏီလုပ်တယ်၊ အစ်ကို့အသက်နဲ့ပိုင်ဆိုင်မှုတွေကို ကယ်တင်ကူညီပေးတဲ့အတွက် ညီလိုအပ်တာ အစ်ကို့ကိုပြောပါ၊ အစ်ကို ဘာမဆိုပြန်ပြီးကူညီပေးနိုင်ပါတယ်"

www.burmeseclassic.com



"ရပါတယ် ကြုံကြုံကျလို့ ကူညီခွင့်ရတာပဲ"

"ညီ့အသက်နဲ့တောင်ရင်းလိုက်ရတာ ကျေးဇူးတင်လို့မဲ ညီ"

"အစ်ကိုက ဘယ်လိုဖြစ်ပြီး အဲဒီနေရာမှာ"

"အစ်ကို နိုင်ငံခြားကပြန်လာတာကွ၊ အိမ်ကကားကိုလှမ်းမခေါ်ချင်တာ၊ လေယာဉ်ကွင်းအထွက်မှာ ကားငှားစီးတာ၊ ကိုယ်က ကားပေါ်မှာ ခရီးသည်မပါဘူးထင်ပြီး ကားကိုတားလိုက်တာပဲ၊ ကားကလည်း ရပ်တယ်၊ အဲဒါနဲ့တက်စီးတော့ ကားနောက်ခန်းမှာ ပုန်းလိုက်လာတဲ့ လူနှစ်ယောက်က ဓားတွေထုတ်ပြီး ခြိမ်းခြောက်တော့တာပဲ"

"ညဉ့်နက်သန်းခေါင်လည်းမဟုတ်ဘဲ လူတွေအတော်အတင့်ရဲ လာကြတာပဲ"

"ဟုတ်တယ် လူတွေက ရိုးရိုးသားသား လုပ်ကိုင်မစားချင်ဘဲ သူများရှာဖွေကြိုးစားထားတာကို အလွယ်လုယူနိုးတိုက်စားချင်ကြတယ်၊ မင်းမှဲ့တိုင်းပြည်မဟုတ်တော့ ဥပဒေနဲ့အပြစ်ပေးခံရရင် နောက်ကမိသားစုတွေဒုက္ခရောက်မယ်ဆိုတာလည်း မတွေးကြဘူး၊ ရရင်အမြတ်ပဲဆိုပြီး တချိတည်းနဲ့အပူကြီးကြတာ၊ အစ်ကိုတော့ ညီနဲ့တွေ့လို့ ကံကောင်းသွားပါတယ်၊ တစ်သက်စာ ကျေးဇူးတင်ပါတယ် ညီ"

လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေတာ မြင်ရတော့ ကူညီရကျိုးနပ်သည်ဟု ဝမ်းသာပီတိဖြစ်ရသေးသည်။ သူ့ ထထိုင်မည်လုပ်တော့ မင်းမဏ္ဍိုင်က ကပျာကသီပင်ပွေ့ထူပေး၏။

"ရပါတယ် အစ်ကို၊ ကျွန်တော်သက်သာပါပြီ၊ ကျွန်တော်ဆေးရုံက ဆင်းလို့ရမလား မသိဘူး"

"တစ်ရက်နှစ်ရက်တော့ ဆေးရုံတက်ဖို့လိုအပ်သေးတယ်လို့ ဆရာဝန်ကြီး ပြောသွားတယ်၊ မျက်နှာနဲ့မေးရိုးမှာအညိုအမည်းစွဲသွားတယ် ညီရဲ့ လုံးဝသက်သာသွားမှ ဆေးရုံကဆင်းပါ၊ ညီဒဏ်ရာတွေ





ပျောက်တဲ့အထိ အစ်ကိုတာဝန်ယူပါ့မယ်"

"ယောက်ျားပဲ၊ ဒီဒဏ်ရာလောက်က ဘာမှမဖြစ်ပါဘူး"

"ညီက ကိုယ်ခံပညာတတ်လို့ သတ္တိကောင်းတာထင်တယ်၊ အစ်ကိုကတော့ ငယ်ငယ်က ကျောင်းစာမှာကြိုးစားတယ်၊ ကြီးလာတော့ အဖေ့လုပ်ငန်းတွေကို ကိုယ့်လက်ထက်မှာပိုပြီးအောင်မြင်အောင် ကြိုးစားတယ်၊ တကယ် လက်တွေ့ ကိုယ့်အသက်ကိုရန်ရှာခံရတဲ့အချိန်မှာ ခုခံကာကွယ်ဖို့ ဘာအတတ်ပညာကိုယ်ခံပညာမှမရှိခဲ့ဘူး၊ ငွေရှာတတ်ရုံနဲ့ ယောက်ျားတစ်ယောက်အရည်အချင်း မပြည့်စုံဘူးဆိုတာ အစ်ကို သိသွားပြီ ညီ"

"အဲလိုလည်းမဟုတ်ပါဘူး၊ ဒီလိုကိစ္စမျိုးဆိုတာ ခဏခဏကြုံနေမှာမှမဟုတ်တာ၊ တကယ်လို့ ကြုံခဲ့ရင်တောင် ကျွန်တော်လိုကူညီမယ့်သူနဲ့ဆုံရင် အဆင်ပြေသွားတာပဲ"

ဒီကောင်လေးမှာ အကောင်းမြင်စိတ်လေးရှိသားပဲဟု လေးစားမိသေး၏။ လူငယ်ဆိုပေမယ့် ရိုင်းစိုင်းရမ်းကားတတ်သည့်သူမျိုးဟုတ်ပုံမပေါ်။ ကိုယ်နဲ့မဆိုင်ဘဲ ဝင်ကူညီတတ်သည့် စိတ်လေးကိုက ကိုယ့်ထက်သာတာပဲဟု တွေးမိ၏။ ကိုယ်သာဆိုလျှင် ဒီလိုလမ်းဘေးမှာ ဖြစ်ပျက်နေတာမျိုးကို ကိုယ်နဲ့မဆိုင်ဘူးဟု ပြဿနာထဲဝင်မပါဘဲ ရှောင်ထွက်သွားမိမှာအမှန်ပင်။

"ညီ ကျောင်းတော့ ပြီးလောက်ပြီပေါ့"

"ဟုတ်ကဲ့"

"အခု ဘာတွေလုပ်နေလဲ"

"သင်တန်းတစ်ခုတက်နေတယ်၊ မေမေ့အလုပ်တောင် ကူမလုပ်ဖြစ်ဘူး၊ လူငယ်ဘဝကို လွတ်လွတ်လပ်လပ် ဖြတ်သန်းနေတာလေ၊ ပျော်ပျော်နေ ပေါ့ပေါ့စား လည်ရာပြန်စားရေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဖော်း ညီနဲ့တွေ့ရတာ အစ်ကိုအတွက် ညီလေးတစ်ယောက် ကောက်ရသလိုပါပဲကွ၊ အစ်ကို့မှာ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်း မရှိဘူးကွ၊ တစ်ဦးတည်းသောသား။ အရမ်းအထီးကျန်တယ်"

"ကျွန်တော်လည်း တစ်ဦးတည်းသောသားပါ၊ မေမေလည်းမရှိ တော့ဘူး၊ ဒါပေမဲ့ ကျွန်တော်အထီးမကျန်ဘူးအစ်ကို၊ သူငယ်ချင်းတွေ ဘော်ဒါတွေနဲ့ ပျော်အောင်နေလိုက်တာပဲ၊ ဖေဖေနဲ့လည်း သူငယ်ချင်း လိုပေါင်းတာဆိုတော့ အချုပ်အချာအာဏာအောက်မှာမရှိဘူးပေါ့၊ အ လွတ်အကျွတ်ပဲ"

ပွင့်လင်းစွာပြောတတ်သော ထက်နေသွင်ကို မင်းမဏ္ဍိုင် ပိုပြီး ခင်တွယ်သွားသည်။ ဒါကြောင့်မို့ ထက်နေသွင် လက်ကလေးကို ဆုပ် ကိုင်မိကာ

"အစ်ကိုနဲ့လည်း ဘော်ဒါလို ခင်ကြမယ်လေ၊ မကောင်းဘူး လား"

"ကျွန်တော်က ဖယားမရှိပါဘူး၊ ကျွန်တော့်ကို အခုလို ဂရုစိုက် ပေးတာနဲ့တင် အစ်ကိုတစ်ယောက်လို သဘောထားမိပါတယ်"

"အိုကေကွာ၊ အစ်ကိုတို့ တကယ်ညီအစ်ကိုသူငယ်ချင်းဖြစ်ပြီ နော်၊ အစ်ကိုတို့ရေစက်ဆုံရတာ ကောင်းတယ်ကွာ၊ ညီလေးတစ်ယောက် ချက်ချင်းကောက်ရလိုက်တယ်"

ရင်ထဲမှာတကယ်ပီတိဖြစ်နေသည်။ ကိုယ့်ဘဝက ခြောက် ခြောက်သွေ့သွေ့ကြီးမဟုတ်လား။

ပိုးပန်းစံဆိုသည့် တွတ်တီးတွတ်တာပြောတတ်သော ကောင် မလေးမရှိလျှင် တကယ်ကိုပျင်းစရာကောင်းမှာ။ တစ်ခါတလေ ဆိုး ဂျီကျလွန်းတာကို စိတ်ကုန်သလို စိတ်ပျက်သလိုဖြစ်ရပေမယ့် သံယော တွေကြောင့် ခွင့်လွှတ်နားလည်ပေးကာ အလိုလိုက်ခဲ့ရသည်။





ကိုယ့်မှာသွေးသားရင်းချာ မောင်နှမမှမရှိဘဲ။ အခုတော့ သံ ယောဇဉ်ရပ်ဝန်းထဲမှာ ထက်နေသွင်လည်းပါဝင်လာသည်။

ကိုယ့်ဘဝက တဖြည်းဖြည်း အဓိပ္ပာယ်ရှိလာသလိုလိုပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သားရယ် မသေကောင်းမပျောက်ကောင်းကွာ၊ ဒါကြောင့် နိုင်ငံခြားခရီးကပြန်လာတိုင်း အိမ်ကကားကို အကြိုလွှတ်ပါမယ်လို့ပြော တာ၊ ကုမ္ပဏီက ဒရိုင်ဘာတွေကို အကြိုခိုင်းရင်လည်း ရတာပဲ၊ ပြန်လာ မယ်လို့ ဖုန်းဆက်ရင် မေမေကိုယ်တိုင် လာကြိုပေးလည်းရသားနဲ့ သာ ရယ်"

"ဒီလိုကိစ္စဆိုတာ ခဏခဏကြုံတာမှမဟုတ်တဲ ဖေဖေ၊ အရ လည်း ဒီလိုပဲသွားလာနေကျပါ၊ အခုက တမင်ကဲဆိုးချင်လို့ ကြုံကြုံ သွားတာပါ။ ဒါလည်း ကူညီမယ့်သူက အဆင်သင့်ရောက်လာခဲ့သေးတာ"

"ဒါပေမဲ့ ကိုယ်က ဘာမှမဖြစ်လည်း ဟိုကလေးကတော့ သာ ဒဏ်ကိုခံလိုက်ရတယ်မဟုတ်လား၊ တစ်ခုခုဖြစ်သွားရင် သူ့မိဘတွေ ကျိုးရမှာပေါ့သားရယ်၊ မေမေတောင် သားမှာဒဏ်ရာမတွေ့ဘဲ ဒီလော





စိုးရိမ်နေရတာ"

ဒါတော့လည်း ဟုတ်သည်။ အကြောင်းကြားလိုက်သည်နှင့် အပြေးရောက်လာသော ထက်နေသွင်အဖေ ဖြစ်သူရဲ့မျက်နှာမှာ စိုးရိမ် သောကတွေအပြည့်။ သားရဲ့နဖူးလေးစမ်း လက်ကလေးတစမ်းစမ်းနှင့် ချက်ရည်လည်းအဝဲသား။

မိဘဆိုတာ ဒီလိုပဲပါလားလို့ ဖေဖေ့ကိုလည်း ကိုယ်ချင်းစာမိ သည်။

"ဖေဖေ"

"အင်း ပြောသား"

"ဖေဖေပြောသလိုပဲ ဒီကောင်လေးသာ ဝင်မကူညီရင် သား အခု ဘယ်လိုဖြစ်သွားမယ်ဆိုတာ မပြောနိုင်ဘူး၊ ပစ္စည်းလည်းယူ လူ လည်း အသတ်ခံရတာမျိုးဖြစ်မှာအမှန်ပဲ၊ ဒီကလေးက သားရဲ့အသက် သခင်ကျေးဇူးရှင်ဖြစ်သလို သားတို့စည်းစိမ်ဥစ္စာတွေ ဂုဏ်သိက္ခာတွေပါ ကာကွယ်ပေးလိုက်တာ"

"ဟုတ်တယ် သား၊ ဟိုမှာစာချုပ်ဖြစ်ခဲ့တဲ့လုပ်ငန်းကိစ္စတွေက မေမေတို့ဂုဏ်သိက္ခာနဲ့ရင်းထားရတာတွေပဲ၊ ကိုယ့်ဘက်က အမှားအယွင်း ဖြစ်ရင် ပိုင်ဆိုင်ထားသမျှလျော်ကြေးပေးလိုက်ရရင်တောင် လောက်မှာ မဟုတ်ဘူး၊ သူတော်ကောင်းမို့ နတ်ကောင်းဆောင်မတယ်ပြောရမှာပေါ့ ကွယ်၊ သားကဲ့ စိတ်ရင်းကောင်းတယ်လေ၊ စေတနာမှန်လို့အကျိုးပေး တာပဲ"

"ဒီကောင်လေးကလည်း တကယ်ကို စိတ်ရင်းကောင်းလို့ ကူညီ တာပဲ၊ အဲဒီအချိန်မှာ သားတစ်ခုတွေ့ဖြစ်တယ်၊ ကိုယ့်ကိုရန်ပြုလာရင် ခုခံကာကွယ်ရဲတဲ့သတ္တိမျိုး သားမှာရှိမနေဘူးဆိုတာပေါ့၊ ငွေရှာနိုင်ပေမဲ့ ကိုယ့်အချင်းတစ်ခုတည်းရှိရုံနဲ့ မပြည့်စုံဘူး၊ ကိုယ်ကြိုးစားပမ်းစားရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ပစ္စည်းဥစ္စာတွေကို မကာကွယ်နိုင်ရင် အလကားပဲ ဖေဖေ"
"အဲလိုအဆိုဘက်ကတော့ မတွေးပါနဲ့သား။ သားမှာယောက်
ကောင်းတစ်ယောက်ရဲ့အရည်အချင်းတွေ အောင်မြင်မှုတွေပိုင်ဆိုင်ထ
တာပဲ"

● ဖေဖေ့ကိုအတိုက်အခံပြောမနေတော့ဘဲ ငြိမ်နေလိုက်သည
ဒါပေမဲ့ ကိုယ့်မှာလိုအပ်ချက်တွေရှိနေသည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိ
၏။ ကိုယ့်အတွက်နှင့်သတ်ပုတ်လုံးထွေးရန်ပွဲဖြစ်လို့ ကူညီပေးသည့် ထ
နေသွင် ဒုက္ခရာအနာတရရနေတာတောင် ကိုယ့်မှာလက်သီးတစ်
သုံးဖို့ သတ္တိရှိမနေခဲ့ဘူးမဟုတ်လား။ တန်ဖိုးကြီးစာချုပ်စာတမ်း ပိုင်ဆို
တွေပါသောအိတ်ကိုသာ အတ္တကြီးစွာ ဖက်တွယ်ထားခဲ့တာ။

"ကိုကို ကိုကိုရေ"

"ဟော သမီးပိုးလေးလာတယ် သား"

အမောတကော အပြေးလေးရောက်လာသော ပိုးပန်းစံက 
မဏ္ဍိုင်အနား စွေ့ခနဲဝင်ထိုင်သည်။ မင်းမဏ္ဍိုင်မျက်နှာအနှံ့ အကဲ
သေးကာ

"ကိုကို မနေ့ကတည်းက ရန်ကုန်ပြန်ရောက်ပြီး ပြဿနာ
တယ်ဆို၊ အန်ကယ်က မေမေ့ကို အခုမှဖုန်းဆက်ပြောလို့ သိရတ
ဘာလို့ ပိုးတို့ဆီဖုန်းမဆက်သွယ်တာလဲ၊ အသိမပေးတာလဲ"

"စိုးရိမ်နေမှာ စိတ်ပူနေမှာစိုးလို့၊ အခုမနက်မှ ဆေးရုံကပြ
လာပြီး ဖေဖေ့ကိုပြောပြတာ"

"ကိုကိုရယ် တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်ပါ့မလဲ၊ အခုကြ
ကြားချင်း ပိုး ပြေးလာခဲ့တာ၊ ကိုကို ဘာဖြစ်သေးလဲဟင်၊ ဘယ်နေရာ
ဒဏ်ရာရသေးလဲ"

"ကိုကိုက ဘာဒဏ်ရာမှမရပါဘူး ပိုးရဲ့၊ ကိုကို့ကို ဓားနဲ့





ချိန်ပြီး ပစ္စည်းလုမယ်လုပ်တာကို ကိုယ့်ကိုဝင်ကူညီတဲ့ကောင်လေးက
ကြားဝင်ခံလိုက်လို့ အဲဒီကောင်လေးပဲ ဒဏ်ရာရသွားတာ"

"ကံကောင်းလို့ပေါ့ ကိုကိုရယ်၊ အခု အဲဒီကောင်လေးက ဆေးရုံ
မှာလား"

"အင်း ဆရာဝန်ကြီးနဲ့နပ်စ်တွေကို အပ်ထားခဲ့ပြီး ကိုကို ပြန်
လာတာ"

"ဪ"

မင်းမဏ္ဍိုင်ဘာမှမဖြစ်ဘူးဆိုတော့ ပိုးပန်းစံ စိတ်အေးသွား
သည်။ သတင်းကြားကြားချင်း အရမ်းကိုစိတ်ပူသွားခဲ့တာ။

ဓားပြတိုက် လုယက်ခံရသည်ဆိုတော့ ဒဏ်ရာအနာတရရသ
သွား။ ဘာတွေထိခိုက်သွားသလဲ၊ စိုးရိမ်နေမိဆဲမှာ မေမေက အိမ်ပြန်
ရောက်နေပြီတဲ့ဟု ပြောမှ စိတ်သက်သာရာရခဲ့သည်။

"ကိုကို"

"ဟင်"

"ရေမိုးချိုး အဝတ်အစားလဲလိုက်လေ၊ ညကတစ်ညလုံး ဆေး
ရုံစောင့်နေတာဆို ပင်ပန်းမှာပေါ့၊ နပ်(စ်)နှစ်ယောက်လောက် ငှားပေး
ထားလိုက်လည်းရသားနဲ့ ကိုကိုရယ် အပင်ပန်းခံလို့"

"ကိုယ့်အသက်ကိုတောင် ကယ်တင်ကူညီထားတဲ့သူကို မျက်နှာ
လွှဲခဲ့ပစ်ထားခဲ့လို့ကောင်းပါ့မလား။ သူကကိုယ့်ကြောင့် ဒဏ်ရာရတာ၊
ကိုယ်က သက်တောင့်သက်သာ အိမ်ပြန်အနားယူရင် ရိုင်းရာကျသွားမှာ
ပေါ့"

"ကိုကိုစိတ်ဓာတ်ကတော့ မြင့်မြတ်ပြီးသားပါ၊ အဲဒါကြောင့်
လည်း ခုက္ခရောက်တဲ့အချိန်မှာ ကူညီမယ့်သူပေါ်လာသေးတာပေါ့၊ ကဲ
ကိုကိုရေမိုးချိုးလိုက်၊ ပိုးအဝတ်အစားထုတ်ပေးထားမယ်နော် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကတော့ သားပြန်လာမှ အိမ်ရောက်လာပြီး ဂျစိုက်တော့တာပဲ၊ သားမရှိခင်က ဖေဖေ့ဆီ တစ်ခေါက်တောင်ရောက်မလာဘူး"

"ပိုး သင်တန်းတက်နေရလို့ပါ အန်ကယ်ရဲ့၊ အန်ကယ်နေကောင်းလားလို့တော့ ပိုး နေ့တိုင်းဖုန်းဆက်ပါတယ်"

"ဟုတ်ပါတယ်ဗျာ၊ အန်ကယ်က စတာပါ, သမီးလေးက အရမ်းကိုဝတ္တရားကျေပါတယ်၊ ကဲ သား သမီးကောင်းကိုနားထောင်လိုက်လေ၊ ရေချိုးအဝတ်အစားလဲလိုက်၊ ပြီးရင် သမီးလေးရောက်တုန်း ဖေဖေတို့နေ့လယ်စာ အတူတူစားရအောင်"

ဦးညွှန့်ဘာပြောတော့ ပိုးပန်းစံမျက်နှာလေးဝင်းပသွားသည်။ အလုပ်မအားလပ်လှန်းသော ကိုကိုနှင့်ထမင်းလက်ဆုံအတူစားရဖို့ဆိုတာ မလွယ်ကူလှဘူးမဟုတ်လား။

ဦးညွှန့်ဘာကတော့ သူ့သားနှင့်တရင်းတနှီးအနေနီးစပ်အောင် အမျိုးမျိုးကြိုးစားတတ်သူပါ။ ထိုသို့နေပြီဆိုလျှင် ကျေနပ်စွာနှင့်တပြုံးပြုံး။ အခုကတော့ ကိုကို ခေါင်းရမ်းလိုက်၍ သူမ မျက်မှောင်ကျုံ့သွားမိသည်။

"ကျွန်တော် ထမင်းစားဖို့ အချိန်မရတော့ဘူး ဖေဖေ၊ ကုမ္ပဏီ ခဏသွားပြီးရင် ဆေးရုံကိုပြန်သွားရဦးမှာ"

"ဟင် ကိုကိုကလည်း ဆေးရုံကတစ်ညလုံးလည်းစောင့်ပြီးပြီ ဘာလို့သွားနေဦးမှာလဲ၊ နပ်(စ်)ငှားပြီး လွှဲထားလိုက်ပေါ့"

"ကိုယ့်ကြောင့် ဒီလိုဖြစ်တာ ဘယ်ကောင်းမလဲ ပိုးရဲ့"

"ဒါဆို ပိုးလိုက်ခဲ့ရမလား"

"မလိုက်ပါနဲ့၊ ကိုကိုက ကုမ္ပဏီမှာလုပ်စရာအလုပ်တွေက များသေးတယ်၊ ဆေးရုံကိုဘယ်အချိန်ရောက်မယ်မသိဘူး"

"သား ပင်ပန်းနေပါဦးမယ်"





"ရပါတယ် ဖေဖေ၊ ဟိုကလေးက ကိုယ့်အတွက်နဲ့ရောဂါဝေဒနာတွေတောင် ခံနေရတာပါ၊ သားက ဒီလောက်လေးကို ပင်ပန်းတယ်ဆိုပြီး ညည်းညူနေလို့ဖြစ်ပါ့မလား"

"အေးပါ သားရယ်၊ ဒါဆိုလည်း ရေချိုးလိုက်၊ သမီးက သမီးကိုကိုကို ကူညီလိုက်ပါဦး"

"ဟုတ်ကဲ့ အန်ကယ်"

မင်းမထွန်းကိုင် လက်ကိုဆွဲ၍ထူသည်။ အိပ်ခန်းထဲထိရောက်အောင် ဆွဲခေါ်၏။

"ကဲ ကိုကိုချိုးတော့၊ ပိုး အဝတ်အစားထုတ်ထားလိုက်မယ်"

"ရပါတယ် ပိုးရယ်၊ ပိုးအောက်ကပဲ စောင့်နေလိုက်ပါ"

"လျှာမရှည်ပါနဲ့၊ ကြာတိုင်း ပိုးလုပ်ပေးနေကြပဲဥစ္စာ",

ထပ်ပြီးအငြင်းအခုန်လုပ်နေလည်း ရမှာမဟုတ်။ ကိုယ်က လူ့သဘာအပေါ် ဆရာလုပ်ရသော်လည်း ကိုယ့်ကိုတပည့်လိုသဘောထားတာ ပိုးပန်းစံတစ်ယောက်သာရှိသည်။

တစ်ခါတလေ အလုပ်တွေ ပင်ပန်း ဦးနှောက်တွေရှုပ်သည့်အခါမျိုးမှာ သူမရဲ့တွတ်တီးတွတ်တာ အနိုင်ယူမှုလေးတွေက ကိုယ့်အတွက် သာယာကြည်နူးစေမိတာအမှန်။

တစ်ခါတလေတော့လည်း မတွေ့အောင်ရှောင်ပြီး နားအေးပါးအေးနှင့်နေချင်သည်။ ကိုယ်ကသိပ်ပြီးပွတာသီတာမျိုးမကြိုက်ပါ။

"ကဲ ချိုးပြီနော် ခဏပဲ"

ပိုးပန်းစံ နဖူးလေးကို ဖျတ်ခနဲပုတ်ကာ စနောက်ပြီး ရေချိုးခန်းထဲဝင်ခဲ့သည်၊ ရေပန်းကိုဖွင့်ပြီး ခန္ဓာတစ်ခုလုံးရေနှင့်ထိလိုက်မှ လူကလန်းဆန်းပေါ့ပါးသွား၏။

သူ ပြန်ထွက်လာသည့်အချိန်မှာ ပိုးပန်းစံက ဗီရိုထဲက အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားတစ်စုံထုတ်၍ ခုတင်ပေါ်မှာချထား၏။

"ဒီနှံ့သာရောင်ကြီး မဝတ်ချင်ဘူး ပိုး၊ လူက အိပ်ရေးမဝတာ နဲ့အလုပ်ပင်ပန်းတာနဲ့ဆိုတော့ စိတ်လန်းလန်းဆန်းဆန်းဖြစ်အောင် အဖြူ ရောင်စပို့ရှပ်လေးပဲ ဝတ်ချင်တယ်"

"ကိုကိုကလည်း ဒါကောင်းပါတယ်၊ ကိုကို့အသားအရေနဲ့အရမ်း လိုက်တာ၊ ပိုးထုတ်ထားတာကို ဘာလို့မဝတ်ချင်တာလဲ မရဘူး ဒါပဲဝတ်"

ပိုးပန်းစံကို အဲဒါမျိုးဆရာလုပ် အမိန့်ပေးတတ်တာကို မကြိုက် တာ။ ကလေးဆိုးလေးလို ချစ်စရာကောင်းသည့်အခါမျိုးရှိပေမယ့် ဒီလို အကျပ်ကိုင်ခံရတာမျိုးဆိုလျှင် စိတ်ညစ်ညူးသွားတတ်သည်။ ဒါပေမဲ့ လည်း အလျှော့ပေးလိုက်လျှော့ရမြဲပါ။

"ကဲပါ ပိုးလေးဝတ်စေချင်တာ ကိုကို ဝတ်ပါ့မယ် ကျေနပ်ပြီ လား"

"ဟင်း ဟင်း အဲဒါမှ ပိုးကိုကို့၊ ကိုကိုလာ ပိုးအင်္ကျီကြယ်သီး တပ်ပေးမယ်"

"ကျေးဇူး"

ဒီလို အသေးစိတ်ဂရုစိုက်တတ်တာလေးကျတော့ ချစ်စရာ ကောင်းပြန်သည်။ သူမလက်ချောင်း ဖြူဖြူနုနုသွယ်သွယ်လေးတွေဖြင့် အင်္ကျီကြယ်သီးစနစ်တကျ တပ်ပေးနေတာကို သူ ငုံ့မိုးကာ ကြည့်နေမိ သည်။

တကယ်ကို အပြစ်ကင်းစင်သည့် ကလေးလေးပါ။ ချစ်တယ် သည့်အရွယ်ရောက်ပြီလားဟုတောင် သံသယဝင်မိ၏။

"ကိုကို"

"ဟင်"

"ပိုးဖို့ ဘာလက်ဆောင်မှမပါဘူးလား"





"ကိုကိုအလုပ်ကိစ္စနဲ့သွားတာလေ၊ အပျော်ခရီးထွက်ဈေးဝယ် သွားတာမှမဟုတ်ကွာ"

"ဘာဖြစ်ဖြစ်ပေါ့ ကိုကိုက တစ်ခါမှပိုးအတွက် အမှတ်တရဆို တာမရှိဘူး"

"ပိုးလိုချင်တာရှိရင် ကိုကို လိုက်ဝယ်ပေးနေတာပဲ ပိုးရဲ့"

"အဲဒါက အဲဒါပေါ့၊ ဒါပေမဲ့ ပိုးကွယ်ရာ ပိုးကိုသတိရရင် ဘာလေးပဲဖြစ်ဖြစ် အမှတ်တရပါလာရမှာပေါ့"

"ပိုးရယ် ကိုကို့မှာ အလုပ်တွေနဲ့အားလပ်တာမှမဟုတ်တာ၊ ဟိုမှာ ပညာရှင်တွေလုပ်ငန်းရှင်တွေနဲ့တွေ့ရတယ်၊ လေ့လာရတယ် သင် ယူရတယ်၊ စီးပွားရေးသမားတွေ ယုံယုံကြည်ကြည် အလုပ်အပ်အောင် ပူးပေါင်းရ စည်းရုံးရတယ်၊ ဒီတစ်ခေါက်စာချုပ်ချုပ်နိုင်ခဲ့တာဟာ ကိုယ် တို့အတွက် အကြီးမားဆုံးပဲ၊ ဒီတစ်သက် တခြားဘာအလုပ်မှ မလုပ်တော့ ဘဲ ကြီးပွားချမ်းသာနိုင်တဲ့ လုပ်ငန်းကြီးပဲ၊ ဒါပေမဲ့ ဒါဟာ ဟိုကောင် လေးကူညီလို့ တည်မြဲသွားတယ်ပြောရမယ်"

"အဲဒါတွေ ပိုး နားမလည်ပါဘူး၊ ပိုးက စီးပွားရေးအကြောင်း နားလည်တာမှမဟုတ်တာ၊ အရမ်းကြီးချမ်းသာရမယ်လို့ လောဘလည်း မရှိဘူး၊ ဟန်ဖိုးဆိုတာ ငွေကြေးမဟုတ်ဘူးလို့ ထင်တာပဲ"

ပိုးပန်းစံ စကားကြောင့် မင်းမင်းလွင် ပြုံးမိလိုက်သည်။ ဒီလို ရိုးသားမှုလေးက ချစ်စရာကောင်းပေမယ့် နားလည်မှုမပေးနိုင်သည့် အကြောင်းပြချက်လို့လည်း ထင်မိသည်။

"တန်ဖိုးက ငွေကြေးမဟုတ်ရင် ဘယ်သူက အပင်ပန်းခံ ကြိုးစားရုန်းကန်ပြီး ရှာနေမှာလဲ ပိုးလေးရဲ့၊ လိုအပ်တာတွေများတဲ့အခါ လူတွေရဲ့စိတ်တွေက ယိုင်သွားတယ်၊ ပျော့ညံ့သွားတတ်တယ်၊ လောဘ နည်းတာ နေရာတကာတော့ မကောင်းဘူး၊ နားလည်မှုမပေးတတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



လည်းလှုတိုင်းနဲ့ သဟဇာတဖြစ်အောင်နေလို့ မရနိုင်ဘူး ပိုး''

"ကိုကို အခုနောက်ပိုင်း စကားတွေတတ်လာတယ်"

"ချီးမွမ်းတာလား ကလေး"

"ဟင့်အင်း ရွတ်ချတာ၊ ပိုးကို ကနဲ့လန့်တိုက်နေတယ်ထင်လို့"

ပွင့်လင်းစွာပြန်ပြောတာကို မင်းမထူကြိုင်ရယ်လိုက်မိသည်။ ပိုးပန်းစံက ဟနီတော့မဆောင်တတ်ပါ။

ကလေးဆန်သော ပိုးပန်းစံရဲ့ဆံနွယ်လေးတွေကို ခပ်ညှစ်ညှစ်နှင့်ဆွဲဖွပစ်လိုက်သည်။ ရှန်းကန်အော်ဟစ်လိုက်သော သူမအသံစာစာလေးက ရင်ကိုအနည်းငယ် ဆွဲခါလှုပ်ယမ်းစေတာတော့အမှန်။

■ ■ ■

## အခန်း (၁၂)

"ဟဲ့ပိုး နင့်ကိုကို ပြန်လာတယ်ဆို၊ သင်တန်းလည်းလိုက်မပို့ပါလား"

ကားကို ကိုယ်တိုင်မောင်းလာတာမြင်၍ ခိုင်မွန် မေးခွန်းထုတ်တော့ ကားတံခါးကိုလော့ခ်ချရင်း ပိုးပန်းစံ နှာခေါင်းလေးရှုံ့သွားသည်။

"ကိုကိုက သူ့အလုပ်နဲ့သူ ရှုပ်နေတုန်းလေ၊ ငါ့ကိုအချိန်မပေးနိုင်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ နိုင်ငံခြားကနေ ကိုကို ပြန်လာတဲ့နေ့က တက္ကစီသမားစီးတာ ခါးပြတိုက်ခံရလို့လေ"

"ဟယ် ဓားပြတိုက်ခံရတယ်၊ နေ့ခင်းကြောင်တောင်လေ"

"တက္ကစီသမားတွေက ဓားပြဖြစ်နေတာ၊ အချိန်ကိုကြည့်ရှောင်နေပါမလား၊ အလစ်အငိုက်ဝင်ဖန်လို့ရတဲ့အချိန် သူလုပ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် အကုန်ပါသွားရောလား"

"ကံကောင်းလို့ ကိုကို့ကို ကယ်တင်မယ့်သူပေါ်လာသတဲ့လေ

အဲဒါလူက ခုံကာကွယ်ရင်း ဒဏ်ရာရသွားလို့ အလုပ်တစ်ဖက်နဲ့ဆေး

လူနာစောင့်လုပ်ပေးနေတယ်"

"ဩော် တစ်ဖက်လူက တကယ်စေတနာကောင်းလို့ နင့်ကို

ကို ဝင်ကူညီတာပေါ့၊ တော်သေးတာပေါ့ဟယ်၊ အခုခေတ်မှာ ဒုက္ခရော

တဲ့သူတွေလည်း ကိုယ်နဲ့မဆိုင်သလို မျက်နှာလွှဲနေတတ်တဲ့သူက များ

တယ်"

"ဟုတ်တယ် ကိုကိုက အဲဒီလူကို တော်တော်လေး ကျေး

တင်နေတဲ့ပုံပဲ၊ သူ့အသက်ကိုလည်းကယ်တယ်၊ သူ့ဂုဏ်သိက္ခာကိုလည်

ကယ်လိုက်တာပဲတဲ့လေ၊ နိုင်ငံခြားက လုပ်ငန်းလက်ခံလာတဲ့စာချု

စာတမ်းတွေ အရေးကြီးတဲ့တာတွေထင်တယ်၊ အဲဒါတွေ ပါမသွားဘူ

ကိုကိုလည်း ထိခိုက်ဒဏ်ရာလေးတောင် မရလိုက်ဘူး၊ ဓားပြတစ်ယော

က ကိုကို့ကိုဓားနဲ့ဝင်ထိုးပြီး ဖွစ္စည်းလုတာကို အဲဒီလူက ကြားကဝင်

လိုက်တယ်ပြောတာပဲ"

"အမလေးဟယ် ကြောက်စရာကြီး၊ လူတွေတော်တော် အတ

ရဲကြတယ်နော်၊ ငါသာဆို ကိုယ့်အသက်အသေခံပြီး မကူညီပါဘူး"

နိုင်မွန် ကြက်သီးမွေးညင်းထ ပုန်ပြနေသည်။ ခြေလှမ်းဆေ

ကတော့ သင်တန်းကျောင်းအတွင်းက စားသောက်ဆိုင်ကင်န်တင်းဘ

ခြေဦးလှည့်လိုပါ။

"ဟဲ့ ဘယ်လဲ"

"ငါ ဘာမှစားမလာခဲ့ရသေးဘူး သွားမယ်လေ"

"ဟို ထက်နေသွင်နဲ့ တွေ့နေဦးမယ်၊ ငါ မလိုက်တော့ဘူ

"ဟိုကဖြင့် သင်တန်းတောင် လာမတက်တာ နှစ်ရက်ရှိ





ဆင်တယ်၊ တော်က ဘာကိုကြောက်နေတာလဲ"

"အေး ဟုတ်တယ်နော်၊ သူ့ကိုမတွေ့တာ ငါလည်း သတိထား

မိတယ်"

"ဩော် တော်က အောက်မေ့နေတာလား"

"မအောက်မေ့ပါဘူး၊ သူ့ကိုများ အမြင်ကတ်လွန်းလို့"

နှာခေါင်းရှုံ့မျက်နှာမဲ့ကာပြောတော့ နိုင်မွန် ခြေလှမ်းရပ်သွား

တာ ဗိုးပန်းစံဘက်လှည့်၏။

"အကောင်းမြင်ဝါဒလေး နည်းနည်းရှိလိုက်ပါယ်၊ နင့်ကိုကူညီ

ထားတဲ့ကျေးဇူးရှိတယ်နော်"

"သွားစမ်းပါ သူ့ဘာသာ မှန်ကြောင်ပြီး ပဏ္ဏာဝင်ယူတာ

အထင်ကြီးစရာလား"

"အဲလိုတော့ မပြောနဲ့ ပိုး၊ ငါ့အပေါ်အကြောင်းတဲ့မိန်းက

လေး အရှက်ကွဲလည်းကောင်းတာပဲလို့ ဥပေက္ခာပြုပြီး နင့်ကိုချိုးလို့ရရဲ့နဲ့

သူ မျက်နှာလွှဲမနေတာ ကျေးဇူးတင်ရမှာ၊ ငါလည်း အစက သူ့ကိုအမြင်

ကတ်ပါတယ်၊ ပေါက်တတ်ကရတွေလုပ်ပြီး နင့်ကိုနှောင့်ယှက်နေတယ်

ထင်လို့လေ၊ ဒါပေမဲ့ သူ့စိတ်ရင်းလေးကောင်းတာ အဲဒီနေ့က သတိထား

မိတယ်၊ ဟီးရိုးလုပ်တယ်ပဲပြောပြော မိန်းကလေးတစ်ယောက်ရဲ့အရှက်နဲ့

သိက္ခာကို ကာကွယ်ပေးတယ်၊ နင်ပြောတာဆိုတာကိုလည်း ခံတယ်"

"မျက်နှာသာရမလားလို့ပါဟယ်၊ သူ မျက်နှာပြောင်တာ နင်

သိသားနဲ့၊ ငါလည်း အဲဒါကို သိတယ်ဆိုတာ သူသိအောင်တမင်ရန်တွေ့

ပြီးပြောလိုက်တာ၊ သူမျက်နှာပျက်သွားတာ နင်မတွေ့ဘူးလား"

"တွေ့တယ် အဲဒါ မာနကို ထိခိုက်သွားလို့လို့ထင်တာပဲ၊

ယောကျ်ားလေးတွေက မဟုတ်တာပြောခံရရင် မာနတော့ရှိကြတာပဲ၊

ဒါပေမဲ့ အဲဒီနေ့က သူချက်ချင်းပဲ ဣန္ဒြေဆယ်လိုက်တယ်၊ နင့်ကိုချစ်လို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်လျှော့လိုက်တာ နေမှာပေါ့မာ"

"နင် ဘယ်တုန်းက ထက်နေသွင်ရဲ့ဘက်တော်သားဖြစ်သွ

တာလဲ"

ပိုးပန်းစံ ခမေးတော့ ခိုင်မွန် ရယ်ကြဲကြဲနှင့်မျက်နှာချိုသွေး

ကင်နံ့တင်းရောက်ခါနီးတော့ မုန့်မကျွေးမှာစိုးလို့ဖြစ်မည်။

"ကဲ ပြောလေ"

"မဟုတ်ပါဘူးဟဲ့ ငါက နင်တွေးလို့ရအောင် အကောင်းပြေ

တာပါ"

"မပြောနဲ့ ဝိနိုင်းကြီးကိုင်ပြီး ငါ့ကိုအရှက်ခွဲထားတာ ငါလုံး

မကျေနပ်ဘူး။ သူနောက်ထပ် အဲလိုတွေလုပ်ရင် ငါ လုံးဝသည်းခံလိ

မယ် မထင်နဲ့"

"နင် အစွန်းများရောက်နေသလားဟယ်"

"ဘာ"

"ဘာ့ ဘာမှမဟုတ်ဘူး။ စတာ စတာ ဘွာတေး ဘွာတေး

ဆိုင်ထဲဝင်အထိုင်မှာ ပိုးပန်းစံ မျက်စောင်းထိုးပြီးသားဖြစ်သွ

တာမို့ ခိုင်မွန် ဖွတ်ဝင်ထိုင်ရင်း လက်တကာကာ စပ်ဖြဲဖြဲလုပ်၏။ ပြီးတော့

စားချင်တာတွေ သူ့ဘာသာသူမှာသည်။

"ငါ မကျွေးဘူးနော်၊ နင့်ဘာသာရှင်း"

"သူငယ်ချင်းလေးကလည်း ဘာတွေစိတ်ဆိုးနေတာလဲ၊ ငါက

နင့်ကိုချစ်လို့စနေတာပါ"

"မဟုတ်ပါဘူး ငါတို့နှစ်ယောက်လုံး ထိတ်လန့်နေတဲ့အချိန်က

ထက်နေသွင် ဝင်ကူညီလိုက်တာကို နင် အဟုတ်မှတ်နေလား၊ စိတ်

ကောင်းရှိတယ်လို့ နင်ထင်သွားတာပေါ့လေ၊ ယောကျ်ားတွေက သူတို့

ကြိုက်တဲ့မိန်းကလေးတွေရှေ့ဆို ဟီးရိုးလုပ်ချင်ကြတာ နင်မသိဘူးလား"





"အေး ဟုတ်ပါတယ်၊ ငါ အဲဒါကြောင့် ပြောပါတယ်၊ ဒီကောင်

ကောင်းပါဘူးလို့ အလကား ဖွန်ကြောင် မျက်နှာရှုံး စပ်ဖြဲဖြဲနဲ့ ဟဲ့

နဲ့ သိလား ပိုး"

"ဘာလဲ"

"နင့်ကိုကြည့်တဲ့မျက်လုံးတွေကတော့ ငါတောင်ရင်ခုန်တယ်

တော့"

"ဘာ"

"အေးလေဟယ် သူ့မျက်လုံးတွေထဲမှာ အချစ်ရဲ့ဆွဲအားတွေ

ပြည့်ထည့်ပြီး ညို့ငင်ရိုဝေပြီး နင့်ကိုဖြားယောင်းဆွဲခေါ်ပြီး"

"ဟဲ့"

"အမလေး လန့်လိုက်တာ၊ လိပ်ပြာလေးရေ ကလူ ကလူ"

ပိုးပန်းစံ ခေါင့်အော်လိုက်၍ ခိုင်မွန် လန့်ဖျပ်ကာ ရင်ဘတ်ဖိ

ကာ မျက်နှာပြောင်နေ၏။ ခိုင်မွန် နောက်ကျောကို ပိုးပန်းစံ ဘုန်းခနဲ

ထစ်ကာ

"အဲလောက် ခံစားတတ်နေရင် ထက်နေသွင်ကို နင်ပဲယူလိုက်

တော့ နာဘူးမရဲ့၊ နင်နဲ့လိုက်တယ်"

"ငါ့ကိုမျက်စိကျရင် ဒီလိုနေနေမလား။ သူ့မျက်လုံးလေးတွေက

နင့်ကိုကြည့်လဲ့နေတာပဲ၊ သူကတော့ နင့်ကိုညို့နေတာ၊ ဒါပေမဲ့ ငါက

ကြက်သီးတွေထတယ်"

"ဘာဖြစ်လို့လဲ"

"သူညို့အားတွေကပြင်းလွန်းတော့ ငါ့ဘက်ကိုပါ ရိုက်ခတ်လာ

တနေမှာပေါ့၊ နင် နည်းနည်းလေး ဝိစိကြွေးလေးတောင် ရင်မခုန်ဘူး

လား စိတ်မလှုပ်ရှားဘူးလား"

"ငါက ဘာလို့စိတ်လှုပ်ရှားရမှာလဲ၊ ရင်ခုန်ရမှာလဲ၊ ဒီလိုကောင်



www.burmeseclassic.com

www.burmeseclassic.com



မျိုးကို''

''ဒါဆို နှင့်ကိုကိုနဲ့တော့ ရင်ခုန်တယ်ပေါ့''

''ရင်ခုန်တယ်ဆိုတာ ဘယ်လိုမျိုးလဲ''

''ဟင်''

နိုင်မွန် တအံ့တသြဖြစ်သွားကာ ပိုးပန်းစံ မျက်နှာကိုပြူး ကြည့်၍ နိုင်မွန်မျက်နှာကို ပိုးပန်းစံ တွန်းပစ်လိုက်ကာ

''ဘာလဲဟ''

''ရင်ခုန်တာတောင် နင်က နင့်ကိုကိုနဲ့ လက်ထပ်ဖို့ စဉ်း ပေးတယ်၊ ဟဲ့ မင်းမဏ္ဍိုင်ကို နင်ချစ်တာလား၊ ကြိုက်တာလား''

''ဟင် ငါတစ်ခါမှ မစဉ်းစားဖူးပါဘူး၊ ချစ်တာကြိုက်တာထ အရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ကိုကိုက အိမ်ထောင်ဘက်အဖြစ် သ ဖော်တယ်လို့ တွေးတယ်၊ မိဘတွေသဘောတူတာ လွန်ဆန်ရမယ့်ကိစ္စ မဟုတ်တာ''

''ဟဲ့ ငါကြားဖူးတာ ပြောရမလား''

''ဘာလဲ''

''အဲလို သင့်တော်လို့ မိဘပေးစားလို့ ယူလိုက်တဲ့အိမ်ထေ ဘက်တွေက အသက်လေးဆယ်ကျော်တဲ့အရွယ်မှာ အချစ်ကိုစာလေ တောင့်တပြီး အိမ်ထောင်ရေးဖောက်ပြန်တတ်ကြတယ်တဲ့''

''အာ မဖြစ်နိုင်တာ''

''ဟုတ်တယ် သူတို့က အချစ်နဲ့ပတ်သက်ပြီး ရင်မခုန်ဖ စိတ်မလှုပ်ရှားဘူး၊ မစားဘူးတော့ တစ်ယောက်ယောက်နဲ့ရင်ခုန်ကြ စိတ်လှုပ်ရှားကြည့် ခံစားကြည့်ချင်ကြတယ်၊ ဒီဘက်မှာ သားသမီးသံယော ဖွဲ့တွေနဲ့ ထိန်းသိမ်းရမယ်ဆိုတဲ့အသိ ဘယ်လောက်ရှိရှိ လူပျိုပေါ အပျိုပေါက်လေးတွေလို မသိစိတ်တွေ အမှောင်ဖုံးပြီး အိမ်ထောင်





ဘက်ပြန်တဲ့သဘောတွေ ဖြစ်သွားကြတာ''

''ဟုတ်လား''

နိုင်မွန် စိတ်ပါလက်ပါ ခေါင်းညိတ်ပြကာ

''မယုံရင် မင်းမဏ္ဍိုင်နဲ့အိမ်ထောင်ပြုကြည့်လိုက်၊ အစတော့ ကိုလေးစားစိတ်တွေ အားကိုးယုံကြည်စိတ်တွေနဲ့ နင့်ဘဝနင် သာယာ နေတယ် ပျော်ရွှင်နေတယ်ထင်မှာပဲ၊ ရင်ခုန်မှုမဲ့ စပ်ယှက်မှုတွေနဲ့ အိမ် ထောင်တစ်ခု သာယာအောင် ခိုင်မြဲအောင် ကြိုးစားမယ်လို့ စိတ်ကူး ည့်ချင်လည်း ယဉ်မှာပဲ၊ အေး သိပ်မကြာခင်မှာ ရင်ခုန်စိတ်လှုပ်ရှားမှု တွေမပေးနိုင်တဲ့ အိမ်ထောင်ရေးက အေးစက်ချို့တဲ့လာပြီး အချစ်ကို လောင်တောင့်တလာမယ်၊ အဲလိုတွေတောင့်တလာမယ်ဆိုရင် အိမ် ထောင်ရေးဖောက်ပြန်ရမှာ နင်ကြောက်တော့မှာမဟုတ်ဘူး၊ တချို့ဆို ည်းစားဦးရှိခဲ့တဲ့သူက ရည်းစားဦးကို ပြန်တမ်းတပြီး စိတ်ထဲက ဖောက် န်နေတာတဲ့''

''သွား အကောင်းမှတ်လို့ နားထောင်နေတာ၊ ဘာတွေပြော မှန်းမသိဘူး၊ ဒီလိုသာဆို အိမ်ထောင်ရေးဖောက်ပြန်တဲ့သူမှန်သမျှက စ်ယောက်နဲ့တစ်ယောက် ချစ်လို့မဟုတ်ဘဲ မိဘတွေသင့်တော်မယ်ထင် ပေးစားထားတဲ့လူတွေချည်း ဖြစ်နေပြီ''

''နင် ဒါဆို မင်းမဏ္ဍိုင်နဲ့ပဲ လက်ထပ်မှာပဲပေါ့''

''အင်း''

မြန်ဆန်စွာခေါင်းညိတ်ပြလိုက်ခြင်းက ဆုံးဖြတ်ချက်ချထားပြီး ကြောင်း သက်သေပြလိုက်တာပဲဖြစ်၏။ ငယ်စဉ်တည်းက သံယောဇဉ် တွေနှင့် ခင်တွယ်လာခဲ့ကြတာမို့ လက်ထပ်ပေါင်းစည်းဖို့ ခက်မှာမဟုတ် ။ နိုင်မွန်က အခုမှ ဘာတွေတွေးဆနေသလဲ မသိတဲ့ အစားအသောက် တွေ မစားနိုင်သေးဘွာ



www.burmeseclassic.com

www.burmeseclassic.com



"ပိုး"

"ဟင်"

"သံယောဇဉ်နဲ့အချစ်ကြားမှာ ကွာဟချက်တွေအများကြီးရှိတယ် [illegible] နော်၊ သမားရိုးကျ အိမ်ထောင်ရေးနဲ့ လက်ထပ်ပြီး ကလေးတွေမွေး [illegible] နောက်ဒီအတိုင်း အသက်တွေကြီး၊ အိုနာဒုက္ခတွေရင်ဆိုင်၊ အဲလို [illegible] နေ သွားမှာလား"

"နင် ဘာတွေပြောနေတာလဲ ခိုင်မွန်"

"မင်းမဏ္ဍိုင်အတွက် နင် ရူးခပ်ပြင်းဆင်ကျွေးတာတို့ ရေချိုး [illegible] အဝတ်အစားထုတ်ပေးတာ ရွှေးပေးတာ အပြင်ထွက်ရင် သူ့လက်မောင်း [illegible] ကိုတွဲချိတ်တာ မှီနွဲ့တာ၊ လိုချင်တာ ဆိုးနွဲ့ပူဆာတာ အားလုံး လက်ပွန် [illegible] တတီး တရင်းတနှီးနေခဲ့တာချည်းပဲနော်"

"အဲဒါ ဘာဖြစ်လဲ"

"ဒါတောင် ရင်ခုန်ရမှန်း စိတ်လှုပ်ရှားရမှန်းမသိဘူးဆိုတော့ [illegible] နင် ရိုးသားလွန်းတာလား၊ သူစိမ်းယောကျ်ားလေးတစ်ယောက်လို့ မတွေ့ [illegible] တာလား"

"ခိုင်မွန် ငါ့ကိုအာရုံလာမစားနဲ့ဟာ၊ ကိုကိုနဲ့ဝတ်သက်ရင် ငါ့မှာ [illegible] တခြားဘာအတွေးမှမရှိဘူး၊ ကိုကို့မှာ ယောကျ်ားတစ်ယောက် ရှိသင့် [illegible] ရှိထိုက်တဲ့အရည်အချင်းတွေ ပြည့်စုံနေတဲ့အတွက် ပြီးတော့ သံယောဇဉ် [illegible] တွေခိုင်မာပြီးသားဖြစ်တဲ့အတွက် ငါဘဝရဲ့လက်တွဲဖော်ဖြစ်သင့်တယ် [illegible] ငါတွေးထားတယ် ဒါပဲ"

ပိုးပန်းစံ အဖြေကို ခိုင်မွန် ဘဝင်မကျ။ ဒါဟာ အိမ်ထောင် [illegible] လောက်သည့်အကြောင်းပြချက် မခိုင်လုံဘူးဟု ထင်မိသည်။ ဒါပေ [illegible] ကိုယ်သာဆိုလျှင်လည်း မင်းမဏ္ဍိုင်လိုလူမျိုးကို အိမ်ထောင်ဘက်အဖြ [illegible] စိတ်ကူးယဉ်ရွေးချယ်မိမှာပင်။





"ငါ နင့်ကိုမှန်တယ်လို့ ထောက်ခံသင့်သလားဟယ်"

"ထောက်ခံသင့်တာပေါ့၊ နင်ဆိုရင်ရော ကိုကို့လိုလူမျိုးကို ငြင်း [illegible]လား"

"မငြင်းဘူး၊ အဲ အချစ်ကို မဆာလောင်ခင်အထိ နောင်တ [illegible]ရလောက်ဘူးထင်တယ်"

ခိုင်မွန် မရေမရာဖြေရင်း မျက်လုံးများ ကင်နိုတင်းထဲဝင်လာ [illegible]သော လင်းထိုက်ကိုမေးငေါ့ပြကာ

"ဟဲ့ နောက်ကျနေတာတောင် တစ်ယောက်တည်းရောက်လာ [illegible]ယ်ဆိုတော့ ထက်နေသွင် မလာတော့မှာ သေချာတယ်၊ ဘာဖြစ်လို့ [illegible]မသိဘူးနော်"

"သိချင်သွားမေးပါလား"

"အေး"

"ဟဲ့ ဘယ်လဲ"

တကယ်ထသွားမည့်လုပ်တော့ ခိုင်မွန့်လက်ကို ပိုးပန်းစံ ကမျာ [illegible]သာ လှမ်းဆွဲရသည်။ ခိုင်မွန်က ဆောင့်ခနဲ ပြန်ထိုင်ချလျက်

"နင်ပဲသိချင်သွားမေးဆို၊ ထက်နေသွင် ဘာလို့ သင်တန်း [illegible]တက်တာလဲ သွားမေးမလို့ပေါ့"

"အဲဒါ နင့်အလုပ်လား၊ နင့်ကိစ္စလား၊ သူ့ဘာသာ တစ်သက် [illegible] သင်တန်းလာမတက်တော့ရင် ပိုတောင်ကောင်းသေးတယ်၊ မဟုတ် [illegible] မျက်စိဆံမင်မွှေးစူးနေရတာ"

"ကျေးဖူးရှင်ကိုပြစ်မှားနေတာ နင်ကံကြီးထိုက်တော့မယ်နော် [illegible] ယောကျ်ားလေးသဘာဝ စနောက်ပိုးပန်းတာ အပြစ်ကျူးလွန်တာမှ [illegible]တ်တာ"

"ငါ အဲလိုကပျက်ကချော် ပေါ့ပျက်ပျက် စနောက်တတ်တဲ့သူ

www.burmeseclassic.com



မျိုးကို အထင်မကြီးဘူး နိုင်မွန်၊ အတွေးအခေါ် ရင့်ကျက်တည်ငြိမ်
မရှိရင် ယောကျ်ားမပီသတာပဲ"

"နင်က နင့်အနားက မင်းမဏ္ဍိုင်တစ်ယောက်ပဲကြည့်နေ
ကျန်တာကို အမြင်ကျဉ်းနေတာပါဟယ်၊ ခေတ်နဲ့လျော်ညီတဲ့အတွေးတွေ
အမြင်တွေကို ဖြန့်ကြည့်စမ်းပါ၊ အသက်အရွယ်အရ မင်းမဏ္ဍိုင် တည်
ငြိမ်ရင့်ကျက်တာ ဆန်းသလား။ ထက်နေသွင်က လူငယ်ဖြစ်နေသေး
တက်ကြွပေါ့ပါးနေတာပါ၊ ဒါ အပြစ်မဟုတ်ဘူးလေ"

ထက်နေသွင်ဘက်က ကာကွယ်ပေးနေသော နိုင်မွန်ကို ဒီတစ်
မျက်စောင်းထိုးဖို့ မေ့လျော့၍ ဟုတ်နိုင်သလားလို့ ခင်တက်ကာ အတွေး
ဝင်၏။

ဒါပေမဲ့ ဘာဖြစ်ဖြစ် ကိုယ်နဲ့မဆိုင်ဘူးဟု ခေါင်းကိုရမ်းပစ်လိုက်
သည်။ ထက်နေသွင် အကြောင်းက အလေးအနက် တွေးနေစရာမလို
ဒါပေမဲ့ ညှို့ငင်ရီဝေစွာ ဖြားယောင်းတတ်သော မျက်ဝန်းတ
ကို မြင်ယောင်နေခြင်းက ...။

■ ■ ■

## အခန်း (၁၃)

"မင်းကွာ ဒီလိုဖြစ်တာ ငါ့ကိုအကြောင်းမကြားဘူး၊ မင်း
ဆင်တန်းမတက်လို့ မင်းအဖေဆီသွားမေးမှ သိရတယ်"

လင်းထိုက်က ခုတင်အစွန်းမှာဝင်ထိုင်ရင်း သတင်းမေးသောကို
စိတ်ဆိုးစွာ အပြစ်တင်နေ၏။ ထက်နေသွင်က ခပ်ပြုံးပြုံးဖြင့်

"သေသွားရင်တော့ မင်းကို အရိပ်အရောင်ပြလာခြောက်ပြီး
သတင်းပေးမလို့ပါ၊ အခုက ဘာမှကြီးကြီးမားမားမှမဖြစ်တာ၊ ညနေကျ
ရင် ဆေးရုံက ဆင်းတော့မှာ"

"ဘာဖြစ်ဖြစ်ပေါ့ကွာ၊ သူငယ်ချင်းအရင်းကြီးကို မင်း ဒီလို
ဖြစ်တာ ငါမသိရဘူးဆိုတော့ ငါ ဝမ်းနည်းတာပေါ့"

ငိုမဲ့မဲ့အိုက်တင်ထုတ်ပြသော လင်းထိုက်ကို ခြေထောက်နှင့်
ကန်ပစ်လိုက်ကာ

"အပိုတွေ ငါမလာတဲ့ရက်တွေ မင်းငတ်ကြီးမကျရလို့မဟုတ်

www.burmeseclassic.com



လား မသာရဲ့"

"အဟဲ ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ ပေါ်တင်ကြီးပြောတာ ငါ့ကိုစော်ကားသလိုပဲ"

"ဟုတ်ရင် မနာနဲ့လေ၊ အခုလာတာလည်း လမ်းစရိတ်ပြန်ပေးရမှာမဟုတ်လား"

"ဘီယာဖိုးလေးပါ၊ သဒ္ဒါသလောက်ပေါ့၊ အမြည်းဖိုးလေးပါ ထည့်ပေးလည်း စိတ်မဆိုးဘူး"

"အင်္ဂတ်ကောင်"

"အဟဲ အမှန်ပဲဟာ မနာပါဘူး၊ ဒါနဲ့ မင်းကူညီလိုက်တယ် ဆိုတဲ့ဘိုးတော်ကြီးက ဘယ်သူလဲကွ ဘယ်ကလဲ"

"ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုကပဲ ဦးမင်းမဏ္ဍိုင်တဲ့"

"လုပ်ငန်းရှင်ဆိုတော့ တော်တော်အသက်ကြီးပြီလား"

"ငါ့ထက်အသက်ကြီး ခြောက်နှစ်ခုနစ်နှစ် ရှစ်နှစ် တစ်ခုခုပေါ့"

"ငယ်ငယ်ရွယ်ရွယ်နဲ့စီးပွားရေးလုပ်ငန်းရှင်ဖြစ်နေတာ တော်သားပဲကွ၊ အခု အဲဒီလူက မင်းကိုလာပြီး ဂရုမစိုက်ဘူးလား၊ ဒီလောက် ကူညီထားတာ ဥပေက္ခာပြုမယ်ဆိုရင် နပ်စ်ငှားတာနဲ့ ဆေးဖိုးဝါးခ အကုန်ခံနိုင်တယ်လို့"

"မဟုတ်ပါဘူးကွာ၊ နေ့ရောညပါ ဂရုစိုက်ပါတယ်၊ ကောင်းလွန်းလို့ ငါကတောင် ပြန်အားနာနေတာ"

"အားနာစရာလားကွာ၊ အခန့်မသင့်ရင် ကိုယ့်အသက်အန္တရာယ်တောင် ထိခိုက်နိုင်တယ်၊ မင်းဘာလို့ မိုက်ရူးရဲဆန်ဆန် ကူညီရတာလဲ ထက်နေ၊ ဒီလို ဓားပြတိုက်တဲ့လူတွေမှာ ဘုတ်တွေ ဓားတွေပါနိုင်တယ်ဆိုတာ မင်းမသိဘူးလား"

"ကိုယ့်နိုင်ငံတွင်းမှာ ဖြစ်နေတာ ကိုယ့်ကိုထိခိုက်မှာစိုးလို့ဆို





ပြီး မသိချင်ယောင်ဆောင်နေလို့ရမလား၊ သူများတွေတော့ မသိဘူး၊ ငါကတော့ မဆိုင်သလို မနေတတ်ဘူး ငါ့ကောင်"

"အေး အဲဒါကို ပိုးပန်းစံက သူ့ကိုနာဘူးကျ ကူညီသွားတာလို့ ထင်သွားတာမဟုတ်လား၊ ဒီလူကတော့ ဘယ်လိုထင်မလဲ မသိဘူး"

"အစ်ကိုက ကောင်းပါတယ်၊ ငါ့ကို ညီတစ်ယောက်လိုဆက်ဆံတယ်၊ သူ့မှာညီအစ်ကိုမောင်နှမမရှိလို့တဲ့ သဘောလည်းကောင်းတယ်ကွ၊ ဆေးရုံဆင်းရင် ငါ့ကိုအိမ်အထိပြန်လိုက်ပို့မယ် ပြောတယ်"

"ဒါကတော့ သူ့မှာတာဝန်အပြည့်ရှိတာပဲ၊ ပိုးပန်းစံထက်သာတာပဲတော်သေးတယ်"

"သူ ဘယ်လိုနေလဲ"

"ဘယ်သူလဲ"

သိရဲ့သားနဲ့ လင်းထိုက် ညစ်ပြီးပြန်မေးတော့ လက်ထဲကိုင်ထားသော ပိုက်ဆံကို အိတ်ကပ်ထဲပြန်ထည့်မည်လုပ်လိုက်သည်။ လင်းထိုက်က ကပျာကသီပြန်ဆွဲယူကာ

"ပိုးပန်းစံအကြောင်းမေးတာ မဟုတ်လား။ မင်းက ဘာကိုသိချင်တာလဲ၊ ငါပြောပြမှာပေါ့ သူငယ်ချင်းရ ဟဲ ဟဲ"

"သူ နေကောင်းလား"

"အင်း"

"သင်တန်းတက်လား"

"အင်း"

"အရင်လို လှသေးလား"

"အင်း"

"ဟိတ်ကောင် တစ်ခွန်းချင်းပြန်ဖြေနေတယ်"

"မင်းက တစ်ခွန်းချင်းမေးနေတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုလွမ်းတဲ့အရိပ်အရောင်လေး ဘာလေး မတွေ့ဘူးလား"

"မင်း မလာတာ ဝမ်းသာနေတယ် ထင်တယ်၊ ကင်န်တင်းမှာ အားရပါးရကို ဆွဲနေတာ၊ ရယ်ကာမောကာနဲ့ တော်တော်ပျော်နေတဲ့ပုံ"

"ကျွတ် ငါ့ကိုစိတ်ချမ်းသာအောင် နည်းနည်းပါးပါး ညှာတာ ပြောလိုက်တော့ ဘာဖြစ်လို့လဲ မသာရဲ့၊ အမှန်အတိုင်းပြောရလား"

"မသိဘူးလေ မင်းများအမှန်အတိုင်း သိချင်နေလားလို့"

လင်းထိုက်က အဲလိုအရွဲ့တိုက်တတ်သည့် ကောင်မျိုးပင် တကယ်ကို ရက်ရက်ရောရော သထားဖို့မကောင်းတဲ့ကောင်။

"မင်းပြန်တော့ လင်းထိုက်"

"ဘာဖြစ်လို့လဲ"

"ငါခဲနဲ့ပေါက်ချင်လာလို့"

"အမှန်အတိုင်းပြောလို့လား၊ အဲဒါကြောင့် ရှေးလူကြီးတွေက စကားပုံထားခဲ့တာ မှန်တာပြောရင် ရှာပြင်ထုတ်ခံရတတ်တယ်တဲ့"

"အေး မင်းလည်း ငတ်ပေါက်ကြွရတတ်တယ်"

"မလုပ်ပါနဲ့ကွာ၊ ငါက မင်းကိုချစ်လို့ စနေတာပါ၊ ဒါပေမဲ့ ဘီယာဖိုးလေးရလို့ ပြန်တော့မယ်၊ အဲဒီအတွက် သင်တန်းကိုခွင့်တိုင် ပေးမယ်၊ သင်ခန်းစာတွေ အီးမေးလ်ပို့လိုက်မယ်၊ ဘိုင့်ဘိုင် သူငယ်ချင်း"

တော်တော်ချစ်ဖို့ကောင်းတဲ့ကောင်။ အပျင်းပြေအောင် ကြာကြာ နေမသွားဘဲ ဘီယာဖိုးရတာနှင့် အမြန်လစ်ပြေးသွားသည်။ ညနေဘက် ကျမှ မဖျိုင် အပြေးအလွှား ရောက်လာ၏။

"ဆောရီး ညီလေးရာ၊ အစ်ကို ဂုဏ်ထူးမှာ အစည်းအဝေး လုပ်နေတာနဲ့ အရမ်းနောက်ကျသွားတယ်"

"ရပါတယ် အစ်ကို၊ ဆေးရုံဆင်းလို့ရအောင် ဆရာဝန်ကြီးတွေ ဆီမှာ လက်မှတ်ထိုးဖို့ပဲ လိုပါတော့တယ်"





"အဲဒါတွေက အစ်ကိုလုပ်လိုက်ပါမယ်၊ ဒဏ်ရာတွေက သက် သာလို့လား ညီ၊ ဂျင်းရှင်းလင်းလင်း သက်သာတဲ့အထိနေပါဦးလား။ အစ်ကို ညတိုင်းဆေးရုံလာစောင့်ပေးမှာပါ"

"ဒုက္ခများပါတယ် အစ်ကိုရာ၊ ကျွန်တော်ဒဏ်ရာတွေကလည်း သက်သာနေပါပြီ၊ သင်တန်းက အရမ်းပျက်လို့လည်း မကောင်းဘူး အစ်ကိုရဲ့၊ ခွင့်ယူလို့ရပေမယ့် သင်ခန်းစာတွေနောက်ကျမှာစိုးလို့"

ပိုးပန်းစံဆိုတဲ့ ကောင်မလေးမျက်နှာကို မတွေ့ရဘဲ မနေနိုင်တော့လို့ပါဟု ထည့်ပြောချင်သည်။ ဒါပေမဲ့ သူနှင့်ကိုယ်က ဒီလောက်ထိ ရင်းနှီးပတ်သက်ကြသေးတာမဟုတ်၍ ရင်မဖွင့်ချင်။

မင်းမဖျိုင်ကတော့ တကယ့်အစ်ကိုကြီးတစ်ယောက်ပုံစံမျိုးဖြင့် စွေည်းတွေလိုက်လံသိမ်းဆည်းပြီး ဆရာဝန်တွေဆီမှာ ဆေးရုံဆင်းခွင့် လက်မှတ်တွေလည်း လိုက်ရှင်း၏။ နာရီဝက်အတွင်းမှာ အားလုံးပြီးဆုံး သွားတော့

"ညီလေး ဖေဖေ လာဦးမှာလား"

"ဖေဖေက အလုပ်တစ်ဖက်နဲ့ဆိုတော့ ကျွန်တော်ခေါ်မထားဘူး။ အစ်ကိုလိုက်ပို့မယ်ဆိုတော့ ချေ့သည့်ပါလာမယ်ပြောထားလို့ အိမ်ကိုတော့ ဖေဖေ စောရောက်နေမှာပါ"

"အလုပ်မအားတဲ့သူကို ဘာလို့စောင့်ခိုင်းထားလဲ ညီရယ်၊ အားနာစရာ"

"ဖေဖေနဲ့အစ်ကိုက ကျွန်တော်ဆေးရုံတက်တဲ့နေ့ပဲ ဆုံဖူးတာ မဟုတ်လား၊ အစ်ကို ဂရုစိုက်တဲ့အကြောင်းပြောထားတော့ ဖေဖေက တွေ့ချင်လို့ပါ၊ နောက်လည်း ဝင်ရထွက်ရ ကောင်းသွားတာပေါ့"

"ဟုတ်သားပဲ အစ်ကိုအားတဲ့အချိန်မှာ လည်စရာအိမ်တစ်အိမ် ရှိသွားပြီနော်၊ ဆွေမျိုးတွေဖြစ်သွားပြီလို့ သဘောထားပါ ညီ၊ ညီက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ညီလေးပါ"

"ကျွန်တော်က နည်းနည်းဆိုးတယ်နော်"

"ညီရိုးလေးဆိုလည်း အလိုလိုက်မှာပေါ့ကွာ၊ အစ်ကိုက အကြ
ပဲ"

ဒီစကားကို သူအကြိုက်ဆုံးပဲဖြစ်သည်။ အလိုလိုက်မည့်အစ်ကို
တစ်ယောက်ရတာ ဘယ်လောက်ကံကောင်းလဲ။

"ကျွန်တော် အစ်ကို့ကို ကိုမင်းလို့ခေါ်ရင် အဆင်ပြေမလား"

"ညီသဘောပဲ ညီကြိုက်သလိုခေါ်ပါ"

ပထမဆုံး အလိုလိုက်ခြင်းဖြစ်မည်ထင်၏။ သူ့ကိုရင်းနှီးစွာ
ဖက်တွယ်ရင်းပြောတာမို့ သူလည်း မင်းမထွဋ်ကို အစ်ကိုတစ်ယောက်
လို သံယောဇဉ်ဖြစ်သွားမိသည်။ ရေးဘဝရေစက်ဆိုတာ အကျိုးအ
ကြောင်းတရား တိုက်ဆိုင်စွာဆုံပေးတာပဲဖြစ်လိမ့်မည်။

မင်းမထွဋ်က တကယ့်အစ်ကိုရင်းတစ်ယောက်ဖြစ်ခဲ့မည်ဆို
လျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

■ ■ ■

အခန်း (၁၄)

"မင်းမထွဋ်ပါ ခင်ဗျာ"

"အေး သားကပြောပြထားပါတယ်၊ ဆောက်လုပ်ရေးလုပ်ငန်း
ရှင်တစ်ယောက်ဆို"

"ဖေဖေ့အမွေပဲပါ ဖေဖေက တာဝန်လွှဲပေးထားတာကို အောင်
မြင်အောင်ကြိုးစားကြည့်နေတုန်း ရှိပါသေးတယ်"

"နှိမ့်ချတတ်တယ်ဆိုတည်းက ဘယ်လောက်အောင်မြင်နေပြီ
ဆိုတာ ခန့်မှန်းလို့ရနေပါပြီ၊ လမ်းခုလတ်မှာရှိနေတဲ့သူက ငါဆိုတဲ့ မာန်
မာနတွေရှိနေသေးတယ်၊ သူ ဘယ်အထိရောက်အောင် ဘယ်လောက်
ကြိုးစားခဲ့ရတယ်ဆိုတာ လူသိစေချင်တာလေ၊ ထိပ်ဆုံးရောက်နေတဲ့သူ
က ငါဘယ်နေရာရောက်နေပါပြီလို့ မဟာစ်ကြွေးဘူး၊ ကြိုးစားဖို့လိုသေး
တယ်လို့ အောက်မေ့ပြီး ထပ်ကြိုးစားချင်ကြတာ"

ဖျူးတစေ

www.burmeseclassic.com



ကိုယ့်ထက်ဝါရင့်ပြီး သမ္မာရှိတဲ့သူမို့ စကားတွေက အတုယူစရာ ကောင်းနေသည်ဟု တွေးမိသည်။ မင်းမင်္ဂလာပိုင် လေးစားစွာခေါင်းညိတ် လိုက်ပြီး

"ဟုတ်ကဲ့ ပညာဆိုတာ တစ်သက်လုံး ရှာဖွေလို့ဆုံးမှာမှမဟုတ် ဘဲ၊ ကျိုးကျိုးနွံနွံ သင်ယူတတ်မယ်ဆိုရင် ကိုယ့်အတွက် အကျိုးရှိမှာပါ ကျွန်တော် အဲလိုပဲ သင်ယူမှာပါ ခင်ဗျာ"

"တော်တယ်ကွာ အဲဒါကြောင့် အောင်မြင်နေတယ်ဆိုတာ အန်ကယ် ယုံကြည်လိုက်ပြီ၊ သားကိုလည်း အဲလိုအရည်အချင်းရှိတဲ့သူ မျိုးဖြစ်စေချင်တာ၊ သူက စောပါသေးတယ်၊ မလုပ်ချင်သေးပါဘူးဆိုတော့ အန်ကယ် ဘယ်လိုသင်ပေးမလဲ"

"ငယ်တော့ ငယ်ပါသေးတယ်၊ ကိုယ့်နိုင်ငံမှာတော့ ပညာသင် ကောင်းတုန်းအရွယ်ပေါ့၊ သူများနိုင်ငံမှာတော့ ဒီအရွယ်မှာ ပညာလည်း ရှာ စီးပွားလည်းရှာနေပြီ၊ မိဘကိုမှီနေသေးတယ်ဆိုရင် အရမ်းရှက်စရာ ကောင်းတာတဲ့၊ ငွေရှာရမှ ပညာရဲ့တန်ဖိုးကို သိမှာလေ"

"ဟာ အဲဒါတော့ ကိုမင်းနဲ့ဖေဖေ မဟုတ်သေးဘူးထင်တယ် ကျွန်တော့်ကိုပုတ်ခတ် ထိုးနှိက်နေသလိုပဲနော်"

ထက်နေသွင် ဝင်ပြောလိုက်တာကြောင့် ဦးမင်းသွင်နှင့် မင်းမင်္ဂလာပိုင် ရယ်မိကြသည်။ အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါသွားသော ထက်နေသွင် ပခုံးကို ဦးမင်းသွင် ဖက်တွယ်လိုက်ပြီး

"သားကို ထိခိုက်စေချင်လို့ မဟုတ်ပါဘူးကွာ၊ မင်းမင်္ဂလာပိုင် ချီးမွမ်းချင်လို့ပါ၊ ဟိတ်ဟန်မရှိ မာန်မရှိမှ ပိုပြီးအောင်မြင်တတ်တာ ပြောပြတာ သားရဲ့၊ သူ့မှာ ဒီအတွေးရှိလို့ ဖအေက ယုံယုံကြည်ကြည် တာဝန်တွေလွှဲပေးတာပေါ့၊ ဖေဖေလည်း သားကိုအဲလို လွှဲပေးချင်တာ ဒါပေမဲ့ သားစိတ်ပါတဲ့အချိန်မှ ဖေဖေက လုပ်ခိုင်းမှာပါ၊ စိတ်မပါဘဲ





...ခွာရားအရလုပ်တာမျိုးဆိုရင် ရှုံးနိမ့်တတ်တယ်၊ ဖေဖေက သားကို ...လိုလည်း မဖြစ်စေချင်ပါဘူး"

"နောက်မကျစေရပါဘူးလို့ ကတိပေးပါတယ် ဖေဖေ၊ သား ...ည်း အောင်မြင်တဲ့လုပ်ငန်းရှင်တစ်ယောက်တော့ ဖြစ်ချင်ပါတယ် ...ပမဲ့"

"ဖေဖေ ဖွတ်မတိုက်တွန်းဘူးနော်၊ ဖေဖေ့မှာခွန်အားတွေအများ ...ကြီး ရှိသေးတယ်၊ သားကိုလုပ်ကျွေးဦးမှာပါ"

"ဟင် ဖေဖေပြောတာကြီးကလည်း"

ထက်နေသွင် ရှက်သလိုလိုဖြစ်သွားခဲ့ပြီး မျက်နှာကြီးနီနေ၏။ ...လုပ်မလုပ်ဘဲ နေခဲ့တာ သိမ်ငယ်စေတာတော့ အမှန်။ မင်းမင်္ဂလာပိုင်လို ...မျိုးကလည်း အားကျစရာပါ။

"ကဲ မောင်မင်းမင်္ဂလာပိုင်ကို ညစာကျွေးရအောင် ဒေါ်သောင်းကို ...မင်းပွဲပြင်ခိုင်းလိုက်ပါဦး သား"

"နေပါစေ အန်ကယ်၊ ကျွန်တော် မစားတော့ပါဘူး၊ အပြန် ...ည်း နောက်ကျနေမှာစိုးလို့ပါ"

"ရောက်တုန်းရောက်ခိုက် မိတ်ဖြစ်ခွေဖြစ်ပေါ့ မောင်မင်းမင်္ဂလာပိုင်၊ ...သားက မင်းအကြောင်းပြောပြပါတယ်၊ တာဝန်မဲ့မနေဘဲ ဂရုစိုက်တယ်တဲ့၊ ...ယ်ကကူညီတဲ့အပေါ်မှာ တချို့က ပြန်သိတတ်ချင်မှသိတတ်ကြတာ ...သေ၊ ဒီလိုဆုံရတာလည်း ရေစက်ကြောင့်ပေါ့၊ သားက အပေအတေလို ...တိလွှတ်ကိုယ်လွှတ် နေတတ်ပေမယ့် သူတစ်ပါးကို ကူညီချင်စိတ်ရှိတယ်၊ ...တရားတာမြင်လည်း မနေနိုင်ဘူး"

"အဲဒါကောင်းတဲ့စိတ်လေးပေါ့ အန်ကယ်၊ သူ့ရဲ့အဲဒီစိတ်လေး ...ာ လေးစားစရာကောင်းပါတယ်"

"ဖခင်တစ်ယောက်အနေနဲ့တော့ စိုးရိမ်တာပေါ့ကွာ၊ အဲလို



www.burmeseclassic.com

www.burmeseclassic.com



ကျူညီရင်းနဲ့တစ်ခုခုဖြစ်သွားရင် အန်ကယ် ရင်ကျိုးရမှာ၊ ကရာဝေးဧ
ဂျူနိုတွေမတတ်တခေါက် ကိုယ်ခံပညာသင်နေတည်းက အန်ကယ်
မကြိုက်ဘူး။ အဲဒါတွေတတ်တော့ ခုခံကာကွယ်နိုင်တယ်ဆိုပြီး မာန
ရှိနေပြီလေ၊ ငယ်ရွယ်စိတ်နဲ့ဆိုတော့ ဘာကိုမှ မကြောက်တော့ဘူးပေ

"အဲလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ယောကျ်ားလေးတစ်ယော
အနေနဲ့ တတ်ကိုတတ်ထားသင့်တဲ့ပညာပါ။ ကျွန်တော်ဆိုရင် အဲဒီနေ
ခုခံကာကွယ်ရဲတဲ့စိတ်မရှိလို့ ကိုယ့်ကိုယ်ကိုယ်တောင် ရှက်မိတယ်၊ တခြ
အရည်အချင်းရှိနေရုံနဲ့ ယောကျ်ားပီသတာမဟုတ်ပါလားလို့ တွေးမိတယ
လေ၊ ညီကတော်ပါတယ်"

မင်းမဏ္ဍိုင် စိတ်ရင်းအတိုင်းပြောနေသည်ဆိုတာယုံကြည်သည
ကိုယ်တအမြင့်ကိုရောက်နေပါလျက် မာန်မရှိဘဲ ထက်နေသွင်ကို ချီးမွမ
နေတာ ညီတစ်ယောက်လိုသံယောဇဉ်ရှိနေတာကြောင့်လည်း ဖြစ်မည
ဦးမင်းသွင်လည်း မင်းမဏ္ဍိုင်ကို ခင်မင်သွားကာ ထမင်းလက်ဆုံစ
ဖြစ်တော့ ရင်းနှီးမှုပိုသွားကြ၏။

အပြန်မှာတော့ ထက်နေသွင်က မင်းမဏ္ဍိုင်ကို ကားနားအထ
ရောက်အောင်လိုက်ပို့သည်။

"ညီလေးကို အစ်ကို့အိမ်ကိုလည်း အလည်ခေါ်ဦးမယ်၊ တစ်နေ
နေ့ပေါ့ကွာ လာမယ်မဟုတ်လား"

"ဟုတ်ကဲ့ ကိုမင်း။ ကိုမင်းက ကျွန်တော့်ဖေဖေနဲ့တွေ့ပြီးပြီ
ဆိုတော့ ကျွန်တော်လည်း ကိုမင်းဖေဖေနဲ့တွေ့ဖူးအောင် လာရမှာပေါ့"

"ကိုယ့်ဖေဖေကလည်း ညီ့ဖေဖေလိုပဲ သဘောကောင်းပါတယ
ဟင်းချက်လက်ရာကောင်းကောင်းနဲ့ ဧည့်ခံမယ် ဟုတ်ပြီလား"

"အိုကေ"

"သွားပြီ ညီ"





"ဘိုင့် ကိုမင်း"

မြို့ဝထိအောင် လက်ပြနေသော ထက်နေသွင်ကို မင်းမဏ္ဍိုင်
တယ်သံယောဇဉ်ရှိသွားမိသည်။ ထက်နေသွင်ဖေဖေ့လည်း ခင်စရာ
ကောင်းပါသည်။ ဖေဖေလည်း ထက်နေသွင်ကိုမြင်လျှင် သားရဲ့ကျေးဇူး
ရှင်လေးဆိုပြီး ကျေးဇူးတွေတင်ကာ ခင်မင်သွားပေလိမ့်မည်၊ ရှေးရေစက်
ကြောင်းက်တွေပါလာတော့လည်း...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မရဘူးကွာ၊ ကိုကို ဒီနေ့သင်တန်းလိုက်ပို့ရမှာပဲ၊ မလိုက်ပို့
မရဘူး၊ ပိုး စိတ်ဆိုးမှာနော်"

မိုးလင်းထဲက အိမ်ကိုရောက်လာပြီး ပိုးပန်းစံ ဂျီကျနေတာ
ကုမ္ပဏီမှာအရေးကြီးကိစ္စရှိလို့ပါလို့ ညာပြောလည်းမရ။ တကယ်တော့
အလုပ်ကိစ္စတွေအားလုံး အရင်ရက်က အင်တိုက်အားတိုက်လုပ်ထား
သိပ်အရေးကြီးတာမျိုးတော့မရှိ။

ထက်နေသွင်တို့ဆီသွားရမလားတွေးပြီး ငြင်းကြည့်နေတာ

"နောက်နေ့မှလိုက်ပို့လို့ မရဘူးလား ပိုးရာ"

"ကိုကိုနော် အရင်ရက်တွေက ဆေးရုံကိစ္စတွေ၊ နိုင်ငံခြား
ပါလာတဲ့အလုပ်ကိစ္စတွေကြောင့် အလျှော့ပေးပြီးပြီ၊ အရင်က ကို
ဘယ်နှခါငြင်းလို့ရဖူးလို့လဲ"

"ကဲပါ သွားရယ်၊ မင်းညီမအကြောင်းလည်း သိသားနဲ့၊ သာ





နိုင်ငံခြားသွားနေတော့ သူ့ခမြာလည်း လွမ်းနေရရှာတာ ဟုတ်လား
သမီး"

"ဟင် အဲ"

အဲလိုကြီးမဟုတ်တာ ကိုယ့်ကိုယ်ကိုယ် သိပေမယ့် ငြင်းလိုက်
မှာကိုတော့ ဦးဥက္ကာကို အားနာမိသည်။ သူမ စပ်ဖြဲဖြဲလုပ်နေသည့်အခါ
မှာ မင်းမဏ္ဍိုင်က သူမခေါင်းလေးကို ခပ်ဖွဖွမနာကျင်စေဘဲ ပုတ်လိုက်
တာ

"မိန်းမလေး ဟုတ်ရောဟုတ်ရဲ့လား"

"အင်း"

"ကဲပါဗျာ ကိုကို လိုက်ပို့ပါမယ်၊ ဒါပေမဲ့ ကိုကို့ကိုဟင်းကောင်း
ကောင်းတစ်ခွက်ပို့ရမယ်နော်"

"စိတ်ချ ညနေစာကျရင် ပိုးလက်ရာဟင်းကောင်းကောင်း စား
ရမယ်၊ သင်တန်းကအပြန်ကျရင် ကိုကိုနဲ့ဈေးဝင်ဝယ်ကြမယ်လေ"

"ငလည်မလေး သင်တန်းအပြန်ကြိုရမယ်လို့ တစ်ခါတည်း
အပြီးပြောတာပေါ့လေ"

"ဟင်း ဟင်း ကိုကိုသိသားပဲ"

"အေးပါ ညည်းလေးလက်ရာစားချင်တော့လည်း ဒီလိုပဲ လုပ်
ရမှာပေါ့"

ပိုးပန်းစံနှင့်မင်းမဏ္ဍိုင် အဆင်ပြေနေသည်ကို ဦးဥက္ကာ ကျေနပ်
နေသည်။ ပိုးပန်းစံက မင်းမဏ္ဍိုင်လက်ကိုဆွဲပြီး

"သွားကြမယ်လေ ကိုကို၊ မိုးက ကိုကိုလိုက်ပို့အောင်လို့ အိမ်က
ကားတောင်ယူမလာခဲ့ဘူး"

"အေးပါ ညည်းကတော့ ချည်ပြီးတုပ်ပြီးသားပဲဟုတ်လား
ရော့ အဖေကိုချိုကော့စ် ဆွဲခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကိုကို"

ပိုးပန်းစံ တက်တက်ကြွကြွလေး ဖြစ်နေသည်။ ထက်နေသွ… ဒီနေ့သင်တန်းကိုလာပါက ကိုကိုနှင့်ဒီလိုမျိုးတွဲလာတာတွေ့သွားလျှင် ရ… ပြီး သေငယ်ဇောနဲ့မြောကာ နောက်ဆုတ်သွားပေလိမ့်မည်။

ဒင်းကို အဲလိုဖြစ်သွားစေချင်လို့ ကိုကို့ကိုမရမက ခေါ်နေတ… အခုတော့ ကိုကို့ဘေးမှာ ပြုံးရွှင်လန်းဆန်းလျက် ကြော့ကြော့မော့… လေး လိုက်လာခဲ့သည်။ ကိုကိုက သူမဘာဖြစ်နေသည်ဆိုတာမသိ… သူမစိတ်ကြိုက်အတိုင်း ကားလေးကိုခပ်မြန်မြန် အရှိန်မြှင့်၍မောင်း… နေ၏။

သင်တန်းကိုရောက်သည့်အခါမှာတော့

"ကိုကို ကင်န်တင်းမှာတစ်ခုခုစားပြီးမှပြန်နော်"

"မစားတော့ပါဘူး ပိုးရဲ့၊ ကုမ္ပဏီကိုသွားရမှာဆိုတော့ … ရောက်မှပဲ"

"မရဘူးကွာ၊ ကိုကိုနဲ့အတူတူစားမယ်ဆိုပြီး ပိုး အိမ်ကတော… ဘာမှစားမလာခဲ့ဘူး"

"ပိုးက ဆိုးတယ်ကွာ"

ညည်းညူလိုက်ပေမယ့် ကားကိုပါကင်ယူကာရပ်ပြီး က… အောက်ဆင်းလိုက်သည်။ ပိုးပန်းစံက ကိုယ့်လက်မောင်းကိုလာပြီး တွဲ… ၏။

"ခိုင်မွန်တောင် မရောက်သေးဘူးထင်တယ်၊ ကင်န်တင်းက… စောင့်တော့မယ် လာ ကိုကို"

ကင်န်တင်းထဲမှာ ထက်နေသွင်တို့လူငယ်ချင်းနှစ်ယောက် ထ… နေတာမြင်လိုက်၍ ကိုကိုနှင့်လူချင်းပိုပြီး ပူးကပ်ပစ်လိုက်၏။

"ကိုကို"





"ဟင်"

"ကိုကိုကြိုက်တာမှာနော်၊ ပိုးကျွေးမယ်"

"မိုးတွေလေတွေ ကျကုန်ပါဦးမယ် ပိုးရယ်၊ ကိုကို့ကိုပဲ အမြဲ… သမ်းရှင်းခိုင်းနေပြီးတော့"

"ဪ တစ်ခါတလေတော့လည်း ဒီလိုပေါ့၊ ကိုကို့ကိုအားနာ…"

"မိန်းလေးကတော့လေ"

ချစ်စနိုးနှင့် သူမဆံနွယ်တွေ ဆွဲပွသည့်အခါမှာ ကိုကို့ပခုံးပေါ် … သူမအလိုက်သင့်မှီနွဲ့ပစ်လိုက်သည်။ ပြူးပြဲကြည့်နေသော ထက်နေသွင် … မျက်လုံးအသည်းယားသွားစေချင်လို့ပါ။

ထက်နေသွင်တို့စားပွဲဝိုင်းနှင့် မျက်စောင်းထိုးဝိုင်းမှာ ဝင်ထိုင် … ကိုကို့ကိုကျောပေးလျက် သူမကတော့ ထက်နေသွင်မြင်သာအောင် … နေလိုက်သည်။

စားပွဲထိုးလေး စားစရာတွေလာချတော့ အမြင်ကတ်လောက် … အောင်အထိ အကဲပိုစွာ ကိုကို့ကိုဂရုစိုက်ပြုစုပေးလိုက်သည်။

"ကိုကို စားနော်"

"ကိုကို ဗိုက်မဆာဘူး ပိုးရဲ့၊ အိမ်က စားလာခဲ့သေးတယ်၊ … ဘာဗိုက်ဆာနေမှာပေါ့ ပိုးစားပါ"

"ကိုကို ခွံ့ကျွေး"

"ဟင်"

"ကျွေးပါဆို ကိုကိုကလည်း အဲဒီမုန့်ကို ခက်ရင်းလေးနဲ့ဖဲ့ပြီး … ကျွေး"

မင်းမလွှတိုင် ရှက်ကိုးရှက်ကန်းဖြစ်နေသည်။ အရင်က ပိုးပန်းစံ … နဲ့ ခွံ့ကျွေးခိုင်းတာတွေ ဘာတွေထိတော့ မလုပ်ခိုင်းဘူးပါ။



www.burmeseclassic.com

www.burmeseclassic.com



အခု ဘာလို့ဒီလောက်ထိ ချွဲနွဲ့လွန်းနေလဲ နားမလည်နိုင်
တစ်ခေါက် နိုင်ငံခြားသွားတာကြာလို့ ဖေဖေ ပြောသလို လွမ်းနေခဲ့
ကြောင့်လား။ ရင်ထဲမှာတော့ ကြည်နူးသလိုလိုပါ။

''ရော့ စား မိချွဲလေး။ ပါးစပ်ဟ အကျယ်ကြီးတော့ မ
နော်၊ အလှပျက်သွားဦးမယ်''

''ကိုကို ခွံ့ကျွေးတာ စားတာပဲ၊ အလှပျက်ပျက်ပေါ့''

''ပုံပျက်ပန်းပျက်ဆို ညည်းကိုတယ်သူက ကြိုက်တော့မှာ

''သူများတွေကြိုက်ဖို့ မလိုပါဘူး''

ကိုကိုကြိုက်ဖို့ပဲလိုတာလို့ ပြောချင်သည့်အဓိပ္ပာယ်မျိုးလ
ဒီအချိန်ထိတော့ ရိုးသားစွာသံယောဇဉ်ရှိကြရုံပါ။

ပိုးပန်းစံက ရေလာမြောင်းပေးလုပ်တတ်သည့် မိန်းကလေ
တော့မဟုတ်ပေ။ ဒါပေမဲ့ ဒီနေ့အပြုအမူတွေက ထူးတော့ထူးဆန်း
သည်။

''ကိုကို''

''ဟင်''

အတွေးဝင်သွားတာမို့ ကပျာကယာ ပြန်ထူးရ၏။ ပိုးပန်းစံ
မုန့်လေးတစ်ဖဲ့ကို သူမလက်လေးနှင့်ကိုင်ထားကာ

''ပါးစပ်ဟ''

''မစားချင်ပါဘူး ပိုးရဲ့''

''မရဘူး ဟ၊ သူများတွေကြည့်နေပြီနော် ပိုးကိုရှက်အေ
မလုပ်နဲ့''

''ကဲ ခွံ့ ခွံ့ မိဆိုးကတော့လေ''

ကိုကို ပါးစပ်လေးဟပေးတော့ ထက်နေသွင်ဘက်ကို မသိမ
မျက်စောင်းလေးထေ့ကြည့်ပြီးမှ ခွံ့ကျွေးလိုက်သည်။ ကျေနပ်သွားသ





အပြုံးများဖြင့် ကိုကို့ပခုံးပေါ် ခေါင်းလေးမှေးတင်ထားကာ

''နိုင်မွန်ကလည်း မလာတော့ ဘာတွေလုပ်နေလို့ ကြာနေတာ
လဲမသိဘူး။ နောက်ကျမှလာရင် ပိုးတို့မကုန်တာတွေ ကျွေးလိုက်မယ်နော်
ကိုကို၊ သူစားချင်တဲ့ဟာတွေ အသစ်ဝယ်မကျွေးတော့ဘူး''

အမျှားအမြင်မှာ အရမ်းကြင်နာနွေးထွေးယုယသည့် ချစ်သူ
စုံတွဲဟု ထင်နိုင်သော်လည်း ပိုးပန်းစံ ပြောနေတာကတခြားဖြစ်နေသည်။

ဒါဟာ ဘာကြောင့်ဆိုတာတော့ မင်းမဏ္ဍိုင် မတွေးတတ်။ ဒီ
ကောင်မလေး ဒီလိုလုပ်နေတာတော့ စိတ်တွေလှုပ်ရှားသလိုလိုပါ။

ဒါပေမဲ့လည်း သံယောဇဉ်တွေ အရောင်ပြောင်းဖို့ဆိုတာက..။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟာ အဲ အဲဒါ အစ်ကိုမင်းမဏ္ဍိုင်"

"ဘာလဲဟ ဒီကောင် အလန့်တကြား"

"ပိုးပန်းစံနဲ့တွဲလာတာ"

"အေး အဲဒါ ဘာဖြစ်လဲ ငါပြောဖူးတဲ့လူလေ ပိုးပန်းစံရဲ့ကိုကို ဆိုတာ"

"အဲဒီလူက ကိုမင်းမဏ္ဍိုင်လား"

"ဘာလဲ မင်းနဲ့သိလို့လား"

"ငါ ကူညီပေးလိုက်တဲ့လူပေါ့၊ ငါ ဆေးရုံတက်ရတာ သူ့ကို ကူညီပေးလိုက်လို့"

"ဟင် အဟုတ်လား"

လင်းထိုက် တအံ့တသြ ဖြစ်သွားသည်။ ပိုးပန်းစံတို့ဘက်ကို လှည့်ပြန်လှည့်ကြည့်ရင်း





"တိုက်ဆိုင်လိုက်တာကွာ၊ အဲဒီလူက ပိုးပန်းစံ ရည်းစားဆို မင်းကူညီမှာမဟုတ်ဘူးနော်"

"အဲလို ငါ့စိတ် အောက်တန်းမကျပါဘူး။ ဘယ်လိုလူမျိုးဖြစ်ဖြစ် အခွေရောက်နေတယ်ဆိုရင် ကူညီမှာပဲ၊ ဒါပေမဲ့ ငါထင်မထားဘူး၊ ပိုးပန်းစံ နဲ့တတ်သက်တဲ့လူက ကိုမင်းဖြစ်နေလိမ့်မယ်လို့"

"ဖြစ်တော့လည်း ဘာဖြစ်လဲ၊ သူတို့ချင်းက ချစ်သူတွေမဟုတ် သေးပါဘူး။ သေချာတဲ့သတင်းရပ်ကွက်က သတင်းမှန်ရထားတာ"

"ဒါပေမဲ့ မင်းသေချာပြန်ကြည့်လိုက်ဦး"

"ဘာဖြစ်လို့လဲ"

ထက်နေသွင် မေးငေါ့ပြတာကိုကြည့်လိုက်တော့ ပိုးပန်းစံက ကိုလူကြီးရဲ့ပခုံးမှာမှီနွဲ့လိုက်၊ မုန့်တွေတစ်ယောက်တစ်လှည့် ခွံ့ကျွေးလိုက် လုပ်နေသည်။ တကယ့်ချစ်သူစုံတွဲတွေ ကြင်နာယုယနေသည့်ပုံစံမျိုးပင်။

"အဲဒါ တမင်လုပ်နေတာ"

"ဘာ"

"တို့ဘက်ကိုလှမ်းလှမ်းကြည့်ပြီးမှ အကဲပိုနေတာပုံမှန်ဟုတ်ပို့ လား၊ မင်းကိုရွဲ့နေတာ၊ သေချာအောင်ပြောရရင် မင်းသူ့ကိုပတ်သက် လာအောင် နောက်ဆုတ်သွားအောင် ဇာတ်လမ်းဆင်နေတာပဲ"

"ငါသွားမယ်"

"ဘယ်ကိုလဲ"

"ကိုမင်းကို ငါ သွားနှုတ်ဆက်မလို့"

"ပွဲသွားဖျက်မလို့လား။ မင်းကိုမလိုလားတာသိသိကြီးနဲ့ အရှက် ရှိသွားမတွေ့စမ်းပါနဲ့ကွာ"

"မဟုတ်ပါဘူး၊ ကိုမင်းနဲ့ငါက သူငယ်ချင်းလို သံယောဇဉ်ရှိနေ ပြီ နှုတ်ဆက်တာ အရှက်မရှိရာမရောက်ပါဘူး။ ပိုးပန်းစံရဲ့ဟန်ဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



တွေအသုံးမဝင်ဘူးဆိုတာလည်း အသိပေးရမယ်''

''ဘာကိုအသိပေးမှာလဲ''

''နောက်မဆုတ်ဘူးဆိုတာလေ''

''မင်းကတော့ ကျိုင်ပဲ''

လင်းထိုက် ဆွဲရမလို တားရမလိုနှင့်စိတ်ရှုပ်သွားသည်။ ထက်နေသွင်က တစ်ခါတစ်ရံ သူများထက်ပိုပြီး အရွဲ့တိုက်တတ်သည့်ဉာဏ် လေးရှိ၏။ ပြဿနာဖြစ်တော့ ဘယ်လိုလုပ်မလဲ။

''ထိုင်စမ်းပါကွာ မင်းမျက်နှာပြောင်တိုက်သလို ဖြစ်နေပြီ''

''ပိုးပန်းစံ ဒီလိုလုပ်နေတာ ငါခံရခက်တယ်၊ မာနထိခိုက်တယ် ကွ။ ငါ့ကိုမကြိုက်တာနဲ့ အဲလိုလူမြင်ကွင်းမှာ အမြင်မတော်အောင် ပူးက လုံးထွေးနေစရာလား''

''မင်းသဝန်တိုနေတာလား''

ထက်နေသွင် နှာခေါင်းရှုံ့ရယ်ရင်း ခေါင်းညိတ်ကာ

''ဖြစ်နိုင်တယ်၊ ရင်ထဲမှာနည်းနည်း ဗလောင်ဆူနေတယ်ကွ သွေးပူနေတယ်၊ ငါနဲ့ကိုမင်း ပတ်သက်မှုကိုသိရင်ရော ဖိုးပန်းစံ ဘယ် ဖြစ်သွားမလဲ၊ ငါ သွားဆွလိုက်ဦးမယ်၊ မင်း မစောင့်နိုင်ရင် အတန်းတက် နှင့်''

''ဟာ ဟိတ်ကောင် ထက်နေ''

လှမ်းဆွဲလိုက်သော လင်းထိုက်လက်ကို ပုတ်ချ၍ ခပ်တည်တည် နှင့် ပိုးပန်းစံတို့ဝိုင်းကို လျှောက်လာခဲ့သည်။

''ကိုမင်း''

''ဟာ ညီလေး မင်းက ဒီသင်တန်းမှာတက်တာလား။ လာ ထိုင်လေ ညီ''

''ဟို ကိုမင်းညွှန့်သည်က ကြိုက်ပါ့မလားမသိဘူး''





ထက်နေသွင်က ပိုးပန်းစံကို မျက်စိတစ်ဖက်မှိတ်ပြရင်း မေး ်က်တာကို မင်းမဏ္ဍိုင် မမြင်လိုက်ဘဲ သဘောရိုးဖြင့်

''ဟာ ဘာမကြိုက်စရာရှိလဲ၊ ထိုင်လို့ရပါတယ် ညီရ၊ ထိုင်ပါ''

''ဟုတ်ကဲ့''

ထက်နေသွင်က ပိုးပန်းစံဘက်က ထိုင်ခုံမှာ ဝင်ထိုင်ရင်းဖြင့်

''ကိုမင်း ညွှန့်သည်နဲ့မိတ်ဆက်ပေးဦးလေ''

''သြော် အင်း သူ့နာမည်က ပိုးပန်းစံတဲ့၊ ဒီသင်တန်းမှာပဲ က်တာလေ၊ ညီ မမြင်ဖူးဘူးလား''

''အင်း မြင်တော့မြင်ဖူးသလိုပါပဲ၊ ဒါပေမဲ့ ကျွန်တော်က မိန်း လေးတွေကို သိပ်ဂရုမစိုက်တတ်၊ အရောမဝင်တတ်တော့ သတိမထား တာဖြစ်မယ်၊ နာမည်လေးက ပိုးပန်းစံတဲ့လား။ လှူနဲ့လိုက်တယ် ချစ်စရာ သနေနော်၊ ဟို ကျွန်တော့်နာမည်လည်း မှတ်ထားပါခင်ဗျ။ ထက်နေသွင် ့ခေါ်ပါတယ်''

ထက်နေသွင်က သူ့ကိုယ်သူ မိတ်ဆက်ရင်း မျက်နှာပြောင်စွာ က်ကမ်းပေးတော့ သူမ ဒေါသဖြစ်ကာ သူ့လက်ကိုပုတ်ချပစ်ချင်လှ သည်။

ဒါပေမဲ့ ကိုကို့ရှေ့ မှာ သူတောင်ဟန်ဆောင်ကောင်းစွာ မသိသလို နေမှတော့ သူမကလည်း မသိသလိုနေရုံပဲပေါ့။

ဒါကြောင့်မို့ မချိသွားဖြဲလျက် ဟန်ဆောင်လုပ်ကာ မပြုံးချင် ပြုံးချင်ပြုံးလျက် ဟန်မပျက်လက်ဆွဲနှုတ်ဆက်လိုက်ရသည်။ ဒါကို ထက် နေသွင်က အခွင့်အရေးယူကာ သူမလက်ကို တော်တော်နှင့်လွှတ်မပေး။

သူမ အမြင်ကတ်ကာ အံကြိတ်ပြီး ကိုကိုမသိအောင် ထက်နေ သွင်ခြေဖမိုးကို သူမခြေထောက်နှင့်မသိမသာ ဖိကြိတ်၍ လက်ကိုဆော ဆွဲဖြုတ်ရသည်။ နာကျင်သွားဟန်တူလျက် ထက်နေသွင် မျက်နှာရှုံ့မဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားသော်လည်း ကျွေမြေမပျက် မခံချိမခံသာ ပြုံးကာ ထက်နေသွ
ပြန်ထိုင်သည်။

"ပိုးပန်းစံက အရမ်းချောတာပဲ၊ သူက ကိုမင်းချစ်သူလား"

"ဟင် မ မဟုတ်သေးပါဘူး ညီရဲ့ အိမ်နီးနားချင်း ငယ်သံယေ
ဖော်ရှိကြတယ်ဆိုပါတော့၊ သူက ငယ်တော့ အဆိုးလေး ညီရ"

ကိုကို့အဖြေကြောင့် ကိုယ့်နှုတ်ကိုယ်ရိုက်ကာ ကျွားရှေ့မှော
လျက်လဲရလားဟု အပြစ်တင်ကျိန်ဆဲလိုက်မိသည်။

ထက်နေသွင်က လှောင်ပြုံးပြုံးလျက်

"အများအမြင်မှာတော့ ကိုမင်းတို့က ချစ်သူတွေအတိုင်းပဲနော်
ဒါပေမဲ့ ကျွန်တော်ကတော့ ကိုမင်းတို့ကို အစတည်းက ချစ်သူတွေမဟုတ်
နိုင်ဘူးလို့ ထင်ပြီးသားပါ၊ တစ်ယောက်ယောက်ကို ဒီပုံစံမျိုး တမင်သိ
မြင်စေချင်တဲ့ပုံစံမျိုး ဖြစ်နေလို့လေ"

"အဲဒါ ဘာပြောတာလဲ ညီ"

"ကိုကို ဟိုလေ ကုမ္ပဏီကိုသွားရမယ်ဆို သွားတော့လေ"

ပိုးပန်းစံ ထိတ်ပျာသွားကာ ကြားဝင်ပြီး စကားဖြတ်တာ
ထက်နေသွင် ပြုံးစိစိလုပ်နေပြီး မင်းမဏ္ဍိုင်က ခေါင်းခါလျက်

"ရတယ် ပိုး၊ ညီနဲ့တွေ့တုန်း စကားပြောရဦးမယ်"

"ဩော် ဘာကိစ္စအရေးကြီးရှိနေလို့လဲ ကိုကိုရယ်၊ ကိုယ့်ကိ
ကိုယ်လုပ်တာမဟုတ်ဘူး"

"ကိုမင်း ဘော်ဒါက ကျွန်တော့်ကို ကိုမင်းအတွက်အရေးမ
တဲ့ကောင်လို့ ထင်နေပုံရတယ်၊ ကိုမင်းနဲ့ကျွန်တော် ဘယ်လိုပတ်သက်
ရှိတယ်ဆိုတာ ပြောပြလိုက်ပါဦး"

"ဩော် ဟုတ်တယ် ပိုး၊ ပိုးကို ကိုယ်ပြောဖို့မေ့နေတာ သူ
လေ"





"နောက်မှပြောပြတော့ ကိုကိုရာ၊ ပိုးလည်း အတန်းချိန်နီးနေ
ပြီ၊ ကိုကို သွားတော့နော်"

"ဩော် ပိုးရယ်"

"ပိုးရယ် လုပ်မနေနဲ့၊ ပိုးကို လာကြိုဖို့မေ့နေဦးမယ်၊ အပြန်
ဈေးဝင်ဝယ်မှာနော်၊ ပိုးဟင်းကောင်းကောင်းချက်ကျွေးမယ်လို့ ပြောထား
တယ်"

"ဟင် ပိုးပန်းစံက ဟင်းကောင်းကောင်းချက်တတ်တယ်လား၊
ထင်ရဘူးနော်၊ ရုပ်ကလေးက နုနုဖတ်ဖတ် ချောချောလေးဆိုတော့
ထက်ကြောမှတင်းပါ့မလားလို့"

"ဘာ"

ပိုးပန်းစံ ဆွေ့ဆွေ့ခုန်သွားတာ ဒေါသနှင့်အော်မိမလိုဖြစ်ပြီးမှ
ကိုကို့ကြောင့်စိတ်လျှော့လိုက်ရသည်။ ကိုကိုကတော့ သူမစိတ်ဆိုးမှာ
ကြောက်တာပဲလား၊ ဂုဏ်ယူစွာနှင့်ပဲလားမသိဘဲ

"ပိုးက ဆိုးတဲ့နေရာသာဆိုးတာ၊ တော်တဲ့နေရာကျရင်လည်း
အရမ်းတော်တာကွ၊ သူ့အမေကသင်ပေးထားတာလေ၊ အချက်အပြုတ်
သုပ်အမြုပ် အရမ်းကောင်းတာပဲ၊ ကိုယ့်ကိုခဏခဏ ချက်ကျွေးတယ်"

"ဟုတ်လား၊ ကျွန်တော်လည်း တစ်ခါလောက် စားကြည့်ရ
ရင် ကောင်းမယ်"

"နင့်ကိုချက်မကျွေးနိုင်ပါဘူး"

"ဟာ ပိုး ဘယ်လိုရန်တွေ့သလိုကြီးပြောလိုက်တာလဲ၊ ပိုး
ချက်တာကို စားရရင် ညီလေးလည်း ပိုးကိုချီးကျူးသွားမှာပိုးရဲ့"

"မလိုပါဘူး သူ ချီးကျူးတာခံရဖို့ သူ့ကိုတကူးတက ချက်
ကျွေးနိုင်ပါဘူး"

"ကျွန်တော်ကလည်း တကူးတက ချက်မကျွေးနိုင်ပါဘူးဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းကိုကျွေးမယ့်ဟာကို ကျွန်တော်စားရရင် တော်ပါပြီ၊ ကျွန်တော့်
သပ်သပ်ကျွေးချင်လောက်အောင် ပိုးပန်းစံ စေတနာမရှိဘူး၊ မသထ
ဘူးဆိုတာ သိပါတယ်''

ထက်နေသွင် အမိပ္ပာယ်တွေနှင့်ပြောနေတာ သိတာမို့ သူ
မျက်စောင်းရှယ်လိုက်မိသည်။ ကိုကိုက ဘူမသိဘမသိဖြင့် သူမတို့
ယောက်ကို အဲဆင်ပြေစေချင်ပုံရကာ

''ပိုးက ဘယ်သူ့အပေါ်မှ စေတနာမဲ့တာ မသထာတာမျ
မရှိပါဘူး ညီရဲ၊ သူ့လက်ရာကို ကောင်းတယ်လို့ ချီးကျူးရင် အရမ်း
ချက်ကျွေးချင်တာ၊ ကိုယ်တို့သားအဖက အဲလိုပြောပြီး ညာစားနေရတ
လေ''

''ဟင် ကိုကိုက မကောင်းဘဲနဲ့ကောင်းတယ် ညာပြောနေတ
ပေါ့လေ''

''ဟား ဟား မဟုတ်ပါဘူးကွာ၊ ကိုကိုက ပိုးနှုတ်ခမ်းစူနေ
ရယ်အောင်စတာပါ၊ ကိုယ်နဲ့အခုမှတွေ့တဲ့လူကို စိတ်ဆိုးပြီး အဲလိုမပြေ
ရဘူးကွ၊ ထက်နေသွင်က ကိုကို့ကျေးဇူးရှင်ညီလေးပဲ''

''ဘာကျေးဇူးရှင်ညီလေးလဲ''

''ကိုကို ဓားဖြတ်ခံရတာကို အသက်နဲ့လဲ ကူညီပေးတဲ့
ဆိုတာ ဒီညီလေးပဲလေ၊ ဆေးရုံတက်နေရလို့ သင်တန်းတောင်ပျက်သွ
တယ်''

''ဟင်''

မျက်ခုံးပင့်ပြသော ထက်နေသွင်ကို တစ်ချက်ကြည့်လျက် အို
သွားတာတော့ အမှန်ပင်။ ဒီလို ဗရုတ်ကောင်က ကိုကို့ကိုကူညီတဲ့
တဲ့လား။ အသက်နဲ့ရင်းပြီး ကူညီခဲ့တာ ထက်နေသွင်လိုလူမျိုး ဟု
ဟုတ်ပါ့မလား။





အခုတောင် မျက်နှာပြောင်လှတာ အမြင်ကတ်စရာကောင်းလှ
သည်။ ကိုကိုကတော့ တကယ် ကျေးဇူးရှင်ကြီးထင်မှတ်နေကာ

''ထက်နေသွင်က အရမ်းကိုတော်တဲ့သူပဲ ပိုး၊ ဟိုလူသုံးယောက်
…အင်အားမမျှဘဲဝင်ဖိုက်တာ၊ တုတ်တွေ ဓားတွေလည်းကြောက်နေတာ
…ဟုတ်ဘူး၊ တကယ်ဆို သူနဲ့မှမဆိုင်တာ၊ အရှုပ်ထဲဝင်မပါအောင် သူများ
…တွေလိုရှောင်သွားလို့ရရဲ့သားနဲ့ ကိုယ့်ကိုမသိတဲ့ ဒုက္ခရောက်နေတာမြင်လို့
…ကူညီတာ''

အထင်ကြီးလောက်သော်လည်း ကိုကို မမြင်အောင် လျှပ်တစ်
…ာ် မျက်စိမှိတ်မှိတ်ပြနေသော ထက်နေသွင်ကို သူမ ကြည့်မရတော့ပေ။
…ကိုစကားကို အလေးအနက် နားထောင်မနေဘဲ ထက်နေသွင်ကိုပင်
…ရွဲ့တိုက်ချင်စိတ်ဖြင့်

''ဒုက္ခသည်တွေကို ဝင်ကူညီတာ အခွင့်အရေးရလိုရငြား အကြံ
…သည်နဲ့မို့ ရှိမှာပေါ့ ကိုကိုရယ်၊ အထင်ကြီးစရာ မလိုပါဘူး''

''အဲလို မပြောရဘူးလေ ပိုးရဲ့၊ လူတစ်ယောက်ရဲ့စေတနာကို
…ာ်ကားသလိုဖြစ်နေပြီ၊ ကိုကို့မှာ မရှိတဲ့အရည်အချင်း သူ့မှာရှိတယ်
…ပြောရမယ်၊ ရဲရဲရင့်ရင့် သတ္တိရှိတာကလည်း ယောကျ်ားပီသတာပဲ၊
…ါကြောင့် ကိုယ်က ထက်နေသွင်ကို ညီလေးတစ်ယောက်လို မွေးစား
…က်ပြီ''

''ဘာ''

သူမ လန့်ဖျပ်ပြီး အသံကျယ်ကျယ်အော်လိုက်တာကို ထက်နေ
…င်က မျက်ခုံးပင့် ပခုံးတွန့်ကာ လှောင်ပြ၏။ မပတ်သက်ချင်လို့ မရ
…တော့ဘူးဟူသည့် ပုံစံမျိုး။

''အား''

''ညီ ညီလေး ဘာ ဘာဖြစ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကတ်ကတ်နှင့် ထက်နေသွင် ခြေထောက်ကို ဖိနှင်းချ
လိုက်တော့ ထက်နေသွင် လိုတာထက်ပိုပြီး နာကျင်သလို အသည်း
အသန်အော်သည်။ မင်းမဏ္ဍိုင်က လန့်ဖျပ်ကာ အရေးတယူမေးတော့
စပ်ဖြဲဖြဲ မျက်နှာနှင့်

"ခွေးကိုက်လို့"

"ဘာ ဘာကိုက်တယ်"

"ဩော် မတော်တဲ့နေရာ ပုရွက်ဆိတ်ကိုက်လိုက်သလား မသိ
ဘူး"

"ညီလေးကတော့ ဖြစ်ရမယ်၊ ကဲ ညီလေး ဘာစားမလဲ
ဒီနေ့ ပိုက ဒကာခံတာကွ၊ ညီလေးတို့ကသင်တန်းတစ်ခုတည်းဖြစ်နေတာ
ဆိုတော့ မိတ်ဖြစ်ခွေဖြစ် အားပေးလိုက်ပါဦး၊ ညီ တစ်ခုခုမှာပါ"

"ဟာ အိုကေပေါ့၊ ကျွန်တော် ဗိုက်အရမ်းဆာနေတာ ကိုမင်း
ဘာမှကိုမစားရသေးဘူးလေ၊ ပိုးပန်းစံ ငါး ကြိုက်တာမှာစားမယ်နော်
ခင်မင်မှုအထိမ်းအမှတ်ပေါ့"

သေနှာအငော်ဟု မျက်နှာပြောင်နေသော ထက်နေသွင်ကြ
သာအောင် ခပ်တိုးတိုးကျိန်ဆဲပစ်လိုက်၏။ ကိုကိုကတော့ တကယ်
အလိုက်ကန်းဆိုးမသိ။

သူမ ပတ်သက်ချင်လား၊ မပတ်သက်ချင်လား အကဲခတ်
တတ်ဘဲ ရောရောနှောနှော ဆက်ဆံစေချင်နေသည်။ ထက်နေသွင်
ကတော့ အကြိုက်တွေ့လို့နေသည်။

စားစရာတွေကို တစ်မျိုးပြီးတစ်မျိုး စားပိုးနင့်အောင် မှာ
နေ၏၊ မသထာသော်လည်း ကိုကို့ရှေ့မှာမို့မပြောသာ၊ ဒေါသတွေမျို
နေရတာမို့ ရင်ထဲမှာ တဖျစ်ဖျစ်မြည်လျက် မုန်းတီးခြင်းတွေ အစိုင်အ
ဖြစ်လို့နေ၏။





နေနှင့်ဦးပေါ့ ထက်နေသွင်ရယ်၊ အခွင့်အရေးရလို့ကတော့ နှင့်
...ပေါ်ပြီသာမှတ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဟယ် ထက်နေသွင် တစ်ဝကြီးစားတာကို နင် အကုန်ဖ
ပေးလိုက်ရတာပေါ့"

"ဟုတ်တယ် ဒီကောင် အခွင့်အရေးရတုန်း လည်နင်
အောင်မျိုဆို့သွားတာ"

"ထက်နေသွင် ကံကောင်းလိုက်တာဟယ်"

"ဘာ"

"ဩော် ထက်နေသွင် အများကြီးစားရတာ ကံကောင်းတယ်
ငါက ကံမကောင်းတော့ သင်တန်းတက်ချိန်မီရုံလေးမှ ရောက်လာ
ဘာမှမစားလိုက်ရဘူးပေါ့ အဲဒါပြောတာ"

"မိန်းမမပြောလိုက်ချင်ဘူး၊ တော်ကြီးကျဖို့ပဲသိတယ်"

သင်တန်းဆင်းလာသည့်တိုင်အောင် ပိုးပန်းစံ စိတ်ဆိုးမ
နိုင်သေး။ စာသင်ရင်းနှင့်ဘာတွေသဘောကျနေမှန်းမသိဘဲ သူမကို





မျိုးမျိုးနှင့်ကြည့်ပြီး ပြုံးဖြဲဖြဲလုပ်နေတာကို သူမ အသည်းတွေယားနေ
တ။

သင်တန်းလွှတ်တော့ နိုင်မွန်လက်ကိုဆွဲကာ အရင်ဆုံးထွက်လာ
သည်။ ကိုကို လာကြိုမှာမို့ သင်တန်းရှေ့ ကားပါကင်ထိုးသည့်နေရာ
မှာ စောင့်နေလိုက်၏။

နိုင်မွန်က သူမနှုတ်ခမ်းစူနေတာကို ပြုံးစိစိကြည့်နေ၍

"ထက်နေသွင်ကတော့ နင်နဲ့ရေစက်ရှိနေပြီထင်တယ် ပိုး"

"ဘာရေစက်ရှိရမှာလဲ"

"ကိုမင်းမထွန်းကြောင့် နင်မပတ်သက်ချင်ဘဲ ပတ်သက်ရတော့
မှာလေ၊ အခုပဲ အသားကုန်စားသွားတာကို နင် ရှင်းပေးလိုက်ရပြီ
မဟုတ်လား၊ အမြင်ကတ်လှပါချည်ရဲ့ဆိုတဲ့လူနဲ့ စားပွဲတစ်ဝိုင်းတည်းထိုင်
တယ်၊ နောက်ဆိုဒီထက်ဘယ်လိုပတ်သက်မှုတွေ ကြုံရဦးမလဲမသိဘူး၊
ကိုမင်းမထွန်းက မွေးစားလိုက်ပြီဆိုတော့ နင်နဲ့နီးစပ်ဖို့ ထက်နေသွင်
အခွင့်အရေးရှာလို့ကောင်းသွားတာပေါ့"

"အမလေး ကိုကိုက ငါ့စကားတစ်ခွန်းပါပဲ၊ ဒီလိုကောင်မျိုး
အနားကပ်လို့မရအောင် ငါလုပ်ပြမယ် ကြည့်နေ"

"ထက်နေသွင်က ပါးနပ်တယ်နော်၊ နင်နဲ့မသိသလိုပုံစံမျိုးနဲ့
နေခဲ့တာ၊ ကိုမင်းမထွန်းက ဘာမှမသိဘဲ နင်နဲ့မိတ်ဆက်ပေးလိုက်ရ
တယ် မဟုတ်လား"

"ငါကလည်း မသိစေချင်လို့ပါ၊ သိတော့ရော ဘာကောင်းတာ
လဲ၊ အဲဒါကြောင့် ဒီအတိုင်းပဲနေလိုက်တာ၊ သူ့ကို ခွာထုတ်ဖို့နည်း
လမ်းရှာရမယ်လေ"

ကိုယ့်စိတ်ကူးနှင့်ကိုယ် ဟုတ်နေသော ပိုးပန်းစံကို နိုင်မွန်
ခေါင်းရှုံ့လျက် လက်ကာပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မထင်ဘူး ပိုး၊ ထက်နေသွင်က ကိုမင်းမဏ္ဍိုင်ရဲ့ကျေးဇူ
ဖြစ်သွားတာကိုက နင်ရွံနေပြီ"

"ဘာဖြစ်လို့လဲ"

"ပြောင်ချော်ချော် ပေါ့ပျက်ပျက်နေတတ်လို့ နင့်ကိုမ
အောင် စနောက်လို့ ထက်နေသွင်ကို နင်အမြင်ကတ်တာ လက်ခံပါ
ဒါပေမဲ့ နင့်ကိုကူညီလိုက်တဲ့အချိန်က ထက်နေသွင် ဖွန်ကြောင်
စိတ်သက်သက်ကြောင့်မဟုတ်ဘူးဆိုတာတော့ နင်လက်ခံရတော့

"မဆိုင်ပါဘူး"

"ဘာလို့မဆိုင်ရမှာလဲ ဆို"

"မင်းမဏ္ဍိုင်ကိုမသိတဲ့ ကူညီလိုက်တာက သက်သေလေ၊
မောင်းမှာအားထိသွားတယ်ဆို"

"ငါ မမြင်ပါဘူး"

"သင်တန်းက လူတွေမမြင်အောင် အကျီလက်ရှည်ဝတ်
နေမှာပေါ့။ အဲဒါကလည်း လူအထင်ကြီးအောင် မြှပ်မလုပ်ချင်တာ
သေသဲ၊ တချို့ဆို တခြားတစ်ယောက်ကို ကိုယ်ကူညီလိုက်တာ သိ
လွန်းလို့ တပြုပြုလုပ်နေမှာ"

"အဲဒီကောင်ဘက်ကဆို နင်ပဲအကောင်းမြင်နေ"

"အခုထိ နင် အမြင်မှန်မရသေးပါလား ပိုးရယ်၊ အ
ကောင်းလို့အကောင်းမမြင်တတ်တာဆိုတာ ငါ လက်ခံသွားပြီ၊
ထက်နေသွင်ကို ပုဂ္ဂိုလ်ရေးအရ မုန်းတီးပြီးအမှောင်ဖုံးနေလို့ သူလု
အကောင်းမမြင်နိုင်တာဘဲ၊ ဘယ်ဟာမှတော့ တရားလွန်မဖြစ်စေ
အားကြီးရင် ချစ်အားလည်းကြီးသွားတတ်တယ်တဲ့"

"ထွီ အော့ ရွံလွန်းလို့"

"ဟာ ပိုးလေး ဘာလုပ်လိုက်တာလဲ"





"ဟင် ကိုကို"

မင်းမဏ္ဍိုင် ကားရပ်ပြီးသူမတို့အနား ဆင်းလျှောက်လာတာကို
မမြင်လိုက်။ သူမတို့ကို အကွယ်တစ်နေရာကနေ ထက်နေသွင် ချောင်း
ကြည့်နေတာကိုလည်း သတိမထားမိ။

သူမ ထွီခနဲ ထွေးထုတ်လိုက်သော တံတွေးတွေ၊ မင်းမဏ္ဍိုင်
ခြေထောက်နား စင်သွားမှ လန့်ဖျပ်သွားရသည်။

"ဆောရီး ကိုကို၊ နိုင်မွန်က ရွံစရာတွေပြောနေလို့"

"သူငယ်ချင်းနှစ်ယောက်ကတော့ စနောက်နေတော့တာပဲ ဟုတ်
သား"

"ကိုကိုကိုစောင့်နေရတာပျင်းလို့ အပြောင်အပျက်ပြောနေကြ
တာပါ၊ ကိုကိုကလည်း နောက်ကျလိုက်တာ"

"ဆယ်မိနစ်လောက်တောင် မရှိသေးပါဘူးကွ၊ တချို့သင်တန်း
သားတွေ အခုမှ ထွက်လာတုန်းရှိပါသေးတယ်၊ ပိုးတို့က အချိန်စောပြီး
သပ်ထွက်လာကြလို့ အဲလောက်စောင့်နေရတာမဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ် ကိုမင်းမဏ္ဍိုင် လာမယ်ဆိုတာနဲ့
အကောင်းကောင်း မသင်နိုင်ဘဲ အပြင်ကိုဖွတ်ထွက်ချင်နေတာလေ၊
ဘကယ်ပိုးတို့ကတော့ မလွယ်ဘူး"

မင်းမဏ္ဍိုင် ရောက်လာတော့ ထက်နေသွင်အကြောင်းမဟုတ်
တော့ဘဲ နိုင်မွန် ချက်ချင်းအချိုးပြောင်းသည်။ ပိုးပန်းစံ မျက်စောင်းထိုး
လိုက်ပြီးမှ မင်းမဏ္ဍိုင်လက်ကိုဆွဲကာ

"သွားမယ် ကိုကို၊ အီးပေါ်လော ချိုးထုပ်မစကားကို နားထောင်
နေနဲ့"

ပိုးပန်းစံပြောတာကို မင်းမဏ္ဍိုင် သဘောကျစွာရယ်နေသည်။
ထိုအချိန်မှာ ထက်နေသွင် ဖြတ်သွားတာကိုမြင်လိုက်တော့ ဖျပ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပိုးပန်းစံအနားကခွာလျက်

"ညီလေး ညီလေး ထက်နေ"

"ဩော် ကိုမင်း၊ ပိုးပန်းစံကို လာကြိုတာလား"

မြင်အောင်တမင်ဖြတ်လျှောက်ပြီးမှ မသိသလို မေးခွန်းထုတ်ကာ ခပ်တည်တည်နှင့်လျှောက်လာ၏။ မင်းမဏ္ဍိုင်က ထက်နေသွင်ကို ဖက်လိုက်ပြီး

"ဟုတ်တယ်ကွ၊ ဈေးဝင်ဝယ်ပြီး ပိုးက သူ့လက်ရာချက်ပြုတ်ကျွေးမယ်ဆိုလို့လာကြိုတာ၊ ညီလည်း ကြုံတုန်း အစ်ကိုအိမ်လိုက်ခဲ့ပါလား ဖေဖေနဲ့လည်း မိတ်ဆက်ပေးမယ်၊ ပိုးလက်ရာ စားရတာပေါ့"

"အို ကိုကိုကလည်း ဘာလို့ခေါ်တာလဲ၊ သူ့ကိုချက်ကျွေးဖို့လောက်အောင် ပိုးအားနေတာ မဟုတ်ဘူးနော်"

"ဩော် ပိုးကလည်း သူ့အတွက် သပ်သပ်ချက်ပေးဖို့အခါ ပေးရတာမှမဟုတ်တာ၊ ကိုကိုတို့အတွက် ချက်တာကို သူ စားလို့ရတာ ကိုယ့်ညီကို ပိုးလက်ရာကြွားချင်လို့ပါ"

"ကျွန်တော်ကလည်း ကိုမင်းချီးမွမ်းတာဟုတ်မဟုတ်သိချင်လို့ စားကြည့်ချင်နေတာ၊ ကျွန်တော့်ပါးစပ်က တော်ရုံလက်ရာဆို ခံတွင်းတွေ့တတ်တာမဟုတ်ဘူး"

"ညီရာ မင်းခွေမျိုးမေ့သွားစေရမယ်၊ ဟိုတယ်က စားဖိုမှူးတွေ သနားတယ်၊ နော် ပိုးလေး ပြောပြလိုက်စမ်းပါကွာ၊ ပိုးလက်ရာစားပြီး ကျန်တာတွေ စားချင်တော့မှာမဟုတ်ဘူးလို့ ကြွားလိုက်စမ်းပါ"

"မကြွားချင်ပါဘူး။ မစားလေကောင်းလေပဲ"

ပိုးပန်းစံ နှုတ်ခမ်းစူနေဆဲဖြစ်သည်။ ထက်နေသွင်ကို မျက် ပေးလွှန်းသော ကိုကို့ကိုတောင် စိတ်ကောက်ချင်နေသလိုပါ။

ထက်နေသွင် ဘယ်လိုအကြံအစည်တွေရှိနေသည်ဆိုတာ သူ





သိဆုံး။ မခေါ်ပါနဲ့ဟု ဖွင့်ပြောလျှင်လည်း ကိုကိုက တစ်မျိုးထင်သွားမည်။

သူမ ဘာမှမပြောဘဲ ကိုကို့ကားပေါ်တက်ထိုင်နေတော့

"ညီလေး ကားနဲ့ နောက်ကလိုက်ခဲ့လေ၊ ကုန်တိုက်ကိုဈေးဝင်ဝယ်ပြီးမှ ပြန်မှာ၊ တစ်ခါတည်းလိုက်ခဲ့ပေါ့"

"အိုကေ ကျွန်တော်လည်း ဘာတွေဝယ်ပြီး ဘယ်လိုချက်ကြမယ်ဆိုတာ ကြည့်ရတာပေါ့"

မင်းမဏ္ဍိုင်ကားပေါ်က ပိုးပန်းစံကိုမျက်စိမှိတ် အလေးပြုပြီးမှ ကားကိုမောင်း၍ သူမတို့ကားနောက်က လိုက်လာခဲ့သည်။ တဖြည်းဖြည်းတော့ ရှောင်တိမ်းလို့မရသည့်ရှေးရေစက်ဆိုတာကို သူမ သဘောပေါက်လာမှာပါ။

အရာခပ်သိမ်းဟာ ဘာကြောင့်ဆိုတာထက် နှလုံးသားဆန္ဒတွေရဲ့အလိုအတိုင်း သူမရဲ့ဝေးရာကို သူ ဘယ်တော့မှထွက်သွားမှာမဟုတ်သေး သူမအနီးကိုရောက်ဖို့ သူ အရှက်နည်းစွာ တွယ်ကပ်နေဦးမှာပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

အရှက်နည်းလွန်းသော ထက်နေသွင်က သူမတို့နောက်က တကောက်ကောက်။ တစ်နေရာဝင် တစ်နေရာထွက် ဈေးဝယ်နေသမျှ ဟိုဟာကောက်ကိုင် ဒီဟာကောက်ကိုင်ဖြင့် လုံးဝမျက်ခြေပြတ်မခံ။

သူမက မျက်ခြေဖြတ်ထားခဲ့ဖို့ ချောင်ကြိချောင်ကြား ဟိုတိုး ဒီတိုးတိုးနေသော်လည်း မင်းမဏ္ဍိုင်က ကျန်ရစ်ခဲ့မှာစိုး၍ ထက်နေသွင်ကို ပခုံးဖက်ခေါ်လိုက်၊ လက်ဆွဲခေါ်လိုက်လုပ်နေတော့ ဘယ်လိုလုပ်မလဲ

"ကိုကို အသားတန်းဘက်သွားမယ် လာ"

"အေးအေး ညီရေ ဟိုဘက်သွားမယ် လာ"

ထက်နေသွင်ကိုလှည့်ခေါ်နေသေးတာမို့ မင်းမဏ္ဍိုင်ကိုပါ သူမ အမြင်ကတ်လာသည်။ ကိုကိုနှင့်သူမဈေးခြင်းတစ်ခုစီကိုင်ထားတာမို့ သူမ လက်ထဲကဈေးခြင်းကို ဆောင့်အောင့်၍ ထက်နေသွင် လက်ထဲထည့်လိုက် သည်။





"ရော့ ဒါကိုင်ခဲ့"

"ဟုတ်ကဲ့ ခင်ဗျ"

ရွှဲပြောပြီး သူမကိုမျက်စိမှိတ်ပြစ်အောင်မိုတ်ပြသေး၏။ ဒီ လောက်တောင်မရိုးသားသော ထက်နေသွင်အပေါ် ကိုကိုဘာလို့ကောင်း နေတာလဲလို့ ကိုကို့ကို ကိုင်ဆောင့်ကာ မေးပစ်လိုက်ချင်သည်။

ဒါပေမဲ့ အခုထိ မျိုသိပ်ထားရတုန်းပါ။

သူမကညစ်ပြီး အလေးအပင်တွေ ထက်နေသွင်ဆွဲထားသော ခြင်းထဲစုပြုံထည့်သည်။ မင်းမဏ္ဍိုင်က အကြီးပီသစွာ ထက်နေသွင်ကို သွားတာပြီး ခွဲယူ၏။

"ကိုကိုကလည်း ဘာမှန်းမသိဘူး၊ သူ့ကိုဆွဲနိုင်းပါလား"

"ညီ့သည်ကို အားနာစရာ၊ ဘယ်ကောင်းပါ့မလဲ၊ ကိုကိုလည်း ဆွဲနိုင်ပါတယ်၊ ပိုး ဝယ်ချင်သလောက်ဝယ်ပါ"

"ပြီးရော"

သူမ ဆောင့်အောင့်ကာ ဈေးဝယ်နေသမျှ ကိုကို မငြိုငြင်။ အရွှဲတိုက်ကာ အများကြီးဝယ်ပြီးမှ ပြန်လာခဲ့ကြသည်။ ထက်နေသွင်က မင်းမဏ္ဍိုင်အိမ်အထိ မျက်နှာပြောင်စွာပါလာခဲ့ပြီး လှူငယ်ပီပီ ဝက်တက် ကြွကြွနှင့်ပစ္စည်းတွေသယ်ပိုးချ၏။

"ဟော သား"

"မေမေ"

"ညီ့သည်လည်း ပါလာတာလား"

"ဟုတ်ကဲ့ မေမေနဲ့မိတ်ဆက်ပေးချင်လို့ပါ"

"အေး ထိုင်ကြ"

"ခဏလေး မေမေ၊ ပိုးချက်မယ်ပြုတ်မယ်ဆိုလို့ ဈေးဝယ်လာ တာ၊ မီးဖိုခန်းထဲလိုက်ပို့လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပို့ရုံနဲ့မရဘူးနော်၊ နှစ်ယောက်လုံး ကူလုပ်ရဦးမှာ"

"အေး ဟုတ်သား။ ကဲ သားတို့ကူလုပ်ပေးလိုက်ပါဦး။ မကြည်က ရွာပြန်သွားလို့ သားအဖနှစ်ယောက် ဟိုတယ်ကမှာစားနေရတာ၊ သမီးလေးက ချက်ကျွေးမယ်ဆိုတော့ အဆင်ပြေသွားတာပေါ့၊ ဒီနေ့စားကောင်းသောက်ကောင်းဖြစ်ဦးတော့မှာပဲ၊ သမီးလေးက လိမ္မာလိုက်တာ"

ဦးဥက္ကာက ပိုးပန်းစံပါလာတာမြင်ကတည်းက ဝမ်းသာနေသည်။ သားနှင့်ဒီလိုမျိုး တရင်းတနှီးနေစေချင်တာ၊ ဒါမှမြန်မြန်လက်ထပ်ဖို့စိစဥ်ဖြစ်ကြလိမ့်မည်ဟုထင်နေသည်။

"ကိုမင်း ကျွန်တော်ရော လိုက်ပို့ရမှာလား"

"နင်က ရေသာခိုချင်လို့လား၊ လာ အဲဒါတွေအကုန်သယ်ခဲ့"

ပိုးပန်းစံက ပေါက်ပေါင်းခေါ်တော့ ပစ္စည်းတွေသယ်ကာ ကပျာကယာနောက်ကလိုက်သွားရသည်။ မင်းမဏ္ဍိုင်ကလည်း တပြုံးပြုံးနှင့်ပါ။

"ကဲ ပိုး ကိုယ်တို့ဘာလုပ်ပေးရမလဲ၊ မင်းစီစဥ်ညွှန်ကြားပါ၊ ထက်နေကို အားနာလို့ ညနေ့ခင်းမှာထိုင်စောင့်နိုင်းတာတော့ ကောင်းမယ်ထင်တယ်၊ အရင်လို ကိုယ်တစ်ယောက်တည်း ကူလုပ်လည်းဖြစ်တယ်မဟုတ်လား"

"ရပါတယ် ကိုမင်း၊ ကျွန်တော့်အတွက် အတွေ့အကြုံသစ်ပေါ့၊ ဒီလိုမျိုးတစ်ခါမှ မလုပ်ဖူးဘူး၊ ကိုမင်းကတော့ ပိုးပန်းစံကို အမြဲကူလုပ်ပေးနေကျထင်တယ်"

"ဆိုပါတော့ သူ့လက်ရာကိုစားချင်တဲ့အချိန်တိုင်းတော့ ကူရတာပေါ့၊ ပင်ပန်းတဲ့အလုပ်လည်းမဟုတ်ပါဘူး။ စိတ်ဝင်စားဖို့ကောင်းပါတယ်"

"ကိုမင်းတို့ဘဝက ပျော်စရာကောင်းတယ်ဗျာ၊ ကျွန်တော်လည်း အဲလိုနေချင်တယ်"





"ကဲ ဘာလို့စကားများနေကြတာလဲ၊ ကြက်သွန်အဖြူအနီသင်၊ ခရမ်းချဉ်သီးလည်း ထောင်းကြ၊ ပြီးရင် အသီးအရွက်သင်ရမယ်"

"ဟာ ဟုတ်တယ်ကွ ညီ"

ပိုးပန်းစံက စားဖိုမှူးမို့ ပေါက်ပေါင်းအော်ဟစ်တာကို ပျာပျာသလဲဖြစ်သွားကြသည်။

ထိုသို့အလုပ်ရှုပ်နေကြဆဲမှာ မင်းမဏ္ဍိုင်ဖုန်းကမြည်လာ၍

"ခဏလေးနော် ပိုး၊ ကုမ္ပဏီတစ်ခုကဆက်တာ၊ ဖိုင်ထဲမှာ စာချုပ်ညှပ်ထားလို့ သွားယူပြီး ဖုန်းပြောလိုက်ဦးမယ်"

မင်းမဏ္ဍိုင်က ပြောပြောဆိုဆိုနှင့် ထွက်သွားတော့ မီးဖိုခန်းထဲမှာ ထက်နေသွင်တို့နှစ်ယောက်သာ ကျန်ခဲ့သည်။ ထိုအချိန်က ထက်နေသွင်အတွက်အကောင်းဆုံးအခြေအနေလေး ဖြစ်သွား၏။

ကြက်သွန်သင်နေသော ဓားကိုစားပွဲပေါ်ချကာ မေးထောက်၍ ပိုးပန်းစံကို ငေးကြည့်နေလိုက်သည်။ ပိုးပန်းစံ ကျောမလုံစွာ နောက်လှည့်ကြည့်တော့ ထက်နေသွင် ညို့ငင်စွာပြုံး၍ မျက်စိတစ်ဖက်မှိတ်ပြ၏။ ပိုးပန်းစံ မျက်စောင်းဝင့်ကာလှည့်လာပြီး

"နင် နာဘူးကျပြီး ငါ့ကိုနောက်ကနေကြည့်နေတာပေါ့လေ"

"ရှေ့ရယ်နောက်ရယ်တော့ မဟုတ်ပါဘူး၊ ငါ့မျက်စိထဲမှာ မင်းတစ်ကိုယ်လုံးကိုထည့်ပြီးကြည့်နေတာ၊ ဘယ်တော့မှပျောက်ပျက်မသွားအောင်လို့"

"ဘာ နင် နင် မိုက်ရိုင်းလှချည်လား၊ နမချင်းမစာနာတတ်တဲ့ကောင် ကဲ"

"အား"

"ဟင်"

ဓားဦးချွန်နှင့်မဟုတ်တဲ့ စားပွဲပေါ်မှာတွေ့သည့်ဓားကို အမြှောက



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာ လက်မောင်းကိုတုလိုက်တာကို ထက်နေသွင် ငယ်သံပါအောင် အော်လိုက်၍ သူမ လန့်ဖျပ်တုန်တက်သွားရသည်။ ဘာဒဏ်ရာမှရစရာ အကြောင်းမရှိဘဲနှင့်

"အား အား ကျွတ် ကျွတ်"

"ဟင် သွေး သွေးတွေ၊ နင် နင့်ကိုငါ ဘာမှမလုပ်ဘူးနော်"

အဝါရောင်ရှပ်လက်ရှည်မှာ သွေးတွေစွန်းနေ၍ သူမအပြစ် လွှတ်အောင် ထိတ်ပျာစွာအော်လိုက်မိသည်။

ထက်နေသွင်က သူမကိုပြန်မပြောနိုင်။ လက်မောင်းကို ဖိကာ မျက်နှာကြီးရှုံ့မဲ့နေသည်။ ဒဏ်ရာရှိနေတာကို လုံးဝသတိမထားမိ၊ ဒဏ်ရာ မမြင်အောင် အင်္ကျီလက်ရှည်ဝတ်ပြီး ဖုံးထားတာနေမှာပေါ့ဟု နိုင်မွန်က တော့ ပြောသား။

"နင့် နင့်ဒဏ်ရာက သွေးတွေထွက်လာတာလား၊ ငါ ဓားနဲ့ ထိုးတာမဟုတ်ဘူးနော်၊ ဓားနောက်နဲ့ထိရုံလေးပါ၊ ဒါတောင် နာနာကြီး မဟုတ်ဘူး။ ဖြည်းဖြည်းလေးလုပ်တာ"

သူမကြောက်ကြောက်နှင့် ဖြေရှင်းဆင်ခြေပေးနေတော့ ထက် နေသွင် ရယ်ချင်နေမိသည်။ ဒဏ်ရာကချုပ်ထားသော်လည်း အထုခံလိုက် ရတာကြောင့် သွေးတွေစိမ့်ထွက်နေတာ။

မင်းကြောင့်ပါလို့ သူမကိုအပြစ်မတင်ရက်။ နာကျင်အောင့် မျက်ခြင်းကို ကြိတ်မှိတ်ခံရင်း သူမစိတ်သက်သာအောင် ပြုံးပြရသည်။

"ဘာမှမဖြစ်ပါဘူး။ သွေးကနည်းနည်းထွက်တာပါ၊ စိုးရိမ်မနေ နဲ့"

"နင့်ကိုစိုးရိမ်တာမဟုတ်ပါဘူး။ ငါ့ကြောင့်လို့ ထင်မှာကြောက် တာပါ၊ ငါက သူများကို နာကျင်အောင် တစ်ခါမှမလုပ်ဖူးဘူး"

"ငါ့ကိုတော့ အရမ်းကိုမုန်းနေလို့ပေါ့လေ"





"နင်ကမုန်းအောင်လုပ်နေတာကို"

"ချစ်အောင်လုပ်ရင် ချစ်မှာလား"

"ဘာ"

"အား မင်းအော်တာနဲ့ သွေးတွေပိုထွက်လာလား မသိပါဘူး ကွာ"

"သေ အဲဒီမှာလဲသေ"

ပိုးပန်းစံ ပျစ်နှစ်စွာဆဲဆိုပြီး သူမလုပ်စရာရှိတာတွေ လုပ်နေ ထိုအချိန်မှာ မီးဖိုခန်းထဲ မင်းမဏ္ဍိုင် ပြန်ဝင်လာသည်။

"ဟာ ညီဒဏ်ရာက သွေးထွက်နေတာထင်တယ်၊ ဘာဖြစ်တာ ဘာလုပ်လိုက်လို့လဲ"

သူ့လက်မောင်းက သွေးထွက်နေတာမြင်တော့ မင်းမဏ္ဍိုင် ပျာသလဲမေးရှာ၏။ ပိုးပန်းစံကို တစ်ချက်လှမ်းကြည့်ဖြစ်သေးသော် ည်း သူ ခေါင်းရမ်းလိုက်ကာ

"ဘာမှမဟုတ်ပါဘူး၊ ကျွန်တော်မေ့ပြီး ကိုယ့်လက်နဲ့ရိုက်မိသွား ာ ကိုမင်းရ"

"ပစ္စည်းတွေအများကြီးဆွဲလာလို့ ချုပ်ရိုးတွေတင်းသွားတာ တယ်၊ အစ်ကိုလည်း မင်းဒဏ်ရာတော်တော်သက်သာနေပြီထင်လို့ ာမှမပြောမိတာ၊ ဆေးခန်းပြန်ပြလိုက်ရအောင် ညီ"

"အဲလောက်မလိုပါဘူး အစ်ကိုရ၊ ဆေးထည့်ပြီး ပတ်တီးအသစ် ည်းလိုက်ရင် ရမှာပါ"

"ဖြစ်ပါ့မလား ညီ"

"ဆေးခန်းသွားလည်း ဒီလိုပဲလုပ်ပေးမှာပဲလေ၊ ကိုမင်းတို့အိမ် ာ ဆေးသေတ္တာမရှိဘူးလား"

"ဆေးသေတ္တာတော့ရှိပါတယ်၊ အဲလိုလုပ်ရုံနဲ့ ရပ့်မလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဖြစ်တယ်"

သူတို့ဒီလောက်ဖြစ်နေတာတောင် ပိုးပန်းစံ တစ်ချက်လေး လှည့်မကြည့်။ သူမလုပ်စရာရှိတာသာလုပ်နေသည်။

"ပိုး ကိုကို့အခန်းထဲကဗီရိုပေါ်မှာ ဆေးသေတ္တာရှိတယ်၊ ယူ ပေးပါလားကွာ၊ ပြီးရင် ဆေးထည့်ပြီး ပတ်တီးစည်းပေးလိုက်ပါနော် ကိုယ်ပတ်တီးသိပ်မစည်းတတ်လို့ပါ"

"ကိုကို့ဖွာတော့ လုပ်ပြီ"

မကျေနပ်ကာ တိုးတိတ်စွာ ရေရွတ်လိုက်ပေမယ့် ကိုယ် အပြစ်လုပ်မိသလိုဖြစ်သွား၍ ဘာမှပြန်ပြောမနေတော့ဘဲ ကိုကို့အခန်း ထဲက ဆေးသေတ္တာသွားယူလိုက်ရသည်။

မိသားစုသုံးဆိုပေမယ့် ဆေးသေတ္တာလေးထဲမှာ ဆေးပစ္စည်း ကတော့ အစုံအလင်ပါ။

"ညီ အင်္ကျီချွတ်မှဖြစ်မှာထင်တယ်၊ ပိုး ဖြည်းဖြည်းလုပ်နော် ထက်နေ အရမ်းနာနေတယ်ထင်တယ်"

မင်းမဏ္ဍိုင်က ပိုးပန်းစံကို သတိပေးပြီး သူကိုယ်တိုင် ထက် သွင်အင်္ကျီကို ညင်ညင်သာသာလေး ချွတ်ပေး၏။ ထက်နေသွင်ရဲ့ရင်အုံ ကျယ်ကျယ်ကိုမြင်ရတော့ ပိုးပန်းစံရဲ့ဆေးထ ညှိပြင်နေသည့်လက်ကလေ တွန့်ခနဲတောင် ဖြစ်လို့သွားသည်။ ထက်နေသွင်ရဲ့လက်မောင်းများ ယောကျ်ားပီသစွာ တုတ်ခိုင်သလို ရင်ဘတ်မှာလည်း မွေးညင်းနုများ

"ပိုး ဆေးထည့်လေ၊ ကိုယ်ပတ်တီးလုပ်ပေးထားမယ်"

"ရှင် ဟုတ်ကဲ့"

သူမ လက်လေးတွေဘာကြောင့် တဆတ်ဆတ်တုန်ယင်နေ တာလဲ မသိ။ သူမဆေးထည့်တာကို နာကျင်သလိုနှင့် သူမလက်ပေ ထက်နေသွင်လက်က အုပ်မိုးဆုပ်ကိုင်လိုက်တာကြောင့်ပဲလား။





ရင်တွေဖျပ်ဖျပ်ခုန်လာတာကြောင့် သူမ ဆတ်ခနဲ ရုန်းထွက်ပစ် လိုက်သည်။

"ဒီထက်သွေးထွက်မများချင်ရင် ငြိမ်ငြိမ်လေးနေနော်"

ထက်နေသွင်ကို သူမ ခပ်ကြိတ်ကြိတ် သတိပေးလိုက်တာကို ပတ်တီးလိပ်ရှာနေသော မင်းမဏ္ဍိုင်တော့ ကြားလိုက်မှာမဟုတ်။ ဒါကို ခွင့်ကောင်းယူကာ ထက်နေသွင်က ပြုံးစစနှင့်မျက်စိမှိတ်ပြနေပြန်သေး သည်။

"ပိုး ပတ်တီးရပြီ စည်းတော့မလား"

"အင်း ပေး ကိုကို"

ကြိမ်းဝါးနေပေမယ့် ပတ်တီးစည်းပေးနေစဉ်မှာတော့ တကယ်ကို ညင်ညင်သာသာလေးပါ။ မင်းမဏ္ဍိုင်ကတော့ အကဲပိုလျက်

"ညီ ရရဲ့လားဟင်၊ မရရင်ပြော ဆေးခန်းသွားမယ်"

"ရပါတယ် ကိုမင်း၊ နပ်(စ်)ကတော်တော့ ကျွန်တော့်ဒဏ်ရာ ချက်ချင်းတောင် ပျောက်သွားပါပြီ၊ အစ်ကိုပြောသလိုပဲ ပိုးပန်းစံက ချက်အပြုတ်တင်မဟုတ်ဘဲ ပြုစုတာလည်း တော်ပါတယ်၊ သူနဲ့ရမယ့် ယောကျ်ားတော့ တကယ်ကံကောင်းမှာ"

"ငြိမ်ငြိမ်နေနော် စကားမများနဲ့၊ သွေးထွက်လွန်ပြီး ဆေးရုံ ရောက်သွားမယ်"

"ချီးကျူးတာကို ဘယ့်နှယ်ရန်လိုနေတာလဲပိုးရဲ့၊ ထက်နေသွင် ကိုဆို တကယ်ဆိုးဆိုးဝါးဝါး ဆက်ဆံတာပဲ၊ သင်တန်းမှာကျောင်းတော်က များရှိနေကြလား"

"ဟာ မရှိပါဘူး ကိုမင်း၊ သူနဲ့အသိအကျွမ်းတောင် မဖြစ်ပါ ဘူး ကိုမင်း မိတ်ဆက်ပေးမှသိတာ၊ ဟုတ်တယ်နော် ပိုးပန်းစံ"

"ဩော် အင်း"



www.burmeseclassic.com

www.burmeseclassic.com



ထက်နေသွင်က ပျာပျာသလဲ ဖြေရှင်းရင်းနှင့်ပိုးပန်းစံကို
ထောက်ခံနိုင်း၏။ မင်းမင်္ဂလာကိုင်က ယုံကြည်သွားပြီး ထက်နေသွင်ကို
ထူကာ

"ညီ ညေ့ခန်းမှာသွားနေလိုက်တော့၊ ဟင်းအိုးဆီသတ်တော့
ဆိုတော့ ညော်နံ့လိမ့်မယ်"

"ရပါတယ်"

"ရပါတယ်မလုပ်နဲ့၊ အခုတောင် အနာကသွေးထွက်နေ
အနာရင်းသွားလိမ့်မယ်ကွ၊ လာပါညီရာ၊ ကိုယ်လိုက်ပို့မယ်၊ ဖေဖေနဲ့လ
မိတ်ဆက်မပေးရသေးဘူး"

"ဟုတ်သားပဲ လိုက်သွားလိုက်၊ သူများအိမ်ကိုလာပြီး လူကြ
ရှိရှိသေသေ လေးလေးစားစား နှုတ်ဆက်ရမှန်းမသိဘူး"

"မင်းပဲပစ္စည်းတွေ ဒီအခန်းထဲသယ်လာခိုင်းပြီးတော့"

"သယ်ခိုင်းတော့ဘာဖြစ်လဲ၊ ပြီးရင်သွားနှုတ်ဆက်ပြီး ညေ့သ
ပီပီ ညေ့ခန်းမှာထိုင်နေပေါ့၊ ချက်ပြုတ်ပြီးရင်ကျွေးမွေးဖို့ ခေါ်မှာပဲ
အခုတော့ ဒီထဲမှာလာရှုပ်နေတယ်၊ ဘာအကူအညီမှလည်းရတာမဟု
ဘဲနဲ့ အရှုပ်ထုပ် ချီးထုပ်"

ပိုးပန်းစံ ရန်တွေ့တာ ကက်ကက်ကိုလန်နေသည်။ တစ်စုံ
ရာ အကြောင်းမရှိဘဲ ဒီလိုတွေပြုမူရမှာမဟုတ်ဟု မင်းမင်္ဂလာကိုင် အတွေ
သွားသည်။ ဒါပေမဲ့ တွေးနေချိန်မရဘဲ ထက်နေသွင်ကို အားနာသွား

"လာပါ ညီရယ်၊ ပိုးက ဒီလိုပဲ တစ်ခါတလေ စကားမ
တတ်ဘူး။ နည်းနည်းဆိုးချင်တယ်"

"အဲလိုဆိုးတဲ့သူကို ဘာလို့ကိုမင်းအိမ်မှာ လက်ခံထား
မောင်းထုတ်လိုက်ပါလား"

"ဟဲ့"





"တော်ပါတော့ ပိုးရယ်၊ ထက်နေက ပိုးကိုမခံချင်အောင်စ
ာက်နေတာပါ၊ မင်းတို့က ခွေးနဲ့ကြောင်လိုပဲ မတည့်ကြဘူး"

"ကျွန်တော်ကကြောင်နော် ကိုမင်း"

"ဟဲ့ ဒါဆို ငါကခွေးလား၊ မရဘူး ငါကကြောင်ပဲ"

"ညှောင် ညှောင် ငါကကြောင်လိုအော်တတ်တယ်၊ မင်းက
ကြောင်လိုအော်တတ်လို့လား"

"အော်တတ်ပါ့ ဒါလေးများ ညှောင် ညှောင်"

ဒီကလေးနှစ်ယောက်နှင့်တော့ မင်းမင်္ဂလာကိုင် ရူးတော့မည်။ သူတို့
ပြုအမူလေးတွေက ချစ်စရာတော့ကောင်း၏။ ကိုယ့်ရဲ့ညီလေး ညီမလေး
ရင်းတွေသာဖြစ်လျှင် ဘယ်လောက်များကောင်းမလဲ။ အိမ်မှာအမြဲ
ဆူညံညံနှင့်ပျော်စရာကောင်းမှာအမှန်ပင်။

BURMESE CLASSIC

"လာ ညီလေး ဆက်ပြီးရန်ဖြစ်နေရင် ဒီနေ့ ထမင်းစားရတော့
မဟုတ်ဘူး"

ဆွဲခေါ်လာတာတောင် ထက်နေသွင်က ကြောင်လိုညှောင်လို့
အော်သည့်အခါမှာ ပိုးပန်းစံကလည်း ကြောင်လိုလုပ်ပြ၍ ညှောင်လို့
အားကျမခံထပ်အော်၏။ ဒီကလေးတွေနဲ့ပတ်သက်မှုက ဘယ်လိုလဲ။

"သား"

"ဖေဖေ ဒီညီလေးက သားကိုကူညီလိုက်တဲ့ညီလေးပါ ထက်နေ
သွင်တဲ့၊ အခု အနာညော်နံ့မှာစိုးလို့ မီးဖိုခန်းထဲကခေါ်လာတာ"

"ဩော် ဟုတ်လား။ ခုနက မီးဖိုခန်းထဲလိုက်သွားတော့ သမီး
သားပိုးပန်းစံရဲ့သူငယ်ချင်း ထင်နေတာ"

"မဟုတ်ပါဘူး ဖေဖေ၊ သားနဲ့ပတ်သက်ပြီး မိတ်ဆက်ပေးမှ
သူတို့ချင်းသိကြတာပါ"

"အေးပါကွာ အန်ကယ်က သားကိုကူညီပေးလိုက်တဲ့သူကို



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်နေတာပါ။ ဆေးရုံကိုလာမတွေ့တာ စိတ်မရှိနဲ့နော်၊ အန်ကယ်
က နောက်နေ့မှသားပြောလို့ သိရတာကြောင့်ပါ''

''ရပါတယ်ခင်ဗျ၊ ကိုမင်းက အချိန်ပြည့်လာပြီး ဂရုစိုက်နေတ
ပဲ''

''အင်း မင်းလိုလူနဲ့တွေ့လို့သာပေါ့ကွာ၊ မဟုတ်ရင် သားအတွ
တွေးရဲစရာမရှိဘူး၊ ဒါနဲ့ ထက်နေသွင်က အခုဘာလုပ်နေလဲ''

''ကျွန်တော် သင်တန်းတက်နေတုန်းပါ''

''ပိုးနဲ့သင်တန်းအတူတူပဲလေ ဖေဖေ၊ သူတို့နှစ်ယောက် သ
မတည့်ကြဘူး''

''ဩော်''

ဦးဥက္ကာ အနည်းငယ် တွေသွား၏။ တစ်ခုခုတွေးမိတာ သ
အကြောင်းရယ်တော့မသိ။ ဒါပေမဲ့ ဒီကောင်လေးကာ သားရဲ့ကျေးဇူ
ဖြစ်နေတာ။

''နောက်လည်း ဝင်ပါထွက်ပါကွာ၊ အန်ကယ့်သားက မင်း
ညီလေးတစ်ယောက်လို သံယောဇဉ်ရှိတယ်လို့ ပြောတယ်''

''ဟုတ်ကဲ့ ကျွန်တော်ကလည်း အစ်ကိုတစ်ယောက်လို သဘေ
ထားတာပါ၊ ကျွန်တော်ကတစ်ဦးတည်းသောသားဆိုတော့ အဖော်မရှိ
လေ''

''အေးပေါ့ အန်ကယ့်သားလည်း အဲလိုပဲ၊ အဲဒါကြောင့် မင်
ခင်တွယ်နေတာဖြစ်မယ်''

''ညီလေးတစ်ယောက်ကောက်ရချင်လို့ ရေစက်ဆုံခဲ့တာ
ထင်တယ်၊ ဟုတ်တယ်နော် ညီ''

''အဟင်း ဟုတ်တယ် အမှန်ပဲ''

ထက်နေသွင်က မင်းမျက်ခုံးလှုပ်ပြီး ပြောလိုက်တာမို့ သံဓ





...ိုထုထည်ကိုတော့ ခန့်မှန်းလို့ရနေသည်။ လူငယ်ဆိုတော့ ပွင့်လင်းတက်
...ကြသည်။

ဖျတ်လတ်ရဲရင့်၏။ ဘယ်လိုပေါင်းသင်းဆက်ဆံရမည်ဆိုသည့်
...မြော်အမြင်လည်းရှိတာမို့ ထက်မြက်သည်ဟု ချီးကျူးသင့်ပေမယ့် သား
...ာက်ကောက်ကျကျန်နိုင်သလားဟု စိုးရိမ်စိတ်လေးဝင်မိသည်။

ထမင်းဝိုင်းမှာထိုင်ဖြစ်ကြတော့ ထက်နေသွင်မျက်လုံးများက
...ပန်းစံမျက်နှာလေးမှာ ဝေ့ဝေ့ဝဲဝဲ။ ပိုးပန်းစံ မျက်နှာထက်မှာ အလိုမကျ
...ည့်အရိပ်အရောင်လေးတွေ တွေ့ရပေမယ့် ဦးဥက္ကာ ဘာကိုမှန်းမသိ
...ာ်မချနိုင်သလို ဖြစ်နေခဲ့သည်။

သားကတော့ ဒါကိုသတိထားမိမှာတောင်မဟုတ်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၉)

"ဟား ဟား မင်းကတော့လေ တကယ်ကို အချိုးကြ
တော့တာပဲ ဘာလဲ ပိုးပန်းစံကို မင်းမဏ္ဍိုင်ဆီကပေါ်တင်ကြီးလုယူတာ
မလို့လား"

"လုယူတယ် အဲဒီစကားလုံးက ကြမ်းတမ်းပါတယ်ကွာ၊ ပိုး
စံကို မင်းမဏ္ဍိုင်ပိုင်ဆိုင်ထားတာမှမဟုတ်တာ၊ သက်ဆိုင်တယ်ဆို
သက်သေပြစရာလေးတောင် မရှိဘဲနဲ့ လုယူရာရောက်ပါ့မလား။ သူ
နှစ်ယောက် ရိုးရှင်းတယ်ဆိုတာ ကြာလေကြာလေ သိလာရလေပဲ"

"အများအမြင်မှာတော့ လက်ထပ်မယ့်တစ်ဦးကို တွဲနေကြတာနေ

"စိတ်တွေက ရိုးသားနေဖို့ အရေးကြီးတာပါကွာ"

"လူကြီးချင်းသဘောတူထားတာကိုရော မင်းဘယ်လိုပြောမ

"သူတို့စိတ်က အဓိကပါပဲ၊ သူတို့လက်ခံတယ်ဆိုရင် အခု

မှာ လက်ထပ်ပြီးနေလောက်ရောပေါ့"





"ဒီနည်းနဲ့ ...ထားနေလို့ ပိုးပန်းစံ ပြောင်းလဲလာမယ်ထင်လား"

ထက်နေသွင် အဖြေပေးရခက်စွာ အသံတိတ်သွား၏။ ပိုးပန်းစံ ပြောင်းလဲလာနိုင်သလားဆိုတာ မခန့်မှန်းတတ်သေးပါ။

သူမရဲ့တင်းမာမှုတွေ တစ်စတစ်စ ပိုဆိုးလာတယ်လို့လည်း သူ မထင်။ အရင်ကထက် ရောနှောပတ်သက်မှုရှိလာတယ် မဟုတ်လား။

"ငါနဲ့ပတ်သက်တဲ့သူ့စိတ်ထဲက ခံစားမှုကိုတော့ ငါမသိဘူး၊ ငါကတော့ သူနဲ့အတူရှိနေချိန်တွေကိုပျော်တယ် ကြည်နူးတယ်၊ သူ ရန်တွေ့တာလေးက ချစ်စရာကောင်းတယ်၊ မျက်စောင်းထိုးရင်လည်း ရင်တွေခုန်နေတယ်ကွ"

"ကိုမင်းမဏ္ဍိုင်ကို မင်းအားမနာဘူးလား"

"အဲဒီမေးခွန်းက ခုနက လုယူဖို့ကြိုးစားနေသလားဆိုတဲ့ မေးခွန်းနဲ့အတူတူပဲ၊ ငါလည်း ခုနကလို ပြန်ဖြေရရင် သူတို့ချင်းပတ်သက်မှု ရှိတဲ့အတွက် အားနာစရာမလိုဘူးလို့ ထင်တာပဲ"

"မင်း မရိုးသားတာသိရင် ကိုမင်းမဏ္ဍိုင် လက်ခံမယ်ရော ထင်လား၊ ပိုးပန်းစံကို အရိပ်တကြည့်ကြည့်နဲ့ ဖွင့်မပြောရက်ဘဲ မြတ်နိုးလာခဲ့တာဆိုရင်"

"လိုအပ်ရင်တော့ ကိုမင်းကို ပွင့်ပွင့်လင်းလင်း မေးကြည့်ရုံပေါ့ကွာ၊ ရင်နာနာနဲ့စွန့်လွှတ်ပေးလိုက်မှာမျိုးဆိုရင်တော့ ငါ စဉ်းစားမှာပါ"

"အဲလိုစိတ်ကူးလေးရှိနေသေးတယ်ဆိုရင်တော့ မဆိုးပါဘူး"

"မင်းချီးကျူးတာ ခံချင်လို့တော့ မဟုတ်ဘူးကွ၊ အစတည်းက ငါ့စိတ်ထဲမှာ အဲလိုရှိနေလို့ ပြောလိုက်တာ"

"အဲဒါကတော့ သူတော်ကောင်းစိတ်ဓာတ်ပါ၊ ငါ တကယ်ပြောတာ"

"အေး စကားတော့ပြောလို့ကောင်းတယ်၊ အမြဲတမ်း အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျရင်မကောင်းဘူးကွ၊ ဖေဖေက အရင်ပြန်ရောက်နှင့်ရင် မှော်တတ်လို့ ငါ လစ်တော့မယ်"

"ဘီယာဗိုးရှင်းခဲ့ပြီလား"

"အေး ကြိုက်သလောက် မှိုတော့"

ပိုက်ဆံကို စားပွဲပေါ်ချပေးခဲ့ပြီး ထွက်လာခဲ့သည်။ ပိုးပန်းစံနှင့် ဆုံစည်းရသောနေ့ရက်တွေက အချိန်တိုင်းအဓိပ္ပာယ်ရှိနေသလိုပါ။ အိမ်ပြန်ရောက်တော့ ဖေဖေက ရောက်နှင့်နေသည်။

"ဖေဖေ"

"သား အခုတလော အမြဲတမ်းအိမ်ပြန်နောက်ကျတယ်နော်"

"လင်းထိုက်နဲ့တွေ့နေလို့ပါ ဖေဖေ၊ ဖေဖေ ထမင်းစားပြီးပြီလား"

"ဘယ်စားရသေးမှာလဲကွာ၊ သားကိုစောင့်နေတာပေါ့"

"ဟုတ်လား သားက ဟို"

"အပြင်က စားလာခဲ့လို့လား သား။ လင်းထိုက်နဲ့ဘီယာသောက်တာများသွားလို့လား"

"မဟုတ်ပါဘူးဖေဖေ၊ ကိုမင်းတို့အိမ်မှာ ပိုးပန်းစံချက်တဲ့ထမင်းဟင်းကိုစားလာခဲ့လို့ပါ"

"ဟင် သားက အဲဒီကိုသွားနေတာလား။ ပိုးပန်းစံက မင်းမလှိုင်တို့အိမ်မှာ အဲလို အဝင်အထွက်မျိုးထိ ရင်းနှီးတယ် အဲလိုလား"

"အိမ်က တစ်လမ်းတည်း နှစ်အိမ်ကျော်လောက်ပဲဝေးတာဆိုတော့ ဟိုဘက်ဒီဘက်သွားလို့လာလို့ လွယ်နေတာပေါ့"

"သား နောက်ဆုတ်လိုက်ပါတော့လား"

"ဗျာ"

ဘာကိုတွေးမိလို့ သူ့ကိုဒီလိုတားမြစ်လိုက်သည်မသိပေ။ ဖေဖေ





က ဘာကိုစွပဲဖြစ်ဖြစ် သူ့ဘက်ကပဲ အားပေးတတ်သူပါ။

"မပြိုင်ခင်က ရှုံးမယ့်ပြိုင်ပွဲတစ်ခုဆိုရင် အင်အားသုံးနေလည်း အပိုပဲ သား၊ သူတို့ချင်းက ဒီလိုရင်းနှီးပတ်သက်နေကြရင် သားက စည်းပိုင်းအပြင်ဘက်ကလူပဲဖြစ်မှာ၊ ပိုးပန်းစံကရော သားကိုလိုလားလို့လား"

"အဲဒါကတော့ ပြဿနာမဟုတ်ဘူး ဖေဖေ၊ အရင်ခေတ်က သုံးနှစ်သုံးမိုးတောင် ပိုးပန်းကြရသေးတာပဲ၊ သားကြိုးစားမှုအချည်းနှီး မဖြစ်နိုင်ဘူးလို့ အာမခံနိုင်ပါတယ် ဖေဖေ"

သားကတော့ တစ်ဖက်သတ် သေချာလို့နေသည်။ သား ဒီလောက်ဆန္ဒပြင်းပြနေတာမို့ တားဆီးပိတ်ပင်ရမှာစိတ်တော့မကောင်း။ ဒါပေမဲ့ တစ်ဖက်အသိုင်းအဝန်းနှစ်ခုကြားထဲ သားတိုးဝင်လို့ အဆင်ပြေပါ့မလား။

သူတို့ချင်းတွေက အဆင်ပြေပြီးသားမိသားစုတွေ။ သားအတွက် ရင်လေးပြီး သက်ပြင်းတွေချမိကာ

"အေးလေ ဖေဖေကတော့ သားကိုနေမြင့်လေ အရှူးရင့်လေ ဖြစ်ပြီး ခံစားရမှာပဲစိုးရိမ်တာပါ၊ သားဆန္ဒပြင်းပြနေတာကိုလည်း မတားချင်ပါဘူး"

"ဖေဖေ စေတနာကို သားနားလည်ပါတယ်၊ ဒါပေမဲ့ ဖေဖေ စိုးရိမ်လောက်တဲ့အခြေအနေမျိုး ဖြစ်မလာနိုင်လောက်ပါဘူး ဖေဖေ"

"အင်း သားကတော့ အာမခံတွေရဲနေတော့တာပဲ၊ ဘာမဆို ရင်ဆိုင်မယ်ဆိုတဲ့သတ္တိတွေမွေးပြီး ပိုးပန်းစံကိုချစ်နိုင်တာတော့ ဖေဖေ ချီးကျူးပါတယ်၊ ဒါပေမဲ့ ရယူပိုင်ဆိုင်ရမှမဟုတ်ဘူး စွန့်လွှတ်နိုင်တာလည်း အချစ်ပဲ သား၊ တစ်စုံတစ်ရာအကြောင်းကြောင်းတွေကြောင့် စွန့်လွှတ်ရမယ်ဆိုလည်း စွန့်လွှတ်ရဲတဲ့သတ္တိတော့ မွေးထားပါ၊ ယောကျ်ားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲလည်းခံနိုင်ရည်ရှိရတယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဖေဖေ စိတ်သက်သာအောင်ပြောလိုက်ရသည်။ ဖေဖေက ဘူ
အတွက်-စိုးရိမ်နေတာပါ။

ကိုယ်ကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသည်။

ပိုးပန်းစံ တစ်နေ့နေ့ ကိုယ့်ကိုပြန်ချစ်လာရမည်ဆိုတာ..။

■ ■ ■

## အခန်း (၂၀)

ဒီနေ့သင်တန်းပိတ်သည့်မို့ ပိုးပန်းစံနှင့်တွေ့စရာအကြောင်းလည်းမရှိတော့။ အိမ်ထဲမှာ ဒီအတိုင်းနေရမှာက ပျင်းရိခြင်းထက် ပိုးပန်းစံကို မတွေ့ရတာ ရင်ထဲလစ်ဟာဆာလောင်နေခြင်းကို မခံစားနိုင်။

ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတဲ့ လူက ယောင်တောင်တောင်နှင့် အိပ်ရာပေါ်ပစ်လှဲလိုက်၊ အပြင်ထွက်ရမလိုလိုဖြစ်လိုက်နှင့် တကယ့်ကို စိတ်တွေဗျာများလျက်ရှိသည်။

"ဟား ဟုတ်ပြီ"

ကိုမင်းမဏ္ဍိုင်နှင့်အချိတ်အဆက်လုပ်ကြည့်မို့ ဖုန်းနံပါတ်တွေနှိပ်လိုက်သည်။ ပိုးပန်းစံနှင့်တွေ့ချင်လျှင် အားကိုးရာရမှာက ကိုမင်းမဏ္ဍိုင်တစ်ယောက်သာရှိ၏။

"ဟာကွာ"

မှူးတာပေ

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ လူကြီးမင်းနှင့်တွေ့နေ၍ စိတ်မရှည်ဖြစ်သွားရဲ
အလုပ်များသူဆိုတော့ ဖုန်းလည်းမအားနိုင်ဘူးပေါ့။ အဆက်မပြတ်ခေါ်
ဖုန်းကဝင်သွား၏။

"ဟယ်လို ကိုမင်း"

"ဟာ ညီလေး၊ ဖုန်းတွေဘာတွေဆက်လို့ပါလား"

"သတိရလို့ပါ ကိုမင်းရာ၊ ဖုန်းခေါ်တာ လူကြီးမင်းနဲ့တိုးနေတော့
စိတ်ကိုမနည်းရှည်အောင်ထားပြီးခေါ်ရတယ်၊ အလုပ်တွေအရမ်းရှုပ်နေ
လား ကိုမင်း၊ ဖုန်းပြောလို့ရော အဆင်ပြေပါ့မလား"

"အလုပ်မရှုပ်ပါဘူးကွာ၊ အဆင်ပြေပါတယ်၊ ဖုန်းမအားတာက
လုပ်ငန်းကိစ္စပြောနေတာမဟုတ်ပါဘူး၊ ပိုးလေ ရုပ်ရှင်ကြည့်ချင်တယ်ဆို
ပြီး ဂျီကျနေတာ"

"ဟင် ရုပ်ရှင်ကြည့်ချင်တယ်၊ ပိုးပန်းစံကပြောတာလား"

"ဟုတ်တယ် အက်ရှင်ကားအရမ်းကောင်းလို့တဲ့၊ အခုလက်မှတ်
လှမ်းမှာဖို့ ဖုန်းနံပတ်နှိပ်ဖို့ပြင်နေတုန်း ညီလေးဖုန်းတောက်လျှောက်ဝင်
လာတာ"

"ဟိုလေ ကိုမင်း ကျွန်တော်လည်း အဲဒီကားအရမ်းကြည့်ချင်
နေတာ၊ ကျွန်တော့်အတွက်ပါ လက်မှတ်တစ်စောင် ပိုဝယ်လိုက်ပါ"

"ဟင် ညီလည်းကြည့်ချင်လို့လား၊ အင်းလေ ညနေပွဲပဲကြည့်
တာပေါ့၊ အခုက ကိုယ်မအားတော့ နေ့လယ်ပွဲကြည့်ဖို့ အဆင်ပြေမှာ
ဟုတ်ဘူး"

"ရပါတယ် ကိုမင်းတို့ကြည့်ဖြစ်တဲ့ပွဲပေါ့"

"ဒါဆို အိုကေ ညီလေး"

"အိုကေ ကိုမင်း"

မင်းမတ္တိုင် ဖုန်းချသွားသည်နှင့် လေထဲမှာလက်သီးတစ်လုံးမ





သွင်းပြီး ခုတင်ပေါ်ပျှမ်းထိုးပစ်လိုက်သည်။ ဒီလိုအခွင့်အရေးဆိုတာ ခဏ
ခဏရဖို့မလွယ်။

ကိုမင်းကိုအသုံးချသလိုဖြစ်နေတာတော့ စိတ်မကောင်းပါ။
ဒါပေမဲ့ ပိုးပန်းစံကိုချည်းကပ်ဖို့က ကိုမင်းကြားခံရှိနေလို့သာလွယ်တာ
မဟုတ်ပါလား။

ပိုးပန်းစံ မင်းနဲ့ငါကြာကြာမဝေးကွာနိုင်ပါဘူး။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၁)

နိုင်မွန်ရောက်မလာသေး၍ ပိုးပန်းစံ နာရီတကြည့်ကြည့်လုပ်နေသည်။ ချိန်းထားသည့်အချိန်ထက်နောက်ကျနေပြီ မဟုတ်ပါလား။

"ကျွတ် နိုင်မွန်ကလည်း မလာနိုင်ဘူး။ မိန်းမ ဘာလုပ်နေတယ် မသိဘူး"

"လမ်းတွေပိတ်လို့နေမှာပေါ့ ပိုးရဲ့၊ ဖုန်းဆက်ကြည့်ပါလား"

"သူ့အိမ်ကဖုန်းက သူ့အစ်ကိုကိုင်တာ၊ စောစောကဆက်တော့ အလုပ်ထဲရောက်နေလို့တဲ့၊ အဲဒီလူအိမ်ပြန်ရောက်မှ နိုင်မွန်နဲ့ဖုန်းပြောရတာ"

"ခြော်"

မင်းမဏ္ဍိုင်လည်း နာရီကြည့်မိပြန်သည်။ ထက်နေသွင်လည်း အခုချိန်ထိ ရောက်မလာသေး။ ပွဲပြချိန်က လိုသေးသည်ဆိုပေမယ့် အပြင်မှာကြာကြာရပ်နေရတာ မကောင်းပေ။





ထိုအချိန်မှာ ပိုးပန်းစံဖုန်းကမြည်လာလျက်

"ဟယ်လို အေး နိုင်မွန်လား"

"ဟုတ်တယ် အမေနေမကောင်းလို့ ဆေးခန်းလိုက်ပို့ရင်း အပြင်ကနေ ဖုန်းဆက်နေတာ"

"ဘာ ဒါဆို"

"အေး ငါရုပ်ရှင်ကြည့်ဖို့ မလာဖြစ်တော့ဘူး၊ ငါ့အမေ တော်တော်နေမကောင်းဖြစ်နေလို့ပာ၊ ကိုမင်းမဏ္ဍိုင်နဲ့နင်နဲ့ နှစ်ယောက်တည်းသာကြည့်တော့ သိလား၊ ငါ ဂွင်ဖန်ပေးတယ်လို့ပဲ သဘောထားပာ၊ ဒီအစီအစဉ်အတွက် နောက်နေ့ကျ ဝိုင်းကြီးတစ်ဝိုင်းနော်"

"ချိုးထုပ်မ ချိုးထုပ်မ အပိုတွေမပြောနဲ့ ဒါပဲ"

ဖုန်းကိုအမြန်ပင်ပိတ်လိုက်သည်။ နိုင်မွန် မလာနိုင်တာ သိရပြီဆိုတော့ စောင့်နေဖို့ စိတ်လျှော့လိုက်ရသည်။

"ကိုကို သွားမယ်"

"နိုင်မွန်က မလာတော့ဘူးတဲ့လား"

"အင်း သူ့အမေ နေမကောင်းလို့ဆေးခန်းလိုက်ပို့နေရတယ်တဲ့၊ ရုပ်ရှင်လည်းပြတော့မှာဆိုတော့ ဝင်ရအောင်"

"ခဏလေးစော င့်ပါဦး"

"ဘာလို့လဲ ရုပ်ရှင်ကပြပါတော့မယ်ဆို"

"ထက်နေ လာဦးမယ်ဆိုလို့"

"ဘာ သူက ဘာလာလုပ်မှာလဲ"

"သူလည်း ရုပ်ရှင်ကြည့်မယ်ဆိုလို့ လက်မှတ်ပိုဝယ်ထားတာ"

"အာ ရှုပ်တယ် သွား၊ ကိုကိုက ဘာလို့သူ့ကိုခေါ်တာလဲ"

"ခေါ်တယ်ရယ်တော့ ဘယ်ဟုတ်မလဲ၊ သူလည်း ကိုယ့်ညီလေးပဲလေ၊ ကြည့်ချင်တယ်ဆိုတော့ ခေါ်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကလေ ထက်နေသွင်ကို မျက်နှာသာပေးလွန်းတယ် အလိုလိုက်ရင် အမိုက်စော်ကားတတ်တယ်တဲ့၊ ခေါင်းပေါ်တက်ချိုးပါရင် ဘယ်လိုလုပ်မလဲ"

"ဘာတွေပြောနေတာလဲ ပိုးရယ်၊ ညီက ဘာလို့ အဲလိုလုပ်မှာလဲ၊ ပိုးက ထက်နေကို အရမ်းရန်လိုနေသလိုပဲ၊ အဲဒါအကြောင်းအရင်းများရှိနေလား ပိုး"

မယုံသင်္ကာ မေးခွန်းမျိုးလားဟု ကိုကို့မျက်နှာကိုမော့ကြည့်မိတော့ သိချင်လို့ရိုးသားစွာ မေးနေခြင်းဆိုတာ ငြင်းလို့မရ။

ကိုကို့ကို မညာချင်ဘဲ ညာနေမိတာ အပြစ်များဖြစ်နေပြီလား။ ဒါပေမဲ့ သူမ သစ္စာမဲ့ဖောက်ပြားနေတာမျိုးမှမဟုတ်တာ။ အခုချိန်ထိ ထက်နေသွင်ကိုလက်ခံဖို့ မစဉ်းစားမိသေးသလို သစ္စာမဲ့ဖို့လည်း မပြင်ဆင်ရသေးပါ။

ဒီအခြေအနေထိ ရောက်လာခဲ့ခြင်းက ကိုကိုကိုယ်တိုင် ထက်နေသွင်ကို သူမတို့နှစ်ယောက်ကြားထဲ ထဲထဲဝင်ဝင် ပတ်သက်အောင်ခေါ်သွင်းလာခဲ့တာဖြစ်သည်။

သူမ ခေါင်းပဲရမ်းဖြစ်ကာ

"ဘာမှမဟုတ်ပါဘူး။ အရမ်းရုပ်ပြောင်လွန်းတာကို အမြင်ကတ်တာ၊ ယောကျ်ားဖြစ်ပြီး တည်တည်တံ့တံ့မရှိဘူး၊ ကိုကိုက မျက်နှာသာပေးတော့ ပိုဆိုးနေတာပေါ့၊ ကဲပါ သူ့အကြောင်း မပြောချင်ဘူး၊ သူ့ကိုစောင့်မနေနဲ့၊ ခိုင်မွန်မလာလို့ စိတ်တိုနေရတဲ့အထဲမှာ ရုပ်ရှင်တောင်ပြတော့မယ် လာ ကိုကို"

"ဟို ပိုး"

မင်းမဏ္ဍိုင် ပြောလို့မရ။ ပိုးပန်းစံ ဖွင့်ဆွဲခေါ်တာမို့ ပါလာရသည်။ ထိုင်ခုံနံပါတ်အတိုင်း ထိုင်မိချိန်ထိ စိတ်ကမဖြောင့်။ ဇာတ်ကားကောင်းလို့ လူများသည်မို့ ကိုယ်တွေကို ထက်နေသွင်ရှာလို့ရမှရပါ့မလား။





"ကိုကို့မျက်နှာက ပိတ်ကားဘက်လှည့်လေ၊ ဟိုမှာ ရုပ်ရှင်ပြနေပြီ"

"အင်းပါ အခုချိန်မှဆို ခိုင်မွန်လိုပဲလာဖြစ်တော့မှာမဟုတ်ဘူးထင်တယ်"

"ဟုတ်တယ် လာတော့မှာမဟုတ်ဘူး ကြည့်တော့"

သူမ ပြောလိုက်မှ ကိုကို စိတ်ချလက်ချ ပိတ်ကားထက်မှာ အာရုံရောက်သွား၏။

"ဟင်"

သူမဘေးက လွတ်နေသော ထိုင်ခုံမှာ လူဝင်ထိုင်လိုက်တာက သူမဘက်ယိုင်ကျလာတာမို့ သူမ လန့်ဖျပ်ကာလှည့်ကြည့်လိုက်တော့ စပ်ဖြဲဖြဲမျက်နှာနှင့်ထက်နေသွင် ဖြစ်နေသည်။

လက်ထဲမှာလည်း ပေါက်ပေါက်ဘူးတွေ မုန့်ထုပ်တွေနှင့်။

"ရော့ မုန့်တွေဝယ်လာတာ"

"မစားချင်ပါဘူး နင့်ဟာတွေ"

"ရော့ ယူပါ၊ အားလုံးအတူတူစားဖို့ ဝယ်လာတာ၊ ကိုမင်း ဒီမှာပေါက်ပေါက်ဘူး"

"ဩော် ညီရောက်လာပြီလား။ ဘာလို့နောက်ကျနေတာလဲ"

"မီးပွိုင့်မှာကြာသွားလို့ ကိုမင်း၊ မမိတော့ဘူးတောင်ထင်နေတာ"

"အတော်ပဲ မေ့ပြီး ဘာမုန့်မှတောင် ဝယ်မလာမိဘူး"

"ရေသန့်ဘူးလည်းပါတယ်၊ ရော့ ယူထား ကိုမင်း"

မင်းမဏ္ဍိုင်နှင့်ထက်နေသွင်ရဲ့ကြားထဲမှာ ရောက်နေသည်မို့ သူမ ရှေ့ကနေ ဟိုဟာပေးလိုက် ဒီဟာပေးလိုက်ဖြင့် ထက်နေသွင်ကလည်းတော့



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးတွေယူနေပြန်သည်။

"ညီ ဖာတ်ကားကောင်းတယ်ကွ"

"ဟုတ်ကဲ့ ကျွန်တော်လည်းကြိုက်တယ်၊ ရုံစတင်ကတည်းက ကြည့်ချင်နေတာ၊ အဖော်မရှိလို့လေ၊ အခုမှ အဖော်တွေနဲ့အဆင်ပြေသွားတော့တယ်"

"ကဲ စကားများဖို့လာတာလား ရုပ်ရှင်ကြည့်ဖို့လာတာလား"

သူမကိုကြားထဲကထားပြီး ဟိုဘက်ဒီဘက် စကားပြောနေကြတာမို့ သူမ အော်ပစ်လိုက်သည်။ အခုမှ ကိုယ်ရှိန်သတ်သွားကြကာ ပိတ်ကားထက် အကြည့်ရောက်သွားကြသည်။

ခဏအကြာမှာတော့ သူမ မစားပါဘူးလို့ပြောထားသည့် ပေါက်ပေါက်ဘူးကို ဖောက်၍စားလိုက်သည်။

"တယ်"

"ဆောရီး"

သူမ နှိုက်စားနေသော ပေါက်ပေါက်ဘူးထဲကို ထက်နေသွင် လက်ရောက်လာ၍ သူမလက်ကို အုပ်မိုးဆုပ်ကိုင်ခံထားရသလို ဖြစ်သွားသည်။ ဆောရီးဟုပြောပေမယ့် သူမလက်ကိုထက်နေသွင် မလွှတ်။

ကိုကိုမသိအောင် ဆောင့်ရုန်းပေမယ့် ထက်နေသွင်က တင်းတင်းဆုပ်ကိုင်ထားဆဲပင်။ သူမ ရင်ခုန်သလိုလို ရှက်သလိုလိုဖြင့် ထူထူပူပူကြီး ဖြစ်လို့နေသည်။

ဒါကြောင့်မို့ ခပ်ကြိတ်ကြိတ်လေးနှင့်

"ဘာဖြစ်နေတာလဲ"

"ပေါက်ပေါက်နှိုက်စားနေတာ"

"အဲဒါ လက်ကိုဘာလို့ကိုင်ထားတာလဲ ဖယ်"

"ဟင့်အင်း"





"လူတွေနဲ့မအော်ရဲဘူးထင်လို့ အခွင့်အရေးယူနေတာလား"

"မဟုတ်ဘူး မင်းကိုချစ်လို့"

"ဘာ"

လူတွေအများကြီးနှင့် ရုပ်ရှင်ရုံထဲမှာရည်းစားစကားပြောတာဆိုလို့ ထက်နေသွင်တစ်ယောက်သာရှိမည်ထင်၏။ သူမ လန့်ဖျပ်ကာ အသံလေးခပ်အုပ်အုပ်ကျယ်သွားတော့ ကိုကိုလှည့်ကြည့်လာသည်။ ထိုအချိန်မှာတော့ ထက်နေသွင်တို့ အကောင်းပါးစွာ ရုပ်ရှင်ကိုကျွန်ကြွေရွှေစွာနှင့်မင်သေသနှင့်ကြည့်နေခဲ့သည်။

"ပိုး ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ဘူး ရုပ်ရှင်ကကောင်းလို့ ဟို အော်မိတာ"

"ဩော် ဟုတ်တယ်နော်၊ အရမ်းကောင်းတယ် ကြည့် ကြည့်နော်"

ပြောပြီး မင်းမဏ္ဍိုင်ပြန်လှည့်သွားသည်။ ထက်နေသွင် အခွင့်အရေးပြန်ရသွားကာ သူမဘက်ကို သူ့ကိုယ်ကြီး မှီကျလာလျက်

"အဖြေဘယ်တော့ပေးမှာလဲ"

"နင်နော် ပါးစပ်ပိတ်ထားစမ်းပါ"

"ချစ်တယ်လို့ပြော"

"ဟယ် လုပ်ပြန်ပြီ"

သူမလက်ကလေး သူ့လက်ထဲကို ပြန်ရောက်သွားပြန်၏။ တကယ်ကို လက်ရဲဖက်ရဲနိုင်သည့် ထက်နေသွင်။

သူမစိတ်တွေကျဉ်းကျပ်ကာ ရှက်ရှက်နှင့် အော်ပစ်လိုက်ချင်သည်။ ထက်နေသွင် အတင့်ရဲလွန်းနေတာပါ။

ဒါပေမဲ့ သူ အတင့်ရဲနေတာကို သူမမှလွဲ၍ ဘယ်သူမှမသိအောင် လျှို့ဝှက်သိပ်သည်းစွာအကင်းပါးလွန်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ပိုး ပိုး ,ချစ်လား"

သူမလက်ကိုလည်း ဆွဲလို့ရုန်းလို့မရ၊ နားနားတိုးကပ်ကာလည်
တကျိကျိ။

ဝိတ်ကားထက်မှ ကိုကိုစိတ်ဝင်တစား အာရုံရောက်နေလို့ ေ
ပါသေးသည်။ ဒီလိုအတွေ့အကြုံမျိုး သူမတစ်ခါမှမခံစားဘူးခဲ့၊ ယောက်
လေးတစ်ယောက်ရဲ့တကျိကျိအချစ်ကို တောင်းဆိုခံရခြင်းက ဒါပထမဦးဆ
ဖြစ်သည်။

ရုန်းရတာကြာလာလို့ အင်အားမဲ့သွားသည်လားမသိဘဲ သူ
ငြိမ်သက်စွာရင်တွေခုန်နေခဲ့သည်။ ဒါဟာ ကိုကို့အပေါ်သစ္စာမဲ့သလိုဖြ
နေခဲ့ပြီလား။

သစ္စာပန္နက်ထားသည့် ပတ်သက်မှုမျိုးမဟုတ်သော်လည်
အပြစ်ရှိသလို ခံစားမိရင်း ထက်နေသွင်ရဲ့ထိတွေ့မှုမှလည်း ရုန်းမထွ
သာပေ။ ဘာကြောင့် သူမ မိန်းမောသာယာသွားမိခဲ့တာလဲ။

အချစ်ဟာ ဖြားယောင်းညှို့ယူနိုင်သော အစွမ်းတွေရှိခဲ့သည်

■ ■ ■

## အခန်း (၂၂)

"နင် ဘာဖြစ်သွားတယ် ပိုး၊ ဘာပြောတာလဲ ငါ့ကိုပြန်ပြော
ဦး"

"မပြောချင်ဘူး"

မျက်နှာကိုလက်ဝါးနှင့်အုပ်ပြီးပြောတာမို့ ဘာကိုအရှက်သည်း
တာလဲ နိုင်မွန် မသိပေ။ ထက်နေသွင်နှင့်ပတ်သက်ပြီး ဘယ်လိုဖြစ်
တယ်ဆိုတာ ပြောတော့ပြောပေမယ့် ဟုတ်ပုံမလားလို့ သေချာအောင်
မေးတာ။

အခုကျတော့ မပြောချင်ဘူးဟု ပြောပြန်သည်။ မျက်နှာအုပ်
ထားသော ပိုးပန်းစံလက်ကို ဆွဲဖယ်လိုက်ပြီး

"အဖြေပေးလိုက်တယ်လို့ ပြောတာလား"

"မပေးရသေးပါဘူး"



www.burmeseclassic.com

"ဒါဆို လက်အကိုင်ခံရတာ အရသာရှိလို့ ငြိမ်နေတာပေ့"

"မဟုတ်ပါဘူး၊ ရှုန်းရင်းဆန်ခတ်ဖြစ်ရင် ကိုကို သိမှာစိုး
ငြိမ်နေတာ"

"အဲဒါကိုက မရိုးသားတာ၊ နင် လက်မခံချင်ရင် ကိုမင်းမျှ
သိအောင်ပြောရမှာပေါ့၊ နောက်လည်း မဆက်ဆံရအောင် ပွင့်ပွင့်လ
လင်းကို အသိပေးသင့်တာ"

"နင်ငါ့ကိုဆူနေတာလား ခိုင်မွန်"

"ဘယ်ဘက်ကို အားပေးရမှန်းမသိလို့ ငါကိုရှုးချင်လာတ
နင် ဘာဖြစ်နေတာလဲ ပိုး"

"ငါ ကိုကို့ကို သစ္စာမဲ့သလိုဖြစ်မှာစိုးတယ်"

"သူ့အပေါ်သစ္စာရှိပါလို့ ကိုမင်းမတ္တိုင်က နင့်ကိုပြောဖူး
လား၊ ချစ်သူတစ်ယောက်လိုချစ်ပါတယ်ဆိုတာရော ဖွင့်ပြောဖူးလာ"

ခိုင်မွန်း မေးခွန်းက ထိရောက်ပါသည်။ သူမ ခေါင်းအသ
အယာရမ်းပြကာ

"ငါလည်း အဲလိုတွေးဖြစ်ပါတယ်"

"ဒါဆို ကိုမင်းမတ္တိုင်ကို နင်တစ်ဖက်သတ်ချစ်နေလို့ တွေး
နေတာလား ပိုး"

"ကိုကိုနဲ့ပတ်သက်ရင် အချစ်ဆိုတာကို တစ်ခါမှမတွေးဘူး
ပါ၊ သင့်တော်မယ် ဖြစ်သင့်တယ်၊ ဒီထက်ကောင်းတဲ့ယောက်ျားမရှိနိုင်ဘူး
မတွေ့နိုင်ဘူး အဲလိုဆုံးဖြတ်ချက်မျိုးနဲ့ပဲ"

"ထက်နေသွင်အပေါ် စိတ်ခံစားချက်ကရော"

"အမြင်ကတ်စရာကောင်းတယ်၊ မဖြစ်သင့်ဘူးလို့ ကိုယ့်ကိုယ
ကိုယ် ကြောက်ကန်ကန် သတိပေးနေရင်းက ငါရင်ခုန်တတ်လာတယ
ထင်တာပဲ"





"အတိအကျဝန်ခံစမ်းပါဟယ်၊ မရှုပ်မလင်းနဲ့ ဝေခွဲမရ မလုပ်
စမ်းပါနဲ့၊ ကိုယ့်ရဲ့စိတ်ဆန္ဒတွေကို ကိုယ်ပိုင်တယ်၊ နင့်ဆုံးဖြတ်ချက်က
ဘာလဲ"

"အရိုးစွဲလာတဲ့ဆုံးဖြတ်ချက်က ကိုကို့ကိုလက်ထပ်ဖို့ပဲ"

"အချစ်ဆိုတာကို မခံစားဘူးတော့ရင်လည်း ရတယ်လား၊"

ခံစားကြည့်ချင်တယ်ဟု ရင်ထဲမှာ တိုးတိတ်စွာပြောမိ၏။ ဒါပေမဲ့
ဝန်ခံဖို့တော့မရဲပေ။

"မေမေ့ကိုဆန့်ကျင်ရမှာမျိုးတော့ မဖြစ်ချင်ဘူး၊ ငါကိုယ်တိုင်က
ဆိုလိုချင်ချင် လက်ခံထားတဲ့ကိစ္စ၊ ပြောရရင် ငါ့ဘဝထဲကို ထက်နေသွင်
ဝင်လာလိမ့်မယ်လို့တစ်ခါမှ မတွေးခဲ့ဘူးတာ"

"အချစ်ဆိုတာ စိတ်ကူးယဉ်သက်သက်တော့မဟုတ်ဘူး ပိုး၊
ဘိုနေရာဒီနေရာကနေ အလွယ်တကူ ဝင်ရောက်လာတာမျိုးလည်း မဟုတ်
ဘူး၊ အကြောင်းရေစက်တွေရှိမှ ဆုံဆည်းရတာမျိုးပဲ၊ သူ့အတွေ့အထိမှာ
ဘာယာတတ်လာပြီ ရင်ခုန်တတ်လာပြီဆိုတည်းက နင်သူ့ကိုချစ်လာလို့ပဲ"

သူမ ဝန်ခံရတော့မလိုပင်။ ကိုကို့ကိုပွင့်လင်းစွာမပြောဖြစ်ခဲ့
ဘာဟာ ထက်နေသွင်ကို မသိစိတ်ကလက်ခံနေခဲ့မိလို့ပဲမဟုတ်ပါလား။

"နင် ငြိမ်နေတာ ဝန်ခံတာလား ပိုး"

"မချစ်ဘူးတော့ ကြောက်တယ် ခိုင်မွန်၊ အမှန်အတိုင်းပြောရ
ရင် ထက်နေသွင်ကို ငါမချစ်ရဲဘူး"

"နင့်ကိုကိုလောက်အရည်အချင်းမရှိလို့လား"

"အခု အဲဒါတွေမတွေးချင်တော့ဘူးထင်တယ်၊ သူ ငါ့ကိုကူညီ
တာရော ကိုကို့ကိုကူညီတာရော စေတနာသန့်သန့်နဲ့ဆိုတာ ငါ လက်ခံ
နိုင်ပါပြီ၊ ကိုကို့မှာမရှိတဲ့အရည်အချင်း သူ့မှာရှိတယ်၊ မရင့်ကျက်သေးတာ
ဟာ အသက်အရွယ်အရလို့လည်း ခွင့်လွှတ်နားလည်ပေးချင်သလိုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နိုင်မွန် ကိုကို့လိုလူမျိုးကို လက်လွှတ်လိုက်ရအောင်အထိတော့ ငါသတ္တိမရှိဘူးထင်တယ်''

''ရင်မောလိုက်တာဟယ်''

နိုင်မွန် စိတ်ခါတ်ကျသလို အုတ်ခုံမှာဖင်ထိုင်ချသည်။ သင်တန်းကို စောထွက်လာခဲ့ဆိုလို့သာ လာခဲ့တာ၊ ဒီလိုရင်ဖွင့်ချင်လို့မှန်းမသိ

ရောက်လာတော့လည်း ကျောင်းကင်န်တင်းကိုမသွား။ ခဏဟု ဆိုကာ သင်တန်းနှင့်ခပ်လှမ်းလှမ်းမှာ လာထိုင်ဖြစ်ကြသည်။

''နိုင်မွန်''

''ဘာလဲ''

''ငါ နောင်တရတဲ့အဖြစ်မျိုးနဲ့ ကြုံရနိုင်လား''

''မင်းမဏ္ဍိုင်နဲ့လက်မထပ်ဖြစ်ရင်လား၊ ထက်နေသွင်အချစ်ကို လက်မခံဖြစ်ရင်လား''

''တစ်ခုခုပေါ့ဟာ၊ ငါ ရွေးချယ်ရခက်တာနှစ်ခုလုံးကို မစွန့်လွှတ်ချင်တာကြောင့်လည်း ဖြစ်နိုင်တာပဲ''

''စဉ်းစားပါ ပိုး၊ အချစ်က ဘဝတစ်ခုလုံးနဲ့ယှဉ်ရင် အစိုင်အခဲ သေးသေးလေးလို့ ထင်ရပေမယ့် အချစ်မပါရင် အိမ်ထောင်ရေးက ရေရှည်မခိုင်မြဲနိုင်ဘူး၊ မပျော်ရွှင်နိုင်ဘူး။ ဒါပေမဲ့ နင်ဆုံးဖြတ်ရခက်သွားမှာ စိုးလို့ ဘယ်အရာကိုမှ မတိုက်တွန်းတော့ဘူး။ မကန့်ကွက်တော့ဘူး ပိုး နင့်အတွက်အရေးကြီးတဲ့အချိန်ရောက်နေပြီ''

နိုင်မွန်ပြောတာ မှန်သည်။ ထက်နေသွင်က ဖွင့်အဖြေတောင်း လာလျှင် သူမ ရှောင်တိမ်းရခက်စွာ သစ္စာရှိရတော့မှာ။ ဘဝကိုအရှုံး အနိုင်လောင်းကြေးမထပ်ချင်။

ဒီအတိုင်း အဆင်ပြေနေပါလျက်နဲ့ အချစ်ကိုကိုးကွယ်ရာ တစ်ခု အဖြစ် တောင့်တနေလို့ဖြစ်ပါ့မလား။





''သွားရအောင် နိုင်မွန်''

''သင်တန်းမတက်တော့ဘဲ အိမ်ပြန်မှာလား''

''ဟင့်အင်း သင်တန်းကို ကိုကိုလာမယ်လို့ပြောတယ်၊ မနက်က ...စ်ခုနဲ့ ကိုကိုထွက်သွားတော့ သင်တန်းကိုသူ့ကားနဲ့မလာခဲ့ရဘူး၊ ...ဒါ သူဝင်လာမယ်တဲ့ အချိန်မှီ ကင်န်တင်းမှာမုန့်ကျွေးမယ်လို့ပြောတယ်၊ ...ရောက်တောင်နေပြီလားမသိဘူး''

''နင်မပြတ်မသားဖြစ်နေသေးတယ် ပိုး၊ အဖိုးတန်လူတစ်ယောက်ကို နင်လက်လွှတ်လိုက်ရမှာ နှမြောနေတယ်ဆိုတာ ငါ နားလည်ပါတယ်၊ အချိန်ကပဲအဖြေပေးသွားပါလိမ့်မယ်၊ ကိုမင်းမဏ္ဍိုင်နဲ့သွားတွေ့ ...ဆို ငါမလိုက်တော့ဘူး၊ နင်တို့အေးအေးဆေးဆေး စကားပြောကြပါ၊ ...ဒါ အတန်းထဲကပဲစောင့်မယ်''

နိုင်မွန်နှင့်သူမ ကင်န်တင်းရှေ့ကခါနီးလောက်မှာ လမ်းခွဲလိုက် ကြသည်။ ကင်န်တင်းထဲရောက်တော့ ကိုကို မတ်တပ်အနေအထားနှင့် ...င် ဖုန်းခေါ်ဖို့ပြင်နေ၏။

''ကိုကို''

''ဪ ပိုး ကိုယ်က ကိုယ်ရောက်နေပြီဆိုတာ အခုပဲ ဖုန်း ...ဆက်တော့မလို့၊ အခုမှရောက်တာလား ပိုး၊ ကားရောမပါဘူးလား''

''ကားပါကင်ထိုးပြီးမှ နိုင်မွန်နဲ့စကားပြောနေလို့ပါ၊ ကိုကို့ကိစ္စ ...တ ပြီးခဲ့ပြီလား''

''အင်း၊ ညှိသည်ကို လေယာဉ်ကွင်းသွားပို့ရုံပါ၊ ပိုးဘာစားပြီး ...ပြီလဲ ထိုင်လေ''

''ကော်ဖီပဲသောက်တော့မယ်''

''ကိုယ်တော့ ဒီဆိုင်က အသားပေါင်းဖက်ထုပ်စားချင်နေတာနဲ့ ...မှာထားတယ်၊ ပိုးကော်ဖီတစ်ခွက်နဲ့ဗိုက်ပြည့်ပါ့မလား''



www.burmeseclassic.com

www.burmeseclassic.com



"ပိုး မိုက်မဆာလို့ပါ"

"ပိုး နေရောကောင်းရဲ့လား"

သွက်လက်ဖျတ်လတ်ခြင်းမရှိတာမို့ နပူးလေးစမ်းကာမေးတော့ သူမ ဘာကိုဝမ်းနည်းမှန်းမသိတဲ့ ငိုချင်နေမိသည်။ ကိုကို့ရဲ့အကြင်နာရှေ့ လိုက်လျောခြင်းတွေက အချစ်ဆိုလျှင် ဘယ်လောက်ကောင်းမလဲ။

တခြားအချစ်ဆိုတာကို သူမ တောင့်တနေမှာမဟုတ်ပေ။

သူမ ခေါင်းညိတ်ပြလိုက်တော့ လာချပေးသော ကော်ဖီခွက်လေး ကို သူမရှေ့တိုးရွှေ့ပေး၍

"ကော်ဖီပူပူလေးသောက်လိုက် လန်းသွားလိမ့်မယ် ပိုး၊ သိပ်နေ မကောင်းရင် သင်တန်းမတက်နဲ့လေ၊ ကိုယ်အိမ်ပြန်လိုက်ပို့ပေးမယ်"

"အဲလိုမဟုတ်ပါဘူး နေကောင်းပါတယ်"

"ပိုး ငြိမ်လွန်းတာ ကိုယ်တစ်ခါမှ မတွေ့ဖူးဘူး၊ ဘာတွေ တွေးစရာရှိနေလို့လဲ ပိုး"

"မ မတွေးပါဘူး ကိုကိုကလည်း၊ ပိုး အိပ်ရေးမဝလို့ ဒီလို ဖြစ်နေတာပါ"

"ကောင်းကောင်း အိပ်မပျော်တာကိုက တွေးနေလို့မဟုတ်ဘူး လား ပိုး၊ ကိုယ်တို့လက်ထပ်ဖို့ကိစ္စကို ပိုးမေမေ တိုက်တွန်းနေလို့ တွေး ဖြစ်သွားတာလား"

"ဟင်"

"ကိုယ့်ကိုလည်း ဖေဖေကပြောတယ်၊ မင်းမငယ်တော့ဘူးတဲ့ ပိုးနဲ့လည်းအဆင်ပြေ၊ နှစ်ဖက်မိဘလည်းအဆင်ပြေနေရဲ့သားနဲ့ ဘာလို့ အချိန်ဆွဲနေမှာလဲလို့ ပြောတော့ ပိုးသဘောကရော ဘယ်လိုလဲ၊ ဒီအတိုင်း နေချင်သေးလား၊ လက်ထပ်တော့မလား"

"ရှင်"





ကိုကိုနှင့်သူမ လက်ထပ်ဖို့ဒီလိုမျိုး တစ်ခါမှမဆွေးနွေးဘူးပါ။ ကိုကိုကလည်း မမေးဘူးသလို သူမကိုယ်တိုင်ကလည်း မေမေက ဒီလို ပြောနေတယ်လို့ မတင်ပြဘူးပေ။

အခုမှ ကိုကို ဒီအကြောင်းပြောတာ ဘာကြောင့်လဲ။

"ကိုကို"

"အင်း ပြော ပိုးလေး"

"ကိုကို့ဆန္ဒကရော လက်ထပ်ဖို့ရည်ရွယ်ထားလို့လား"

"ဒါ ကိုယ်တို့နှစ်ယောက်လုံးသိထားတဲ့ကိစ္စပဲလေ၊ အခုမဟုတ် တောင် တစ်နေ့နေ့တော့ မိဘတွေဆန္ဒရှိတဲ့အတိုင်း ကိုယ်တို့လက်ထပ် ကြရမှာပဲ၊ ပြီးတော့ ကိုယ်တို့နှစ်ယောက်လုံးသံယောဇဉ်ရှိကြတဲ့အတွက် ဒီကိစ္စကို ဘာအကြောင်းပြချက်နဲ့မှ ငြင်းစရာမလိုဘူးမဟုတ်လား"

"ဟုတ်ပါတယ်"

သူမ ငြင်းစရာမရှိပါ။ အစတည်းက ဒီအတိုင်းပဲ စီစဉ်ထားခဲ့ ကြတာမဟုတ်ပါလား။ အချစ်အကြောင်း အရေးတယူမပါတာကလွဲရင် ပေါ့လေ။

"ကိုမင်း"

"ဟာ ညီ"

ကိုကို့ပခုံးကိုဖက်ကာ ဝင်ထိုင်လိုက်သော ထက်နေသွင်ကြောင့် သူမ လွတ်လမ်းရှာရခက်စွာ မှန်းကျပ်သွားရသည်။ အလစ်အငိုက်ဖမ်း၍ မျက်စိတစ်ဖက်မှိတ်ပြတတ်သော သူ့ရဲ့အကျင့်လေးက အရင်လိုမခါးသီး တော့ပေမယ့် သူမကိုစိတ်ဖိစီးမှုတွေများစေတာတော့ အမှန်ပင်။

"ကိုကို ပိုးသွားတော့မယ်"

"နေပါဦး ပိုးရဲ့၊ ကော်ဖီက သောက်တောင်မသောက်ရသေး ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မသောက်ချင်တော့လို့ပါ။ ခိုင်မွန်လည်းစောင့်နေလို့ သွားပြီ"

သူရောက်လာမှ ထသွားတာကြောင့် ရင်ထဲတော်တော် မကောင်းဖြစ်သွားသည်။ သူ့အတွက်နေရာမရှိဘူးဆိုတာ သက်သေပြချင်တာပဲလား။ မနေ့က နွေးထွေးမှုလေးတွေ ပြန်ပျောက်သွားလို့မဖြစ်ပါ။

"ကိုမင်း"

"အင်း ညီ ဘာစားမလဲ မှာလေ၊ သင်တန်းချိန်က နည်းနည်းလိုသေးတယ်မဟုတ်လား"

"အချိန်စေ့လည်း ကျွန်တော် မတက်တော့ပါဘူး၊ ကိုမင်းနဲ့ စကားပြောချင်လို့"

"ဘာတွေပြောမှာမို့လဲ ညီ ပြောလေ"

"ပိုးပန်းစံနဲ့ဆက်ဆံရေးက အရင်အတိုင်း ရိုးရိုးသားသားပဲလား"

"ဟင် ဘယ်လိုပြောတာလဲ"

"ချစ်သူတွေမဟုတ်ဘူးဆိုတာလေ"

"သြော် ချစ်သူတွေမဟုတ်ပါဘူး၊ ဒါပေမဲ့ မိဘတွေက ဆန္ဒရှိထားတော့ အခုပဲ လက်ထပ်ဖို့ကိုစွဆွေးနွေးနေကြတာ"

"ဗျာ"

ဒါကြောင့် သူရောက်လာတာနှင့် ချက်ချင်းကြီးထသွားတာပါလားဟု အတွေးဝင်၏။ သူမမျက်နှာလေး မသာမယာ ညှိုးနွမ်းနွမ်းလေးဖြစ်သွားတာဟာ ဘာကြောင့်ပါလဲ။

မနေ့က တဒင်္ဂအတွေ့အထိလေးမှာ ငြင်းဆန်မှုမရှိ သာယာခဲ့သည်ဆိုတာ သူသိနေသည်။ ခါးခါးသီးသီး ငြင်းဆန်မှုမပြုတာဟာ သူမျှော်လင့်လို့ရသည့်အနေအထားလေးပဲမဟုတ်ပါလား။

"ကို ကိုမင်းအနေနဲ့ပိုးပန်းစံအပေါ် ဘယ်လိုသဘောထားလဲ၊





အချစ်မပါဘဲ အိမ်ထောင်ဘက်ရွေးချယ်တာ ကိုမင်းရဲ့စိတ်ခံစားမှုက"

"အပွင့်လင်းဆုံးဝန်ခံရရင် ပိုးပန်းစံက အိမ်ထောင်ဘက်အဖြစ်ရွေးချယ်ရမှာ သင့်တော်ပါတယ်၊ ပြောရရင် အချက်အပြတ်ကောင်းတယ်၊ ပြုစုယုယတတ်တယ်၊ အမေဖြစ်သူက စည်းစနစ်နဲ့သင်ပေးထားတဲ့အတွက် အိမ်ထောင်မှုထိန်းသိမ်းနိုင်တယ်ပေါ့ကွာ၊ ယောကျ်ားတိုင်းလက်ခံနိုင်တဲ့အရည်အချင်းရှိတယ်၊ ဒါပေမဲ့"

မင်းမင်္ဂလာကျိုင် စကားမဆက်။ စားလက်စပန်းကန်ကို တစ်ဖက်တိုးရွှေ့လိုက်ပြီး စားပွဲပေါ်လက်ထောက်၍

"ယောကျ်ားတစ်ယောက်အတွက် ဘာအလိုအပ်ဆုံးလဲ ညီ"

"ဗျာ"

"အချစ်လား သာယာမှုလား"

"အချစ်ကြောင့်ရတဲ့သာယာမှုက ခိုင်မြဲမယ်လို့ ထင်တာပဲ"

"ရိုးဒိ ညီတော်တယ်"

"ပိုးနဲ့ပတ်သက်ပြီး သာယာမှုရှိခဲ့တယ်လို့ ပြောချင်တာလား"

မင်းမင်္ဂလာကျိုင် ခေါင်းခါတော့ ထက်နေသွင် အံ့ဩရသည်။ မင်းမင်္ဂလာကျိုင် အပြုံးများက အဓိပ္ပာယ်တစ်မျိုးဖြစ်နေသည်ဟု ခံစားရ၏။

"ပိုးနဲ့ပတ်သက်ပြီး သာယာတာဟာ အချစ်ကြောင့်မဟုတ်ဘူး၊ သေချာတယ်၊ ပိုးကို ကိုယ် ညီမလေးတစ်ယောက်လိုသံယောဇဉ်ရှိတာ၊ သွေးသားမတော်စပ်တဲ့သူစိမ်းမိန်းကလေးပါလားဆိုပြီး သူ့ရဲ့ပြုစုယုယမှုတွေ ဆိုးနွဲ့ဂျိုတိုက်မှုတွေကို နှလုံးသားနဲ့ခံစားကြည့်တယ်၊ ဒါပေမဲ့ အရောင်မပြောင်းတာဟာ ရိုးသားမှုသက်သက်လို့ အမည်မတပ်ချင်ပါဘူး၊ ပိုးက ကိုယ်လက်ထပ်ရမယ့် မိန်းကလေးလေ"

"ဒီအစွဲကြောင့် အလေးအနက်မရှိခဲ့တာဆိုရင် အချစ်က သူ့အလိုလိုပေါ်ပေါက်လာမှာမဟုတ်ဘူး၊ သေချာအပိုင်ရပြီးသားပဲလို့ အပိုင်



www.burmeseclassic.com

www.burmeseclassic.com



တွက်ထားတဲ့အတွက် အချစ်ကအရေးမကြီးဘူးဆိုရင် ပိုးဘက်က မနစ်နာ နိုင်ဘူးလား ကိုမင်း''

"ပိုးလည်း ကိုယ့်လိုပဲ နားလည်ထားတာဆိုတော့ အဲဒါကိုတော့ တွေးမိမယ်မထင်ပါဘူး၊ သူလည်း ကိုယ့်ကိုသံယောဇဉ်ရှိတယ်''

"ဒါဟာ အနေနီးစပ်တာကြောင့်လည်း ဖြစ်နိုင်တယ်၊ တခြား ယောက်ျားလေးတွေထက် လေးစားဖို့ကောင်းတယ်ဆိုတဲ့အမြင်နဲ့ အချစ် မရှာဖွေတော့တာလည်း ဖြစ်နိုင်တယ်၊ သံယောဇဉ်နှစ်ခု ဆုံရုံနဲ့ အိမ်ထောင် တစ်ခုမဖြစ်နိုင်ဘူး ကိုမင်း၊ အချစ်က လူသားတွေအတွက် လိုအပ်ပါ တယ်၊ နှစ်ဦးနှစ်ဘက် တစ်သက်တာ အနစ်နာခံပေးဆပ်သွားရမယ့်ကိစ္စ လေ''

"ညီ ဘာကြောင့် ပိုးအကြောင်းတွေ ဆွေးနွေးနေတာလဲ''

"ဗျာ ဟို''

အငိုက်မိစေသောမေးခွန်းအတွက် သူ့မှာဖြေရန်အဆင်သင့် ဖြစ်မနေခဲ့ပေ။ ဒါပေမဲ့ ဆုံးဖြတ်ပြီးသားကိစ္စတစ်ခုအတွက် သူ ကြာကြာ တော့ တုံ့ဆိုင်းမနေပါ။

မင်းမဏ္ဍိုင်က သူ့မျက်နှာကိုအကဲခတ်နေပုံရကာ ခပ်ရှုရှု ကြည့်၍

''ယောက်ျားချင်းပဲ ပွင့်ပွင့်လင်းလင်းပေါ့ ညီ''

''ကျွန်တော် ပိုးပန်းစံကို ချစ်တယ် ကိုမင်း''

''ဟင်''

ဒီလောက်မြန်မြန်ဆန်ဆန် ပွင့်လင်းလိမ့်မည် မထင်တာကြောင့် မင်းမဏ္ဍိုင် အံ့အားသင့်သွားမိသည်။ ထက်နေသွင့် အပြောင်အပျက် ပြောနေခြင်းမဟုတ်ဘူးဆိုတာတော့ တည်ငြိမ်လေးနက်မှုများက သက်သေ ခံလို့နေ၏။





"ကိုမင်းကို ထိန်းချုပ်ထားတဲ့ကိစ္စတစ်ခုတော့ ရှိပါတယ်၊ အဲဒါက တော့ ကိုမင်းမိတ်ဆက်ပေးတဲ့အချိန်က ပိုးပန်းစံကိုမသိဘူးဆိုတာလေ၊ တကယ်တော့ အဲဒီအရင်တည်းက သူ့ကိုပိုးပန်းနေခဲ့တာပေါ့''

''ဒါဆို ပိုးကလည်း အခုချိန်ထိ ညီနဲ့စိတ်တူကိုယ်တူ ကိုယ့်ကို ထိန်းချုပ်ထားခဲ့တာပေါ့''

''စိတ်တူကိုယ်တူဆိုတာထက် ကျွန်တော် လိမ်ညာလိုက်တဲ့ အပေါ်မှာ မဟုတ်ပါဘူးလို့ပြောဖို့ အခွင့်အရေးမသာသေးတာဘဲဖြစ်မှာပါ''

ပိုးပန်းစံဘက်က ထက်နေသွင် ကာကွယ်ပေးလိုက်တာလား သိပေမယ့် စိတ်ထဲတော့ အောင့်သက်သက်ဖြစ်သွားမိသည်။ ဒါပေမဲ့ ထက်နေသွင်က ကိုယ့်ရဲ့ပြိုင်ဘက်မဟုတ်ပါ။

"ညီက ပိုးပန်းစံကို တကယ်ချစ်တာလား''

''ကိုမင်းရှေ့မှာဝန်ခံရတာကစ်မျိုးဖြစ်ပြီး အားနာပါတယ်''

''ဘာကိုအားနာတာလဲ ညီ၊ ပွင့်လင်းတယ်ဆိုတာ ရိုးသားမှု ထိန်းချုပ်မှုကတော့ ကိုယ့်ကိုအရှုံးလုပ်သလိုပဲလို့ ခံစားရတယ်''

"ဟာ အဲလိုမဟုတ်ဘူး ကိုမင်း၊ ပိုးပန်းစံကို ဘယ်လိုမှ ချည်း ယ်လို့မရလို့ ကိုမင်းကို ခုတုံးလုပ်မိတဲ့သဘောပါပဲ၊ အခုချိန်ထိ ပိုးပန်းစံ င်းမာနေတုန်းပဲဆိုတာ ကိုမင်း မြင်တွေ့နေတာပဲ''

"ပိုးက အခုထိ လက်မခံသေးဘူးလား''

ထက်နေသွင် ခေါင်းညိတ်ပြတော့ အနည်းငယ် ကျေနပ်သွား လိုပင်။ ထက်နေသွင်က ပိုးပန်းစံ မသောက်တဲ့ ထားခဲ့သည့်အေးစက် သော ကော်ဖီခွက်ကိုကောက်မော့ပစ်လိုက်ပြီးမှ

"သူ့ အချစ်ကို လိုလားတောင့်တနေလိမ့်မယ်လို့ ကျွန်တော် င်တယ် ကိုမင်း''

''အချစ်ကို''



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတွေကို စိတ်မဝင်စားမိအောင်နေတယ်ဆိုတာ ပုံ
စိတ်မဟုတ်ပါဘူး။ ဖိအားတစ်ခုခု ဒါမှမဟုတ် တစ်ဖက်ကိုယ့်ကြည်မှု
နေတာကြောင့် အစွန်းရောက်နေသလိုပဲ"

"နှစ်သက်မြတ်နိုးမှုမရှိလို့ ငြင်းဆန်ခဲ့ရတာကို ညီအတွေးခေ
နေတာရော မဖြစ်နိုင်ဘူးလား"

"ဒါဆို ကျွန်တော့်ကိုကြိုးစားခွင့်ပြုပါ ကိုမင်း"

"ဘာ"

"အချစ်ကိုအချစ်နဲ့ပဲ ဆွဲဆောင်ပါမယ်၊ ခွင့်ပြုပေးပါ ကိုမင်

သေချာသောတောင်းဆိုမှုအတွက် ဘယ်လိုအကြောင်းပြချ
နှင့်ငြင်းဆန်ရမလဲ။ ကိုယ့်ဘက်မှာက ရေရာတာ ဘာမှမရှိ။

"ညီ အရမ်းဆန္ဒပြင်းပြနေသလား"

"ကျွန်တော် ပိုးကိုတကယ်ချစ်တာပါ ကိုမင်း၊ အပျော်သဘေ
နဲ့ဆိုရင် ကိုမင်းကိုအားနာပြီး ကျွန်တော် တောင်းဆိုဖြစ်မှာမဟုတ်ပါဘူ
အစတည်းက စုံစမ်းခဲ့တယ်၊ ပိုးပန်းစံမှာ အိမ်ထောင်ရှိသလား။ ချစ်သူ
သလား၊ ကိုမင်းကို ကိုမင်းမှန်းမသိခဲ့ခင်ကတည်းပါ"

"ဪ"

လွတ်တဲ့ငါးကြီးသွားသည့် နှမြောတသသော ခံစားမှုမျိုးလာ
အပိုင်တွက်ထားသည့်အရာတစ်ခု ဆုံးရှုံးလိုက်ရသည့် ခံစားမှုမျိုးလာ

အချိန်ဆွဲထားမိခြင်းဟာ သူများကိုပေးလိုက်ဖို့တော့ မဟုတ်
ဒါပေမဲ့ တခြားသူမဟုတ်ဘဲ ညီတစ်ယောက်လိုသံယောဇဉ်ဖြစ်ခဲ့ရသေ
ထက်နေသွင်က လိုချင်နေတာကြောင့် ရက်ရောစွာ ပေးကမ်းစွန့်လွှ
ရမည်ဆိုလျှင်လည်း ….။

■ ■ ■



## အခန်း (၂၃)

"သမီးတို့အချိန်ဆွဲလွန်းနေတာ မဟုတ်ဘူးလား သမီး၊ မောင်
င်းမဏ္ဍိုင်နဲ့လက်ထပ်ဖို့ကိစ္စမှာ ဘာတွေဒီလောက် ခက်ခဲနေတာလဲ၊
ာတွေက အဟန့်အတားဖြစ်နေတာလဲ"

"သံယောဇဉ်ရှိကြတယ်ဆိုပေမယ့် ပိုးတို့နှစ်ယောက်ကြားမှာ
ချစ်ဆိုတာလိုပါသေးတယ် မေမေ"

"ပတ်သက်မှုတွေ ဒီလောက်ရင်းနှီးနေတာ အချစ်ကိုအရေး
ယူလုပ်နေစရာလား၊ သံယောဇဉ်ကမှ ဘဝတစ်သက်စာ ခိုင်မြဲတာပါ
သမီးရယ်၊ အချစ်က ဘဝတစ်ခုလုံးအတွက် အာမခံချက်မပေးနိုင်ပါဘူး၊
ီကိစ္စကို မေမေတို့လူကြီးချင်း ဆွေးနွေးပြီး စီစဉ်လိုက်ရတော့မလား"

"နေ နေပါဦး မေမေ"

"မောင်မင်းမဏ္ဍိုင်က လက်ထပ်ဖို့ ဘာမှမပြောသေးလို့လား
သမီး"

www.burmeseclassic.com



သူမ ခေါင်းညိတ်ပြလိုက်ပြီးမှ မုသာဝါဒကျူးလွန်လိုက်မိပြီ
အတွေးဝင်၏။ ကိုကို ဒီကိစ္စကိုတိုင်ပင်ခဲ့တာ ဘယ်လောက်ကြာသော
ပြီ။ အချစ်ဆိုတာ မပါပေမယ့် သံယောဇဉ်တွေနှင့်သေချာသလော
ဖြစ်ခဲ့တာ သူမ ဘာကြောင့် အခုမှတွေဝေနေမိသလဲ မသိပေ။ မေမေက
မျက်နှာထားတင်းသွားခဲ့ပြီး

"သူ့အဖေ ကိုညွန့်က ဒီကိစ္စကို သူ့သားကိုပြောထားတယ်လို့
ပြောပါတယ်၊ ဒါကိုမင်းမင်္ဂလာဂိုင်က သမီးကိုမတိုင်ပင်ဘူးဆိုတော့ ယောကျ်ား
လေးမို့ လူပါးဝတဲ့သဘောလား။ သူ့မှာတခြားချစ်သူတွေဘာတွေရှိနေလို့
အချိန်ဆွဲတာမျိုးလား သမီး"

"ဟင် မ မဟုတ်ပါဘူး မေမေရဲ့၊ ကိုကိုကပိုးကို ဂရုစိုက်တာ
မေမေသိရဲ့သားနဲ့၊ အချိန်ဆွဲတယ်ဆိုတာက ပိုးတို့လက်မထပ်ချင်ကြသေး
လို့ပါ။ တခြားဘာအကြောင်းမှ မရှိကြပါဘူး"

"ဒီအတိုင်းနေသွားရင်းနဲ့ အကြောင်းတရားတွေပေါ်လာနိုင်
တယ် သမီး၊ မင်းမင်္ဂလာဂိုင်လူတော်လူကောင်း အရည်အချင်းရှိတဲ့သူမို့
မေမေသဘောတူနေတာ၊ ဓာတ်သိအကြောင်းသိလို့ဖြစ်နေလို့ ဂုဏ်သိက္ခာ
ပိုင်းအနေနဲ့လည်း စိတ်ချရတယ်၊ သမီးရဲ့အိမ်ထောင်ဘက်အဖြစ် သမီး
လည်းလက်ခံနိုင်တယ်မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ လက်ခံနိုင်ပါတယ်"

အရင်လို ရဲရဲဝံ့ဝံ့ တက်ကြွမှုမရှိတော့တာ ကိုယ့်ကိုယ်ကိုယ်
တောင် နားမလည်နိုင်ပေ။ ဘယ်အရာတွေက တွေဝေတုံ့ဆိုင်းသွားအောင်
စွမ်းဆောင်နေရသလဲ။ မျက်ဝန်းထဲမှာ ထက်နေသွင်အပြုံးများနှင့် အပြ
အမူလေးတွေကိုပဲ မြင်ယောင်နေမိသည်။

မေမေက သူမကို အကဲခတ်အရိပ်ကြည့်နေပုံရကာ

"သမီး ခုတလော ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြ





ဘူးနော်၊ ကြည့်လိုက်ရင် တစ်ခုခုကိုတွေးနေသလိုပဲ၊ မင်းမင်္ဂလာဂိုင်နဲ့
သက်ပြီး ခံရခက်တာမျိုး မကျေနပ်တာမျိုး ရှိနေလို့လား သမီး"

"ရှင်"

"ဩော် မိန်းကလေးဆိုတော့ လက်ထပ်တော့မယ်ဆိုရင် အချစ်
ရှိလိုချင်တောင့်တကြတာပဲ၊ ကိုယ့်ဘဝတစ်ခုလုံး အပျိုစင်ဘဝတစ်ခုလုံး
ကုန်အပ်ရမှာလေ၊ အချစ်မပါရင် အဓိပ္ပာယ်မဲ့သလိုကြီးဖြစ်နေမှာကို မေမေ
ကိုယ်ချင်းစာပါတယ်၊ ကိုယ်တိုင်က မိဘသဘောတူတဲ့သူကို ယူခဲ့ရတာဆို
တော့ သူနဲ့အတူနေရတာ သူ့ရဲ့ဝေယျာဝစ္စတွေကိုလုပ်ပေးရတာတွေအား
လုံးဟာ စက်ရုပ်တစ်ရုပ်လို ဝတ္တရားကျေတာဝန်ကျေအောင် နေပေးရ
သလို အဓိပ္ပာယ်မဲ့ရှင်သန်ခဲ့ရတယ်၊ ချစ်သူနဲ့သာဆို အဲလိုဘဝက ဘယ်
လောက်ပျော်စရာကောင်းမလဲ၊ သမီးကို ဒီဘဝမျိုးမရောက်စေချင်လို့
မင်းမင်္ဂလာဂိုင်ရဲ့အချစ်တွေကိုတော့ ရစေချင်တယ်၊ ဒါပေမဲ့သမီး ချစ်သူရဲ့
သစ္စာမဲ့ခြင်းကိုခံရရင်တော့ အဲဒီဝေဒနာထက်ပိုပြီးဆိုးတယ်၊ တစ်သက်
ာ နာကျင်သွားရတတ်တယ်"

"မေမေ"

မေမေ့မျက်ဝန်းအိမ်မှာ မျက်ရည်စတွေတွေ့ရတော့ သူမ ထိတ်
လန့်ချောက်ချားသွားမိသည်။ မေမေ တစ်ခါမှ မျက်ရည်မကျဘူးပါ။
အချစ်နှင့်ပတ်သက်ပြီး မေမေ့မှာဘယ်လိုနာကြည်းစရာတွေရှိနေခဲ့လို့လဲ။
မေမေ့လက်ကလေးကို တွေးဆုပ်ထားမိလျက်

"မေမေ့အတိတ်မှာ ချစ်သူရဲ့သစ္စာမဲ့ခြင်းကို ခံခဲ့ရလို့လား
မေမေ"

"သမီးတစ်ယောက်ကို ရင်ဖွင့်ဝန်ခံလောက်အောင် မေမေ
သိက္ခာမမဲ့ချင်ပါဘူး။ အိမ်ထောင်တစ်ခုမှာအချစ်က အရေးပါတယ်ဆိုတာ
မေမေလက်ခံပါတယ်၊ ဒါပေမဲ့ အချစ်ကနေရာတကာတော့ အရေးမပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး သမီး၊ ယုံကြည်စရာမကောင်းဘူးလို့ မေမေ ပြောချင်တာ''

''သစ္စာရှိပြီး ချစ်နိုင်တဲ့ပျော်ရွှင်မှုတွေ ရင်ခုန်မှုတွေပေးနိုင်
ချစ်သူနဲ့ဆိုရင်တော့ အိမ်ထောင်တစ်ခုက သာယာနိုင်တယ်မဟုတ်လ
မေမေ''

''သမီးမှာ ချစ်သူရှိနေလို့လား''

ခေါင်းခါရမလား၊ ခေါင်းညိတ်ရမလား။ ရင်ထဲမှာ အခြေအ
တစ်ခုကိုပြတ်ပြတ်သားသား ဆုံးဖြတ်ချက်မချရဲသေးပါ။ အရာရာ အ
အချင်းပြည့်စုံအားကိုးထိုက်သော ကိုကိုနှင့် အချစ်ကိုလဲရမှာလား။

''သမီး''

''ရှင်''

''မေမေ မေးနေတယ်လေ၊ သမီးမှာချစ်သူရှိနေလို့လားလို့''

''မ မရှိပါဘူး မေမေ''

''ဒါဆို သံယောဇဉ်တွေနဲ့ပဲ မင်းမင်းထူးကိုလက်ထပ်လို့ဖြစ်တ
မဟုတ်လား''

''ဟုတ် ဟုတ်ကဲ့''

''အင်း အဲဒါဆိုရင်တော့ သမီးတို့လက်ထပ်ချင်တဲ့အချိန်
လက်ထပ်ပါ၊ မေမေ ဖွတ်မတိုက်တွန်းတော့ဘူး သမီး၊ သမီးတို့ကစဉ်း
ချင့်ချိန်တတ်တဲ့အရွယ်ရောက်နေပြီပဲ၊ သူ့အဖေကိုလည်း မေမေကြ
ပြောထားလိုက်ပါမယ်''

''ဟုတ်ကဲ့ ကျေးဇူးပါပဲ မေမေ၊ ကိုကိုက စောင့်ကြည့်လေ့လ
အကဲခတ်နေရမယ့်လူမျိုးမဟုတ်ပေမယ့် အချိန်တစ်ခုတော့လိုအပ်သေ
တယ်လို့ ထင်ပါတယ်''

''အင်းလေ သူ့ဘက်ကဖွင့်ပြောလာမှဆိုရင်တော့ တန်ဖိုးတ
တာပေါ့၊ သူ ဘာကြောင့် ဖွင့်မပြောသေးတာလဲဆိုတာတော့ နားလည်





တ်တယ်၊ မေ့သမီးကို တန်ဖိုးတော့အကျမခံနိုင်ဘူး''

မေမေ မာနလေးဖြင့် သူမဘက်က ကာကွယ်ပြောတာကို မလုံ
လဲဖြစ်ရသည်။ ကိုကို့ဘက်က တာဝန်ကျေခဲ့ပါလျက် သူမက မပြတ်
သားဖြစ်ခဲ့တာမဟုတ်ပါလား။ အဲဒါ နင့်ကြောင့်ပဲ ထက်နေသွင်။
ငါ့ဘဝလေးကို နင်အနှောင့်အယှက်ပေးနေတာ။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၄)

"အနှောင့်အယှက်မဖြစ်ရင် ကိုမင်းတို့အိမ် ကျွန်တော်လာလ
လို့ရမလား"

မလာပါနဲ့လို့ပြောလို့ကောင်းမလား။ ဒီနေ့ ဖေဖေ တော်
မှုအရ ပိုးပန်းစံက အိမ်မှာကြာဇံဟင်းနှင့် ရှောက်သီးသုပ်လုပ်ကျွေးမှာ
သိပြီး ထက်နေသွင် လာချင်နေတာ။

"လာခဲ့ပေါ့ ညီ၊ ညီ့အတွက် ကိုယ့်အိမ်ကတံခါးမရှိ ဓားမ
ဥစ္စာ"

"အိုကေ ကိုမင်း ကျွန်တော် လာခဲ့မယ်နော်"

ဖုန်းပိတ်ပြီး ထက်နေသွင် ပျော်ရွှင်သွားသည်။ သင်တန်း
တည်းက ကိုမင်းအဖေနှင့် ပိုးပန်းစံ ဖုန်းပြောနေတာကို သူ သိလို
တာပါ။

သင်တန်းကအပြန် ကြာဇံဟင်းချက်ဖို့ ဝယ်လာခဲ့မည်ဟု





သည်။ ချွေးမလောင်းလို့ အသိအမှတ်ပြုထားသည့် ပိုးပန်းစံဆီက ဒီလို
ပြုစုဂရုစိုက်မှုတွေ အရယူနေတာ မကြိုက်ပါ။ သားအတွက်အမှတ်တွေ
ပေးကာ ရင်းနှီးမှုပိုစေချင်လို့ထင်မိသည်။

ဒါကြောင့် ကိုမင်းဆီ ခွင့်တောင်းလိုက်တာ။

ဆောင်းလေတဖြူးဖြူးမှာ အအေးသက်သာအောင် ဂျာကင်
တစ်ထည်ထပ်ဝတ်လိုက်ပြီး အောက်သပ်ဆင်းလာခဲ့သည်။

"ဟော သား၊ အခုချိန်မှ ဘယ်ကိုပြန်ထွက်ဦးမလို့လဲ၊ ညစာ
မစားတော့ဘူးလား"

"ကိုမင်းတို့အိမ်က ကြာဇံချက်စားမလို့၊ လှမ်းခေါ်တာနဲ့ သွား
လိုက်ဦးမယ် ဖေဖေ"

"ပိုးပန်းစံ ချက်တာမှုဟုတ်ရဲ့လား"

"အဟင်း သူ့က လက်ရာကောင်းတယ် ဖေဖေရဲ့"

"အင်း ဒီလိုမိန်းကလေးကို ဘယ်လိုမိဘမျိုးဖြစ်ဖြစ် ချွေးမတော်
ချင်ကြမှာပဲ၊ ဒီမိန်းကလေးကိုရတဲ့ယောကျ်ားကတော့ ကံကောင်းပြီပေါ့၊
ခုခေတ်မှာ လက်ကြောမတင်းတဲ့မိန်းကလေးက ခပ်များများလေ"

"ဖေဖေတို့ခေတ်တုန်းက ဖေဖေ့ချစ်သူကရော အဲလိုအတတ်
ပညာတွေနဲ့ မိန်းကလေးပီသလား ဖေဖေ"

"အင်း အရမ်းကိုမိန်းကလေးပီသလို့ တန်ဖိုးထားပြီးချစ်ခဲ့ရတာ
ပေါ့၊ ဒါပေမဲ့ ဖူးစာကံမပါတော့လည်း ဒီလိုပြုစုယုယမှုတွေ မခံရဘူးပေါ့
သားရယ်၊ အချစ်ဦးနဲ့လွဲခဲ့ရတာပဲ"

"အချစ်ဦးကို မြေးဦးရတောင် မမေ့နိုင်ဘူးဆိုတာ တကယ်
လား ဖေဖေ၊ ဖေဖေ အခုထိမမေ့သေးဘူးမဟုတ်လား"

"မရှက်တမ်းဝန်ခံရရင် နောက်ဘဝထိ မေ့နိုင်မယ်မထင်ဘူး၊
ဖေဖေတို့တကယ်ချစ်ခဲ့ကြတာပါ၊ ဟို သားမေမေကိုတော့ အားနာပါတယ်



www.burmeseclassic.com

www.burmeseclassic.com



သားအမေ မရှိလည်း သားကိုအားနာ''

ဖေဖေ့စကားကြောင့် သူ ပြုံးမိလိုက်ကာ

''အားနာစရာမလိုပါဘူး ဖေဖေရယ်၊ ဖေဖေရဲ့သစ္စာတရားကို သားက လေးစားနေတာပါ၊ ချစ်သူကို ဒီလောက်ချစ်ခဲ့ရဲ့နဲ့ မေမေ့ကို ရိုးသားစွာစောင့်ရှောက်ခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ်၊ တော်ရုံ ယောက်ျားပီသရုံနဲ့ ဒီလိုဆုံးဖြတ်ချက်မချနိုင်ဘူး ဖေဖေ၊ သားသာဆို ဘာဖြစ်ဖြစ် ချစ်သူကိုစွန့်လွှတ်ဖို့စဉ်းစားခဲ့မှာမဟုတ်ဘူး၊ ဖေဖေက ကိုယ့် ကိုယ်ကိုယ် အနာကျင်ခံပြီး လူတစ်ယောက်ရဲ့ဘဝကို ကယ်တင်ခဲ့တာပါ''

''သားက အဲလို နားလည်ပေးလို့ ဖေဖေ ဝမ်းသာတယ် သား ဒါပေမဲ့ ဖေဖေ့ချစ်သူကတော့ ဒီနေ့ထိ ဖေဖေ့ကိုမုန်းတီးနာကြည်းနေတုန်း ပါ''

''အခုနောက်ပိုင်း ဖေဖေတို့ချင်း တွေ့ကြသေးလို့လား''

''မျက်နှာချင်းမဆိုင်ရဲလို့ ဖေဖေ သူ့အကြောင်းတောင် မစုံစမ်း ဖြစ်ပါဘူး၊ ပထမပိုင်း ဖြေရှင်းဖို့ကြိုးစားခဲ့တဲ့အချိန်တွေတုန်းက သူမှ လက်မခံခဲ့တာ''

''အသက်အရွယ်တွေကြီးလာပြီဆိုတော့ နားလည်ရင်လည်း နားလည်လောက်ရောပေါ့ ဖေဖေ''

''အဲဒီစကားကတော့ ဖေဖေ့အတွက် စိတ်အသက်သာဆုံးပဲ ဒါပေမဲ့ ဖေဖေ မမျှော်လင့်တော့ပါဘူး သား၊ ဖြေရှင်းခွင့်မရှိဘဲနဲ့ သူ ဘာကိုနားလည်မှာလဲ သားရယ်၊ အယူခံဝင်ခွင့်ရမှ လွှတ်မြောက်ဖို့ အခွင့် အရေးရှိတာ၊ အခုဟာက အင်း သားကိုတာတွေပြောနေမိမှန်းမသိတော့ ပါဘူး၊ ကဲ သား သွားစရာရှိတာသွားလေ၊ အရမ်းကြီးတော့ မိုးမချုပ်စေနဲ့''

''ဟုတ်ကဲ့ပါ ဖေဖေ၊ တာ့တာ''

''အေး သား၊ တာ့တာ၊ တာ့တာ''





ပေါ့ပါးတက်ကြွစွာပင် ကားမောင်း၍ ထွက်လာခဲ့သည်။ ကိုမင်း တို့အိမ်ရောက်တော့ ကိုမင်းက ခြံဝမှာ ထွက်ကြိုနေ၏။ ကားကိုခြံအဝင် နားက ပန်းအိုးတွေအနီးမှာပင် ရပ်ထားလိုက်သည်။

''လာ ညီ၊ ကြာဇံဟင်းဆိုတာ ချမ်းချမ်းအေးအေးလေးမှ ပို သောက်လို့ကောင်းတာ၊ အဲဒါကြောင့် မြက်ခင်းပြင်မှာ ခုံတွေချပြီး ပွဲ ပြင်ထားတာ၊ ဖေဖေက ဗိုက်ဆာလို့ စောစောဆွဲပြီးတာနဲ့ အိမ်ထဲဝင် သွားပြီ၊ ပိုးကတော့ သူ့အမေအိမ်ကို ကြာဇံဟင်းသွားပို့တယ်၊ ခဏနေ တန်းရောက်လာမှာပါ၊ ညီ ဗိုက်ဆာရင် ကိုယ့်ဘာသာ ထည့်စားလေ''

''ဟင့်အင်း ပိုးထည့်ကျွေးမှ စားပါတော့မယ်၊ ကျွန်တော် မထည့် တတ်ဘူး''

''အဲဒါဆို ခဏစောင့်၊ ရှောက်သီးသုပ်ထားတာ ကြာရင်ခါးမှာ စိုးလို့ ပြီးမှစားမယ်လို့ ကိုယ်ပြောထားတော့ ပိုးလာမှပဲ စားကြတာ ကောင်းပါတယ်၊ ထိုင်နေဦးကွာ ကိုယ် အီးမေးလ်ပို့စရာရှိလို့ အိမ်ထဲဝင် လိုက်ဦးမယ်၊ ဖြစ်တယ်မဟုတ်လား''

''ဖြစ်ပါတယ် ကိုမင်း သွားပါ''

ကိုမင်း ထွက်သွားမှ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ကြာဇံဟင်း က ဂတ်(စ်)မီးဖိုလေးနှင့်တင်ထားတာမို့ အငွေ့တထောင်းထောင်းထကာ မွှေးကြိုင်နေ၏။ စားပွဲပေါ်မှာတော့ ရှောက်သီးသုပ်ဖို့ အသင့်ပြင်ထား သည်။

ပိုးပန်းစံက တကယ်ကို စနစ်တကျ စည်းကမ်းရှိရှိ လုပ်ထား၏။ တကယ်ကို ဘာပဲလုပ်လုပ် မိန်းမပီသပါပေသည်၊ ဒီလိုအရည်အချင်းတွေ ကြောင့် ဦးဥက္ကာက ဖွတ်အတင်း သမီးချွေးမတော်စပ်ချင်တာနေမှာပေါ့။

''ဟင် နင်က ဒီကိုဘယ်လိုလုပ်ရောက်နေတာလဲ''

''ဪ ပိုးလက်ရာ ကြာဇံဟင်းသောက်ချင်လို့ လာတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွ”

“ကိုကို ခေါ်လိုက်တာလား”

“နေ့လယ်က ကိုမင်းအာဖေနဲ့ မင်းဖုန်းပြောနေတာ ကိုယ်ကြား တယ်လေ၊ မင်းချက်ပြုတ်ကျွေးမွေးတာကို သူများတွေပဲ စည်းစိမ်အပြည့် ဖိမ်ခံနေရင် ကိုယ်မနာလိုဖြစ်တာပေါ့ကွ”

“ထက်နေသွင်”

“ဗျာ”

ဆောင့်အောင့်ခေါ်တာကို မျက်နှာပြောင်လျက် ညင်ညင်သာ သာ ထူးနေ၏။ အနက်ရောင်ဂျာကင်နှင့် ဂျင်းဘောင်းဘီအပြာရောင် ဝတ်ထားသော ထက်နေသွင်က သူမမျက်စိထဲ အရင်လို အမြင်ကတ်စ မကောင်းတော့တာတော့ ထူးဆန်းနေသည်။

“နင့်ကိုငါ အကောင်းခေါ်နေတာ မဟုတ်ဘူး၊ ငါနဲ့ကိုကို ဘယ် ပတ်သက်မှုဆိုတာသိနေသားနဲ့ မျက်နှာပြောင်တိုက်ပြီး ဒီအိမ်ကို မလာ သင့်ဘူး။ ကိုကိုက လိုက်လိုက်လျောလျော ဆက်ဆံနေလို့ နင် တဖြည်း ဖြည်း အတင့်ရဲရောင့်တက်လာတာလား။ ကိုကို့ကို နင် အားမနာဘူးလား ဟင် ပြောစမ်းပါဦး”

ခုံမှာဝင်ထိုင်ရင်း ဆရာမကြီးလို ခပ်ကြိတ်ကြိတ် ဆူပူမာန် နေ၏။ လက်ညှိုးလေးတထိုးထိုးဖြင့် မျက်နှာထားလေးကလည်း တင်း တာမို့ သူ အသည်းတွေယားသွားသည်။

သူမ လက်ကလေးကိုဆွဲဖမ်း၍ သူ့ရင်ဘတ်ကိုကပ်ထား

“ပိုး”

“ဟဲ့ ဘာလုပ်တာလဲ၊ ကိုကို မြင်သွားမယ်လေ”

“အီးမေးလ်ပို့စရာရှိလို့တဲ့၊ သူ့အခန်းထဲကိုဝင်သွားပါတယ်၊ မြ သွားသိသွားတော့ရော ဘာဖြစ်လဲ၊ မင်းရင်မဆိုင်ရဲဘူးလား ပိုး”





“ငါက ဘာကိုရင်ဆိုင်ရမှာလဲ၊ နင်နဲ့ငါနဲ့ ဘာပတ်သက်”

သူမကို စကားဆုံးအောင်ပြောခွင့်မပေးဘဲ ရန်တွေ့ကောင်း သည့် သူမနှုတ်ခမ်းဖူးဖူးလေးကို သူ အုမိအရ နမ်းပစ်လိုက်သည်။

“ထက်နေ နင်နော်”

အရှက်သည်းသွားသော သူမမျက်နှာလေး ပန်းသွေးရောင်ပြေး သွား၏။ မှောင်ရိပျိုးစ အလင်းရောင်ပျောက်ချိန်မှာ မာကျူရီမီးလေး ထွန်းညှိထားတာမို့ သူမအလှက ကြွကြွရွရွလေး ညို့နေခဲ့သည်။ သူမ လက်ကလေးကို ရုန်းဖယ်ခွင့်မပြုဘဲ

“မင်း အားနာသင့်တာက ကိုယ်ပါ ပိုး၊ မင်းကိုကိုယ် ဒီလောက် ချစ်နေတာ ပြတ်သားတဲ့အဖြေတစ်ခုပေးပါလား”

“နင့်ကိုငါ လက်မထပ်နိုင်ဘူး ထက်နေ”

“ကိုယ်က ကိုမင်းလောက်မချမ်းသာလို့လား၊ အရည်အချင်း မရှိလို့လား။ မချစ်တဲ့သူတစ်ယောက်ကို သံယောဇဉ်တစ်ခုတည်းနဲ့ မင်း လက်ထပ်ရဲသလား ပိုး၊ အရာရာအိမ်ထောင်ရေးသုခတွေနဲ့ မင်းဘဝ တစ်သက်လုံး နွေးထွေးသွားလိမ့်မယ်လို့ မင်းထင်နေလား”

“နင်နဲ့မတွေ့ခင်တည်းက ငါ့ဘဝကို ငါကိုယ်တိုင်စီစဉ်ဆုံးဖြတ် ထားတဲ့ကိစ္စတွေပါ၊ ဘာမဟုတ်တဲ့အချစ်ကို ငါ သာယာနစ်မြောမှာမဟုတ် ဘူး”

“မင်း ငါ့ကိုတကယ်မချစ်ပါဘူးလို့ ဝန်ခံတာလား”

ပိုးပန်းစံ မဖြေ။ အသံတိတ်ဆိတ်သွားလျက် ခုနက ထက်နေ သွင် နမ်းထားသော နှုတ်ခမ်းလေးကို လက်ဖမိုးလေးဖြင့် ခပ်ဖွဖွပွတ် သပ်မိ၏။ ပူနွေးဆဲဖြစ်သော နှုတ်ခမ်းလေးက နောက်ထပ် ဘာကိုတောင်း တနေသလဲမသိပေ။

“မင်းဖြေပါ ပိုး”



www.burmeseclassic.com

www.burmeseclassic.com



ပခုံးလေးနှစ်ဖက်ကို ဆောင့်ခါပြီး မေးနေသော ထက်နေသွင် မျက်ဝန်းများက သူမကိုမငြင်းဆန်နိုင်အောင် ညှို့ယူဖြားယောင်းလျက်ရှိသည်။

သူမ အားမရှိတော့သလို သူ့ပခုံးစွန်းမှာမှီနွဲ့ချင်စိတ်တွေ ဖြစ်ပေါ်နေ၏။ ရှန်းထွက်ချင်သောဆန္ဒတွေပျောက်နေသည်။ ဘယ်သူ့ဆီက အချစ်ကိုမှတွန်းလှန်နိုင်သည့်အင်အားတွေတောင်းရမလဲ။

သူ့မျက်ဝန်းတွေကို ရင်ဆိုင်ကြည့်မိချိန်မှာ ထက်နေက သူမကို သူ့ရင်ခွင်တွင်းဆွဲသွင်းဖက်တွယ်ပစ်လိုက်၏။

"ပိုးရယ် မင်းလည်း ကိုယ့်ကိုချစ်ရဲ့သားနဲ့ကွာ၊ နှလုံးသားကို မညာကောင်းပါဘူး။ ကိုယ့်နှလုံးသားကို ကိုယ်ပြန်ညာတာ အပြစ်ကြီးတယ် ပိုး၊ အချစ်က ဒဏ်ခတ်တာကို မင်းခံနိုင်လို့လား၊ ချစ်တဲ့သူကို ထားခဲ့လို့ရတယ်၊ မချစ်တဲ့သူကို လက်ထပ်လိုက်ရင် မင်းတစ်သက်လုံး နောင်တရနေရမှာ ပိုးရယ်၊ နော် မင်း ကိုမင်းကိုလက်မထပ်ပါနဲ့၊ ကိုယ့်ကိုပဲ ချစ်ပါနော် လက်ထပ်ပါနော် ပိုး"

ရင်ခွင်မှာ ဖက်တွယ်ထားရင်း ကလေးတစ်ယောက်လို ပူဆာနေသော ထက်နေသွင်ကို သူမရင်ထဲတသိမ့်သိမ့် လှုပ်ခတ်အောင် မြတ်နိုးနေမိသည်။ ဒါပေမဲ့ ဒီအချစ်တွေအပေါ်မှာ သူမ မိန်းမောတွယ်ဖက်နေလို့ မဖြစ်ပါ။

အရာရာက နေသားကျ အဆင်ပြေပြီးသားကိစ္စတွေပါ။

"ဟင့်အင်း"

"ပိုး"

ရင်ဘတ်ကို အားနှင့်ဆောင့်တွန်းခံလိုက်ရ၍ ရှက်မျက်နှာနီနီလေးဖြင့် ထရပ်လိုက်သော ပိုးပန်းစံကို မင်တက်စွာငေးမောမိသည်။

"နင် ငါ့ကိုအဲဒီမျက်လုံးတွေ အဲဒီအပြုအမူတွေနဲ့ မဖြားယောင်း





ပါနဲ့၊ မပြုစားပါနဲ့၊ မသိမ်းသွင်းပါနဲ့ ထက်နေ၊ ငါ နင့်ကိုတောင်းပန်ပါတယ်၊ တောင်းပန်ပါတယ် ထက်နေရယ်၊ ပိုးပန်းစံက အချစ်မှာပျော်မွေ့မယ့် ခင်လွယ်လွယ်မိန်းမမဟုတ်ပါဘူး။ ငါ့မှာမိဘတွေလည်းသဘောတူ ငါကိုယ်တိုင်လည်း အထင်ကြီးလေးစားမှုတွေ သံယောဇဉ်တွေနဲ့ လက်ခံထားတဲ့ လက်ထပ်ရမယ့်သူရှိပါတယ်"

"ပိုးရယ်"

"နင့်ကိုငါ့ရင်ထဲက သေလောက်အောင်ချစ်နေလည်း ငါ နင့်ကို လက်ထပ်မှာမဟုတ်ဘူး ထက်နေ၊ အဲဒါသေချာတယ်၊ ငါ့အတွက် ကိုကိုက ထိန်းဖို့ရှိပြီးသားရတနာတစ်ပါးပါပဲ၊ မိဘတွေစိတ်တိုင်းကျ၊ ငါ့စိတ်တိုင်းကျ အားလုံးအဆင်ပြေပြီးသားပါ၊ ငါ ငါ့ဘဝကို နင်နှောင့်ယှက်နေတာ၊ နင် ရှုတ်အတင်းဝင်လာတာ၊ ဘယ် ဘယ်လိုမှရုန်းထွက်မရအောင် နင် ချည်နှောင်နေတာ၊ ဟင့်အင်း ငါ လက်ခံလို့မရဘူး၊ ငါ လက်မခံဘူး၊ နင့် နင့်ကိုငါမချစ်ဘူး ထက်နေ"

"ပိုး ပိုး"

မျက်နှာကိုလက်ဝါးနှင့်အုပ်၍ သူ့အနားကပြေးထွက်သွားသော ပိုးကို သူ ပြေးလိုက်ခေါ်ဖို့ မဖြစ်နိုင်တော့ပါ။ ထိုင်ခုံမှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ရင်း သူ ဝမ်းနည်းစွာငိုကြွေးလိုက်မိသည်။

ဒါဟာ မိန်းကလေးတစ်ယောက်အတွက် သူ ပထမဦးဆုံး ငိုကြွေးမိခြင်း မျက်ရည်ကျမိခြင်းပါ။ တစ်သက်မှာ တစ်ခါ နာနာကျင်ကျင် ခံစားမိခြင်းပါ။ ပိုးပန်းစံ သူ့ကို မချစ်လို့ စွန့်လွှတ်လိုက်တာဟုမထင်၍ အသည်းကွဲဝေဒနာတော့ မဟုတ်။

မချစ်ဘူးလို့ပြောသွားပေမယ့် ချစ်နေတာကို သိနေခဲ့သည့် ခံစားမှုကတော့ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"သား"

ဖေဖေ အသံမာပြတ်ပြတ်ဖြစ်နေတာမို့ ခြေလှမ်းတုံ့သွားခြင်းတော့မဟုတ်။ ထိုမြင်ကွင်းကို ဖေဖေလည်း အသက်အောင့်ကာ ကြည့်နေခဲ့တာဖြစ်မည်။ ကိုယ့်အနေနှင့်က ဒီလောက်မြန်ဆန်ကာ နှစ်ဦးသဘောထူပြောင်းလဲကြလိမ့်မည် မထင်တာကြောင့် ထက်နေသွင်တို့နှစ်ယောက်နမ်းနေတာကို ဒီအတိုင်းမင်တက်ကာ ရပ်ကြည့်နေမိတာ။

ဖေဖေလည်း မြင်သွားသည်ဆိုတော့ ဒီပြဿနာကို ဘယ်လိုရှင်းရမလဲ။

"မင်း ဒီကိစ္စကို သိနေခဲ့တာလား"

"ဖေဖေ"

"ဒီအနေအထားက ဘယ်လောက်တောင် ရုပ်ပျက်ဆင်းပျက်နိုင်လဲ၊ ကိုယ်နဲ့လက်ထပ်မယ့်မိန်းကလေးကို မင်း ဘာကြောင့် စိတ်ချလက်ချ သူစိမ်းယောက်ျားနဲ့လွှတ်ထားရတာလဲ သား"





"ဟို"

"ဖေဖေက အရင်အခေါက်ထဲက ဒီကောင်လေးရဲ့မျက်လုံးတွေကို မကြိုက်လို့ သူဝင်လာတာနဲ့ စောင့်ကြည့်နေခဲ့တာ သား၊ တကယ်ကို ရှိုးသားတာ လက်တွေ့မြင်လိုက်ပြီ၊ အဲဒီကောင်လေးကို အခုချက်ချင်း အောင်းထုတ်ပစ်လိုက် သား"

"ဖေဖေ"

"သမီးပိုး လက်မခံတာတွေ့လား၊ သူ့အိမ်ကို တန်းခနဲ ထွက်ပြေးသွားပြီ၊ လက်ခံရင် ဒီလိုဘယ်လုပ်မှာလဲ"

ဖေဖေ ဖြေတွေးလိုက်တာ သိပါသည်။ အချိန်ကြာကြာဖက်ထားယ်ထားတာ ငြိမ်နေတည်းက ပိုးပန်းစံရဲ့ခံစားမှုကို ဖေဖေ မသိဘဲနေတာမဟုတ်။ ဒါပေမဲ့ ပိုးပန်းစံက စဉ်းစားဆင်ခြင်ဉာဏ်ရှိသူမို့ အတွေ့အထိမှာ ကြာကြာနစ်မျောမနေဘဲ ရုန်းထွက်သွားတာကိုတော့ ချီးကျူးရပေလိမ့်မည်။ ထက်နေသွင်ကတော့ ပိုးပန်းစံ ဘာတွေပြောသွားလို့ စားပွဲပေါ် မျက်နှာမှောက်ကာ ငိုကြွေးနေသည်မသိပေ။

"သား သားမပြောရင် ဖေဖေ သွားပြောမယ်"

"မ မလုပ်ပါနဲ့ ဖေဖေ၊ ထက်နေက သားရဲ့ကျေးဇူးရှင်ပါ၊ အသက်ကိုရော စည်းစိမ် ဥစ္စာကိုရော ကယ်တင်ပေးထားတာပါ"

"အဲဒါရဲ့တန်ကြေးက ဘယ်လောက်လဲ သူ့ကိုတန်ရာတန်ကြေးပေးလိုက် သား။ ဒီလိုကိစ္စအတွက်တော့ ဖေဖေ လုံးဝခွင့်မလွှတ်နိုင်ဘူး"

"ငွေကြေးနဲ့တိုင်းတာရင် အဲဒါကျေးဇူးကန်းတာနဲ့အတူတူပါပဲ ဖေဖေ၊ ဘာနဲ့မှတိုင်းတာလို့မရအောင် ညီလေးတစ်ယောက်လို သူ့ကို မေတ္တာရှိပါတယ်"

"အဲဒါနဲ့ပိုးပန်းစံကို လက်လွှတ်လိုက်မလို့လား သား"

"သူတို့ချင်း ချစ်ကြမယ်ဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း သား"

ဖေဖေ့အသံတစ်ခါမှ အဲလောက်မကျယ်ဘူးပေ။ ဒေါသက ကိုယ့် အပေါ်လား၊ ထက်နေသွင်အပေါ်လား ခွဲခြားလို့ပင်မရ။ မျက်လုံးက ထက်နေသွင်ဆီရောက်သွားလျက်

"ဒီကောင်လေး လူပါးဝနေတာ သားခွင့်လွှတ်နိုင်ပေမယ့် ဖေဖေ ခွင့်မလွှတ်နိုင်ဘူး၊ သားနဲ့ပိုးပန်းစံကို ဖေဖေတို့သဘောတူ စီစဉ်ထားတာ အဲဒီကောင်လေး သိတယ်မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့"

"တော် ဒါသက်သက်လူပါးဝတာ"

"အဲလိုမပြောပါနဲ့ ဖေဖေ၊ ပိုးပန်းစံက အိမ်ထောင်သည်မဟုတ်တဲ့အတွက် စေ့စပ်ထားတာ၊ လက်ထပ်ထားတာမဟုတ်တဲ့အတွက် သူ့မှာ လွတ်လပ်စွာပိုးပန်းခွင့် ကြိုးစားခွင့်ရှိပါတယ် ဖေဖေ၊ အဓိကက ပိုးပန်း လက်မခံဖို့ပါပဲ"

"ကျွတ် ဖေဖေ့အလိုသာဆို အဲဒီကောင်လေးကို ကန်ထုတ်ပစ် လိုက်တယ်"

"အဲဒီလိုမလုပ်ဖို့ သား အနူးအညွတ်တောင်းပန်ပါတယ် ဖေဖေ ထက်နေကို အကြမ်းဖက်ရင် ဖေဖေ သားကိုအောက်တန်းကျတဲ့လူတစ် ယောက်ဖြစ်အောင်လုပ်လိုက်တာနဲ့ အတူတူပါပဲ၊ လူဆိုတာ ကျေးဇူးမသိ ရင်နေ ကျေးဇူးမကန်းဖို့တော့ လိုတယ် ဖေဖေ"

"အဲဒီကျေးဇူးကြောင့် ပိုးပန်းစံကို မင်းလက်လွှတ်လိုက်တော့ မယ်ဆိုပါတော့"

သူငြိမ်နေလိုက်တာ ဒီလိုကိစ္စတစ်ခုတည်းအတွက်ကြောင့်မဟုတ် ဘူးဆိုတာ ဝန်ခံမနေချင်တော့။ ဖေဖေက မကျေမချမ်းဖြစ်နေသေးကာ

"ဒီကိစ္စ ဖေဖေ နားလည်မပေးနိုင်ဘူးနော်၊ ပိုးလေးကို မင်း





က်ထပ်ကိုထပ်ရမယ်၊ ပိုးပန်းစံကို လက်မထပ်လို့ကိုမရဘူး"

ဖေဖေ ဘာကြောင့် ဒီလောက်ဆန္ဒပြင်းပြနေသလဲ မတွေး တ်အောင်ပင်။ ပိုးပန်းစံတို့ သားအမိက ကိုယ်တွေလောက်ပြည့်စုံမှု ကြတာလည်းမဟုတ်။

မိန်းမပီသသော အရည်အချင်းတွေနှင့်ပြည့်စုံသည်ဆိုတာတော့ ယ်လည်း လက်ခံပါသည်။ ပိုးပန်းစံအမေလည်း မိန်းမပီသသောသူ စ်ယောက်ပင်။ ကိုယ်တွေပြောင်းလာခါစက ပိုးပန်းစံတို့အိမ်နှင့် နှစ် မ်ကျော်။ ဖေဖေက ဒီခြံကြီးကို မတန်မဆ ဈေးပိုပေး၍ မရမက ယ်ခဲ့ရသည်ဟု ပြောသည်။

နောက်တော့ အိမ်နီးနားချင်းတွေကို အိမ်တက်ဖိတ်။

ခဏခဏ ကူသိုလ်လုပ်ပြီး ပိုးပန်းစံတို့သားအမိကို အမြဲတမ်း တ်သည်။ ဒီလိုနှင့်ရင်းနှီးမှုတွေရပြီး နှစ်အိမ့်တစ်အိမ် သံယောဇဉ်တွေ သွားကြတော့။

ကိုယ့်ထက်ခုနစ်နှစ်လောက်ငယ်သော ပိုးပန်းစံကို အတူသွား တူလာဆော့ကစားရင်း အလိုလိုက်ခဲ့ရတာ ညီမလေးတစ်ယောက်နှင့် ခြား။ အခုအသက်အရွယ်လေးတွေရလာသည့်အခါမှာ မိဘတွေလက် ထ်ပေးဖို့ စီစဉ်ကြသည်။ ဘာအတွက်နှင့်မှ အကြောင်းပြချက်ပေးပြီး င်းစရာတော့မရှိပါ။ ဒါပေမဲ့

"ညီ"

"ဟင် ကို ကိုမင်း"

ဖေဖေ့ရှေ့ကနေ ထွက်လာပြီး ထက်နေသွင်ကို ဘာကစပြော န်းမသိ။ ပခုံးလေးပုတ်ကာ ဝင်ထိုင်တော့ ထက်နေသွင် မျက်လုံးတွေ ကပျာကယာ သုတ်သည်။

"ဘာဖြစ်နေတာလဲ ညီ"



www.burmeseclassic.com

www.burmeseclassic.com



မသိသလိုမေးတော့ ထက်နေသွင် ခေါင်းမော့လာ၏။ အားယ
ပြုံးလိုက်ကာ

"ပိုးပန်းစံဆီက အချစ်တွေ ကျွန်တော်ရလိုက်တယ် ကိုမင်း

"ဟင်"

"ဒါပေမဲ့ ကျွန်တော့်ကိုချစ်လို့ မဖြစ်ဘူးတဲ့"

"ဩော်"

ဝမ်းနည်းရမှာလား။ နှစ်သိမ့်ရမှာလား ပြုံးရမလိုမဲ့ရမလို
ကိုယ့်ကိုယ်ကိုယ် ဇဝေဇဝါဖြစ်လို့သွားသည်။ ထက်နေသွင် အပြုံးမျာ
လည်း မဲ့သလိုဖြစ်နေပါသည်။

ရင်ဘတ်တစ်ခုလုံး မို့မောက်လာအောင် သက်ပြင်းတွေ
ထုတ်ပြီး

"ကိုမင်းကိုပဲ လက်ထပ်မယ်တဲ့၊ နှစ်ဖက်မိဘတွေနဲ့သံယော
တွေနဲ့အဆင်ပြေပြီးသား သူ့ဘဝကို ကျွန်တော်ကနှောင့်ယှက်နေတာ
ပြောတယ်၊ ကျွန်တော့်ကို ဘယ်လောက်ချစ်ချစ် သူ ဘယ်တော့မှ လ
ထပ်မှာမဟုတ်ဘူးတဲ့ ကိုမင်းရယ်"

"ညီရယ်"

ပခုံးထက်မှာမှီချလာသော ထက်နေသွင်ကို ဖက်တွယ်ထား
ကိုယ့်ရင်တွေတောင် မောကျပ်လာရသည်။ အချစ်ကိုရှုံးပြီး လူကိုမရ
ရောမဖြစ်ဘူးလားလို့ မေးလို့လည်း မဖြစ်ပါ။

အချစ်မပါဘဲ မိဘတွေပေးစားလို့ လက်ထပ်ခဲ့သည့် ဖေ
အိမ်ထောင်ရေးက အဆင်မှမပြေခဲ့တာ။ အမြဲတမ်း အတိတ်ကိုတူး
ရင်းဖြင့် စကားများရန်ဖြစ်ကြတာ တကျက်ကျက်။

မေမေက ဖေဖေရဲ့အိမ်ထောင်ဦးဆိုပေမယ့် အချစ်ဦးမဟု
ခဲ့တာ ဖေဖေတို့စကားများကြတိုင်း ဒီအကြောင်းပါသည်။





ဖေဖေက မေမေနှင့်လက်ထပ်ကာ ကလေးတစ်ယောက်ရမှ
န်ကုန်ကို ကျောင်းလာတက်ရင်း ချစ်သူရသည်ဟုပြောသည်။ အဲဒါ
ဖေ့ဘဝရဲ့အချစ်ဦးတဲ့။

နောက်မှချစ်သူနှင့်အဆင်မပြေဖြစ်ပြီး သူ့ကိုထားခဲ့ကာ လက်
ထပ်သားသောချစ်သူကို မခံချင်စိတ်ဖြင့် သားကိုရော မိန်းမကိုရော
ာက်ခွဲ၍ ရန်ကုန်တက်လာခဲ့သည်။

အဲဒီချစ်သူနှင့် သားအမိနှစ်ယောက်ကို ဒါ ငါ့မိန်းမ ဒါငါ့သား
ဆို မိတ်ဆက်ပေးရဲသည့်သတ္တိကို မေမေ ဘယ်ချီးကျူးနိုင်ပါ့မလဲ။ ပေါက်ကွဲ
တိုင်းက နာကြည်းမှုတွေချည်းပါ။ မသိသလိုနေလိုက်ရလျှင် မေမေ
လောက်ခံစားရမှာမဟုတ်။

မိဘတွေလက်ထပ်ပေးစားထားသော ယောကျ်ားက သူတို့
သားအမိအတွက် ရန်ကုန်မှာ ပညာသွားရှာစီးပွားသွားရှာသည်လို့ ဂုဏ်
ယူမှုများနှင့်ပျော်ရွှင်နေလို့ရသည်။

အခုတော့ တစ်ဖက်က ချစ်သူသစ်ရှာဖောက်သွားတာကို မခံချင်
တ်များဖြင့် လက်ခွဲကာ မိတ်ဆက်ပေးတော့ ဘယ်မိန်းမသားက ကျေနပ်
ကြည်နူးနိုင်ပါ့မလဲ။

ဒါကြောင့် ငယ်စဉ်တည်းက မိဘတွေရဲ့အိမ်ထောင်ရေးအဆင်
မပြေမှု ပဋိပက္ခများက ကိုယ့်ကိုကူးစက်လောင်ကျွမ်းခဲ့၏။ မေမေ့ကို ဒီ
ဝေဒနာတွေနှင့်ဆုံးပါးသွားသည်ဟုတော့ မပြောချင်။

ကံအကြောင်းတရားဆိုတာလည်း ရှိသေးသည်မဟုတ်လား။

"ကိုမင်း"

"ဟင် .ဟင် ညီ"

အတွေးလွန်သွားတာကြောင့် ထက်နေသွင်ခေါ်လိုက်တာကို လန်
သွားရသည်။ ထက်နေသွင် မျက်နှာကို လက်နှင့်ပွတ်သပ်ပစ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အသက်ဝအောင်ရှုလိုက်သလိုဖြင့်

"ကျွန်တော် ဘာလုပ်ရမလဲ ကိုမင်း၊ ပိုးကို ကျွန်တော် မစွန့်

လွှတ်ချင်ဘူး"

"မစွန့်လွှတ်ပါနဲ့လို့ ကိုယ်တိုက်တွန်းရုံနဲ့ ဒီကိစ္စပြောင်းလဲမယ်

ဆိုရင်တော့ ကောင်းတာပေါ့ ညီ၊ ဒါပေမဲ့ ကာယကံရှင်ဖြစ်တဲ့ပိုးရဲ့ဆန္ဒက

ပိုအရေးကြီးမယ်လို့ထင်တယ်၊ ကိုယ်ပြောတာ ညီ သဘောပေါက်လား"

"ပိုးက ကျွန်တော့်ကိုမချစ်လို့ဆိုရင် ကျွန်တော် ဖြေသာပါတယ်

အခုက ပိုး ကျွန်တော့်ကိုချစ်တာ ကျွန်တော်ခံစားလို့ရနေတယ်"

"ကိုယ် သိတယ်"

"ဗျာ"

"ကိုယ်မြင်တယ်၊ တကယ်ကို မင်းကိုချစ်နေတယ်ဆိုတာ သိသာ

စေတဲ့ အပြုအမူမျိုးပေါ့၊ ဒါပေမဲ့ ပိုးထွက်ပြေးသွားတာဟာ ဆုံးဖြတ်ရခ

နေတာမျိုးမဟုတ်ဘဲ ဆုံးဖြတ်ချက်ချပြီးသွားတာမျိုးလို့ ကိုယ်ထင်တယ်"

"ကိုမင်းပြောသလိုပါပဲ၊ ကျွန်တော့်ကိုချစ်နေတယ်လို့ သေသေ

ချာချာသိရတဲ့နေ့မှာပဲ သေသေချာချာ ထားခဲ့မှာကိုပါ ကြေညာခံလိုက်ရ

တယ်၊ ဘဝမှာအရာအားလုံး ဆုံးရှုံးလိုက်ရသလိုပဲ၊ ဒါပေမဲ့ ကိုမင်းတို့

လက်မထပ်မဖြစ်မချင်း ကျွန်တော် ကြိုးစားမယ်"

"အင်း"

ထက်နေသွင်ရဲ့အချစ်ကို မင်းမဏ္ဍိုင် လေးစားသွားမိသည်

အဆုံးထိမစွန့်လွှတ်ဘူးဟု ဆုံးဖြတ်ထားတာဟာ လူငယ်တစ်ယောက်

ရဲ့ရင့်ပြတ်သားသောချစ်ခြင်းတရားပဲမဟုတ်ပါလား။

ကိုယ့်အတွက်ကတော့ ပိုးပန်းစံရဲ့သံယောဇဉ်လေးကို အားကိုး

ပြီး တိုက်ပွဲဝင်လို့လည်းမဖြစ်ပါ။ ကိုယ်လည်း သံယောဇဉ်တစ်ခုတည်

နှင့်ပိုင်ဆိုင်အောင်မကြိုးစားချင်။





မိတာတွေကို ဆန့်ကျင်ဖို့ရော ဘယ်လိုခွန်အားတွေ မွေးရမလဲ။

"ညီ စိတ်တော့မပျက်နဲ့ကွာ၊ ကိုယ်က မင်းဘက်ကဆိုပေမယ့်

ကိုယ်လည်း ဘေးကျပ်နံကျပ်ပါပဲ၊ ဒါပေမဲ့ ညီကို ပိုးရဲ့အချစ်တွေနဲ့

ပျော်စေချင်တာ ကိုယ့်ရဲ့ဆန္ဒပါ"

"ကျေးဇူးပါ ကိုမင်း"

လက်ချင်းဆုပ်၍ အားပေးမိ၏။ သံယောဇဉ်နှစ်ခုကြားမှာ

သက်ရှုကျပ်ရသော်လည်း ပေးဆပ်မှုတစ်ခုဖြစ်ခဲ့မည်ဆိုလျှင်လည်း

နှောင်တရမိမည်မဟုတ်ပေ။

ပိုးပန်းစံနှင့်ထက်နေသွင် အကြောင်းရေစက် ဆုံစည်းခွင့်ရခဲ့

ည်ဆိုလျှင်လည်း . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

"ဪ ကိုဉက္ကာ"

ဆိုက်ဆိုက်မြိုက်မြိုက် အကြောင်းမကြားဘဲ ရောက်လာတာ ကြောင့် ဒေါ်ခင်ထားနွယ် အံ့ဩသွားရသည်။ အိမ်အကူမိန်းကလေးကို ကော်ဖီဖျော်ခိုင်းပြီး ထိုင်ခုံမှာဝင်ထိုင်ရ၏။

"ဘာကိစ္စများရှိလို့လဲ ကိုဉက္ကာ၊ အိမ်ချင်းနီးပေမယ့် အလုပ် တွေများနေတာနဲ့ မတွေ့ဖြစ်ကြဘူး"

"အဲဒီလို နေခဲ့ကြတာက ကျွန်တော်တို့အမှားဖြစ်သွားပြီထင် တယ် မနွယ်"

"ရှင် အဲဒါ ဘာပြောတာလဲ ကိုဉက္ကာ"

"သားနဲ့သမီးကို စောစောစီးစီး လက်ထပ်ပေးခဲ့ရမှာ၊ သမီး ဘွဲ့ရပြီး ဒီအကြောင်းတွေစပြောကြတဲ့အချိန်တည်းကပေါ့၊ အခုတော့ လက်ထပ်ဖို့အသိပဲပေးထားပြီး အခုချက်ချင်း လက်ထပ်ရမယ်လို့ အမိ





ဘာထားမသုံးမိခဲ့ကြဘူး"

"ရှင်ပြောနေတာ ရင်တွေထိတ်လိုက်တာ ကိုဉက္ကာရယ်၊ အခု ဘာဖြစ်လို့လဲ ကျွန်မကိုပြောပါဦး"

"ထက်နေသွင်ဆိုတဲ့ ကောင်လေးနဲ့ သမီးပိုး ပတ်သက်မှုရှိနေ တာ မနွယ် မသိဘူးလား"

"ရှင် ထက်နေသွင် ဒီနာမည် ကြားတောင်မကြားဖူးဘူး။ လူ လည်း မမြင်ဖူးဘူး။ အဲဒီကလေးက သမီးနဲ့ဘယ်လိုပတ်သက်တာလဲ ကိုဉက္ကာ"

ဦးဉက္ကာ မြင်သည်တွေ့သည့်အတိုင်း ပြောလိုက်လျှင် ဒေါ်ခင် ထားနွယ် ဘယ်လိုဖြစ်သွားမည်မသိပေ။ လျှကြီးမို့ စိတ်ကိုထိန်းလိုက်ရကာ

"မရိုးသားတဲ့ပတ်သက်မှုမျိုးနဲ့ ရင်းနှီးနေကြတာ မနွယ်၊ ကျွန် တော်တို့အချိန်မီမတားဆီးနိုင်ရင် မဖြစ်သင့်တာတွေ ဖြစ်သွားမယ့် အနေ အထားရှိတယ်"

"ဒီကိစ္စက အဲလောက်တောင် ဖြစ်နေပြီလား၊ သမီးကို ကျွန်မ မြတ်မြတ်နိုး သွေးတိုးစမ်းပြီးမေးနေတာပါ၊ သမီး အဲဒီအကြောင်း လုံးဝ မပြောခဲ့ဘူး"

"ဒါက သူ့ဘက်က ရိုးသားနေလို့လည်း ဖြစ်ချင်ဖြစ်မှာပါ"

"ဒါဆို ဟိုကောင်လေးက ဖွတ်အတင်းတွယ်ကပ်နေတဲ့သဘော ပေါ့လား၊ ဒီဘက်ကကိစ္စတွေ သူမသိလို့လား ကိုဉက္ကာ၊ မောင်မင်းမဏ္ဍိုင် ကရော ဘာမှမပြောဘူးလား၊ ဒီကိစ္စကို သူ ရှင်းသင့်ရင်ရှင်းရမှာ"

"သားက ဒီကိစ္စကို ပွဲကြည့်ပရိသတ်အနေနဲ့ပဲ နေမလားမသိ ဘူး"

"ရှင် သူနဲ့မဆိုင်သလိုလား၊ ဒါဆို သမီးနဲ့လက်မထပ်ရလည်း ဘာမှမဖြစ်ဘူးဆိုတဲ့သဘောလား၊ သမီးကိုတန်ဖိုးမထားတာလားကိုဉက္ကာ"

www.burmeseclassic.com



ဒေါ်ခင်ထားနွယ် မခံချိမခံသာ မေးခွန်းထုတ်တော့ ဦးဉက္ကာ သက်ပြင်းချရင်း ခေါင်းရမ်း၏။

အိမ်အကူ မိန်းကလေး လာချပေးသော ကော်ဖီကိုလည်း မသောက်နိုင်။

"ထက်နေသွင်ဆိုတဲ့ကောင်လေးက သားရဲ့ကျေးဇူးရှင်ဖြစ်နေတယ် မနွယ်"

"ဟင် ကျေးဇူးရှင်"

"ဟိုတစ်ခါ ဓားပြတိုက် လုယက်ခံရတဲ့အချိန်က သားရဲ့အသက်ကိုရော ပိုင်ဆိုင်မှုတွေရော ကယ်တင်ပေးထားတာ၊ သားမရှုနိုင်မကယ်နိုင် ဖြစ်နေတယ် မနွယ်၊ ဒီကောင်လေးကို ကျေးဇူးကန်းရာရောက်မှာ စိုးလို့ သူ ဘာလုပ်ရမှန်းမသိဖြစ်နေပြီ၊ အဲဒါကြောင့် ဒီကောင်လေးနဲ့ မနွယ်တွေ့ပြီး ပြောသင့်တာပြော တားသင့်ရင်တားဖို့ ကျွန်တော်လာခဲ့တာ"

"ဒီကောင်လေးကို ကျွန်မတွေ့ကြည့်ရမယ်ပေါ့၊ မောင်မင်းမဏ္ဍိုင်က ခေါင်းရှောင်တယ်၊ ရှင်ကလည်း တာဝန်မဲ့သလို"

"မ မဟုတ်ဘူး မနွယ်၊ သားကိုကျွန်တော် အတတ်နိုင်ဆုံး ပြောပြီးပြီ၊ သားက ကျွန်တော်ပေါက်ကွဲမှာကို တားတယ်၊ သူ့ကိုကျေးဇူးကန်းတဲ့သူ သိက္ခာမဲ့တဲ့သူဖြစ်အောင် မလုပ်ပါနဲ့တဲ့လေ၊ ပိုးရဲ့ဆန္ဒက အဓိကပဲတဲ့"

"သမီးလက်ခံရင် ဒီကိစ္စ မသိချင်ယောင်ဆောင်လိုက်တော့မယ်ပေါ့၊ အဲဒါ သမီးကို အစတည်းက လက်မခံချင်တာ သိသာနေပြီ"

"မဟုတ်သေးဘူး မနွယ်၊ ကျွန်တော့်အနေနဲ့ဆိုရင် သားရဲ့သမီးကို အခုပဲလက်ထပ်ပေးလိုက်တယ်၊ ခက်နေတာက ဒီကလေးပဲ ပိုးလေးကို ဆွဲခေါင်ဖြားယောင်းနေတာ၊ ပိုးက စိတ်မနိုင်ဘဲ ဒီကောင်





လေးဘက်ယိုင်သွားရင် ကျွန်တော်တို့ဘာမှလုပ်လို့မရတော့ဘူး၊ အဲဒါကြောင့် ဒီကောင်လေးနဲ့အမြန်ဆုံးတွေ့ပြီး တားပါ၊ ပိုးကိုစည်းရုံးသိမ်းသွင်းပါ၊ ကျွန်တော်ကလည်း သားကိုဖျောင်းဖျပါမယ်၊ ပြီးရင် လက်ထပ်ပေးဖို့ စီစဉ်ရမယ် မနွယ်"

ဦးဉက္ကာပြောတာတွေအတွက် ရင်ထဲတင်းတင်းကျပ်ကျပ် မတွေးနိုင်မအံ့နိုင် ခံစားရသည်။ သမီး ဘာကြောင့် ဒီလိုဖြစ်သွားတာလဲ။

ဒီအမေကို တစ်ခွန်းမှဖွင့်ဟတိုင်ပင်ခြင်း ဆွေးနွေးရင်ဖွင့်ခြင်း မရှိဘဲ ဟုတ်မှဟုတ်ပါ့မလား။ မဟုတ်ဘဲနှင့်တော့ ဦးဉက္ကာကိုယ်တိုင် ရောက်လာပြီး ဒီလိုမပြောနိုင်။

ဒါပေမဲ့ မင်းမဏ္ဍိုင် ဥပေက္ခာပြုတာဟာ သမီးကိုလက်မခံနိုင်တာကြောင့်ပဲလား။ အစကတော့ သမီးရောမင်းမဏ္ဍိုင်ရော မငြင်းဆန်ခဲ့ကြဘူးထင်မိသည်။

လက်ထပ်ပေးမယ်လို့ပြောပြီးတာတောင် အသွားအလာ အနေအထိုင်မပျက် အခေါ်အပြောမပျက်၊ သံယောဇဉ်မပျက်နေခဲ့ကြသေးတာ။

"ကျွန်မတစ်ခုမေးချင်တယ်၊ အဲဒီကောင်လေးက ဘယ်သူ့သားလဲ၊ ဘာလုပ်တာလဲ"

"ဘယ်သူ့သားလဲဆိုတာတော့ မေးမကြည့်ဖြစ်ဘူး၊ ဘာလုပ်တာလဲ ဆိုတာကတော့ ပိုးနဲ့သင်တန်းတစ်ခုတည်းပဲ၊ နောက်အိမ်မှာအဝင်အထွက်ရှိလာရင်း ပိုးနဲ့ပိုပြီးရင်းနှီးလာတယ် ထင်တာပဲ"

"ဒါဆိုရင်တော့ မင်းမဏ္ဍိုင်မသိဘဲနေမှာမဟုတ်ဘူး၊ သိရဲ့သားနဲ့လွှတ်ထားတာဆိုရင် ဒီကိစ္စ ကျွန်မပြန်စဉ်းစားရလိမ့်မယ် ကိုဉက္ကာ၊ သမီးကိုတန်ဖိုးမထားနိုင်ရင် ပွင့်ပွင့်လင်းလင်း ငြင်းဆန်လိုက်တာက တော်သေးတယ်"

"အဲ အဲလိုမဟုတ်ဘူး မနွယ်၊ ပိုးလေးကို ကျွန်တော့်သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



လို ချစ်တယ်ဆိုတာ မနွယ်သိပါတယ်၊ ဘာကိစ္စတွေ ဘယ်လိုဖြစ်နေပါစေ သားနဲ့မဖြစ်မနေကို ပေးစားမှာ၊ ပိုးကိုသမီးချွေးမတော်ကို တော်မှာ မနွယ်''

လေသံကပြင်းလွန်းတာမို့ ကြိမ်းဝါးမှုလားဟုပင် ထင်မိသည်။ သမီးအတွက်ဝမ်းပဲသာရမှာလား၊ ကျေနပ်ပေးရမှာလား။

လောလောဆယ် အရေးတကြီးလိုအပ်နေတာကတော့ ဟို ကောင်လေးနှင့်တွေ့ရဖို့ပဲဖြစ်သည်။

ထက်နေသွင်ဆိုတာ ဘယ်လိုလူမျိုးရဲ့သားမျိုးလဲ။

■ ■ ■

## အခန်း (၂၇)

''ငါ ပိုးပန်းစံရဲ့အမေပဲ''

''ဗျာ''

''မင်းကိုစကားပြောချင်တယ် ငါ့ကိုလာတွေ့ပါ''

အမိန့်သံဆန်သော စကားနှင့်လိပ်စာနေရာပြောပြီး ဖုန်းအရင် ပိတ်သွားသည်။ သူ အံ့ဩနေချိန်မရ။

ဘာအတွက်ကြောင့်ဆိုတာ သဘောပေါက်နေကာ ရှောင်တိမ်း ဖို့လည်း မစဉ်းစားမိပါ။ ပိုးပန်းစံနှင့်ပတ်သက်လျှင် ဘာမဆိုရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသည်။

ဒါကြောင့် ချိန်းဆိုထားသည့်နေရာကို အချိန်ကိုက်ရောက်အောင် လာခဲ့၏။ တစ်ခါမှမမြင်တွေ့ဘူးသော်လည်း လူရှင်းသောကော်ဖီဆိုင်လေး ရဲ့ထောင့်အကျဆုံးစားပွဲဝိုင်းမှာ အမျိုးသမီးကြီးတစ်ယောက် ထိုင်နေသည် မို့ သူ တန်းတန်းမတ်မတ်ပင် လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဝါစိုပြည်သော အသားအရေ၊ မဟာဆန်သော မျက်နှာ အလှနှင့် ကျက်သရေရှိလှသော ထိုအမျိုးသမီးကြီးက ပိုးပန်းစံရဲ့မေ ဆိုတာပဲ ဖြစ်မှာပါ။

"ကျွန်တော် ထက်နေသွင်ပါခင်ဗျ"

"ဩော် ထိုင်၊ ကော်ဖီသောက်ချင်ရင်မှာလိုက်"

စားပွဲထိုးလေးက နောက်ကလိုက်လာတာမို့ သူ ခေါင်းခါပြလိုက် သည်။ ကော်ဖီကိုအရသာခံသောက်ဖို့ အခွင့်အရေးရှိမည်မထင်ပါ။ ပိုးပန်း စံမေမေကို မဝံ့မရဲကြည့်၍ ခုံမှာဝင်ထိုင်လိုက်ပြီး

"ပြောစရာရှိတာ ပြောပါ အန်တီ"

"ငါ့သမီးနဲ့ဘယ်အခြေအနေထိ ပတ်သက်နေပြီလဲ"

"ခင်ဗျာ ဟို ကျွန်တော်တို့က"

"မပတ်သက်ပါနဲ့"

"ဗျာ"

"သမီးက မင်းမဏ္ဍိုင်နဲ့လက်ထပ်မှာ"

"ကျွန်တော်သိပါတယ်"

"မင်း"

"သူ အိမ်ထောင်မကျသေးတဲ့အတွက် ကျွန်တော်လွတ်လပ်စွာ ချစ်ခွင့်ရှိတယ်မဟုတ်လား အန်တီ"

"မရှိဘူး။ သမီးကို မင်းဖြားယောင်းသွေးဆောင်ခွင့်မရှိဘူး။ သမီးက အစတည်းက မင်းမဏ္ဍိုင်နဲ့လက်ထပ်ဖို့အတွက် ချစ်သူရွာခဲ့ ရည်းစားထားခဲ့တာမဟုတ်ဘူး။ ရှင်းရှင်းပြောရရင် ဘယ်ယောကျ်ားလေး နဲ့မှ ပတ်သက်အောင်မနေခဲ့ဘူး"

"အဲဒါ မင်းမဏ္ဍိုင်နဲ့ချစ်သူတွေမဟုတ်ဘူးဆိုတာ ကျိန်ဆိုလိုက် တာနဲ့အတူတူမဟုတ်လား အန်တီ၊ ချစ်သူမရှိတဲ့လင်ယောကျ်ားမရှိတဲ့





နဲကလေးကို ကျွန်တော်ချစ်တာ ဘာတွေအပြစ်ဖြစ်သွားလို့လဲ အန်တီ၊ နဲ့နှလုံးသားကို ပိုင်ရတဲ့အထိ ကျွန်တော် ဆက်ကြိုးစားမှာပါ"

"တောက်"

ကောင်လေးရဲ့ရဲတင်းမှုကြောင့် ဒေါ်ခင်ထားနွယ် ဒေါသဖြစ် သွားသည်။ သမီးကို ဒီလိုကောင်လေးမျိုးတွေနှင့် တွေ့မှာစိုးလို့ မင်းမဏ္ဍိုင် နှင့်သဘောတူခဲ့တာ။

ဦးဥက္ကာက သူ့သားနှင့်ပေးစားဖို့ ကမ်းလှမ်းလာတာကို ဝမ်း သာအားရ လက်ခံခဲ့သည်။ သမီးကိုလည်း ဖျောင်းဖျနားချခဲ့၏။

သမီးကလည်း သံယောဇဉ်ရှိပြီးသားမို့ ခါးခါးသီးသီး ငြင်းဆန် ခဲ့တာမျိုးမရှိ။ ဒီအချိန်ထိ အားလုံးအဆင်ပြေနေသားနဲ့။

"ဒီမယ် မင်းကိုငါပြောမယ်၊ မင်းလိုကောင်မျိုးနဲ့ ငါ့သမီးကို ပေးဝသသောမတူဘူး၊ မင်းမဏ္ဍိုင်ဆိုတာ လူကြီးချင်းသဘောတူသလို သမီးကိုယ်တိုင်လည်း လက်ခံပြီးသားပဲ၊ မင်းဝင်မရှုပ်ပါနဲ့ မစပ်ယှက်ပါနဲ့ ဒါနောက်ဆုံးတောင်းဆိုတာပဲ"

"ပိုး နှလုံးသားက သက်မဲ့မဟုတ်ပါဘူး အန်တီ၊ သူချစ်တတ် ပါတယ်၊ ကျွန်တော့်ကို သူချစ်တယ်"

"ဘာ"

"မင်းမဏ္ဍိုင်ကို လက်ထပ်ဖြစ်ရင်တောင် ကျွန်တော့်ကိုချစ်တဲ့ အချစ်တွေကတော့ သူ့ရင်ထဲကို ပါသွားမှာပါ၊ မင်းမဏ္ဍိုင်ကိုလက်ထပ် လို့ သူပျော်မယ်ထင်လား အန်တီ၊ မုန်းတဲ့သူကိုစွန့်လွှတ်ရတာနဲ့ ချစ်တဲ့ သူကိုစွန့်လွှတ်ရတာ ဝေဒနာမတူပါဘူး။ ချစ်တဲ့သူကိုစွန့်လွှတ်ထားခဲ့ရလို့ သူတစ်သက်လုံး ခွေးမြီးထိုးကိုက်ခံစားရမှာပါ၊ အန်တီ ပိုးကိုချစ်တယ်ဆို ရင်"

"တော်တော့ မပြောနဲ့ မကြားချင်ဘူး။ သမီးကမင်းနဲ့မတွေ့ခင်



www.burmeseclassic.com

www.burmeseclassic.com



က သူ့ဘာသာပျော်နေပြီးသားပါ။ သူ့ကိုယ်သူ ကျေနပ်နေပြီးသားပါ။ အဲဒါကြောင့် မင်းမနှောင့်ယှက်ပါနဲ့၊ မဖျက်ဆီးပါနဲ့၊ ငါ မင်းကိုသတိပေး တာပဲ''

ကြိမ်းမောင်းမှုက ကျောချမ်းစေသည်။ သူအလျှော့ပေးမလား လို့ ကြောက်လန့်အောင် ခြိမ်းခြောက်ခြင်းလား။

သူ့မှာဘာတွေရည်ရွယ်ချက်ရှိနေလို့လဲ။ ဖေဖေ့ရဲ့ပိုင်ဆိုင်မှုများက ပိုးပန်းစံကို တင့်တောင်းတင့်တယ် ထားပေးနိုင်သည့်အနေအထားပါ။ ပိုးပန်းစံမေမေကို သူရင်ဆိုင်ကြည့်လိုက်ကာ

''ပိုးနဲ့ပတ်သက်ပြီး ကျွန်တော် နောက်ဆုတ်ဖို့စဉ်းစားမထားပါ ဘူး အန်တီ၊ ကိုမင်းမဏ္ဍိုင်နဲ့လက်မထပ်ခင်အချိန်ထိပေါ့၊ သူ့ကိုကျွန်တော် ချစ်တာ စွန့်လွှတ်ဖို့မပါပါဘူး။ ဘယ်သူတွေ တားဆီးတားဆီး ကျွန်တော် ပိုင်ဆိုင်အောင် ကြိုးစားမှာပါ''

''မင်း ဘယ်လိုကောင်လေးလဲ၊ မိုက်ရူးရဲဆန်ပြီး လူကြီးကို မလေးစားတတ်ဝ..၊ ဘယ်လိုမျိုးရိုးကပေါက်ဖွားလာလို့လဲ ကောင်လေး''

''အချစ်အတွက်ဆိုရင် ရူးမိုက်ကြတဲ့လူတွေရှည်းပါပဲ အန်တီ ပိုးပန်းစံကို ကျွန်တော်တကယ်ချစ်တာပါ၊ သူ့အတွက် ကျွန်တော်လူမိုက် တစ်ယောက်ဖြစ်ချင်လည်း ဖြစ်သွားပါလိမ့်မယ်၊ ဘယ်သူအမိန့်ပေးပေး ကျွန်တော် နောက်ဆုတ်မှာမဟုတ်ပါဘူး။ ကျွန်တော် အခြေအနေမဲ့တစ် ယောက်မဟုတ်ပါဘူး အန်တီ၊ ပိုးကို မင်းမဏ္ဍိုင်ထက် တန်ဖိုးထားနိုင် ပါတယ်''

''ဟင်''

ဒါကိုတော့ ယုံကြည်ပေးရတော့မည်ထင်သည်။ မင်းမဏ္ဍိုင်က တော့ သမီးကို အရမ်း ချစ်တယ်လို့ပြောသေးပုံမပေါ်။

သမီးနဲ့ကိုကိုကြားမှာ အချစ်ဆိုတာ လိုသေးတယ်မေမေလို့





သမီးပြောခဲ့သေးတာပဲ။ ဒီအချစ်ကို စောင့်ဆိုင်းရင်းဖြင့် ဒီအချိန်ထိ ကြာလာခဲ့တာပဲဖြစ်မည်။

သံယောဇဉ်တစ်ခုတည်းနှင့် လက်ထပ်ဖို့ သမီးကြောက်ရွံ့ရှာမှာ ပေါ့။ ဒါမှမဟုတ် အချစ်ဆိုတာကိုတွေ့သွားလို့ တုံ့ဆိုင်းနေတာလည်း ဖြစ်နိုင်သည်။ ဒီကောင်လေးနှင့်တွေ့မှ ဆင်ခြေပေးတတ်လာတာ သမီး အပြစ်တော့ မဟုတ်ပေ။

မင်းမဏ္ဍိုင်ဆီက သံယောဇဉ်ကလွဲ၍ အချစ်ဆိုတာကို ရမှမရ ခဲ့တာ။ ဒါဆို သမီးအတွက် ဘာကိုရွေးချယ်ပေးရမလဲ။

အချစ်လား- သံယောဇဉ်လား။ သမီးဆန္ဒက ဘာလဲ။

''မင်းကိုယ်မင်း ယုံကြည်ချက်တွေ ပြင်းနေတာ ငါမပြောချင် တော့ဘူး။ ဒါပေမဲ့ သမီးဆန္ဒက မင်းကိုလက်ခံချင်လား လက်မခံချင်လား ဆိုတာ ငါ့အတွက်အရေးကြီးတယ်၊ ထက်နေသွင် အချစ်ဆိုတာ လူတစ် ယောက်အတွက် မင်းထင်သလောက် အရေးမပါပါဘူး။ ငါတစ်ခုပြောခဲ့ မယ် သမီးလက်မခံဘဲ မင်းဖွတ်အတင်းတွယ်ကပ်မယ်ဆိုရင် ငါ့အသက်နဲ့ ထဲမယ်''

ပြင်းထန်သောစကားလုံးများနှင့်ပစ်ပေါက်ခဲ့ပြီး ဒေါ်ခင်ထားနွယ် ထွက်လာခဲ့သည်။ ဒီကောင်လေးရဲ့အချစ်ကို သေချာသိခဲ့ရသည်လို့ထင်၏။

သမီးအတွက် မင်းမဏ္ဍိုင်ထက်တန်ဖိုးထားမှာကတော့ အမှန် ပင်။ သမီးသာဆန္ဒရှိခဲ့မည်ဆိုလျှင်တော့ ရွေးချယ်ခွင့်ပေးကြည့်သင့်သည် ပေါ့။

မင်းမဏ္ဍိုင် မပေးနိုင်သော အချစ်တွေအတွက် သိမ်ငယ်စွာ စောင့်ဆိုင်းနေရတာမျိုးတော့ မဖြစ်စေချင်ပါ။

မာနဆိုတာ ရှိရမှာပေါ့လေ။



www.burmeseclassic.com

## အခန်း (၂၈)

"အဲဒီကောင်လေးနဲ့ မေမေတွေ့ခဲ့တယ်"

"ရှင်"

"ထက်နေသွင်ဆိုတဲ့ကောင်လေးက သမီးကိုတကယ်ချစ်တဲ့ပုံပဲ၊ သမီးကိုပိုင်ဆိုင်ရအောင် ကြိုးစားမယ်တဲ့၊ သမီးလက်မထပ်ဖြစ်သေးသရွေ့ သူစိတ်လျှော့မယ် မထင်ဘူး၊ သမီးက ဘယ်လိုစဉ်းစားထားလဲ"

"ရှင် ဟို မေမေက"

သူမကို ရွေးချယ်ခွင့်ပေးတာလားဟု မျှော်လင့်ချက်လေးဖြစ်မိသည်။ မေမေ့မျက်နှာမှာ မကျေနပ်ခြင်းတွေ တွေ့နေရသော်လည်း ဒါဘယ်သူ့အတွက်လည်းဆိုတာ မဝေခွဲတတ်ပါ။

သူမ ခေါင်းလေးကို ဖွဖွပွတ်သပ်ပြီး

"မင်းမလှိုင် သွေးအေးနေတာ သမီးကိုမချစ်လို့လားလို့ မေမေ





ပြင်းမိတယ်၊ ဒီကောင်လေးကိစ္စနဲ့ပတ်သက်ပြီး သိရဲ့သားနဲ့ လွှတ်ထားယ်၊ သူ့အဖေက ထိုက်တွန်းပေးမယ်၊ သမီးကိုလက်ထပ်ဖို့ တွန်းဆုတ်တယ်၊ ဦးညွန့်ကျော်က သမီးရွေးမတော်ဖို့ဆန္ဒပြင်းနေပေမယ့် မင်းမလှိုင်သွေးအေးနေတာဟာ မိန်းကလေးရှင်အနေနဲ့ မာနထိခိုက်တာအမှန်ပဲမီး"

"ထက် ထက်နေကို မေမေ လက်ခံပေးနိုင်လို့လားဟင်"

"သမီးဆန္ဒရှိတယ်ဆိုရင်ပါ၊ သူ ပြင်းပြင်းပျပျ သမီးကိုတန်ဖိုးထားနေတာ ဥပေက္ခာပြုလို့မဖြစ်ဘူးထင်တယ်၊ မေမေလိုချင်တာက သမီးတန်ဖိုးထားတဲ့သူပဲ"

ပိုးပန်းစံမျက်နှာလေး ကြည်လင်ဝင်းပသွားသည်။ မေမေ့ကိုက်တွယ်ထားမိပြီး

"ကျေးဇူးတင်ပါတယ် မေမေ၊ မေမေ့ကိုမလွန်ဆန်ချင်လို့ ပိုးဖြတ်ရခက်နေတာပါ၊ ကိုကို့ကိုတော့ ပိုး သံယောဇဉ်ရှိပါတယ်၊ ကိုကိုကည်း ပိုးကိုညီမလေးတစ်ယောက်လိုပဲ သံယောဇဉ်ရှိတာထင်တယ်၊ အဲဒါကြောင့်သာ သူ တွေဝေနေတာပါ၊ သူ့အဖေဆန္ဒကြောင့် လက်ထပ်မယ်ဆိုမယ့် သူ့မှာလည်း စဉ်းစားစရာတွေရှိနေမှာပေါ့"

"မေမေ အဲဒါကိုအားမရတာ သမီး၊ ဦးညွန့်ကျော်အနေနဲ့ သူ့သားနဲ့မီးကို သဘောတူတာ တစ်ပိုင်းသေနေပြီ၊ သားကတော့ မတုန်မလှုပ်၊ ယောဇဉ်ရှိတယ်ဆိုတာကတော့ ယုံမှားသံသယဖြစ်စရာမရှိပါဘူး၊ သမဲ့ မိန်းကလေးဘက်က အရမ်းကိုသိက္ခာကျသလိုဖြစ်နေပြီ၊ တကယ် ထက်နေသွင်နဲ့ပတ်သက်တဲ့ကိစ္စတွေ သူတို့အိမ်မှာဖြစ်ပျက်နေတာအဖေတောင် လာပြောသေးတာ သူကဘာလို့ မသိချင်ယောင်ဆောင်တာလဲ"

"ရှင် အန်ကယ်က လာပြောတာ"

www.burmeseclassic.com



"ဟုတ်တယ် သမီးတို့ကိုစွက်ကို သူတို့သားအဖနှစ်ယောက်တ
သိတယ်၊ ဖအေကတော့ ဆတ်ဆတ်ကိုခါနေတာပဲ၊ သူ့အဖေကိုတော
သူကတားနေတာတဲ့ ထက်နေသွင်က သူ့ရဲ့ကျေးဇူးရှင်ဖြစ်နေလို့ ပွဲကြ
ပရိသတ်အဖြစ်မျိုးပဲနေမယ်တဲ့၊ သမီးဆန္ဒရှိလို့ လက်ခံချင်လည်း လက်
ဆိုတဲ့သဘောပေါ့လေ၊ သူနဲ့မဆိုင်သလို လက်မထပ်ရလည်း ဘာမှမ
ဘူးဆိုတဲ့ပုံစံမျိုး ချိုးတာ"

"ဩော်"

မေမေ ဒါကြောင့် မခံချင်စိတ်ဖြင့် သူ့မအတွက် စဉ်းစားပေ
လိုက်တာပါလားလို့ ကျေးဇူးတင်ရသေး၏။ ကိုကို့ကို သူမကိုယ်တိုင်လည်
အားမရပါ။

လက်ထပ်ဖို့ ကိုကို့ဘက်က အားတက်သရောမှမရှိခဲ့တာ။ မိ
တွေသဘောဆန္ဒအရ ဝတ္တရားအရ လက်ထပ်မှာမျိုးကို မလိုလား။

ခင်မင်တွယ်တာသော သံယောဇဉ်တွေဟာ သံသယဖြစ်စ
မရှိပေမယ့် လက်ထပ်ဖို့တွန့်ဆုတ်ခြင်းဟာ ဘာအကြောင်းအရာကြော
မှန်း သေချာမသိပေ။

"သမီး"

"ရှင်"

"အဲဒီကောင်လေးကို သမီး တကယ်ချစ်သလား"

"ဟုတ် ဟုတ်ကဲ့ မေမေ"

"မဝံ့မရဲ မသေမချာတော့ မလုပ်ပါနဲ့ သမီး၊ အစတည်း
သမီး ပွင့်လင်းခဲ့မယ်ဆိုရင် မေမေ ဒီလိုတွေ စိစဉ်ဖြစ်မှာမဟုတ်ဘူး"

"အဲဒီအချိန်တုန်းက သူမိုးအနားမှာ မရှိခဲ့တာ မေမေ၊ ရော
လာတဲ့အချိန်မှာလည်း မိုး အသိစိတ်မလွတ်အောင် ထိန်းခဲ့ပါသေးတယ်
မိဘတွေဆန္ဒထက် မိုးကိုယ်တိုင်ကလည်း ကိုကို့ကိုအထင်ကြီးလေးစာ





ယ်၊ သံယောဇဉ်ရှိတယ် ဒါပေမဲ့"

"မေမေ နားလည်ပြီ သမီး၊ အခု အဲဒီကလေးရဲ့မိဘတွေကို
မေ တွေ့ကြည့်ပါမယ်"

"ရှင် ဟိုလေ သူ့မှာအမေမရှိတော့ဘူး၊ အဖေတစ်ယောက်
ည်းရှိတယ်လို့ ပြောပါတယ်"

"ဘာဖြစ်လဲ အဖေဆိုလည်း အဖေပေါ့၊ သူ့မိဘမျိုးရိုးအဆင့်
တန်း လေ့လာကြည့်ပြီးရင် မေမေ ဆုံးဖြတ်ချက်ချပေးမယ် သမီး"

သေချာလက်ခံပေးလိုက်တာ မဟုတ်ဘူးဆိုတာ အသိပေးလိုက်
ာဖြစ်မည်။ သူမအနေဖြင့် စောဒကတက်ဖို့ အခွင့်အရေးရှိမည်မဟုတ်။
က်နေသွင်ကို ဘယ်လိုပုံစံမျိုး ပြောရမလဲ။

နင့်ကိုငါချစ်ပါတယ်လို့လား။

မျှော်လင့်ချက်ရေးရေးအတွက် နင် ဝမ်းသာနိုင်မလား ထက်နေ
သွင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ထက်နေ"

မဝ့်မရဲ့ တိုးတိတ်သော ခေါ်သံကြောင့် ချာခနဲ ခေါင်းကလည်ထွက်သွားသည်။ ခြေလှမ်းတွေ တုံ့ခနဲရပ်သွားလျက်

"ဟင် ပိုး"

သူမအနား အမြန်ရောက်အောင် ရင်တလှပ်လှပ်ခုန်လျက် လျှောက်သွားလိုက်သည်။ သူမ မျက်နှာလေးက ပန်းသွေးရောင်ရှပ်ပြေးလျက်ပါ။

"ကင်နီတင်း ခဏသွားရအောင်"

"ဩော် အင်း သွားလေ"

ဘာအကြောင်းရယ်မသိပေမယ့် သူမနှင့်ယှဉ်တွဲကာ လျှောက်ရသော ကြည်နူးမှုက ဖော်မပြတတ်အောင်ပင်။

လက်ကလေးလွှဲရမ်းသွားသော သူမလက်ကလေးကို သူ စိတ်ကူးနှင့်တွေးဆုပ်ကိုင်ပစ်လိုက်သည်။ လက်တွေ့မှာတော့ ဘေးစောင်





ထက်မြင်နေရသော သူမမျက်နှာလေးကိုသာ မြတ်မြတ်နိုးနိုး ငေးမောသည်။

"ပိုး ဘာစားမလဲ၊ ဘာမှာပေးရမလဲ"

"ကော်ဖီပဲ"

စားပွဲထိုးလေးကို သူကိုယ်တိုင်မှာပေးလိုက်သည်။ ပိုး ရှေ့က စားပွဲမှာ တစ်သျှူးနှင့်သုတ်ပေး၊ ရေခွေးငှဲ့ပေးဖြင့် ထက်နေသွင် ပျာယာခတ်လျက် ဂနာမငြိမ်ပေ။

ပိုးပန်းစံက သူလုပ်သမျှကြည့်လျက် နှုတ်ခမ်းလေး မပွင့်တပွင့်ပြုံးနေသည်။

"ပိုး ကော်ဖီသောက်"

"ဟင့်အင်း ပြီးမှ"

"ကိုယ့်ကိုဘာပြောစရာရှိလို့လဲ ပိုး"

"မေမေ နင့်ကိုလာတွေ့တယ်ဆို"

"ဩော် အင်း"

"ဘာတွေပြောသွားလဲ"

"မင်းနဲ့မပတ်သက်ရဘူးတဲ့၊ မင်းလက်မခံဘဲ ရှေ့ဆက်တိုးမယ်ဆိုရင် အသက်ချင်းလဲမယ်လို့ပြောသွားတယ်"

"ဟင်း ဟင်း မေမေကတော့လေ"

"မင်းရယ်တယ်နော်၊ ကိုယ် အဲလိုအပြောခံရတာကို မင်းသဘောကျနေတာလား"

"ပိုး သဘောကျတာထက် နင် ပြန်ပြောလိုက်တာတွေကို မေမေက သဘောကျသွားတယ် ထင်ပါတယ်"

"ဟင်"

"နင့်မိဘတွေနဲ့တွေ့ကြည့်မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဖေ ဖေကယ်ပြောတာလား၊ ကိုယ့်ကိုအသိအမှတ်ပြုလို
တာပေါ့နော်၊ ဟို ကိုမင်းနဲ့"

"ဘယ်ကိစ္စမှမသေချာသေးပါဘူး၊ ကိုကို တွေဝေနေတဲ့အ
မှာ မေမေစဉ်းစားလိုက်တာဖြစ်မယ်"

"ကို ကိုမင်းက ဘာဖြစ်လို့လဲ"

ကိုယ့်ပယောဂအတွက် စိတ်မလုံစွာ ကသောကမျော မေး
သည်။ ပိုးပန်းစံက ခေါင်းကိုအသာယမ်းကာ

"အဲဒါက နင် မသိလည်းရပါတယ်၊ နင့်အဖေကိုသာ မေမေ
လာတွေ့ပေးဖို့ ပြောလိုက်ပါ၊ လူကြီးချင်း ပွင့်ပွင့်လင်းလင်း စကား
ပြီးမှ မေမေ ဆုံးဖြတ်ချက်ချပေးမယ်တဲ့၊ အဆင်ပြေဖို့အတွက်ဆို
နင့်အဖေဘက်က လိုက်လျောမှုတွေ ရှိမှဖြစ်မှာ"

"အဲဒါကတော့ စိတ်ချ၊ ဖေဖေက ကိုယ့်အတွက် အဆင်
အောင်လုပ်ပေးမှာပါ၊ ဘာတောင်းဆိုမှုမဆိုလည်း လက်ခံလိမ့်မယ်၊
အကြောင်းကို ကိုယ်ပြောထားလို့ အားလုံးသိနေတာလေ"

"ဟင် အားလုံးပြောထားတယ်"

"အင်း မင်းကိုစတွေ့ပြီး စိတ်ဝင်စားကတည်းကပေါ့"

"ဟယ် ရှက်စရာကြီး ထက်နေရယ်၊ ဖအေကို အဲလိုပဲပြော
လား၊ အရှိအသေတန်လိုက်တာ"

"ကိုယ်တို့သားအဖက သူငယ်ချင်းပေါင်းပေါင်းတာလေ၊ အော
တွေလိုပွင့်ပွင့်လင်းလင်းပဲ၊ ဖေဖေ့အကြောင်းတွေလည်း ကိုယ့်ကိုအ
ပြောပြတယ် ဒါနဲ့"

စကားကိုဖြတ်ထားပြီး ထိုင်ခုံကိုမ,ကာ သူမနှင့်အနီးကပ်
ရောက်အောင် တိုးရွှေ့လာ၏။ သူမကိုရင်ခုန်အောင်လုပ်ဦးတော့မည်
သည်။





"ဘာဖြစ်တာလဲ၊ ကင်နိုတင်းထဲမှာ ဟိုဘက်တိုးထိုင်"

"ဘယ်သူမှ ကိုယ်တို့ကို ဂရုစိုက်မနေကြပါဘူး၊ မင်းကို မေးစရာ
ရှိလို့ပါ"

"ဘာမေးမှာလဲ"

"အခုပြောင်းလဲမှုက ကိုယ့်ကိုချစ်တယ်လို့ အဖြေပေးတာလား"

"ပြောမိလို့လား"

"ပေါက်ကွဲမှုတွေနဲ့ လေစိမ်းတွေတိုက်ပြီးမှ အခုလေပြည်ရန့်
လေးကို ခံစားနေရတယ်လေ၊ ဒါ အိပ်မက်မဟုတ်ဘူး မဟုတ်လား၊
တင် ကိုယ့်ကိုချစ်တယ်မဟုတ်လား"

သူမ မျက်နှာကိုကြည့်ပြီး လက်ကလေးကို ခပ်တင်းတင်းတွေး
ဆုပ်ကာ မေးနေတော့ သူမ ဘယ်လိုနေရမှန်းမသိပေ။

"ဟိုဘက်တိုးစမ်းပါ"

"ဟင့်အင်း ပြောမှ"

"နင်နော် ကလေးဆိုးလိုလုပ်မနေနဲ့၊ ငါ နင့်ကိုအလိုမလိုက်
ဘူး"

"ကိုယ့်ကိုချစ်တယ်လို့ပြောဖို့ ဘာလို့ ဒီလောက်တောင် ခက်ခဲ
နေတာလဲ ပိုးရယ်၊ မင်းမျက်လုံးထဲမှာ အချစ်ကိုတွေ့ရရုံနဲ့ ကိုယ်မရောင့်ရဲ
နိုင်ဘူး"

"ငါတို့ကိစ္စတွေ ဘယ်လိုဖြစ်လာဦးမလဲ မသိဘဲနဲ့ ငါ အဲဒီ
စကားကိုမဖြေချင်ဘူး"

"ဘာတွေဖြစ်ဖြစ် မင်းဆီကအချစ်ကို ရထားတယ်ဆိုရင် ကိုယ်
အားရှိသေးတာပေါ့ ပိုးရယ်"

"နင်က ဖွဲမခုံကိုလည်းဖက်တယ်၊ ငါ့လက်ကိုလည်းကိုင်တယ်၊
ရုန်းထွက်လို့မရအောင် ဒေါ်ကီတွေနဲ့လည်းချည်နှောင်တယ်၊ ဒါတောင်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဆိုတဲ့စကားကို သပ်သပ်ကြားချင်သေးတာလား''

''အင်း ကြားချင်တယ်''

ထက်နေသွင်က တကယ် ကလေးဆိုးပါ။ သူမကို ပါးချင်းလ ကပ်လျက် တဂျီဂျီလုပ်နေသည်။ သူမကို ဒီလိုနည်းလမ်းတွေနှင့်ဖြား ယောင်းသွေးဆောင်နေတာ သူမ ဘယ်လိုရုန်းထွက်ရမလဲ။

ရင်တွေတလှပ်လှပ်တုန်နေရင်းမှ ထက်နေ နားနားကို လေသံ သဲ့သဲ့လေးဖြင့်

''မောင့်ကိုချစ်တယ်''

''ဟား''

''ဟဲ့ ဟဲ့ မအော်နဲ့လေ၊ အို ဒုက္ခပဲ၊ ငါ့ကိုရူက်အောင်လုပ်ရင် ထွက်ပြေးမှာနော်''

''ဟား ပျော်လို့ပါ၊ ပျော်လို့ပါ ပိုးရယ်၊ ကိုယ်သေပျော်ပြီ သိ လား၊ အခုသေပစ်လိုက်လို့ရတယ်''

''လျှောက်ပြောမနေနဲ့ နင် သေသွားရင် ဘယ်လိုလုပ်ချစ်လို့ ရတော့မှာလဲ''

''ဟုတ်သားပဲနော်၊ ကိုယ်မသေသေးဘူး၊ မင်းကိုချစ်ရဦးမယ်''

''ကြားပြီးပြီဆိုလည်း ကူခြေရရနေတော့''

''ဟုတ်ကဲ့''

ကိုယ်ကိုမတ်၍ ကူခြေရရနေလိုက်သော်လည်း မျက်စိတစ်ဖက် မှိတ်ပြ၍ ကျေနပ်စွာ ပြုံးနေ၏။ ထိုအပြုံး ထိုအပြုအမူများက သူမကို ပြုစားခဲ့တာပါပဲ။

အခုတော့ ရင်နှင့်ရင်းကာ နှစ်နှစ်ကာကာ ချစ်မိသွားပြီဟု ဝန်ခံရပေတော့မည်။ မောင့်ကို ပိုးအရမ်းချစ်ပါတယ် မောင်ရယ်။

■ ■ ■



## အခန်း (၃၀)

''ထက်နေ အဖေ ဒီနေ့လာတွေ့မယ်လို့ပြောပါတယ် မေမေ''

''ဟုတ်လား''

''ပိုး ဘာစီစဉ်ပေးရဦးမလဲ မေမေ''

''မလိုဘူး၊ သမီးက လာပြီးဧည့်ခံစရာမလိုဘူး၊ ကောင်မလေး ကို ကော်ဖီတစ်ခွက်ပဲ လာချခိုင်းလိုက်၊ သမီးက လူကြီးတွေစကားပြောတဲ့ အချိန်မှာ ဝင်မစွက်ဖက်ဖြစ်အောင် အခန်းထဲမှာပဲနေပါ''

''ရှင် ဟုတ် ဟုတ်ကဲ့''

သမီး စောဒကတက်နေမှာစိုး၍ အပြတ်ပြောလိုက်သည်။ လူ ကြီးချင်း စကားပြောကြည့်သည့်နေရာမှာ သမီးရှိနေတော့ အားနာနေရ ဦးမည်။ သမီးနှင့်ပတ်သက်ပြီး မိသားစုတော်စပ်ရမည့် သူ့စိမ်းတွေရဲ့ အခြေအနေကို ပွင့်လင်းစွာသိထားချင်လို့ပါ။

ဒီလိုလေ့လာခြင်းဟာ သမီးအတွက် တွေးပေးလိုက်လို့ပါ။

www.burmeseclassic.com



ချစ်သူရှိလာပြီဆိုတော့လည်း ချစ်သူနှင့်သာလက်ထပ်စေချင်ပါသည်

မင်းမလှိုင်ရဲ့တွေဝေမှုများက မခံချင်စရာပဲမဟုတ်လား။

"မေမေကြီး ညှေ့သည်လာပါပြီ"

"ဟင် ဧည့်ခန်းထဲခေါ်ခဲ့လိုက်လေ"

"ဟုတ်ကဲ့"

တစ်ခါမှ ဆုံဖူးကြတာမဟုတ်၍ ပျူငှာစွာထွက်မကြိုဖြစ် သမီးရှင်မို့ ကိုယ့်အထာနှင့်ကိုယ် ကျနွေ့ရစွာ ထိုင်နေလိုက်သည်။

"ကျွန်တော် ထက်နေသွင်ရဲ့အဖေပါခင်ဗျ"

"ဟင် ရှင်"

ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပြီး ဆိုဖာခုံမှာဝင်ထိုင်လိုက်သေ လူကို ကြည့်၍ ဒေါ်ခင်ထားနွယ် အံ့အားသင့်သွားရသည်။ တစ်ဖက် လည်း ထိုင်ရမလို ထရမလို အံ့ဩသွားဟန်ရှိသည်။

"မင်း ခင်ထားနွယ်၊ နွယ် မဟုတ်လား"

"ရှင် ကိုမင်းသွင်၊ ထက် ထက်နေသွင်ရဲ့အဖေက ရှင်ဖြစ် တာလား"

"ဟုတ်တယ် ထက်နေဟာ ကိုယ့်သား"

"ဒါဆို ရှင်ပြန်တော့၊ ရှင်နဲ့ဘာမှဆွေးနွေးစရာအကြောင်း တော့ဘူး"

"ဟင် နွယ်၊ ကိုယ်ကသားအတွက်"

"ရှင် ဘာမှမပြောနဲ့တော့ ကိုမင်းသွင်၊ ကျွန်မ ဘာမှမကြာ ချင်တော့ဘူး"

"မဟုတ်ဘူးလေ နွယ်၊ ကိုယ်ပြောမယ့်စကားကို နည်းနည် တော့ နားထောင်ပါဦး။ သားက နွယ့်သမီး ပိုးပန်းစံကို တကယ်ချစ်တာ အစတည်းက ကိုယ့်ကိုအားလုံးဖွင့်ပြောထားတယ်၊ အခု ပိုးပန်းစံကလည်





အဖြေပေးလိုက်ပြီ ပိုးပန်းစံအမေကလည်း သားရေးသမီးရေးကိစ္စ တိုင်ပင် ချင်တယ်ဆိုလို့ ကိုယ်လာခဲ့တာပါ"

"ထက်နေသွင်က ရှင့်သားမှန်းသိခဲ့ရင် ရှင့်ကိုခေါ်တွေ့ဖြစ်ခဲ့ မှာတောင်မဟုတ်ဘူး။ အစကလည်း အရမ်းကိုကျေနပ်နေလို့ သူ့မိဘ တွေကိုခေါ်တွေ့တာမဟုတ်ပါဘူး၊ အဲဒီတော့ ကျွန်မဘက်က ပြောစရာ မရှိတော့ဘူး ရှင်ပြန်လို့ရပြီ"

ဦးမင်းသွင် ဘာပြောရမှန်းပင်မသိတော့။ နွယ်ကိုတွေ့လို့ ဝမ်း သာရသော်လည်း သားအတွက် သတင်းကောင်းပါမလာလျှင် သား စိတ်ထိခိုက်သွားပေလိမ့်မည်။

အခုချိန်ထိ ခင်ထားနွယ် စိတ်မပြေနိုင်သေးတာ ဘယ်လိုရှင်းပြ ရမလဲ။

"အတိတ်ကို မမေ့နိုင်သေးဘူးလား နွယ်ရယ်၊ ကိုယ်တို့တွေ အသက်တွေကြီးနေကြပါပြီ"

"သေရာပါဒဏ်ရာကို အချိန်နဲ့ကုစားလို့ ပျောက်မယ်ထင်နေ သလား ကိုမင်းသွင်၊ လွယ်လွယ်မေ့ထားလို့ရမယ့်ကိစ္စမို့လား"

"ဟိုတစ်ချိန်က ကိုယ့်ကိုသာ ရှင်းပြခွင့်ပေးခဲ့မယ်ဆိုရင် မင်း မေ့ထားနိုင်လောက်ပါပြီ၊ အခုရှင်းပြရလည်း မင်းနားလည်သွားမှာပါ"

"နားလည်ပေးလိုက်ရမှာစိုးလို့ အရင်ချိန်တည်းက ရှင် ရှင်းပြ တာကို နားမထောင်ခဲ့တာ ကိုမင်းသွင်၊ အပြစ်လုပ်ပြီးမှ ခွင့်လွှတ်ပါလို့ ပြောတတ်တဲ့လူမျိုးကို ကျွန်မ အမုန်းဆုံးပဲ၊ လူသတ်မှုနဲ့ထောင်ကျရင် တောင် ရှင်ဆင်ခြေပေးကောင်းရင် အာမခံနဲ့လွှတ်ချင်လွှတ်မြောက်ဦးမယ်၊ အခုက ကျွန်မနှလုံးသားကို ရှင်သတ်ခဲ့တာ၊ အဲဒီဝေဒနာအတွက် ရှင် ဘယ်လိုပဲရှင်းပြရှင်းပြ ခွင့်လွှတ်လိုက်မယ် ထင်သလား"

ဦးမင်းသွင် ခေါင်းငိုက်ချလျက် အရုပ်ကြိုးပြတ်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အယူခံဝင်ခွင့်မရနိုင်သည့်အပြစ်ကြီးကို ကိုယ်ကကျူးလွန်မိခဲ့တာပဲ။

ဒါပေမဲ့ ကိုယ့်နှလုံးသားကို ကိုယ်တိုင် သတ်မီတဲ့အဖြစ်မျိုးပါ။

"မေမေကြီး ကော်ဖီ"

"ပြန်သိမ်းသွားလိုက်၊ ဒါ ညှော်သည်မဟုတ်ဘူး ရန်သူ"

ကောင်မလေး မျက်လုံးအပြူးသားဖြင့် ကော်ဖီခွက်ပြန်ယူသွားသည်။ ဦးမင်းသွင်ကို ခေါင်းထားနွယ် ခပ်စိမ်းစိမ်းပင်ကြည့်ကာ

"အဲဒီမိန်းမနဲ့ရတဲ့သားကို ကျွန်မသမီးနဲ့ ဘယ်တော့မှမပေးစားဘူးဆိုတာ ရှင်မြဲမြဲမှတ်ထားပါ၊ ထက်နေသွင်ကို သွင်ဆိုတဲ့နာမည်ပါကတည်းက ကျွန်မသတိထားမိခဲ့ရမှာ၊ အခုလည်း နောက်မကျသေးပါဘူး။ ရှင့်သားကို ရှင်ထိန်းပါ၊ ကျွန်မသမီးကို ကျွန်မထိန်းမယ်၊ ဒါကိုမှ ထိန်းသိမ်းမရဘဲ ရှင့်သားကိုမှ လိုချင်လှချည်ရဲ့ဆိုရင် ကျွန်မကိုယ်တိုင် ကျွန်မသမီးကိုသတ်ပစ်မယ် ကိုမင်းသွင်၊ ကျွန်မ သဘောထားကို ရှင် ပြတ်ပြတ်သားသား သိသွားပြီဆိုရင် ရှင်လာလမ်းအတိုင်း ပြန်လိုက်ပါ"

နှုတ်ဆက်အကြည့်တစ်ချက်နှင့် ဦးမင်းသွင် ခေါင်းငိုက်စိုက်ချကာ ပြန်သွားသည်။ ခေါ်ခင်ထားနွယ် ဒေါသတွေနှင့် အသားတွေ တဆတ်ဆတ်တုန်နေသည်။

မဆွေးသေးသော ဒဏ်ရာဟောင်းက အသစ်ဖြစ်ကာ ရင်ကို တမြေ့မြေ့လောင်ကျွမ်းနေစေသည်။

"မေမေ"

တစ်ချိန်လုံး ချောင်းနားထောင်နေခဲ့သော်လည်း အကြောင်းစုံကို နားမလည်နိုင်စွာ မေမေ့အနားပိုးပန်းစံ အပြေးလေးရောက်လာခဲ့သည်။

"ဘယ် ဘယ်လိုဖြစ်တာလဲ၊ ဘာအကြောင်းအရာတွေလဲ မေမေ"





"ငါ့ကိုမေးခွန်းမထုတ်နဲ့၊ ငါပြောတာ နားထောင်၊ ထက်နေသွင်ကို ညည်း ပတ်သက်စရာမလိုတော့ဘူး၊ သူက ငါ့ရန်သူရဲ့သား"

"အတိတ်က ဘယ်လိုရန်ငြိုးတွေရှိခဲ့တာကြောင့်လဲ မေမေ၊ အတိတ်ကိုချန်ထားခဲ့ပါလို့တော့ မပြောချင်ပါဘူး၊ ဒါပေမဲ့ ပိုးတို့နဲ့တော့ မဆိုင်ဘူးထင်တယ်"

"ဘာ မိဘရဲ့ကိစ္စက သားသမီးနဲ့မဆိုင်ဘူးလို့ ညည်းပြောချင်တာလား"

"အဲလိုတော့ မဟုတ်ပါဘူး၊ ပိုး ထက်နေကိုချစ်တယ်မေမေ၊ သူလည်း မေမေလက်ခံပြီထင်ပြီး အရမ်းပျော်နေတာပါ မေမေ၊ သူ့အချစ်ကို မေမေအသိအမှတ်ပြုတယ်ဆို"

"အဲဒါ ဦးမင်းသွင်သားလို့ မသိခင်ကပဲ၊ အခု ရန်သူရဲ့သားမှန်းငါသိသွားပြီ၊ ညည်းမပတ်သက်ရတော့ဘူး၊ ငါပြောတာ သဘောပေါက်လား နားလည်လား"

မေမေ တစ်ခါမှ ဒီလိုဒေါသမဖြစ်ဘူး၊ မကြမ်းတမ်းဘူးဟုထင်သည်။ အခုမျက်နှာတစ်ခုလုံး နီရဲခက်ထန်နေသည်။ ပြတ်သားသော စကားလုံးတွေက ထိလွယ်ရှလွယ် မာထန်လွန်းနေ၏။

ဒီအခြေအနေမှာ သူမ စောဒကတက်နေလျှင် ပြဿနာက ပိုကြီးသွားနိုင်သည်။ ဘယ်လိုပတ်သက်မှုမှန်းမသိပေမယ့် နှလုံးသားအကြောင်းတွေလည်းပါသည်ဆိုတော့ ထက်နေအဖေနှင့် အတိတ်မှာ ဇာတ်လမ်းတွေရှိခဲ့တာကတော့ သေချာသည်။

အခြေအနေတွေ ပြောင်းလဲသွားသည့်အပေါ်မှာ ထက်နေရော ခံနိုင်ရည်ရှိပါ့မလား။ သူမရင်ထဲမှာတော့ နာနာကျင်ကျင် လွမ်းလွမ်းဆွေးဆွေးပါ။

ပေါင်းစုံဖို့က အရမ်းကိုခက်ခဲသွားပြီထင်တယ် မောင်ရေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဗျာ ဖေဖေ ဘာပြောလိုက်တယ်၊ ပိုးမေမေနဲ့ အခင်မပြေခဲ့ဘူး ဟုတ်လား၊ အဲ အဲဒါဘာဖြစ်လို့လဲ၊ ကောင်းဆိုတာတွေ များလို့လား ဖေဖေ မလိုက်ေ ဘူနိုင်တဲ့အနေအထားမျိုးတွေနဲ့ အကျပ်ကိုင်လို့လား ဖေဖေ"

"သား"

ဖေဖေအသံတွေတုန်ခတ်နေသည်။ ဘယ်လောက်ကြီးမားသည့် ပြဿနာဖြစ်ခဲ့လို့ ဖေဖေ ဣန္ဒြေမဆည်နိုင် လာက်အောင် စိတ်ထိခိုက်လာတာလဲ။ ဆိုဖာခုံမှာအရုပ်ကြိုးပြတ် စိတ်ဓာတ်ကျစွာ ထိုင်ချလိုက်သော ဖေဖေ့နားမှာ သူ ဝင်ထိုင်လိုက်သည်။

"ဖေဖေ ဘာတွေထိခိုက်ခံစားလာရတာလဲ ဖေဖေရဲ့ အခင်မပြေရတဲ့အကြောင်းအရင်းက ဘာလဲ"

"ပိုး သမီးလေးပိုးမေမေ ခင်ထားနွယ်"

"ဗျာ ခင်ထားနွယ်ဆိုတာ"





"ဟုတ်တယ် ဖေဖေ့အချစ်ဦးပဲ၊ ဖေဖေ့ကိုနာကြည်းမုန်းတီးနေတဲ့ ခင်ထားနွယ်ပဲသား"

"ဗျာ"

ဒီတစ်ခါ အရုပ်ကြိုးပြတ် စိတ်ဓာတ်ကျသွားတာက သူဖြစ်နေသည်။ ဖေဖေ့အခြေအနေကိုလည်း သူ သဘောပေါက်လိုက်၏။

"သူ့သမီးနဲ့မပတ်သက်ပါနဲ့တော့၊ အဲလိုပြောလိုက်တာမဟုတ်လား ဖေဖေ"

"ဘာလို့ အခုချိန်ထိ ဖြေရှင်းခွင့်မပေးတာလဲမသိဘူး သားရယ်၊ ဖြေရှင်းတာ နားထောင်ရင် နားလည်ပေးလိုက်ရမှာစိုးလို့ နားထောင်ချင်ဘူး မကြားချင်ဘူးတဲ့ အရင်ကပုံစံမျိုးနဲ့ပဲ ပေါက်ကွဲလိုက်တာ"

"တော်တော် အတ္တကြီးတာပဲဗျာ"

"ဖေဖေ့ကိုအယုံကြည်လွန်အချစ်တွေနဲ့ ချစ်ခဲ့တာကြောင့် ဖြစ်ပါလိမ့်မယ်၊ ဖေဖေတို့က တကယ်ကို ယုံယုံကြည်ကြည် လေးလေးနက်နက် ခင်ပိုးထားသစ္စာရှိပြီးခဲ့ကြတာ၊ ဒါပေမဲ့ ကံကြမ္မာက"

"ဖေဖေရယ်"

ဖေဖေ့ကို သူပိုသနားသွားသည်။ ဝေဒနာတွေအသစ်ဖြစ်လာရလို့ ဖေဖေ ပိုပြီးထိခိုက်ခံစားရပေမပေါ့။

ဖေဖေ့ကိုဖြေသိမ့်ရင်းဖြင့် သူ့ရင်တွေလည်း နာကျင်နေရသည်။

"ဒါဆို သားနဲ့ပိုးကိစ္စက ဒီလောက်နဲ့ပဲ ရပ်တန့်သွားပြီလား ဖေဖေ၊ ဒီအတိုင်း ပြီးဆုံးသွားပြီလား"

"သား စိတ်ကိုလျှော့ပြီး အရမ်းမခံစားလိုက်ပါနဲ့ဦး၊ ဖေဖေ ကြိုးစားကြည့်ပါဦးမယ် သားရယ်"

"ပြတ်ပြတ်သားသား ပေါက်ကွဲလွှတ်လိုက်ပြီးမှ ဖြေရှင်းခွင့်ရှောင်နေမှာလား ဖေဖေ၊ ဒီကိစ္စတွေ ပိုး သိဦးမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့ပဋိပက္ခတွေဖြစ်နေတာ သိတော့သိမယ်ထင်ပါတယ် မိန်းကလေးတစ်ယောက် အကွယ်ကနေ အခြေအနေ အကဲခတ်ပြီး အုံ့ဩ တကြီးဖြစ်နေတာ ဖေဖေ မြင်လိုက်တယ်၊ သူက သားချစ်ရ ပိုးပန်းစံပဲ ဖြစ်မှာပါ"

"ဖေဖေရာ သားဘာလုပ်ရတော့မလဲ၊ အဆင်မပြေမှုတွေ ခက်ခက်ခဲခဲ ကြိုးစားထားရတာပါ၊ အခု သူ့ဆီကအချစ်တွေကိုရခဲ့ ဖေဖေရယ်၊ ပိုး ပိုး သားကိုချစ်လာခါမှ"

"သားရယ် ဖေဖေလည်း သားနဲ့ထပ်တူ စိတ်ထိခိုက်ရပါတယ် သားအတွက် ဖေဖေ ကြိုးစားကြည့်ပါဦးမယ် သား"

"မျှော်လင့်လို့ရော ဖြစ်နိုင်ဦးမှာလား ဖေဖေ၊ ဒေါ်ခင်ထားနွယ် က အရင်ကနေ အခုချိန်ထိ ဖေဖေ့ကိုခွင့်လွှတ်နိုင်သေးတာမှ မဟုတ်တာ"

"မိဘဆိုတာ ကိုယ့်ခံစားမှုထက် သားသမီးအတွက်ပိုတွေးတတ် ကြတဲ့သူမျိုးတွေပါ၊ အခိုက်အတန့်တော့ ဝေဒနာကို ခံနိုင်ရည်ရှိအောင် ကြိုးစားပါဦး သားရယ်"

"ဖေဖေ့ရင်ထဲရော ဘယ်လိုဖြစ်နေလဲ"

ဒီမေးခွန်းကို ချက်ချင်းမဖြေနိုင်စွာ ရင်ထဲမှာနင့်နေအောင် ခံစားနေရသည်။ နွယ်မှာ ဟိုအရင်ကအလှတရားတွေ မပျောက်ပျက် သေးပါ။

နူးညံ့သိမ်မွေ့သော အပြုံးတွေအစား၊ နာကြည်းရိပ်စွန်းနေသော မျက်နှာလေးကပဲ အပြောင်းအလဲရှိခဲ့သည်။ မာကျောခြင်းတွေ၊ ခက်ထန် ခြင်းတွေဟာ အချစ်ရဲ့ကျိန်စာသင့်ခံခဲ့ရတာတွေကြောင့် ဖြစ်ပေလိမ့်မည်

"ဖေဖေ"

"ဖေဖေ ဘာပြောရမှာလဲ သားရယ်၊ ဖြေရှင်းခွင့်မရှိတာ စိတ်မကောင်းပေမယ့် သူမုန်းသင့်လို့ မုန်းတာကို ဖေဖေ အပြစ်မမြင်





ပါဘူး၊ ကံကြမ္မာကိုဆန့်ကျင်လို့မရဘူးလေ သားရယ်၊ ဖေဖေ့ဘဝမှာ သားရှိနေရင် ရပါပြီ"

"ဝေဒနာအစိုင်အခဲတွေနဲ့ ဖေဖေပင်ပန်းတာကို သားမကြည့်ရက်ပါဘူး၊ ဖြေသာစရာအကြောင်းမှမရှိခဲ့တာ၊ တကယ်လို့ ဖြေရှင်းခွင့် သာရမယ်ဆိုရင် ဖေဖေ ဖြေသာသေးတာပေါ့"

"ဖေဖေ့အတွက်က ထုသားပေသားကျနေပါပြီ သားရယ်၊ သား အတွက်ပဲ ဖေဖေ တာဝန်မကျေရမှာစိုးရိမ်တယ်၊ သားလည်း ပိုးပန်းစံနဲ့တိုင်ပင်ကြည့်ပါဦး၊ သူသာသတ္တိရှိမယ်ဆိုရင် နွယ်ကို ဖေဖေ မပိုင်ဆိုင် ရပေမယ့် နွယ်ရဲ့သမီးကိုတော့ သားကိုပိုင်ဆိုင်ရစေချင်တယ်၊ နွယ်ရဲ့ မျိုးဆက်ကလေးကို ဖေဖေ မြင်တွေ့ခွင့်ရနေသေးတာပေါ့ သားရယ်"

"ဖေဖေရယ်"

ဖေဖေ့ရဲ့ဝေဒနာက သူ့ထက်ပိုပါလားလို့ စိတ်မကောင်းဖြစ်ရ ပါ။ ဒေါ်ခင်ထားနွယ်ကို ဖေဖေ တကယ်ချစ်ခဲ့တာ သံသယဖြစ်စရာ တောင်မလို။

သူ့အချစ်တွေကလည်း ပိုးအတွက် ထုနဲ့ထည်နဲ့ အဆမတန်ပါ။

ဒါပေမဲ့ ဖေဖေ့လိုပင် အချစ်နှင့်ဆုံစည်းဖို့တော့ ဝေးပြီလား။ ရင်မှာလောင်မြိုက်ခြင်းတွေနှင့် ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဘာ ဘာဖြစ်လာတာလဲ ညီ"

မျက်နှာမကောင်းစွာ ကမူးရှူးထိုး လိုက်လာသော ထက်နေသွင်ကို ရုံးခန်းထဲခေါ်လာရင်း အထိတ်တလန့် မေးလိုက်မိသည်။ ထက်နေသွင်က ကိုယ့်လက်ကို အားကိုးတကြီးနှင့် ဆုပ်ကိုင်လာကာ

"ကျွန်တော် ပိုးကိုမပိုင်ဆိုင်နိုင်တော့ဘူး ထင်တယ် ကိုမင်း"

"ဘာဖြစ်လို့လဲ၊ ပိုးက ခါးခါးသီးသီး ငြင်းဆန်လိုက်လို့လား"

"ကျွန်တော်တို့ချစ်သူဖြစ်သွားကြပါပြီ"

"ဟင်"

"သူ ကျွန်တော့်ကိုသိပ်ချစ်တယ်၊ ကျွန်တော်လည်း သူ့ကိုသိပ်ချစ်တယ်၊ နှစ်ဦးသဘောတူချစ်သူဖြစ်ပြီးမှဗျာ"

ငိုသံစွက်သောအသံကြောင့် ရင်ထုမနာ ယူကြုံးမရဖြစ်နေတာ ဘာအကြောင်းရယ်မသိပေ။





"ညီ အကြောင်းအရင်းက"

"ပိုးအမေက သူ့သမီးလက်ခံတယ်ဆိုရင် ကျွန်တော့်ဖေဖေကို တွေ့ကြည့်မယ်ဆိုလို့ သူတို့အိမ်ရောက်သွားတာ"

"ဩော် ဒီအခြေအနေထိတောင် ဖြစ်သွားသေးတာလား"

နှမြောတသစိတ်မဟုတ်ပေမယ့် ပိုးနှင့်ပိုးအမေ ကွက်ကျော်ရိုက်သလိုခံစားလိုက်ရသည်။ ဒါပေမဲ့ ပိုးနှင့်ထက်နေ အဆင်ပြေသွားတယ်ဆိုရင်လည်း ဝမ်းသာပေးရမှာပါပဲ။

"အဲဒါနဲ့ ဘာဖြစ်သွားလို့လဲ ညီ၊ မိဘကိုခေါ်တွေ့တယ်ဆိုတာ သဘောတူလိုက်တဲ့အဆင့်ပဲမဟုတ်လား"

"အခြေအနေပိုးဆိုးသွားတာ ကိုမင်း။ ပိုးအမေက ကျွန်တော့်အဖေရဲ့ချစ်သူဖြစ်နေတယ်"

"ဘာ"

"အခုတော့ ရန်သူ"

"ညီ ရှင်းအောင်ပြော"

"ကိုမင်းရာ ဒီလိုဖြစ်လာမယ်မထင်ဘူး။ တကယ်ဆို တောင်းဆိုတွေက အဆင်မပြေတာဆို ခံသာပါတယ်၊ ကျွန်တော်တို့ဘက်က မလိုက်လျောနိုင်တာမျိုးဆိုရင်လေ၊ အခုက ပိုးမေမေက ဖေဖေနဲ့အတိတ်အကြောင်းတွေရှိခဲ့တယ်၊ အရမ်းချစ်ကြပြီး ၂ အရမ်းနာကြည်းစရာအဖြစ်မျိုးတွေနဲ့ ကြုံခဲ့ကြတာတဲ့၊ အဲဒီကြမ္မာဆိုးက ကျွန်တော်တို့ကိုရိုက်ခတ်လိုက်တာပဲ"

"ပိုးရဲ့ဆုံးဖြတ်ချက်က"

"ပိုးက သမီးမိုက်မဟုတ်ဘူးဆိုတာ ကိုမင်း သိတယ်မဟုတ်လား၊ မိုက်ရူးရဲဆန်မှာမဟုတ်ဘူး ကိုမင်း"

"ကိုယ် ဘာလုပ်ပေးရမလဲ ညီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်း စွန့်လွှတ်လိုက်ရုံနဲ့ ပြေလည်သွားမယ့်ကိစ္စမျိုး မဟုတ်
တော့ဘူး ကိုမင်းရာ၊ ကိုမင်းကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်
တို့ဇာတ်လမ်းက မစခင်က ဆုံးသွားပြီ"

ပြောနေတာ ဝမ်းနည်းပက်လက်။ ကိုယ့်မှာလည်း ထက်နေသွ
ကိုဖြေသိမ့်ဖို့စကားလုံး အစရှာမရ။

ကိုယ်နောက်ဆုတ်ရုံနဲ့ပြေလည်သွားမယ့်ကိစ္စမဟုတ်တော့ အ
လုပ်ပေးလို့ရတော့မှာလဲ။

"ညီဖေဖေနဲ့ပိုးမေမေက ဘယ်လိုတွေဖြစ်ခဲ့ကြတာလဲ"

"ပတ်သက်မှုတွေက နက်ရှိုင်းခဲ့တယ် ကိုမင်း။ ဖေဖေက ပိုး
မေမေနဲ့ချစ်သူဖြစ်ခဲ့ပေမယ့် ကျွန်တော့်မေမေနဲ့လက်ထပ်ခဲ့တယ်"

"အဲဒါကို စိတ်နာပြီးတော့လား"

"စိတ်နာသင့်တဲ့အခြေအနေမျိုးလို့တော့ ပြောရမှာပဲ၊ ဖြေ
ခွင့်ရရင် ပြေလည်သွားလောက်ပေမယ့် ပိုးမေမေက အရင်တည်း
နားလည်ခွင့်လွှတ်ပေးရမှာစိုးလို့ ဖြေရှင်းမှာကို လက်မခံခဲ့ဘူး"

"စိတ်နာလို့ကောင်းတုန်းပဲဆိုပါတော့၊ ဒါဆို ညီ လက်လျှော့
လိုက်ပြီလား"

"ကျွန်တော် ပိုးကိုချစ်တယ် ကိုမင်း၊ ကျွန်တော်ဟာ ပိုးမေမေ
ကျွန်တော့်မိဘတွေကို တွေ့ကြည့်မယ်ဆိုတော့ အရမ်းမျှော်လင့်ထား
ပိုး ကျွန်တော့်ကိုလက်ခံလိုက်တာကိုလည်း ပျော်နေတာပါ"

"ကိုယ် ဘယ်လိုဖြေသိမ့်ပေးရမလဲ ညီ"

"နားလည်ပေးတာကိုပဲ ကျွန်တော်က ကျေးဇူးတင်နေတာ
ဒီအကန့်တွေက ကိုမင်းနဲ့မှမဆိုင်တော့တဲ၊ မိသားစုအိမ်တွင်းရေးကိစ္စ
ဖြစ်သွားပါပြီ၊ ကျွန်တော် သွားတော့မယ် ကိုမင်း"

"ညီ"





မတ်တပ်ထရပ်လိုက်သော ထက်နေပခုံးကို လှမ်းဖက်ပြီး

"အရမ်းကြီးစိတ်မထိခိုက်ပါနဲ့ ညီ၊ ပဋိပက္ခဆိုတာရှိတတ်ကြ
ပါတယ်၊ ပိုးသာမင်းဘက်ကဆိုရင် ပြန်အဆင်ပြေနိုင်တာပဲ"

"အဲလိုဆိုရင်တော့ ဖြေသာရာရဦးမှာပေါ့ ကိုမင်းရယ်၊ အခုက
တာမှပြောလို့မရသေးတဲ့အခြေအနေဆိုးပါ၊ ကျွန်တော့်ရင်ထဲ လောင်မီး
ကျနေတယ်၊ ပိုးလည်း စိတ်ထိခိုက်နေမှာပဲ၊ ဒါပေမဲ့ ပိုး ဆုံးဖြတ်ချက်ကို
ကျွန်တော်မမျှော်လင့်ရဲဘူး၊ အရင်လို ပိုင်ဆိုင်ရအောင် လုပ်မယ်ဆိုတဲ့
ကြိုးစားချင်စိတ်တွေလည်း အားလျော့သွားပါပြီ ကိုမင်းရယ်၊ ဖေဖေက
ပိုးမေမေကို မပိုင်ဆိုင်ခဲ့ရလို့ ကျွန်တော့်ကိုတော့ ပိုးကိုပိုင်ဆိုင်စေချင်တဲ့
မေတ္တာစေတနာတွေ ရှိတယ်၊ သူ့ချစ်သူရဲ့မျိုးဆက်ကလေးမို့တဲ့လေ၊ ကျွန်
တော်လည်း ဖေဖေ့ခံစားချက်တွေသိနေတော့ ဖေဖေ့ဆန္ဒလေးကို ဖြည့်
ဆည်းပေးလိုက်ချင်ပါတယ်၊ ဒါပေမဲ့ မျှော်လင့်ချက်တွေ ဝေဝါးနေပြီ
ကိုမင်း။ ပိုးနဲ့တွေ့ခွင့်ရပါတော့မလားတောင် မသိဘူး"

"ဟင်း ညီရယ်"

သက်ပြင်းတွေကြောင့် ကိုယ်တောင် အသက်ရှူကျပ်လာခဲ့
သည်။ စိတ်ပျက်အားငယ်ကာ ဝမ်းနည်းပူဆွေးနေသော ထက်နေသွင်
အတွက် ကိုယ့်မှာ ဘယ်လိုမှ စိတ်မကောင်းနိုင်။

ကိုယ်တတ်နိုင်သည့်ကိစ္စမျိုးဆိုလည်း ကောင်းသားပဲ။

■ ■ ■



www.burmeseclassic.com

## အခန်း (၃၃)

"ဘာ သား ဘာပြောတယ်"

"ထက်နေဖေဖေက ပိုး မေမေရဲ့ချစ်သူတဲ့ဖေဖေ"

"ဟင် ဒါဆို မင်းသွင်၊ မင်းသွင်ပေါ့"

"ဟို ဖေဖေက ထက်နေအဖေကို သိတယ်ပေါ့"

"ပြော် ကြားဖူးတာ၊ ကြားဖူးတာပါ၊ မိတ်ဆွေရင်းတွေဆိုတော့ မနွယ်တို့ပတ်သက်ရာပတ်သက်ကြောင်းတွေ နည်းနည်းပါးပါး သိထားတဲ့ သဘောပါပဲ"

ဖေဖေ စိတ်လှုပ်ရှားနေတာသိသာသည်။ ထက်နေအဖေနာမည် ကြားလိုက်တာနှင့် ဘာကြောင့်ဣန္ဒြေပျက်လောက်အောင် ကယောင်ကတမ်းဖြစ်သွားသည်ဆိုတာကိုမသိ။

ဆင်ခြေပေးလိုက်တာလည်း ကတုန်ကယင်ဆိုတော့ ပိုပြီးနားမလည်နိုင်။ ဖေဖေက ထိုင်လိုက်ထလိုက်နှင့် နှစ်ခါလောက်လုပ်ပြီးမှ





ဆိုဖာခုံမှာပြန်ထိုင်ကာ

"သား"

"ဗျာ ဖေဖေ"

"ဒီကိစ္စက ဒီလိုနေလို့တော့မဖြစ်ဘူး"

"ဟင် ဘာလုပ်ရမှာလဲ ဖေဖေ"

"သား ပိုးကိုအမြန်ဆုံးလက်ထပ်ရမယ်"

"ဗျာ သားတို့ဒီလောက်စိတ်ဦးနှောက်ရှုပ်နေကြတာ သားတို့ကိုစ နီ"

"မင်း ဒီလိုတွေလုပ်နေလို့ ဒီကိစ္စတွေက ဒီလိုတွေဖြစ်လာတာ၊ အစတည်းကပိုးပန်းစံကို လက်ထပ်လိုက်ရင် ဒီအခြေအနေတွေရောက်လာစရာလား။ ပိုးလည်း လိုက်လိုက်လျောလျောရှိတယ်၊ မနွယ်ကလည်း သဘောတူတယ်"

"ဒါကတော့ ဖေဖေ"

"မင်းဘာကြောင့်တုံ့ဆိုင်းနေလဲ၊ တွေဝေနေလဲ၊ ဘာမဟုတ်တဲ့ ထက်နေအတွက်စဉ်းစားပေးနေလဲ၊ မင်း မနွယ်သမီးကို ယူကိုယူရမှာ"

ဖေဖေ့လေသံတွေပြင်းထန်မာကြောနေတာမို့ နားမလည်နိုင်စွာ ဆုံ့လုံးပင်ပင့်သွားသည်။ ပွဲလန့်တုန်းဖျာခင်းခိုင်းတာထက် ပိုးကိုပိုင်ဆိုင် အောင် မကြိုးစားတာ အပြစ်တင်ချင်နေပုံရသည်။

"ပိုးကို ကျွန်တော် ညီမလေးတစ်ယောက်လိုပဲချစ်တယ်ဖေဖေ၊ သူဆိုးနွဲ့တာ ဂျီကျတာ၊ သူ့အပြုအမူ သူ့အလှတွေကိုတစ်ခါတလေ သာယာချင်စိတ်ဖြစ်မိပေမယ့် အိမ်ထောင်ဘက်အဖြစ်တော့ သားမတွေး ဖြစ်ခဲ့ဘူး။ အဲဒါကြောင့်မို့ ထက်နေနဲ့ကိစ္စကိုနားလည်ပေးနိုင်တာပါ"

"မလိုချင်ဘူး၊ ပိုးပန်းစံကို အခုမင်းစိတ်ထဲထည့်ပြီး လက်ထပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့လို အိမ်ထောင်ရေးမျိုးမဖြစ်ချင်ဘူး ဖေဖေ၊ ကိုယ်က မချစ်တဲ့ မိဘပေးစားလို့ယူပြီး နောက်ပိုင်းမရှင်းတဲ့ကိစ္စတွေနဲ့ အိမ်ထောင်ရေးတကျက်ကျက် စိတ်မချမ်းမြေ့စရာတွေ မကြုံချင်ဘူး"

"သား"

ဒါတွေဟာ ထက်နေသွင် အဖေကြောင့်ဆိုတာ ပေါက်ကွဲလို့တော့ မဖြစ်။ ပြဿနာတွေ ပိုပြီးရှုပ်ထွေးသွားနိုင်သည်။ ကိုယ့်ရဲ့အတ္တတွေအတွက် သားရဲ့ရှုတ်ချခြင်းတော့မခံနိုင်ပါ။

"ဒီကိစ္စတွေက ပြီးခဲ့ပါပြီ၊ လူငယ်သဘာဝကိစ္စတွေကို သားမေမေက နားလည်မပေးခဲ့တာပါ၊ သားတို့သားအမိကို တင့်တောင့်တင့်တယ် ထားနိုင်အောင် ဖေဖေ အလုပ်တွေကြိုးစားခဲ့တယ်၊ အိမ်ထောင့်တာဝန်ကျေခဲ့တယ်"

"မေမေ့ဘက်က နာကျင်မှုတွေကို ဖေဖေ ကိုယ်ချင်းစာမပေးခဲ့ပါဘူး။ ကိုယ့်ချစ်သူလက်ထပ်သွားတာကို မခံချင်စိတ်တွေနဲ့ ဒါငို့ဇနီး ဒါငို့သားလို့ လက်ဆွဲမိတ်ဆက်ပေးတာ၊ ဘယ်မိန်းမက လက်မထောင်မျက်နှာမော့ပြီး ဂုဏ်ယူမှာလဲ ဖေဖေ၊ အိမ်ထောင်ရှိရဲ့နဲ့ ဖေဖေသစ္စာမျက်ခဲ့တာပဲမဟုတ်လား။ အသည်းကွဲဝေဒနာတွေနဲ့ ဖေဖေအချိန်ကြာကြာလောင်မြိုက်ဒေါသဖြစ်နေခဲ့တာ၊ အဲဒီအချိန်မှာ ဖေဖေ့ကိုမေမေ သနားကရုဏာဖြစ်နေနိုင်ပါ့မလား၊ ဒါကိုနားလည်မပေးဘူးဆိုပြီး ရန်လုပ်နေတော့ အိမ်ထောင်ရေးက အဆင်ပြေနိုင်ပါတော့မလား"

"အဲဒါတွေက သားနဲ့ပိုးကို လက်ထပ်ပေးမှာနဲ့ မဆိုင်ဘူးထင်ပါတယ် သား။ သားတို့ချင်း သံယောဇဉ်ရှိကြတာပဲ"

"အချစ်မပါဘဲ အိမ်ထောင်ရေးက ပဋိပက္ခတွေနဲ့ပူလောင်တတ်ပါတယ် ဖေဖေ၊ ပြီးတော့ ပိုးနဲ့ထက်နေက သိပ်ချစ်ကြတဲ့ချစ်သူတွေဖြစ်နေကြပါပြီ၊ ဒါကလည်း အိမ်ထောင်ရေးအတွက် အဖုအထစ်ဖြစ်လာနိုင်





တဲ့အကြောင်းအရင်းတွေပါ"

ဖေဖေ့မျက်နှာ ပိုပြီးခက်ထန်လာကာ စားပွဲခုံကိုဒုန်းခနဲထု၍

"သားဆင်ခြေတွေ ဖေဖေ နားထောင်မပေးနိုင်တော့ဘူး သား။ မင်းကို ပြုစုပျိုးထောင်လာတဲ့ကျေးဇူးကိုသိတတ်ရင် ပိုးကိုလက်ထပ်ပါ"

"ဖေဖေ"

"မင်းဆီက ငါ ဘာတစ်ခုမှမတောင်းဖူးဘူး။ ငါပေးဆပ်နိုင်သရွေ့ပေးဆပ်ခဲ့တယ်၊ အဲဒီအတွက် မနွယ်သမီး ပိုးပန်းစံကို လက်ထပ်ပေးရုံနဲ့ရပြီ၊ ငါ့မှာရှိသမျှ ငါပိုင်ဆိုင်သမျှ အားလုံးလက်ဖွဲ့မယ်"

ဘာကြောင့် ပိုးနဲ့လက်ထပ်ပေးဖို့ ဒီလောက်တောင် ဖေဖေ ဆန္ဒတွေပြင်းပြနေသလဲ နားမလည်နိုင်။ စောဒကတက်လျှင် ဖေဖေ ဒီထက်ပိုပြီးပေါက်ကွဲလာနိုင်သည်။ ဖေဖေက ကိုယ့်ဆီက အဖြေကိုမစောင့်ဘဲ အပြင်ကို ထွက်သွား၏။

ရင်ထဲမှာ မောရှုကျန်ခဲ့သည်။

ဖေဖေ ဘာတွေဖြစ်နေတာလဲ၊ ဖေဖေ ဘာကြောင့်ဒေါသတွေဖြစ်နေတာလဲ။ အကြောင်းရင်းက ဘာမှန်းမသိဘဲ . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"မနွယ်"

"ဩော် ကိုဥက္ကာ လာ ထိုင်ပါ"

ညှိခန်းမှာအဆင်သင့်တွေ့ရသော ဒေါ်ခင်ထားနွယ်မျက်နှာပေါ်မှာဒေါသအငွေ့အလျှံတွေ မပြယ်သေးတာမို့ ဦးဥက္ကာ ကျေနပ်စွာပြုံးလိုက်မိသည်။

"ထက်နေအဖေ လာတွေ့သွားတယ်ဆို"

"ရှင် ကိုဥက္ကာ ဘယ်လိုလုပ်သိလဲ"

"ထက်နေက သားကိုပြောပြလို့ အကြောင်းစုံသိပြီးပါပြီ၊ ထက်နေအဖေက တစ်ချိန်က မနွယ်ရဲ့"

"ကိုဥက္ကာ ကျွန်မ ဒီအကြောင်းတွေပြန်မနွေးချင်ဘူး"

"အစမ်းဖော်ချင်လောက်အောင် မနွယ် စိတ်နာနေမယ်ဆိုတာနားလည်ပါတယ်"

"ရှင် ကိုဥက္ကာက ဘာတွေသိထားလို့လဲ"





"ဩော် သားကပြောပြတော့ မနွယ်တို့သားအမိ တော်တော်ညး စိတ်ထိခိုက်နေတယ်ဆိုလို့ပါ၊ မနွယ်လည်း သမီးအတွက်အကောင်းုံးစဉ်းစားပြီး ထက်နေအဖေကိုခေါ်တွေ့တာ တာဝန်ကျေပါပြီ၊ ကိုယ့်ခတိတ်အဲကြောင်းနဲ့မဖြစ်နိုင်တော့လည်း ဘယ်တတ်နိုင်တော့မလဲ၊ စိတ်ကောင်းဖြစ်မနေပါနဲ့တော့ မနွယ်"

ကွက်ကျော်ရိုက်သလိုဖြစ်လို့ စိတ်ဆိုးမာန်ဆိုးရောက်လာသည်လို့င်သော်လည်း ဦးဥက္ကာက ပျာပျာသလဲတောင် ဖြေသိမ့်နေသေးသည်။ ှင်သြရပေမယ် ကျေးဇူးပဲတင်ရဦးမည်လား။

"ကျွန်မ အားတော့နာမိပါတယ် ကိုဥက္ကာ၊ မောင်မင်းမဏ္ဍိုင်နဲ့ိစ္စ ပျက်စေချင်တဲ့ဆန္ဒနဲ့လည်းမဟုတ်ပါဘူး ဒီလိုတွေဖြစ်နေတယ်ဆိုတာ့ အခြေအနေသိအောင် ခေါ်တွေ့လိုက်တဲ့သဘောပါပဲ"

"ရပါတယ် မနွယ်ရယ်၊ ဒီအတိုင်းဆို တအုံ့နွေးနွေးဖြစ်နေဦးမှာခုခေါ်တွေ့လိုက်တော့ အားလုံးမဖြစ်နိုင်ဘူးဆိုတာ ရှင်းသွားတာပေါ့ဒါကြောင့် သားနဲ့ကိစ္စကိုပဲ ဆက်စီစဉ်ကြတာပေါ့"

"အဲဒါ သမီးနဲ့ဆက်ဆွေးနွေးကြည့်ဦးမှဖြစ်မယ် ကိုဥက္ကာ၊ မင်းဏ္ဍိုင် အားတက်သရောမရှိတာက မိန်းကလေးရှင်ဘက်က သိက္ခာနည်းည်းထိခိုက်ပါတယ်"

"သား သားကိုတာဝန်ယူပါတယ်၊ သားက ထက်နေသွင် ဝင််လို့ စိတ်နည်းနည်း ကသိကအောက်ဖြစ်သွားတာပါ၊ အရင်က ပိုးလေးပေါ် သံယောဇဉ်ရှိတာ မနွယ်အသိပဲ၊ ပိုးကလည်း ငယ်ရွယ်သေးတော့က်နေသွင်အပေါ် စိတ်ယိုင်သွားတာဖြစ်ပါလိမ့်မယ်၊ အခု အဲဒါတွေထားလိုက်ပြီး သားနဲ့လက်ထပ်ဖို့ပဲ တွန်းအားပေးလိုက်ပါ"

ဦးဥက္ကာကတော့ ဖွတ်ဖြစ်နေသည်။ ကလေးတွေဆန္ဒဆိုတာအတွက် အရေးမပါတော့ဘူးထင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ထားနွယ် သက်ပြင်းတွေချမိကာ

"ကျွန်မကတော့ ဒီကိစ္စကို သမီးကိုဘယ်လိုဖျောင်းဖျရမှန်း မသိလို့ မောင်မင်းမင်္ဂလာကိုင်နဲ့ကိစ္စကို ဖြည်းဖြည်းအေးအေးမှ စီစဉ်ရမလား စဉ်းစားတယ်"

"အဲဒါဆိုရင် ထက်နေသွင်နဲ့ကိစ္စက ဘယ်လိုဖြစ်လာဦးမယ် မပြောနိုင်ဘူး။ နိုးပြေးသွားတာတို့ ဘာတို့ဖြစ်သွားရင် မနွယ် လက်ခံနိုင် သလား"

"အို အဲဒါမျိုး လုံးဝမဖြစ်ရဘူး၊ မင်းသွင်ရဲ့သားနဲ့ လုံး လက်မခံနိုင်ဘူး"

"အဲလို ပါးစပ်ကပြောရုံနဲ့ မနွယ် တားဆီးနိုင်မှာလား၊ သား လက်ထပ်ပေးလိုက်မှ စိတ်ချရမှာပေါ့ မနွယ်"

ဒါကိုတော့ လက်ခံပေးရလိမ့်မည် ထင်သည်။ ထက်နေသွင် ဆိုသည့်ကောင်လေးက ဖွတ်တရွတ်ဆိုလျှင် သမီးပြင်းဆန်နိုင်မှာမဟုတ်ပေ။

"ဒါပေမဲ့ မင်းမင်္ဂလာကိုင် ဒီလိုလုပ်နေတာကို ကျွန်မတော့ အား ဘူး။ သူ့အစတည်းက သမီးနဲ့ထက်နေသွင်ကို ခွင့်မပြုသင့်တာ"

"ကျွန်တော်ပြောခဲ့သားပဲ မနွယ်၊ ကောင်လေးက သားရဲ့ကျေ ဇူးရှင်ဖြစ်နေလို့ သားကခြေတစ်လှမ်းနောက်ဆုတ်ပေးလိုက်တဲ့သဘော သမီးလေးပိုးကို သံယောဇဉ်မရှိလို့မှ မဟုတ်တာ"

"အဲဒါတော့လည်း ဟုတ်မှာပါ၊ သမီးကို ကျွန်မနားချပါမယ် ကိုဥက္ကာ၊ မင်းမင်္ဂလာကိုင်ကို ရှင် တာဝန်ယူမယ်ဆိုရင်တော့"

"စိတ်ချ စိတ်ချ မနွယ်၊ ကလေးတွေလိမ္မာပြီးသားဆိုတော့ လူကြီးတွေ သဘောတူပြီဆိုရင် နာခံမှာပါ၊ မြန်မြန်စီစဉ်နိုင်ဖို့ပဲ စဉ်းစား အောင်ပါ မနွယ်"





"အင်း အဲလိုပဲ လုပ်ကြတာပေါ့"

"ကျေးဇူးတင်တယ် မနွယ်"

ဦးဥက္ကာ လိုက်လိုက်လှဲလှဲ ကျေနပ်သွားသည်။ ဒီကိစ္စ ဒီလို ဖြစ်အောင်လုပ်မှရမှာ။ ရင်ထဲမှာ မကျေနပ်ခြင်းအစိုင်အခဲတွေ မပြေ ပျောက်နိုင်သေးတာ ထုထည်ကြီးမားလို့ပါ။

ခင်ထားနွယ်ရဲ့သမီး ပိုးပန်းစံကို သားပိုင်ဆိုင်ရမှ ဒီအငြိုး အတေး အာဃာတတွေ ပြေပျောက်နိုင်တော့မှာ။

မင်းသွင် မင်းနဲ့တိုက်တိုက်ဆိုင်ဆိုင် ထပ်ကြုံရသေးတယ်ပေါ့။ ဒီတစ်ခါ မင်းကိုအနိုင်မပေးဘူး မင်းသွင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ခြံတံခါးကို တွန်းဖွင့်ကာ မြက်ခင်းပြင်အစပ်ကဒါန်းလေးမှာ ထိုင်နေသော ပိုး၊ ဂန်းစံဆီ မင်းမဏ္ဍိုင် လျှောက်လာခဲ့သည်။ ငြိမ်သက် တိတ်ဆိတ်နေခြင်းက တစ်စုံတစ်ခုကိုဝမ်းနည်းကြေကွဲနေသည်ဆိုတာ သိသာလှသည်။

"ပိုး"

"ဟင် ကိုကို"

ဒါန်းလေးမှာ ဝင်ထိုင်လိုက်ရင်း ပိုးခံနွယ်တွေကို ဖွဖွပွတ်သပ်မိ၏။

"ပိုး အရမ်းစိတ်ထိခိုက်နေလား"

"ကိုကို မိုးတို့အကြောင်းတွေ သိနေလား"

"ထက်နေ ကမ္ဘာကြီးလာပြီး ရင်ဖွင့်သွားပါတယ်၊ ထက်နေလည်း အရမ်းကိုထိခိုက်ခံစားနေတယ်၊ ကိုကို ကြည့်တောင်မကြည့်ရက်ဘူးကွာ ပိုးကို ထက်နေ အရမ်းကိုချစ်ရှာတာ"





"ကိုကို နားလည်ပေးတာ ကျေးဇူးတင်ပါတယ်၊ ထက်နေ ဒီလိုဖြစ်နေလိမ့်မယ်ဆိုတာ ပိုး သိတယ် ကိုကို၊ သူ့အချစ်တွေကို ပိုး ခံစားလို့ရတယ်၊ ဒါပေမဲ့ ပိုးတို့မနီးစပ်နိုင်တော့ဘူး"

"စိတ်လျှော့လိုက်တာလား ပိုး"

"မေမေက ပိုးကိုသင်တန်းတက်ခွင့် ဘယ်ကိုမှသွားခွင့်မပြု တော့ဘူး။ ထက်နေကိုယူရင် သူ့ကိုယ်သူ သတ်သေပစ်မယ်လိုက်မယ်တဲ့"

"ဟင် အဲလိုကြီးတောင် ခြိမ်းခြောက်ထားတယ်"

"ထက်နေအမေနဲ့ ပတ်သက်ပြီး ဘယ်လောက်တောင် ဒဏ်ရာ တွေပြင်းထန်ခဲ့လဲမသိဘူး။ အသက်နဲ့တောင်ရင်းပြီး ခြိမ်းခြောက်တယ်ဆို တာ တကယ်မလုပ်ဘူးလို့မပြောနိုင်ဘူး ကိုကို၊ ပိုး ဘာလုပ်ရမလဲ"

မတွေ့ဝေပါနဲ့လို့ အားပေးသင့်သလား မသိပေ။ ဖြေသိမ့်ဖို့ရာ စကားလုံး အစရှာမရပါ။

"ကိုကို"

"ဟင် ပိုး"

"ကိုကိုနဲ့ပိုးကို အန်ကယ်နဲ့မေမေက လက်ထပ်ပေးကြတော့ မယ်တဲ့၊ အမြန်စီစဉ်ကြတော့မယ့်ပုံပဲ"

"ငြင်းပါလား ပိုးရယ်၊ မင်းချစ်နေတာ ထက်နေမဟုတ်လား"

"ဖြစ်မှမဖြစ်နိုင်တော့တာ ကိုကို၊ မေမေ့အသက်နဲ့ရင်းပြီးတော့ သူ့အချစ်ကို အလဲအလှယ်လုပ်ပြီး မယူတော့ပါဘူး"

"မင်း ထက်နေကို စွန့်လွှတ်နိုင်ပြီလား"

"မစွန့်လွှတ်နိုင်ပါဘူးဆိုရင် ပိုးတို့ကို ဘယ်သူကူညီမှာလဲ ကိုကို"

"ပိုး"

"စွန့်လွှတ်လိုက်ပြီဆိုရင်တော့ ကိုကိုက ပိုးကို မြတ်မြတ်နိုးနိုး လက်ထပ်မှာလား။ ဒါဆိုရင် ဘယ်သူတွေ စိတ်ချမ်းသာမှာလဲ၊ အန်ကယ်

www.burmeseclassic.com



လား၊ မေမေ့လား၊ ကိုကိုကရော ထက်နေအတွက် ရက်ရောပြီး ပိုးအပေါ် စိတ်သန့်မှာလား"

"ပိုး ဘာတွေဖြစ်ချင်လဲ"

"ထက်နေနဲ့ အတူတူနေချင်တယ် ကိုကို"

"ဒါဆို စွန့်စားလေ"

"မေမေ့ကို ပိုးလက်နဲ့သတ်လိုက်တာထက် ဆိုးသွားလိမ့်မယ် ကိုကို၊ ကိုကိုအားပေးလည်း ပိုးမစွန့်စားရဲပါဘူး၊ ကိုယ့်နှလုံးသားကို ကိုယ်တိုင်သတ်ပစ်လိုက်တဲ့အဖြစ်မျိုးနဲ့ပဲ"

ရှိုက်သံသဲ့သဲ့ကြောင့် နှလုံးသားတွေတုန်ခါသွားရသည်၊ စကားမဆက်နိုင်အောင် ခံစားနေတာ သနားစရာကောင်းလွန်းလှ၏။ ပိုးပန်းလက်ကလေးကိုဆုပ်ကိုင်လိုက်ပြီး

"မနက်ဖြန်ကျ ထက်နေနဲ့တွေ့လို့ရအောင် ကိုကို စီစဉ်ပေးမယ် ပိုး"

"ဟင် ဘယ်လိုလုပ်ပြီး"

"ကိုကိုတို့နည်းနည်း ဟန်ဆောင်ကြတာပေါ့ ပိုးရယ်၊ ပိုး စိတ်ပြေလက်ပျောက်ဖြစ်အောင် တစ်နေရာခေါ်သွားမယ်ဆိုပြီးတော့ပေါ့၊ ကိုယ်တို့ချင်းအဆဝ်ပြေနေတဲ့ပုံစံမျိုးနဲ့ဆိုရင် မိဘတွေယုံကြည်ကြမှာပါ"

"သူနဲ့တွေ့ရင် ပိုး ဘာပြောရမှာလဲ ကိုကို၊ စွန့်စားရအောင်လို့လား၊ စွန့်လွှတ်လိုက်ပါလို့လား။ ဆုပ်လည်းဆူး စားလည်းရူးအဖြစ်မျိုးနဲ့ ပိုး သူ့ကိုတွေ့ဖို့ ခွန်အားတွေပျောက်နေတယ် ကိုကို"

"သူ့ကိုထားခဲ့ရရင် မင်းနောင်တမရမှာသေချာလား ပိုး"

"ပိုး အခုလည်း နောင်တရနေပါတယ်၊ သူ့ကိုပိုးမချစ်ခဲ့ရင် သူခံစားရမယ့်ဝေဒနာတွေ ဒီလောက်ပြင်းထန်မှာမဟုတ်ဘူးလို့လေ၊ အခုတော့ ပိုးအချစ်တွေသူရသွားပြီးမှ မဆုံစည်းရတော့မှာသေချာသလောက်





ဖြစ်သွားတယ်၊ ပိုးကိုယ်ပိုးထက် သူ့ကိုပိုသနားမိတယ်"

"ဩော် ပိုးရယ်"

နှစ်ယောက်လုံးရဲ့ဝေဒနာတွေကို တစ်ယောက်တည်းသာ အပြည့်အဝခံစားလိုက်ချင်သည်။ နှစ်ယောက်လုံးက ကိုယ်သံယောဇဉ်ရှိရသည့်သူတွေချည်းပါ။

ပေးဆပ်သူက ကိုယ်တစ်ယောက်တည်းဖြစ်ပြီး အားလုံးအဆင်ပြေသွားကြလျှင် ဘယ်လောက်ကောင်းမလဲ၊ သက်ပြင်းတစ်ရှိုက်နှင့် ထရပ်လိုက်ပြီး

"မနက်ဖြန်တော့ ထက်နေနဲ့တွေ့ဖြစ်အောင် တွေ့လိုက်ပါ ပိုး၊ သူ့ရဲ့မျှော်လင့်ချက်တွေအတွက် ကျန်ခဲ့ရမယ်ဆိုရင်တောင် ပြတ်ပြတ်သားသား သိသွားပါစေ"

လေးကန်သောခြေလှမ်းများဖြင့် လှမ်းထွက်ခဲ့သည်၊ ဘယ်သူ့ကိုမှ မဖြေသိမ့်နိုင်သည့်အဖြစ်မျိုးကို မရောက်ချင်။

ကိုယ်တိုင်ကလည်း ဖေဖေ့ကို မလွန်ဆန်ဝံ့စွာဖြင့် ဘာဆက်လုပ်ရမလဲ။

ဒီပဋိပက္ခအတွင်းက ရုန်းထွက်ခွင့်လည်းမသာဘဲ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ပိုး"

"မောင်"

မင်းမင်္ဂလာဆောင်ကားပေါ်မှာ ရှိနေသည်ဆိုတာ သတိမရနိုင်ဘဲ ပိုး... စံကိုယ်လေးကို ထွေးဖက်ပစ်လိုက်သည်။ အလွမ်းတွေနှင့်လိုက်မော... ဆံနွယ်လေးတွေကို နမ်းရှိုက်ဖြစ်၏။

ပိုးလည်းညွတ်နူးစွာ မိန်းမောနေပေမယ့် ခဏချင်းမှာ သူ... ကိုယ်လေးခပ်တောင့်တောင့်ဖြစ်သွားခဲ့သည်။ မင်းမင်္ဂလာဆောင်ကို အားနာ... ပဲလား။

"ပိုးတို့ ဟိုနံတန်းမှာ ခဏထိုင်ရအောင် မောင်"

"ခဏဆိုတော့ အချိန်မရဘူးဆိုတဲ့သဘောလား ပိုး၊ သင်တန်း... မတက်တော့လို့ မောင် ဘယ်လောက်တောင်လွမ်းနေခဲ့ရလဲ"

"ကိုကိုက ပိုးကိုခဏဆိုပြီး ခေါ်ထုတ်လာခဲ့တာပါ မောင်... သင်တန်းတောင်တက်ခွင့်မပေးတော့တာ နောက်အဆင်ပြေလာနိုင်မယ်...





ဆင်လို့လား"

"အဲဒီလောက်တောင် ကန့်သတ်လိုက်ပြီလား။ မောင့်ကိုမျှော်လင့်နေပါနဲ့တော့လို့ လာပြောတာလား ပိုး"

"မဟုတ်ပါဘူးလို့ပြောရင် ညာပြောရာရောက်မလားမသိဘူး မောင်၊ ပိုးတို့ခွဲခွာရမှာသေချာသလောက်ဖြစ်နေပါပြီ"

"ပိုး"

"ပိုး မေမေကိုစွန့်လွှတ်ရမှာလား၊ မောင့်ကိုစွန့်လွှတ်ရမှာလား ဝေခွဲတတ်တော့ဘူး"

"ပိုး မင်းထားခဲ့ရက်လည်း မောင်မနေခဲ့ဘူးနော်၊ မောင်မင်းကို သိပ်ချစ်တာ"

"ပိုးကရော မောင့်ကိုမချစ်လို့ထားခဲ့မှာမှမဟုတ်တာ မောင်ရယ်၊ မောင့်ကိုမေမေ့အသက်နဲ့လဲပြီး ရူးရူးမိုက်မိုက် လက်ထပ်ရမှာလား"

ကြိတ်မနိုင်ခဲမရ ဝေဒနာများဖြင့် မျက်ရည်က အလိမ့်လိုက်ကျ၏။ ပိုး မြင်သာအောင် အသံနားမခံချင်။

"မောင် ပိုးဘက်ကို လှည့်ပါဦး"

မျက်နှာကိုဆွဲလှည့်ပြီး မျက်ရည်တွေကိုမြင်တော့ ပိုး မျက်ရည်တွေ ရစ်ဝိုင်းလာလျက် ယဲ့ယဲ့ပြုံး၏။

"မောင် ပိုးကိုချစ်တယ်ဆိုတာ ပိုးသိပါတယ်၊ ပိုးလည်းမောင့်ကိုမခွဲနိုင်အောင်ချစ်တာပဲ မောင်၊ ရင်ကိုခွဲပြီး နှလုံးသားတွေထုတ်ယူထားမယ်ဆိုရင် ယူထားလိုက်ပါ၊ ဗလာခန္ဓာကိုယ်နဲ့တခြားသူကို လက်ထပ်လိုက်ရတော့မယ့်တာဝ၊ ဘယ်တော့မှအပျော်ဆိုတာ ရှိလာတော့မှာမဟုတ်ဘူး"

"ဟင် ပိုး ပိုး လက်ထပ်ရမယ်၊ ကို ကိုမင်းနဲ့လား"

လှေးပင်စွာခေါင်းညိတ်ပြတော့ ရင်ထဲဟာခနဲ ဟင်းလင်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်သွားခဲ့၏။ ပိုးကို နမြောတသစွာ မျက်ရည်တွေဖြင့် ခပ်ကြာကြာ ငေးကြည့်ဖြစ်သည်။

ပိုးက သူ့မျက်ရည်တွေကို လက်လေးနှစ်ဖက်ဖြင့် ပွတ်သပ်သုတ် ပေးလာပြီး

"ပိုးကို သတ္တိနည်းလှချည်လားလို့အပြစ်မတင်ဘူးလား မောင်"

"မောင်ကိုယ်တိုင်ပဲ စွန့်စားပါလို့ ပြောထွက်ချင်တာပါ၊ အပြ တွေမှန်သမျှ မောင်ပဲခံချင်တယ်၊ ဒါပေမဲ့ ပိုးရယ် မောင် ဘယ်လိုနေ ရမှာလဲ၊ လူကြီးတွေရဲ့ပဋိပက္ခက မောင်တို့နဲ့ဘာဆိုင်လို့ မောင်တို့ ဒဏ်ခတ်ခံရမှာလဲ"

"သားသမီးတွေက ကျေးဇူးကြေးဆပ်ရမှာ၊ ဒီဝတ္တရားတွေ ပါတယ်ထင်တယ် မောင်၊ သားသမီးတွေရဲ့နှလုံးသွေးနဲ့စတေးမှ သူ့ အငြိုးအတေးတွေ ပြေပျောက်မယ်လို့ ထင်လို့နေမှာပေါ့"

"ကိုမင်းက ပိုးကိုလက်ထပ်မယ်တဲ့လား"

"ပိုးတို့ဆုံးဖြတ်ချက် မချရသေးပါဘူး၊ ဒါပေမဲ့ ကိုကို့အဖေ မေမေရောက သူတို့ဘာသာ စီစဉ်နေကြပြီ၊ ပိုးတို့ဘာမှမတတ်နိုင်တော့ တဲ့အခြေအနေပါ မောင်"

ဘေးကျပ်နံကျပ် အသက်ရှူကျပ်စေသောစကား။ ကန်ရေပြ က တိုးတိုက်လာသော လေပြည်တွေက ရင်အပူကို မသက်သာစေပြီ ဖျတ်ခနဲ ကိုမင်းကားတံခါးကို သွားဆွဲဖွင့်မိပြီး

"ဆင်းလာခဲ့ပါဦး ကိုမင်း၊ ကျွန်တော်တို့ ဒီအခြေအနေထဲက ဘယ်သူမှ ရုန်းမထွက်နိုင်ကြတော့ဘူးလား"

"ညီ"

ကားပေါ်ကဆင်းပြီး ဘယ်လိုဖြေသိမ့်ရမှန်းမသိ။ ပိုးပန်းစုံ ထက်နေသွင်ကို လက်ဆွဲကာ





"ကိုကိုလည်း အခက်တွေ့နေပါတယ်၊ ကိုကို့ကိုအပြစ်မတင်ပါနဲ့ မောင်ရယ်၊ ကိုကိုလည်းမတတ်နိုင်တော့တဲ့အခြေအနေပါ၊ သူ့အဖေကို အတတ်နိုင်ဆုံး အတိုက်အခံလုပ်ပြီးပါပြီ"

"ဘာဖြစ်လို့ ဖွတ်ဖြစ်နေကြတာလဲ၊ ဒီအခြေအနေကြီးကို ဘယ် သူဖန်တီးနေတာလဲ၊ ကျ ကျွန်တော်တို့သုံးယောက်လုံး ဒီလိုတွေဖြစ် အောင်"

"ညီ"

"မောင်"

ထက်နေသွင် မျှော်လင့်ချက်တို့ပျောက်ကာ နေရာကနေ ကား ကိုတရကြမ်းမောင်း၍ ပြေးထွက်လာခဲ့သည်။ အချစ်ဆိုတာ လွယ်လွယ် ရခဲ့သည့်အရာမဟုတ်။

ခက်ခက်ခဲခဲနှင့်ရပြီး ပြန်ပေးရမည်ဆိုတော့ ရင်ထဲမီးပြင်းပြင်း နဲ့မြိုက်ခံရသလို ပူလောင်လှသည်၊ ဘာကြောင့် ဒီအခြေအနေမျိုး ဖြစ်လာ ရတာလဲ။

"သား သား"

ခြံထဲကို ကားကိုဝုန်းဒိုင်းကြမ်းမောင်းဝင်လာတာကြောင့် သား အတွက် စိုးရိမ်သွားကာ ကားတံခါးကိုဆွဲဖွင့်ခေါ်ရသည်။

"သားလေး ဘာဖြစ်လာတာလဲ သားရယ်"

"ဖေဖေ"

ညည်းခန်းထဲထိ တွဲခေါ်လာရင်း တဆတ်ဆတ်တုန်ယင်သလို ဖြစ်နေသော သားပခုံးလေးကို ပွေ့ဖက်ထားရသည်။

"သား"

"ဖေဖေ ပိုးကို သားမပိုင်ဆိုင်နိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကို ကိုမင်းနဲ့လက်ထပ်ရတော့မယ်တဲ့"

"ဟင်"

"ကိုမင်းအဖေနဲ့ပိုးအမေ ဖွတ်စီစဉ်နေကြတယ်၊ ကိုမင်းရော ပိုးရော ဘာမှမတတ်နိုင်တော့ဘူး။ ပိုး ပိုးကသားကိုချစ်ပါတယ်၊ ကိုမင်းကလည်း သားတို့ကိုလိုက်လျောပေးခဲ့တာပါပဲ၊ အ အခုက"

"သားရယ် နွယ်ဒီလောက်အချိန်ထိ နာကြည်းနေတာ ဖေဖေ အံ့ဩမိတယ်၊ အဲဒီလိုဖြစ်တယ်ဆိုရင်တောင် သမီးဘဝကို ဒီလိုမခြယ်လှယ်သင့်ဘူး။ သားနဲ့မပေးစားနိုင်တောင် မချစ်တဲ့သူနဲ့တော့ ဘဝတစ်ခုလုံး နစ်မွန်းမခံနိုင်းသင့်ဘူးလေ၊ ပိုးပန်းစံဘဝ ဘယ်လောက်တောင် သနားစရာကောင်းမလဲ"

"သူ့အမေက အသက်နဲ့ခြိမ်းခြောက်ထားတော့ သူ ဘယ်လိုမှ ငြင်းဆန်လို့မရတာက ပိုဆိုးတယ် ဖေဖေ၊ ကိုမင်းကလည်း ကူညီပေးချင်ပါတယ်၊ ပိုးအခြေအနေက အကျပ်အတည်းဖြစ်နေတော့ ကိုမင်းလည်း အခက်တွေ့ရတာပဲ"

"ဘာလို့များ သားသမီးတွေအပေါ် မညှာတာကြတာလဲ၊ ကိုယ့်ဆန္ဒကိုယ့်အတ္တ အငြိုးအတေး အာဃာတတွေပဲဦးစားပေးနေတာ နွယ် အရမ်းလွန်သွားပြီ၊ ဖေဖေ နွယ်နဲ့တွေ့ကြည့်ပါဦးမယ် သား၊ နောက်ဆုံး ကြိုးစားကြည့်ခြင်းပေါ့၊ ကိုယ့်အတွက်မဟုတ်တောင် သမီးလေးပိုးအတွက် ငဲ့ညှာသင့်တာကို ဖေဖေ ဖျောင်းဖျကြည့်ဦးမယ် သား"

အဲဒီလောက်ဆိုလည်း ဖြစ်ပါတယ်လို့ မဖြေသိမ့်နိုင်သေးပါ။ ပိုးကို စွန့်လွှတ်ရမှာ ရင်ထဲက ဘယ်လိုမှမဖြေသိမ့်နိုင်။

သူ့ရဲ့ပူလောင်ခြင်းတွေက ဖေဖေ့ကိုပါ ကူးစက်လောင်မြိုက်စေခဲ့ပြီလား။ အသွေးအသားတွေဟာ သွေးစိမ်းရှင်ရှင်ထွက်လို့ . . . ။

■ ■ ■



## အခန်း (၃၇)

"မနွယ် အခုစိတ်ချမ်းသာပြီမဟုတ်လား။ ကလေးတွေက သွား ားလာလာ တိုင်တိုင်ပင်ပင် ဖြစ်နေကြတယ်"

"အင်း ကလန်ကဆန်လည်းမလုပ်ကြဘူးဆိုတော့ စိတ်တော့ ည်းနည်းသက်သာပါတယ်၊ ဒီအတိုင်း အဆင်ပြေသွားမယ်ဆိုရင်တော့ တို့ကိစ္စမြန်မြန်ဖြစ်သွားမှာပါ"

"ကျွန်တော်ကတော့ အခုဖိတ်စာတွေ ဘာတွေရိုက်ထားချင် ယ်၊ ညစ်ခံပွဲအတွက် ဟိုတယ်မှာ ဒိတ်ယူဖို့လည်း မနွယ်နဲ့လာပြီး ိုင်ပင်တာ"

"ဩော် အဲဒါ သူတို့နဲ့နည်းနည်း ညှိနှိုင်းကြည့်ပြီးမှ"

ဦးဥက္ကာ ကော်ဖီကိုမော့သောက်ရင်းဖြင့် ခေါင်းရမ်းသည်။ ခွက် ားပွဲပေါ်အသာလေး ပြန်ချပြီး

"ကျွန်တော်တို့မှာ လူကြီးမိဘ ဒီနှစ်ယောက်ပဲရှိတာ၊ တခြား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို တိုင်ပင်ရဦးမှာလဲ၊ ကလေးတွေက ကလေးဆိုးတွေမဟုတ်ဘူး။ စဉ်းစားတတ်တဲ့မိဘကို လေးစားတတ်တဲ့သူတွေပါ၊ ကောင်းစေချင်လို့စီစဉ်တာမှန်သမျှ သူတို့နာခံကြမှာပါပဲ"

"အင်းလေ ကိုဥက္ကာ ကောင်းသလိုစီစဉ်ပါ၊ ကျွန်မကတော့ အေးအေးချမ်းချမ်း အဆင်ပြေသွားတာပဲဖြစ်စေချင်တယ်၊ သမီးနဲ့အေးအေးဆေးဆေး မတိုင်ပင်ရသေးတာတော့"

"သမီးပိုးက သမီးလိမ္မာပါ၊ စိတ်ကစားလို့ ထက်နေသွင်နဲ့ ဒီလိုလေးဖြစ်သွားပေမယ့် အခုမိုက်ရှူးရဲဆန်ပြီး မိဘစိတ်ဆင်းရဲအောင် ရှေ့ဆက်တိုးနေတာမှ မဟုတ်တဲ့ မနွယ်ရယ်၊ သားနဲ့ကလည်း အစတည်းက သံယောဇဉ်ရှိပြီးသားဆိုတော့ တခြား ဘာမှတွေးနေစရာမလိုပါဘူး ကျွန်တော်တို့မိသားစုနှစ်စုက ကြားလူဝင်ရှုပ်နဲ့ပျက်သွားမှာမျိုးမဟုတ်ပါဘူး မနွယ်၊ မိဘတွေစီစဉ်သမျှ သူတို့နာခံမှာပါ"

ဦးဥက္ကာက လေပြည်လေးနှင့်နားချလိုက် ဖျောင်းဖျလိုက်ဖြင့် ဖွတ်အတင်းကို မြန်မြန်လက်ထပ်ပေးချင်နေသည်။ ဒေါ်ခင်ထားနွယ် တွေဝေချိန်မရအောင်ကို စည်းရုံးနေ၏။

ဒေါ်ခင်ထားနွယ်လည်း သမီးစိတ်ဆင်းရဲနေတာသိပေမယ့် ဦးမင်းသွင်ရဲ့သား ထက်နေသွင်နှင့် မပတ်သက်ဖို့အတွက် ဒီလိုလုပ်မှ စိတ်ချရမည်ဆိုတာ သိနေပါသည်။

"မေမေကြီး ညွှန့်သည်လာပါတယ်"

"ဟင် ဘယ်သူပါလိမ့်"

ချိန်းဆိုထားခြင်း လာစရာညွှန့်သည်မရှိတာမို့ အိမ်အကူ မိန်းကလေးပြောတာကို အံ့သြသွားရသည်။ ညွှန့်သည်က ညွှန့်ခန်းအဝတောင် ရောက်နေပြီဖြစ်၏။

"ရှင် ရှင် ဘာလာလုပ်တာလဲ"





"ဟင် မင်းသွင်"

ဦးဥက္ကာ လှည့်ကြည့်လိုက်ရင်း မျက်နှာကြီး တင်းမာခက်ထန်သွားလေသည်။ ဦးမင်းသွင်က အခုမှ ဦးဥက္ကာကို မြင်ပြီး အံ့အားသင့်သွားကာ

"ခင် ခင်ဗျား ကိုအောင်မင်း"

ဦးဥက္ကာကို ကိုအောင်မင်းလို့ခေါ်လိုက်၍ ဒေါ်ခင်ထားနွယ် တွေခနဲဖြစ်သွားလျက် ဦးဥက္ကာကိုမော့ကြည့်သည်။ ဦးဥက္ကာရဲ့ခက်ထန်ခြင်းတွေက ဦးမင်းသွင်ဘက် သက်ရောက်နေတာ ဘာကြောင့်မှန်းတော့မသိ၊

ဦးမင်းသွင်က ခံထာမျှတွေဝေစဉ်းစားခြင်းတွေဖြင့် ရှေ့တိုးလာကာ

"မင်းမဏ္ဍိုင်ဆိုတာ ခင်ဗျားရဲ့သားလား ကိုအောင်မင်း"

"ဟုတ်တယ် မင်းမဏ္ဍိုင်က ငါ့ရဲ့သား"

"ဪ ခင်ဗျား လက်ဆွဲခေါ်လာပြီး ဥမ္မာခင်ရှေ့မှာ ဒါငါ့သား ငါ့ဖနီးလို့မိတ်ဆက်ပေးတဲ့အချိန်က ငါးနှစ်ခြောက်နှစ်အရွယ်ဆိုတော့ သူ့ကိုတွေ့တာ ခင်ဗျားသားလို့ ကျွန်တော်မမှတ်မိလိုက်ဘူး။ ဒီအရွယ်တောင် ဖြစ်နေမှကိုး"

"မင်းနဲ့ဥမ္မာခင်နဲ့သားတောင် ဒီအရွယ်ရှိနေတာ ဘာထူးဆန်းလို့လဲ မင်းသွင်"

"နွယ်ရဲ့သမီးနဲ့ ဖွတ်အတင်းပေးစားချင်နေတာတော့ ထူးဆန်းနေတယ်မဟုတ်လား ကိုအောင်မင်း။ ပိုးကိုခင်ဗျားရဲ့သမီးချွေးမအဖြစ် ရိုးရိုးသားသားပတ်သက်ချင်တာမှဟုတ်ရဲ့လား၊ ခင်ဗျားချစ်သူ ဥမ္မာခင်ကို ကျွန်တော်လက်ထပ်လိုက်တယ်ဆိုပြီး ကျွန်တော်နဲ့ပတ်သက်ခဲ့တဲ့ နွယ်တို့သားအမိကို ခင်ဗျားလက်စားချေတဲ့အနေနဲ့ ပိုင်ဆိုင်ချင်နေတာ များလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဦးမင်းသွင် စကားတွေကြောင့် ဒေါ်ခင်ထားနွယ် အံ့ဩသွားရသည်။ ဒါဆို ဦးဥက္ကာက ဦးမင်းသွင်နှင့်လက်ထပ်ခဲ့သည့် ဥမ္မာခင်ရဲ့ရည်းစား ကိုအောင်မင်းပေါ့။

ဘာကြောင့် ကိုအောင်မင်းက ဦးဥက္ကာအဖြစ်နဲ့မိမိတို့အနားမှာ ရှိနေခဲ့တာလဲ။ ကိုမင်းသွင်ပြောသလို

"ပြောလေ ကိုအောင်မင်း။ ခင်ဗျားက အရင်တည်းက တစ်ကိုယ်ကောင်းစိတ်နဲ့ အတ္တကြီးခဲ့တဲ့သူပဲ၊ ကိုယ့်မှာအိမ်ထောင်ရှိရဲ့နဲ့ ဥမ္မာခင်ကို လူပျိုလူလွတ်လို ချစ်သူထားခဲ့တယ်၊ ကျွန်တော်ကတော့ လူကောင်းတစ်ယောက်ပဲဆိုပြီး ဥမ္မာခင်နဲ့ပတ်သက်သမျှ အောင်သွယ်တစ်ယောက်လို အကုန်လိုက်လုပ်ပေးခဲ့တာ၊ နွယ့်သူငယ်ချင်းဖြစ်နေတော့ နွယ်မငြိုငြင်အောင်လို့ ကူညီပေးခဲ့တဲ့သဘောပဲ၊ ခင်ဗျားကတော့ နိုးပြေးဖို့အားလုံးစီစဉ်ပြီးမှ မိခင်ကြီးနေမကောင်းလို့ ဥမ္မာခင်ကိုတောင် အကြောင်းမကြားဘဲ ပြန်သွားခဲ့တယ်"

"အဲဒါ ဖြတ်ခုတ်ဖို့ မင်းအတွက်အခွင့်အရေးကောင်း ရသွားခဲ့တာမဟုတ်လား"

"လူတစ်ယောက်ရဲ့အသက်ကို ကိုယ့်ကိုယ်ကိုယ် အနာကျင်ခံပြီး စာနာစိတ်နဲ့ကယ်တင်ခဲ့ရတာ ခင်ဗျားဘာလို့ အခုချိန်ထိ နားလည်မပေးတာလဲ ကိုအောင်မင်း၊ အဲဒီအချိန်က ချိန်းထားတာကို ခင်ဗျားရောက်မလာလို့ ဥမ္မာခင် သူ့ကိုယ်သူ သတ်သေဖို့ကြိုးစားတယ်၊ သူ့အိမ်ကို ယောကျ်ားနောက်လိုက်သွားပြီလို့ စာရေးထားခဲ့တဲ့အတွက် သူပြန်လို့မှ မရတော့တာ၊ မိန်းကလေးတစ်ယောက်ရဲ့အရှက်နဲ့သိက္ခာ ခင်ဗျားမတွေးခဲ့ဘူးမဟုတ်လား၊ ကျွန်တော်တို့ခင်ဗျားကို စောင့်ခဲ့ကြပါသေးတယ်၊ ခင်ဗျားက ခင်ဗျားအမေဆုံးပြီး ရက်လည်တို့ တစ်လဆွမ်းတို့သွပ်ပြီးမှ





ရောက်လာခဲ့တယ်၊ ကျွန်တော်သာ မကယ်တင်ခဲ့ရင် အဲဒီအချိန်မှာ ဥမ္မာခင်ရဲ့အရိုးကိုတောင် ခင်ဗျားရှာတွေ့မှာမဟုတ်ဘူး"

ဦးမင်းသွင်က ပြောရင်းနှင့် တက်တစ်ချက် ခပ်ကျယ်ကျယ် ခေါက်၍

"ဒါကိုတောင် သနားညှာတာရမှန်းမသိဘဲ ကလေးနဲ့မိန်းမကို ခေါ်လာပြီး ဥမ္မာခင်ကို မိတ်ဆက်ပေးခဲ့သေးတယ်၊ အဲဒီအချိန်တည်းက ခင်ဗျားရဲ့စိတ်ကိုရိပ်မိသွားခဲ့တာ ကိုအောင်မင်း၊ ကျွန်တော့်မှာလည်း ချစ်သူနဲ့ကွဲရတယ်၊ ချစ်သူရဲ့အထင်လွဲမှုနဲ့တင်းနာကြည်းမှုတွေ ဒီနေ့ထိခံနေရတယ်၊ ဒါတောင် ခင်ဗျားက မကျေနပ်နိုင်သေးဘဲ နွယ်တို့သားအမိအပေါ် ဒီလို လုပ်ရက်သေးတယ်ပေါ့"

"ကိုမင်းသွင် ရှင်ပြောနေတာတွေက"

"အမှန်တွေပဲ နွယ်၊ ဒီလူ အရမ်းယုတ်မာတာ၊ နွယ့်သူငယ်ချင်း ဥမ္မာခင်ကို လူပျိုဆိုပြီး သူကြိုက်ခဲ့တာ၊ ဥမ္မာခင်က ရိပ်မိလို့လားတော့ မသိဘူး၊ နွယ်နဲ့တစ်ခါမှ မိတ်ဆက်မပေးခဲ့ဘူးမဟုတ်လား၊ ကိုယ်နဲ့ကတော့ အခကျာဆိုပြီး အောင်သွယ်ပေးခဲ့ရသလိုဖြစ်ခဲ့တယ်၊ ဥမ္မာခင်က နွယ့်သူငယ်ချင်းလည်းဖြစ်သလို ကိုယ်နဲ့လည်း ခင်မင်ရင်းနှီးနေတော့ ကိုယ်က ကူညီပေးခဲ့ရတာပါ၊ ဥမ္မာခင်ကကျတော့လည်း ကိုယ်တို့နှစ်ယောက်ကြားမှာ ညှိနှိုင်းကူညီပေးနေတဲ့ အောင်သွယ်တော်ပဲလေ"

"ဩော်"

ဒေါ်ခင်ထားနွယ် အကြောင်းစုံရှင်းရှင်းလင်းလင်း သိလိုက်ရပြီး အောင်မင်းရဲ့လုပ်ရပ်များကို တအံ့တဩဖြစ်ကာ ရွတ်ချအထင်သေး သွားမိသည်။ ဦးအောင်မင်းက နှာခေါင်းရှုံ့မဲ့ရွဲ့ကာ ကြည့်လိုက်ပြီး

"ရှင်က နွယ်ကို ကိုမင်းသွင်ရဲ့ချစ်သူမှန်းသိလို့ သူပြောသလို အာဃာတတွေနဲ့ ချည်းကပ်ခဲ့တာပေါ့လေ၊ မင်းမထူဆိုင်နဲ့သမီးကိုဖွတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



စားချင်တာ ဒါကြောင့်လား"

"ငါ ဘာမှားလို့လဲ မနွယ်၊ ဒီအခြေအနေမျိုးဖြစ်အောင် မင်းသွင်ရော ဦမှာခင်ရောသစ္စာမဲ့ခဲ့ကြတာ၊ ဟန်ဆောင်လက်မှတ်ထိုးလိုက်ရင်ဖြစ်ရဲ့သားနဲ့ တရားဝင်မင်္ဂလာဆောင်ပေါင်းသင်းကြတယ်၊ ငါက အလကားသက်သက် သူ့ကိုထားပြီး ပြန်သွားခဲ့တာမဟုတ်ဘူး၊ တကယ်ကိုနယ်မှာ မေမေနေမကောင်းဖြစ်နေလို့"

"အဲဒါ ရှင့်ဘက်က ခုံကာကွယ်လို့ရတဲ့အကြောင်းပြချက်ဆိုရင်တောင် ဘာကြောင့်သွားရမယ်ဆိုတာ ဦမှာခင်ကို ရှင်အကြောင်းကြားခဲ့သင့်တာပေါ့၊ ကိုအောင်မင်း၊ ကျွန်မလည်း ကျွန်မချစ်သူက ဦမှာခင်ကိုလက်ထပ်လိုက်တဲ့အတွက် ရင်ကွဲပက်လက်ဖြစ်ခဲ့တာပဲ၊ အခုချိန်ထိ သူဖြေရှင်းတာကို နားမထောင်ဘဲ မုန်းတီးနာကြည်းနေခဲ့တယ်"

"ဒီလို မနွယ်"

မင်းသွင်ဘက်ကို နားလည်သလို ဒေါ်ခင်ထားနွယ် ပြောနေတာကြောင့် ဦးအောင်မင်း ပျာပျာသလဲ ဖြေရှင်းဖို့ ကြိုးစားသည်။ ဒေါ်ခင်ထားနွယ်က လက်ကာ၍ ဟန့်တားလိုက်ပြီး

"တော်တော့ ကိုအောင်မင်း၊ အရင်ကအကြောင်းတွေ မဖြေရှင်း နဲ့၊ အခု ကျွန်မသမီးနဲ့ ရှင့်သားကို လက်ထပ်ပေးချင်တာ ကိုမင်းသွင် ပြောသလိုမျိုး"

"မ မဟုတ်ပါဘူး မနွယ်၊ ပိုးက လိမ္မာရေးခြားရှိလို့ သမီးချွေးမတော်ချင်တာကြောင့်ပါ"

"ဒါပဲလား၊ မင်းမဏ္ဍိုင်က စိတ်မပါဘဲနဲ့ ရှင်ကဖွတ်အတင်းဖြစ်နေတာ၊ အစတည်းက ကျွန်မ သံသယဝင်ခဲ့သင့်တယ်၊ တကယ်တော့ ဦမှာခင် ရည်းစားက ရှင်မှန်းမသိလို့ပါ၊ အောင်မင်းဆိုတဲ့နာမည်ကို ဦမှာခင်ကတစ်ဆင့် ရင်းနှီးနေပေမယ့် ဥက္ကာလို့ အမည်ပြောင်းလိုက်တာ





ကို ကျွန်မမှမသိလိုက်တာ၊ ရှင်က ရှင့်ကိုယ်ရှင်မှားမှန်းမသိတဲ့လူပဲ၊ ရှင်စမှားခဲ့တာ၊ ကိုယ့်မှာအိမ်ထောင်ရှိရဲ့နဲ့ လူပျိုလူလွတ်လို ချစ်သူရည်းစားထားခဲ့တာပဲ"

"အပျော်ရှာခဲ့တာတော့ မဟုတ်ဘူး၊ ဦမှာခင်ကို တကယ်ချစ်ခဲ့တာပါ၊ သူ့ကိုရှင်းမပြနိုင်ခဲ့တာက အမေအသည်းအသန်ဖြစ်နေတယ်၊ နယ်မှာက ဖုန်းဆက်ဖို့လည်း အဆင်မပြေခဲ့ဘူး၊ နောက်အမေဆုံးတယ်၊ သားအကြီးဆုံးမို့ အားလုံးက ကိုယ့်အပေါ်မှာပဲတာဝန်ပုံကျခဲ့တယ်၊ ပြန်လာတော့ ဦမှာခင်က မင်းသွင်နဲ့လက်ထပ်ပြီးသွားပြီ၊ အမေ့ကိစ္စရော ဦမှာခင်ကိစ္စရော ကိုယ်တယ်လောက်တောင် ခံစားရမလဲ၊ အဲဒီအချိန်က သူတို့နှစ်ယောက် သစ္စာဖောက်တာကို သတ်တောင်ပစ်လိုက်ချင်တာ"

ဦးအောင်မင်းက အခုထိ သူမှန်သည်ဟု ယူဆနေပုံရသည်။ ဦးမင်းသွင်က နာကျင်ခံခက်စွာဖြင့် ဦးအောင်မင်းကို ရှုံ့ရှာစွာကြည့်၍

"ခင်ဗျားလုပ်ရပ်တွေ အရမ်းမှန်နေတယ်လို့ ခင်ဗျားထင်နေခဲ့သလား ကိုအောင်မင်း၊ ကျွန်တော်တို့တဝတွေ အားလုံး စုတ်ပြတ်သတ်ခဲ့တယ်၊ အကြောင်းတရားဆိုတာ လူတိုင်းမှာရှိတတ်ကြပါတယ်၊ ဒါပေမဲ့ ကိုယ်ချင်းစာတတ်ရတယ်၊ ဘာကြောင့် ဒီလိုဖြစ်သွားတယ်ဆိုတာ နားလည်မှုပေးတတ်ရတယ်ဗျ၊ အခုတော့ ကျွန်တော့်သားနဲ့ ချစ်သူဖြစ်နေမှန်းသိရဲ့နဲ့တောင် သားသမီးတွေရဲ့နှလုံးသားကိုမထောက်ထားဘဲ ကိုယ့်အာဃာတပြေပျောက်ဖို့ အသုံးချနေခဲ့တယ်၊ ကျွန်တော်နဲ့နွယ့်နှလုံးသားကို သတိရရုံနဲ့ ကျေနပ်ရောပေါ့ဗျာ"

ဦးမင်းသွင်ရင်ထုမနာ ပြောတော့ ဒေါ်ခင်ထားနွယ် စိတ်မကောင်းဖြစ်လို့သွားသည်။ မိမိလည်း ဒါတွေမသိဘဲ ကိုမင်းသွင်အပေါ် အငြိုးတွေထားခဲ့မိတာပဲမဟုတ်လား။

နာကြည်းမှုတွေဖြင့် တောင်းပန်တိုးလျှိုး ဖြေရှင်းမှုတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



လက်မခံခဲ့။ အာဃာတတွေ မွေးဖွားရင်းဖြင့် အမုန်းတရားတွေနှင့်သာ နေခဲ့သည်။

အခုတော့ မိမိဘယ်လိုပြောရတော့မည်လဲ။

"နွယ်"

"ရှင် ဟုတ်ကဲ့"

"နွယ့်သမီးကို ကိုယ့်သားနဲ့လက်ထပ်ပေးပါလို့ မပြောပါဘူး ကိုယ့်ကိုခွင့်လွှတ်ပါလို့လည်း မတောင်းဆိုပါဘူး နွယ်၊ ဒါပေမဲ့ ကလေးတွေ သူတို့ချစ်တဲ့သူနဲ့လက်ထပ်ကြပါစေ၊ ချစ်သူချင်း မပေါင်းသင်းရတဲ့ ဆင်းရဲဒုက္ခဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ နွယ်လည်းသိမှာပါ ဘဝကိုဖြတ်သန်းရတဲ့အချိန်လေးက တိုတိုလေးပါ၊ ချစ်သူနဲ့အတူနေပြီး ပျော်ရွှင်တဲ့အချိန်တွေကို ခံစားသွားပါစေ နွယ်ရယ်"

"မနွယ် ဒီကိစ္စက"

"ရှင် ဘာမှမပြောပါနဲ့တော့ ကိုအောင်မင်း။ ကျွန်မအားလုံးကိုသဘောပေါက်သွားပါပြီ၊ ကျွန်မကသာ ရှင့်ကိုမသိပေမယ့် ကျွန်မကို သိနေတဲ့ရှင်က ရည်ရွယ်ချက်ကြီးကြီးနဲ့ ကိုမင်းသွင်အပေါ်အပြုံးထားပြီး ကျွန်မတို့ကိုလက်စားချေဖို့ ကြံရွယ်ခဲ့တာမဟုတ်လား၊ နှစ်ရှည်စီမံကိန်းနဲ့ကျွန်မတို့အိမ်နားကို ပြောင်းလာခဲ့တယ်၊ ရင်းနှီးလာအောင် ဖန်တီးတယ်၊ သံယောဇဉ်တွေ ဖြစ်အောင် လိုက်လျောမှုတွေလုပ်ခဲ့တယ်၊ အခု ဒီအခြေအနေသာ လွတ်မြောက်သွားရင် မင်းသွင်ကို နိုင်လိုက်ပြီဆိုပြီး ရှင် လက်ခမောင်းခတ် ဂုဏ်ယူနေတော့မှာမဟုတ်လား ကိုအောင်မင်း"

ဦးအောင်မင်း ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။ အားလုံးက အမုန်းတရားတွေပဲမဟုတ်ပါလား။

မင်းသွင် ပြောပြတာတွေကြောင့် ဥမ္မာခင်ရဲ့အခက်အခဲတွေကို သိကာ ကိုယ့်ရဲ့အာဃာတတွေအတွက် နောင်တလည်းရမိသည်။

ရှုးထပေ



သူများမကဲ့ရဲ့တောင် ကိုယ့်ကိုယ်ကိုယ် ပြန်ရှက်ရတော့မည့် အဖြစ်မျိုးပါ။ ဘာအတွက်ကြောင့် ဒီလိုဖြစ်ခဲ့ရသည်ဆိုတာတော့ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ရှက်ဖို့ကောင်းလိုက်တာ ဖေဖေရယ်၊ ဖေဖေ့ဂုဏ်သိက္ခာ၊ သားရဲ့ဂုဏ်သိက္ခာ၊ မြောင်းထဲရောက်သွားပြီဆိုတာ ဖေဖေသိရဲ့လား၊ ကိုယ့်ဘက်က မှားခဲ့တာကို သူများကိုအပြစ်လုပ်ပြီး လက်စားချေတယ်၊ အပြီးထားတယ်၊ နောက်ဆုံး ပြန်ရလိုက်တာ အရှက်တရားတွေပဲ၊ သားသားအရမ်းရှက်မိတယ် ဖေဖေ"

"သား ဖေဖေလည်း နောင်တရမိပါတယ်၊ လူငယ်စိတ်နဲ့စဉ်းစားဆင်ခြင်ဉာဏ်မရှိဘဲ မှားယွင်းခဲ့တာပါ၊ အချစ်ကြောင့် အသိတရားမဲ့ခဲ့တာပါ၊ တကယ်တော့ အချစ်ကို ဥမ္မာခင်နဲ့မှတွေ့ခဲ့တာ၊ သားမေမေကတော့ မြို့ကိုကျောင်းသွားတက်ရင် ခြေငြိမ်အောင်ဆိုပြီး မိဘတွေကပေးစားခဲ့တာပါ၊ ဖေဖေကရွှံ့ပြီးကျောင်းမတက်ဘဲနေခဲ့တယ်၊ နောက်တော့ စီးပွားရေးလည်းလုပ် ကျောင်းလည်းတက်မယ်ဆိုပြီး ရန်ကုန်ကိုရောက်လာခဲ့တာ"





"အဲဒါတွေ ပြန်ရှင်းပြမနေပါနဲ့တော့ ဖေဖေ၊ အခု ပိုးနဲ့ထက်နေကို သားဘယ်လိုမျက်နှာပြရတော့မလဲ၊ ငါ့အဖေက ဒီလိုလူမျိုးပါလို့ မျက်နှာပြောင်ပြောင်နဲ့သွားပြောရမလား"

"သားရယ်"

သားသမီးမကောင်းမိဘခေါင်းလို့ ဆိုရိုးစကားရှိခဲ့သော်လည်း အခုတော့ သားက မိဘကြောင့် ခေါင်းမဖော်ရဲအောင် ရှက်နေရှာသည်။ လူကြီးလူကောင်းလို နေခဲ့ကြတာမို့ ဂုဏ်သိက္ခာနှင့်သက်ဆိုင်နေသည် မဟုတ်ပါလား။

"ဖေဖေ မှားပါတယ် သားရယ်၊ မှားမှန်းသိတာ နောက်ကျသွားတဲ့အတွက်တော့ စိတ်မကောင်းဘူး။ ဖေဖေ ဘာပြန်လုပ်ပေးရမလဲ သား"

"ဘယ်လိုလုပ်မှ ကျဆုံးသွားတဲ့ဂုဏ်သိက္ခာတွေ ပြန်ရသွားမယ်လို့ ဖေဖေထင်လဲ၊ ကိုယ့်ဘက်က မှားတယ်ဆိုရင် တောင်းပန်လိုက်ပါ၊ သားကတော့ အားလုံးကိုမျက်နှာချင်းဆိုင်ဖို့တော်တော်အားနာပြီး မျက်နှာပူပါတယ်၊ အဲဒါကြောင့်"

"ဘာ ဘာလုပ်မလို့လဲ သား"

"နိုင်ငံခြားက လုပ်ငန်းခွဲမှာ သွားနေဖို့ ဆုံးဖြတ်ထားတယ် ဖေဖေ၊ ဒီကလုပ်ငန်းတွေကို ဖေဖေ ပြန်ပြီးဦးစီးထားလိုက်ပါ"

"သား သားအဲလိုထိတော့ လုပ်ဖို့မလိုဘူးထင်ပါတယ်၊ သူတို့ကို ဖေဖေ တောင်းပန်လိုက်ရင် ပြီးရောမဟုတ်လား"

"ထက်နေနဲ့ပိုးကို သား ဘယ်လိုလုပ်ရမလဲ ဖေဖေ၊ သူတို့နှစ်ယောက်လုံးကို ညီလေး ညီမလေးလို တကယ်သံယောဇဉ်ရှိခဲ့တာပါ"

"သား ဘာမှားလို့လဲ၊ သူတို့အပေါ် သားမမှားခဲ့ဘူးလေ၊ သားရဲ့ သံယောဇဉ်ကို သူတို့နားလည်ကြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတော့ ဟုတ်ချင်ဟုတ်မှာပါ။ နှစ်ယောက်လုံးက သူတို့ခံစားချက်တွေကို တိုင်ပင်ခဲ့ကြတာပဲ။

ကိုယ့်ဘက်ကလည်း တတ်နိုင်သလောက် ဖြည့်ဆည်းပေးခဲ့တာမျိုးရှိခဲ့သည်။ ဒါပေမဲ့ ကိစ္စတိုင်းက ဖေဖေ့အမှားတွေချည်းပင်။

အားလုံးကို ဒဏ်ရာကိုယ်စီရအောင် ဖေဖေ အတ္တကြီးခဲ့တာပါ။

"သား"

"ဆုံးဖြတ်ပြီးလို့ပါ ဖေဖေ၊ ခဏပါပဲ၊ သူတို့လက်ထပ်ဖြစ်တဲ့အခါ ပြန်လာမှာပါ"

ပိုင်ဆိုင်ချင်တာတွေများခဲ့၍ သားကိုပါ စွန့်လွှတ်ရတော့မည် ထင်၏။ ရင်ထဲတော်တော်လေး မကောင်းပေ။

ဘာတွေကမှားခဲ့တာလဲ။ ဥမ္မာခင်ကိုချစ်ခဲ့တာကြောင့်လား။ မခံချင်စိတ်ဖြင့်တုံ့ပြန်ခဲ့တာ အိမ်ထောင်ရေးလည်းမသာယာခဲ့။

ချစ်သူရည်းစားကို ဒါင့်ဖနီးနဲ့ငါသားလို့မိတ်ဆက်ပေးခဲ့မိတာ တစ်သက်စာအနာတရ ဖြစ်သွားခဲ့သည်။ ဒီလိုကိစ္စမျိုးမှာ ဘယ်လိုမိန်းမမှ နားလည်မပေးနိုင်တာ ကိုယ်နားမလည်ခဲ့ပါလား။

အခုတော့ အရာရာဟာ ကိုယ့်အပြစ်တွေချည်းပါလား။

"သားကိုရော ဖေဖေ တောင်းပန်ဖို့လိုသေးလား၊ သားရယ်၊ လိုတယ်ဆိုရင်လည်း"

"တမလွန်က မေမေ့ကို တောင်းပန်တာက ပိုမှန်ပါလိမ့်မယ် ဖေဖေ၊ မိဘသဘောတူပေးစားတဲ့အိမ်ထောင်ရေးကို သားကြောက်လန့်သွားတယ်ဆိုတာ မေမေ့ဝေဒနာ ခံစားချက်တွေကို သားသိနေခဲ့လို့ပါ"

"ဖေဖေ နားလည်ပြီသား၊ ဖေဖေ တစ်ကိုယ်ကောင်းဆန်ခဲ့တာပါ၊ တစ်ကိုယ်ကောင်းစိတ်က ကိုယ့်ကိုယ်ကိုယ်လည်းပင်ပန်းစေတယ်၊ သူများတွေကိုလည်း စိတ်ထိခိုက်စေတယ်၊ သားရဲ့ရင်ထဲကို ဒဏ်ရာတွေထည့်





...ပေးသလိုလည်းဖြစ်ခဲ့ပြီ အေးလေ သားစိတ်ဖြေသာသလိုသာလုပ်ပါတော့ ...ဖေဖေ အတင်းအကျပ် မတားတော့ပါဘူး သား၊ အတ္တနဲ့မိအားပေးတယ် ...စ်မှာစိုးလို့ပါ"

ဦးအောင်မင်း စိတ်ကိုလျှော့ချလိုက်သည်၊ ကိုယ်ဖြစ်ချင်တာဖြစ် ...ဖန်တီးလို့မှ မဖြစ်နိုင်တော့တာ။

သားရဲ့လေးစားမှုကို ပြန်ရဖို့အတွက် ကိုယ့်ဘက်က ပေးဆပ်မှု ...တာရှိဦးမှမို့ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

အတွေးကိုယ်စီဖြင့် တိတ်ဆိတ်နေကြရင်းက ဒေါ်ခင်ထားနွ
သက်ပြင်းငွေ့ငွေ့ချလျက် သမီးဘက်လှည့်လာခဲ့၏။

"မောင်မင်းမဏ္ဍိုင် နိုင်ငံခြားသွားတော့မယ်တဲ့ သူ့အဖေအ
တွေကြောင့် အားလုံးကိုမျက်နှာချင်းဆိုင်ရမှာ မျက်နှာပူနေတယ်ထ
ပါတယ်"

"ကိုကိုနဲ့မှမဆိုင်တာ၊ ဘာကိုမျက်နှာပူတာလဲ"

"ဂုဏ်သိက္ခာရှိရှိ နေခဲ့ကြတာလေ၊ သံယောဇဉ်တွေက ရိုးသာ
လို့ ထင်ခဲ့မှာပေါ့၊ အခုတော့ သံယောဇဉ်တွေက ကိုယ့်လိုအပ်မှုအတွ
တမင်ဖန်တီးယူထားသလိုဖြစ်ခဲ့တယ်မဟုတ်လား၊ ရိုးသားခဲ့တဲ့သူအ
ကတော့ ရှက်မှာပဲ သမီး။ သူ့အဖေကြောင့် အားလုံးအချိန်ကြာ
ပင်ပန်းခဲ့ကြရတာပဲ"

"မေမေလည်း ထက်နေဖေဖေအပေါ်မှားခဲ့တာပဲနော်"





ဒေါ်ခင်ထားနွယ် အသံတိတ်သွားလျက် အတိတ်ကအဖြစ်တွေကို မျက်စိထဲပြန်မြင်ယောင်မိ၏။ ယောကျ်ားပီသ ခန့်ညားသော ဦးမင်းသွင်က မိမိရဲ့အချစ်ဦးပါ။ စိတ်သဘောထား ပြည့်ဝပြီး ကြင်နာတတ်သည့်သူမို့ ရင်ထဲနင့်နေအောင်ချစ်ခဲ့သည်။

ထိုအချိန်က ကျောင်းနေအရွယ်ဖြစ်ကြသလို ပြည့်စုံမှုမရှိသော ကိုမင်းသွင်နှင့်မိဘတွေက သဘောမတူကြ။ ကျောင်းပြီးရင်တောင် တခြားတစ်ယောက်နှင့်လက်ထပ်ပေးဖို့ စီစဉ်ပြီးနေကြပြီဖြစ်သည်။

ဒါကြောင့်မို့ တွေ့ချင်လျှင် သူငယ်ချင်းဥမ္မာခင်ရဲ့အကူအညီနှင့်တွေ့ရ၏။ ဥမ္မာခင်ရဲ့အကူအညီအများကြီးယူခဲ့ရသည်ဆိုတာ ငြင်းလို့မရ၊ ပြောစရာရှိ ဥမ္မာခင်နှင့်ပြောခိုင်းရသည်။ ပေးစရာရှိ ဥမ္မာခင်နှင့်ပေးခိုင်းရသည်။

ကိုမင်းသွင်ကလည်း မိမိနှင့်အဆက်အသွယ်ရဖို့ ဥမ္မာခင်ကိုသာအားကိုးရ၏။ ဒါကြောင့်မို့ ဥမ္မာခင်ကိစ္စကိုလည်း ကိုမင်းသွင် စိတ်ရောကိုယ်ရောနှစ်၍ စေတနာပါပါနှင့်ပြန်ကူညီခဲ့သည်။

နောက်ဆုံး ဒီလိုအခြေအနေတွေဖြစ်လာတာဟာ ဥမ္မာခင်ရည်းစား ကိုအောင်မင်းကြောင့်။

"မေမေ"

"ပြော် သမီး"

"အတိတ်ကအကြောင်းတွေ စဉ်းစားနေတာလား မေမေ"

"အင်း သေချာစဉ်းစားမှ မေမေလည်းမတရားခဲ့ပါဘူး။ ကိုမင်းသွင် ရှင်းပြတာကို နားထောင်ခဲ့မယ်ဆိုရင် ဒီလောက်ထိ အာဃာတတွေကြီးမိမှာမဟုတ်ဘူးလေ၊ တကယ်တမ်း နာကျင်ရဆုံးသူက ကိုမင်းသွင်ပဲဖြစ်မှာပါ၊ ချစ်တဲ့သူကိုစွန့်လွှတ်ရတယ်၊ မချစ်တဲ့သူကို အနစ်နာခံပြီး ပေါင်းသင်းရတယ်၊ အထင်လွဲမှုန်းတီးမှုတွေကို ခံရတယ်၊ ပြီးတော့ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့သူ့ကိုတိုက်ခိုက်ကြသေးတယ်"

"မေမေ"

"စိတ်မကောင်းဘူး။ စိတ်မကောင်းသမီးရယ် သူ့ သူ့ကို"

"မေမေ သိပ်ချစ်ခဲ့လို့ဆိုတာ ပိုးနားလည်ပါတယ် မေမေ အရမ်းချစ်လို့ အရမ်းနာကြည်းသွားခဲ့တာမဟုတ်လား။ ဒါပေမဲ့ ဝဋ်ကြွေး တွေလို့ ဖြေလိုက်ပါတော့ မေမေ"

"သူပြောတဲ့စကားအတွက် မေမေ တာဝန်ကျေပေးလိုက်ချင် တယ်၊ သူ စိတ်ချမ်းသာအောင် သူ့ဆန္ဒကိုဖြည့်ပေးချင်တာမျိုးပါ"

"ဘာလဲ မေမေ"

သမီးမျက်နှာလေးကို ကြင်ကြင်နာနာပွတ်သပ်မိကာ

"ကလေးတွေကို သူတို့ချစ်တဲ့သူချင်း လက်ထပ်ကြပါစေတဲ့ ချစ်တဲ့သူချင်း မပေါင်းရတဲ့ဆင်းရဲဒုက္ခက ဘယ်လောက်ကြီးမားတယ်ဆို တာ မေမေ အသိဆုံးဖြစ်မှာပါတဲ့၊ သမီးနဲ့ထက်နေရဲ့အချစ်ကို သူ ပေါင်း စည်းစေချင်နေတယ်၊ သူ့သားကို သူ့လိုမျိုး အချစ်နဲ့ကင်းဝေးတဲ့သူမျိုး မဖြစ်စေချင်လို့နေမှာပေါ့"

"မေ့ မေမေ ခွင့်ပြုပေးမလို့လားဟင်"

မင့်မရဲ့ အသံတုန်တုန်လေးဖြင့်မေးရင်း မမျှော်လင့်ရဲစွာ သူ့ ရင်တွေလည်း တုန်နေသည်။ မေမေက သူမပခုံးလေးကို ထွေးဖက်လာ ကာ

"ချစ်သူချင်း ပေါင်းသင်းရမှာပေါ့ သမီးရယ်၊ မေမေကအချစ်နဲ့ ဝေးခဲ့တယ်၊ အာဃာတတွေနဲ့တစ်ချိန်လုံး ပူလောင်နေခဲ့တယ်၊ အမုန်း တရားဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ဒုက္ခပေးတတ်တဲ့အရာပါ"

"မေမေ အခုထိ ထက်နေဖေဖေကို ချစ်နေတုန်းမဟုတ်လား မေမေ"





မျက်နှာတစ်ခုလုံး ပန်းသွေးရောင်ပြေးသွားသော်လည်း ခေါင်း ကိုတော့ ရမ်းမိသည်။

"အသက်အရွယ်နဲ့ ဒီလိုစကားတွေ မပြောချင်တော့ပါဘူး သမီး၊ ရင့်ကျက်တည်ငြိမ်သင့်တဲ့အရွယ်မှာ အာဃာတတွေနဲ့ အဆိပ်သင့် နေခဲ့လို့ မေမေ ရှက်မိပါတယ်၊ ဝေဒနာဆိုတာ မျှတခံစားရတယ်ဆိုလည်း သူကပိုလိမ့်မယ်"

"အခုဝ့် စာနာပေးဖြစ်တယ်ဆိုလည်း မေမေ့ကိုနားလည်ပေး ပြီးသား ဖြစ်နေမှာပါ"

"အင်း စိတ်ဓာတ်ပြည့်ဝပြီးသားပဲလေ၊ သူ့မှာအမုန်းတရားတွေ မှမရှိတာ၊ အဲဒီအတွက်တော့ မေမေ မစိုးရိမ်ပါဘူး"

"အန်ကယ်က မေမေ့ကိုတောင်းပန်တယ်မဟုတ်လား"

"မင်းမဏ္ဍိုင် နိုင်ငံခြားသွားမယ်ဆိုတာ ပြောရင်းနဲ့ တောင်းပန် တယ်၊ ကိုမင်းသွင်ကိုလည်း သူတောင်းပန်လိုက်သေးတယ်၊ အဲလိုအသိ လေးဝင်လာတာပဲ ကျေးဇူးတင်ရဦးမယ်"

"အမှားကိုအမှားမှန်းသိတဲ့အချိန်လည်း ရှိဦးမှပေါ့ မေမေရယ်၊ သူ့ကြောင့် ကိုကို့အမေ၊ ထက်နေအဖေနဲ့အမေ၊ ပြီးတော့ မေမေရော ဘယ်လောက်တောင် ပင်ပန်းခဲ့ကြလဲ၊ အခု ပိုးတို့နှစ်ယောက်အထိ ပူ လောင်မှုတွေ ကူးစက်ခံရတုန်းပဲ၊ ကိုကိုက အဲဒါတွေကိုတွေးပြီး ရှက်တာ နေမှာ၊ ကိုကိုက သူ့အဖေကို အရမ်းလေးစားခဲ့တာလေ"

"သမီးကိုတော့ မင်းမဏ္ဍိုင် ထကယ်သံယောဇဉ်ရှိခဲ့တာ မေမေ ယုံတယ်၊ သူ့မိဘတွေလို အိမ်ထောင်ရေးမျိုးဖြစ်မှာစိုးလို့သာ သမီးနဲ့ လက်ထပ်ဖို့တွန့်ဆုတ်တွေဝေခဲ့တာဖြစ်မှာယ်၊ အဲဒါကပဲ သမီးတို့ကို ကံ ကောင်းစေခဲ့တာပဲ၊ သူ့အဖေ ဖွတ်အတင်း စီစဉ်နေပုံမျိုးနဲ့ဆိုရင် အခု ချိန်လောက်ဆို"

www.burmeseclassic.com



"မပြောပါနဲ့တော့ မေမေရယ်၊ ကိုကိုက အန်ကယ့်လိုစိတ်မျိုး မရှိတဲ့အတွက် အားနာဖို့ကောင်းပါတယ်၊ ကိုကို့အတွက် ပိုးစိတ်မကောင်းဘူး"

သံယောဇဉ်တွေနှင့်ပြောလိုက်ရင်း တကယ်လည်း စိတ်မကောင်းဖြစ်မိသည်။ ကိုကို့ကို အစ်ကိုရင်းတစ်ယောက်လို တွယ်တာခဲ့တာပါ။

အချစ်မပါတောင် အိမ်ထောင်ဘက်အဖြစ် အဆင်ပြေနိုင်သည်ဟု စိတ်ကူးလည်းယဉ်ခဲ့ဖူးသည်။ သူမဘဝထဲ ထက်နေရောက်မလာခင် အချိန်ကာလတွေကပါ။

အခုတော့ ထက်နေက သူမဘဝရဲ့အရှင်သခင်။ အချစ်ဦးချစ်သူ။ မှန်တိုင်းထန်ပြီး လေပြည်လာတတ်တာ သဘာဝမို့ . . . ။

■ ■ ■

BURMESE CLASSIC

## အခန်း (၄၀)

"ကိုမင်းအဖေ ဖုန်းဆက်တယ် ဟုတ်လား မေမေ"

"အင်း တောင်းပန်တာပေါ့ သားရယ်၊ မင်းမင်္ဂလာဦးလည်း နိုင်ငံခြားသွားမယ်လို့ပြောတယ်"

"ဟင် အပြီးလား"

"မပြောတတ်ဘူး။ ဒီကလုပ်ငန်းတွေ သူ့အဖေကိုပြန်လုပ်ခိုင်းတယ်တဲ့၊ သူ့အဖေလုပ်ရပ်တွေအတွက် အားလုံးကိုမျက်နှာပူ အားနာလို့နေမှာပေါ့ သားရယ်"

"ဒါ ကိုမင်းနဲ့မဆိုင်ပါဘူး။ ခြေမကောင်းခြေမ၊ လက်မကောင်း လက်မ၊ သူ့အဖေလုပ်ခဲ့တာတွေအတွက် ကိုမင်း ဘာလို့မျက်နှာပူရမှာလဲ"

"ဪ သားရယ်၊ မိဘရဲ့မကောင်းမှု ကောင်းမှုတွေက သားသမီးကို ရိုက်ခတ်တတ်တာပဲလေ၊ ဒီလိုသံယောဇဉ်ရှိတဲ့သူတွေအပေါ် လုပ်ခဲ့တယ်ဆိုပြီး ရင်နာရှာမှာပေါ့၊ မင်းမင်္ဂလာဦးနေရာမှာ သားဆိုရင်ရော သားဘာလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထက်နေသွင် ခဏမျှ တွေဝေစဉ်းစားသွားခဲ့သည်။ ပြီးမှ အမေဖြစ်သူကိုလေးစားစွာကြည့်၍

"ဖေဖေ့ရဲ့သားဖြစ်ရတာ သားဂုဏ်ယူပါတယ် ဖေဖေ၊ ကိုမင်းအမေလိုဆိုရင် သားလည်း ကိုမင်းလို အားလုံးကိုမျက်နှာပူအားနာပြီး ရှက်နေရမှာပါ၊ အစတည်းက မေမေရဲ့အရင်ရည်းစားရဲ့သားမဖြစ်ချင်ဘူးလို့ သားပြောခဲ့သားပဲ၊ မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ် ဖေဖေ သားက ဖေဖေ့သားပဲဖြစ်ချင်တာ"

"ဖေ့သားရယ်"

မြွတ်နိုးစွာပွေ့ဖက်ရင်းဖြင့် သားသမီးက လေးစားသောမိဘအဖြစ်နေခွင့်ရတာကို ကျေနပ်ပီတိဖြစ်မိသည်။ သားက ရင်ခွင်မှခွာကာ ဖအေမျက်နှာကိုကြည့်နေပြီး

"အခု အချစ်ဦးနဲ့ပြန်ဆုံပြီဆိုတော့ ဖေဖေ ရင်တွေခုန်မနေဘူးလား။ အရင်ကအကြောင်းတွေ ပြန်တွေးပြီး စိတ်မလှုပ်ရှားဘူးလား ဖေဖေ"

"အဲဒီလိုဖြစ်ခဲ့ရင်တောင် ထိန်းသိမ်းစောင့်စည်းနိုင်ရမယ့်အရွယ်ပါ သား။ ခုချိန်မှာတော့ သားအတွက်ပဲ ဖေဖေဆန္ဒရှိပါတယ်၊ သားနဲ့နွယ့်သမီးကို ဖေဖေ လက်ထပ်ပေးခွင့်ရချင်တယ်၊ နွယ်လည်း နားလည်သွားပြီလို့ထင်ပါတယ်၊ သားတို့အဆင်ပြေတော့မှာပါ"

"အဟင်း ဖေဖေ့ကိုကျေးဇူးတင်တယ်"

"ဘာလို့လဲ သား"

"ဖေဖေသာ အဲလိုစိတ်မပြတ်ရင် သမီးသမက်တွေ ခမည်းခမက်တွေ ရှုပ်ယှက်ခတ်နေမှာပေါ့၊ မိသားစုနှစ်စုက ဘယ်လိုတော်စပ်ရမှန်းမသိဖြစ်နေမှာ"

"သားရယ် နွယ်လည်း အဲဒီအတွေးနဲ့ ဖေဖေ့လိုပဲဆုံးဖြတ်မှာပါ၊





လူဆိုတာ စိတ်တစ်ခုကို ထိန်းချုပ်နိုင်ရင် ဘယ်အရာမဆို အောင်မြင်နိုင်ပါတယ်၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရမှာပေါ့၊ သားသမီးအတွက်ဆို မိဘတွေက ပေးဆပ်သူသက်သက်သာဖြစ်သင့်တယ်"

"ကျေးဇူး ကျေးဇူးအများကြီးတင်ပါတယ် ဖေဖေ၊ သားအလှည့်ကျရင်လည်း ဖေဖေ့လိုအဖေမျိုးဖြစ်အောင် ကြိုးစားမယ်"

"ဟား ဟား အေးပါသားရယ်၊ အေးပါ ဖေ့သားမှာ အဲလိုရည်ရွယ်ချက်မျိုးရှိတာ ဝမ်းသာပါတယ် သားရယ်၊ ဖေဖေ ကျေနပ်တယ်၊ စွန့်လွှတ်ခဲ့ရတဲ့အရာအားလုံးအတွက် ဖေဖေ ကျေနပ်နိုင်တယ် သား"

ဂုဏ်ယူစွာ သားကိုပွေ့ဖက်ရင်း ပေးဆပ်မှုတွေအတွက် ကျေနပ်နေမိသည်။ မိဘမေတ္တာဆိုတာ ဒါမျိုးပါလားလို့ သားသိသွားလျှင် သူ့အလှည့်မှာ ဒါမျိုးလုပ်ဖို့ နားလည်သွားပေလိမ့်မည်။

မိဘဆိုတာ သားသမီးအတုယူမများဖို့ စံပြပုဂ္ဂိုလ်တွေဖြစ်နေရမည်မဟုတ်ပါလား။

■ ■ ■

www.burmeseclassic.com

## အခန်း (၄၁)

လေယာဉ်ထွက်ခွာချိန်နီးပြီလို့ ကြေညာနေတာတောင် ခြေလှမ်းတွေမရွေ့ချင်သေးပါ။ သံယောဇဉ်ရုပ်ဝန်းလေးထဲကနေ ဘယ်ကိုမှ ဖယ်ခွာမသွားချင်။

တခဏခွဲခွာရမှာကိုတောင် ကိုယ့်ရင်တွေ ခံနိုင်ရည်မရှိပါလား

"ကိုကို"

"ကိုမင်း"

"ဟင် ညီ ဝိုး"

ဝိုးပန်းစံနှင့်ထက်နေသွင် အပြေးလေးရောက်လာကြတာကို မြင်လိုက်ရ၍ အပျော်တွေ ရင်နှင့်အပြည့်လျှံတက်လာသည်။ ဒီကလေးတွေ ကိုယ့်ကိုမမုန်းကြတာ သိလိုက်ရ၍ ပျော်သွားတာပါ။

"ဘာလို့သွားမှာလဲ ကိုမင်းရာ၊ ဖြစ်ပျက်ခဲ့သမျှအကြောင်းအရာတွေက ကိုမင်းနဲ့မဆိုင်ပါဘူး။ ကိုမင်းအဖေကြောင့်ဆိုလည်း အားလုံးက





ခွင့်လွှတ်နားလည်ပေးနေကြတာပဲဥစ္စာ"

"ဟုတ်သားပဲ ကိုကိုရယ်၊ ဝိုးတို့မင်္ဂလာပွဲမှာ ကိုကိုကိုရှိစေချင်တယ်"

"ကိုကို ပြန်လာမှာပါ ဝိုး၊ ဝိုးနဲ့ညီရဲ့မင်္ဂလာပွဲကို ကိုကိုရောက်အောင်ပြန်လာမှာပါ၊ အခုကိုကို စိတ်ပြေလက်ပျောက် လုပ်ငန်းကိစ္စတွေ မပါတဲ့ အလည်သက်သက်သွားတဲ့သဘောပါ၊ စိတ်တွေကိုဆေးကြောဖို့လိုသေးတယ်လေ၊ ကိုယ် ဖန်တီးထားတဲ့အညစ်အကြေးတွေမဟုတ်ပေမယ့် ကိုယ်နဲ့မတ်သက်တဲ့သူက လုပ်ထားတဲ့အတွက် မျက်နှာပူတယ် အားနာတယ်"

"ကိုမင်းက ကျွန်တော်တို့ကို ပေါင်းစည်းခွင့်ပေးခဲ့သလိုပါပဲ၊ ကိုမင်းကိုကျေးဇူးတင်နေတာပါ ကိုမင်း။ ကိုမင်းသာအသိတရားနဲ့မထိန်းချုပ်ခဲ့ဘူးဆိုရင် ကျွန်တော်တို့ဝေးရမှာပါ၊ ကိုမင်းကို အစ်ကိုရင်းတစ်ယောက်လို ကျွန်တော်ချစ်ပါတယ်၊ တကယ်ပြောတာပါ"

"ကိုယ်လည်း ညီကိုညီအရင်းတစ်ယောက်လို ချစ်ပါတယ် ညီ၊ ကျေးဇူးတရားတွေကြောင့် မဟုတ်ပါဘူး၊ အဲဒါကြောင့် အစတည်းက ဝိုးနဲ့အဆင်ပြေစေချင်ခဲ့တာပါ"

"ကျွန်တော် ယုံပါတယ် ကိုမင်း"

"ဝိုး ညီမလေး"

ဝိုးပန်းစံ ခေါင်းလေးကိုငြိမ့်ငြိမ့်ပုတ်လိုက်သည်။ ဟိုအရင်ကအတိုင်း ကိုယ့်နှလုံးသားတွေ ရှိုးသားဆဲပါ။

အရောင်စွန်းထင်းမှုမရှိအောင် ထိန်းချုပ်ထားနိုင်ခဲ့သည့်အတွက် စိတ်သန့်သန့်နှင့်ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိ၏။ ဝိုးပန်းစံက ကိုယ့်လက်ကို ဆွဲဆုပ်လာပြီး

"အရာရာအတွက် ကျေးဇူးတင်ပါတယ် ကိုကို၊ ဝိုးတစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကိုလေးစားနေမှာပါ၊ မင်္ဂလာပွဲကိုရောက်မလာရင်တော့ စိတ်ဆိုးမှာ နော် ကိုကို''

''အင်းပါ ညီမလေးရယ်၊ ညီမလေး ပြုံးပြင်အောင် ကိုကို ဘယ်တုန်းက လုပ်ဖူးလို့လဲ၊'' အရင်က ပိုးတစ်ယောက်တည်း။ အခု ထက်နေကလည်း ကိုယ့်ညီဆိုတော့ ကိုယ်သံယောဇဉ်ရှိရတဲ့ ညီနဲ့ညီမရဲ့ ပြုံးပြင်မှုကို ကိုယ်မခံပါဘူး။ တစ်သက်လုံးလည်း အလိုလိုက်ဖြည့်ဆည်းမှာပါ၊ ကိုယ့်အပေါ် ညီနဲ့ညီမ ကြိုက်သလောက်ဆိုး၊ ခွင့်လွှတ်မယ်၊ နားလည်မယ်၊ ဖြည့်ဆည်းမယ်၊ ပေးဆပ်မယ်၊ တူလေး တူမလေးတွေရတဲ့အထိ အဆက်ဆက်ပေါ့၊ အဲဒါ ကိုယ့်ရဲ့ကတိသစ္စာပါ''

''ကိုကိုရယ်''

''ကိုမင်းရာ''

လက်ခွဲနှုတ်ဆက်သည့်အခါမှာ မျက်ရည်ဝဲရသည်။ အကြင်နာတွေ ကာမ်းလင့်နေသောလက်တစ်စုံနှင့် သံယောဇဉ်မျက်ဝန်းများက ခွဲခွာချင်ပုံမပေါ်။

မြန်မြန်ပြန်လာခဲ့ပါလို့ တိုးတိတ်စွာမှာဖြစ်ပြီး အဝေးထွက်သွားတော့မည့် မင်းမလှိုင်ကို ထက်နေသွင်နှင့်ပိုးပန်းစံ တာ့တာပြလိုက်ကြသည်။ ပြီးမှ မျက်ရည်ဝဲနေသော မျက်ဝန်းအစုံနှင့် ပိုးမျက်နှာလေးကို ကြည့်ကာ ပိုးမျက်ဝန်းက မျက်ရည်တွေကို ကြင်နာစွာသုတ်ပေးဖြစ်သည်။

''မငိုပါနဲ့ ပိုးရယ်၊ ကတိပေးသွားတဲ့အတိုင်း ကိုမင်း ပြန်လာမှာပါ''

''ကိုကိုက အကြင်နာတရားလည်း ကြီးမားတယ်၊ သံယောဇဉ်လည်းရှိတယ်၊ ဖြည့်ဆည်းပေးဆပ်တဲ့နေရာမှာလည်း နေခဲ့သားနဲ့ ဘာလို့ကံမကောင်းတာလဲ မောင်''

''အဲဒါ သူ့အဖေကြောင့်ပေါ့ ပိုးရယ်၊ မိဘရဲ့ကောင်းကျိုးဆိုးကျိုး





က သားသမီးကိုရိုက်ခတ်တတ်တာ သဘာဝပဲ၊ အဲဒါကြောင့် မောင်တို့ရဲ့ သားသားမီးမီးလေးတွေကျရင် အကောင်းဆုံးပြုစုပျိုးထောင်ကြမယ်နော်၊ လူပီသအောင် သင်ပေးရမယ်၊ ကိုယ်ချင်းစာတရားနဲ့ စာနာတတ်တဲ့စိတ်မျိုးရှိအောင် မွေးမြူလေ့ကျင့်ပေးရမယ်၊ သဘောတူလား ပိုး''

''ဟုတ်ကဲ့ မောင့်သဘောပါ''

''မောင် မွေးမွေးပေးမယ်နော်''

''အင်း မောင့်သဘော''

''ဟင်း ဟင်း မောင့်ချစ်သူလေးက သဘောကောင်းလိုက်တာ၊ အဲလို လိမ္မာတဲ့ချစ်သူလေးကိုရတာ မောင်ကံကောင်းတာပဲ''

''ပိုးလည်း မောင့်လိုချစ်တတ်တဲ့သူနဲ့ပေါင်းဖက်ခွင့်ရတာ ကံကောင်းတာပါပဲ မောင်၊ ဘယ်တော့မှ သစ္စာမဖောက်ကြေးနော်၊ သစ္စာဖောက်တဲ့သူ အချစ်ဒဏ်သင့်တာ ခံရမယ်လို့ သစ္စာဆိုရမယ်''

''ပိုးသဘော''

''အဟင်း သူများစကားလိုက်ပြောတယ်၊ မောင်မရှက်ဘူးလား''

''မရှက်ပါဘူး၊ ကိုယ့်ချစ်သူစကားပဲ''

''အဲဒါဆို အဲဒီစကားအတွက် လေလံဆွဲမယ်''

''ချိတ်ပိတ်တင်ဒါခေါ်မယ်ပေါ့၊ ဘယ်လောက်နဲ့ဆိုရင် တင်ဒါအောင်မလဲ''

''တစ်ထောင့်ငါးရာ''

''ဟာ အဲဒါဆို လေလံအောင်သွားပြီ၊ စိတ်ချလိုက်တော့ မောင် အပြတ်ဝယ်မယ်''

''ပိုးကလည်း မောင့်တစ်ယောက်တည်းပဲ ရောင်းမှာပါ''

''ဟား လိမ္မာလိုက်တဲ့မောင့်ချစ်သူ''

''ဟိတ် ဟိုမှာလူတွေနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါစေကွာ သူတို့အားကျကြစမ်းပါစေ၊ အချစ်ကိုအားကျပြီး ချစ်တတ်သွားတော့ ကောင်းတာပေါ့၊ အမုန်းကိုအားကျရင်သာ ကမ္ဘာကြီးက အေးချမ်းမှာမဟုတ်ဘူး။ မောင်တို့အချစ်တွေနဲ့ ကမ္ဘာကြီးကိုပြောင်း လဲပစ်ကြမယ်"

"မောင့်သဘော"

ရယ်သံများဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး လှုပနေသည်။ အချစ်ဟာ ငြိမ်းချမ်းခြင်းရဲ့သင်္ကေတ။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး

www.burmeseclassic.com